www.burmeseclassic.com

# ကိုယ့်ရဲ့ကောင်းကင်သစ်

THEE ZAR

အုပ် ၃၀ မြောက်

www.burmeseclassic.com

www.burmeseclassic.com

ရှင်မိုး (ဆေးတက္ကသိုလ်)

၏

(၃၀) အုပ် မြောက်

'ပုလဲရတု'

အထိမ်း၊ အမှတ်

## ပုလဲရတုနှုတ်ခွန်းဆက်

ကျွန်မသည် (၁၉၉၄)ခုနှစ်မှ စတင်ပြီး "ရှင်မိုး(ဆေးတက္ကသိုလ်)" ဟူသော ကလောင်အမည်တစ်ခုဖြင့် စာဖတ်ပရိသတ်နဲ့ စတင်မိတ်ဆက်စဉ်မှာ ပရိသတ်၏ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ခြင်းကြောင့် ယခုဆိုလျှင် "မောင့်မလေးသို့" ကစလို့ "ကိုယ့်ရဲ့ကောင်းကင်သစ်" အထိတိုင် ကျွန်မ၏ အနုပညာဖန်တီးမှု သက်တမ်းတာ အုပ်(၃၀)ပြည့်မြောက်ပြီး "ပုလဲရတု" တိုင်ခဲ့ပါပြီ။

အဲဒါကြောင့် ကျွန်မသည် ကျွန်မ၏ စာဖတ်ပရိသတ်အတွက် နှုတ်ခွန်းဆက်သည့် စကားတစ်ချို့ကို ပုလဲရတု လက်ဆောင်အဖြစ် အမှတ်တရ ရေးပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ရေးသားဖန်တီးခဲ့သည့် ဝတ္ထုစာမူများ၏ အနုပညာသက်တမ်း ရှုတုမျိုးစွာတို့မှာ ပရိသတ်ရင်ထဲတွင် ထိမှန်စူးနစ်၍ အမှတ်တရ ထင်ကျန်ခဲ့ဖူးသော မှတ်တိုင်များစွာတွေလည်း ရှိခဲ့သလို တစ်ခါတစ်ရံမှာတော့ အမှတ်မထင် ဖြစ်ခဲ့ဖူးသော မှတ်တိုင်တွေလဲ ရှိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်မရဲ့ ဝတ္ထုတိုင်းကို အစဉ်တစိုက် အားပေး ဖတ်ရှုကြသော စာဖတ်ပရိသတ်အားလုံးကိုတော့ အမြဲတမ်း ကျေးဇူးတင်နေမိမှာ ပါ။ ကျွန်မ နှစ်သက်ခံစားရသော အနုပညာများအတွက် ကျွန်မကဲ့သို့ မျှဝေနားလည်ကြတဲ့ ပရိသတ်ရဲ့ မေတ္တာများကိုလည်း အမြဲကြည်နူးပီတိ ဖြစ်နေရမှာပါ။

BURMESE CLASSIC .com

ကျွန်မ၏ပရိသတ်ကို တစ်ခုတော့ ကျွန်မ တောင်းပန်ရပါဦးမည်။ အဲဒါကတော့ ပရိသတ်ထံမှ ရောက်ရှိလာသော မိတ်ဆက်စာ၊ ဝေဖန်အကြံပြုစာများစွာတို့ကို ကျွန်မ လက်ခံရရှိပေမယ့် ကျွန်မဘက်ကတော့ ပရိသတ်ထံသို့ စာမပြန်ဖြစ်ခဲ့ပါ။

ကျွန်မသည် နောက်ဆုံးနှစ်အပိုင်း(ခ) ဆေးကျောင်းသူ တစ်ယောက် ဖြစ်သလို ပရိသတ်ချစ်သော စာရေးသူတစ်ယောက်လည်း ဖြစ်ပြန်ရာ ကျွန်မမှာ ဆေးရုံ၌ လက်တွေ့ဆင်းရသည့်အချိန်၊ ကျောင်းစာများ သင်ယူရသည့်အချိန်၊ ကျောင်းစာများ ကျက်မှတ်ရသည့်အချိန်နှင့် အနုပညာစာမူများ ဖန်တီးရေးသား ရသည့်အချိန်များကြောင့် ကျွန်မ၏ ကိုယ်ပိုင်အချိန်များမှာ အင်မတန်မှပင် ရှားပါး နေကတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့အတွက် ကျွန်မ၏ပရိသတ်ထံသို့ တစ်ဦးချင်း သီးသန့် စာမပြန်နိုင်ခဲ့တာကို ခွင့်လွှတ်နားလည် နိုင်ကြပါစေလို့။

ဒါပေမယ့် ပရိသတ်ထံမှ ရောက်ရှိလာသော စာတိုင်းကိုတော့ ကျွန်မ အမြဲတစေ ဂရုတစိုက် ဖတ်လေ့ရှိပါတယ်။

ယခု ပုလဲရတု နှုတ်ခွန်းဆက်နဲ့အတူ ကျွန်မရဲ့ပရိသတ်အတွက် ကျွန်မနဲ့ ပရိသတ်ထံမှ တစ်စုံတစ်ယောက်တို့ အမှတ်တရဖြစ်စေဖို့ စကားတစ်ခု ပါးလိုက်ပါရစေ။ အဲဒါကတော့ ပရိသတ်တွေထံမှ ကိုယ်တိုင်ခံစား ဖြစ်ပျက်ဖူးသော အကြောင်းအရာ တစ်ခုခုကို ကျွန်မထံသို့ ရေးသား ပြောပြနိုင်ပါတယ်ဆိုတဲ့ အကြောင်းပါ။ ပရိသတ်များစွာထံမှ ရေးသားပြောပြတဲ့ ခံစားချက်များထဲမှ တစ်ဦးတစ်ယောက်၏ ခံစားချက်ကို ကျွန်မ နစ်မျောခံစားမိခဲ့တာများရှိခဲ့လျှင် မြတ်နိုးစွာ ရွေးချယ်၍ အုပ်(၄၀)မြောက် ဝတ္ထုများရတု မှာပဲဖြစ်ဖြစ် အမှတ်တရ ရေးသား ဖန်တီးပေးချင်ပါတယ်။

ပရိသတ်အားလုံးအတွက်တော့ ထာဝရ လှပဆန်းသစ်သော၊ ချစ်စရာ ကောင်းသော၊ ရိုးသားသော၊ အဆိပ်ကင်းမဲ့သော၊ အနုပညာမြောက်သော စာများကိုသာ ကျွန်မ ကြိုးစားရေးဖွဲ့နေပါမည်။

ကျွန်မ၏ "ရှင်မိုး (ဆေးတက္ကသိုလ်)" ဟူသော ကလောင်အမည် တစ်ခုကို စာဖတ် ပရိသတ်ရဲ့ နှလုံးသားထဲ ပျံ့နှံ့စီးဝင် တွယ်ငြိစေဖို့နဲ့ စာမူတိုင်းကို သေသပ်လှပသော ဝတ္ထုများအဖြစ် ပုံပေါ်စေရန်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးအပြင်အဆင်ကအစ ကျွန်မ စိတ်တိုင်းကျ ဖြစ်စေဖို့ ပံ့ပိုးကူညီ စဉ်တင်ပေးခဲ့တဲ့ ထုတ်ဝေသူ ကိုကျော်လှိုင် (စေတနာစာပေ)နှင့်တကွ အနုပညာ မောင်နှမများကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ 'ရှင်မိုး' ဆိုတဲ့ ကလောင်အမည်ကို ရွေးချယ် ပေးခဲ့သော ဦးစိန်လင်း (နန္ဒာလင်းကြူ) ကိုလည်း ကျေးဇူး တင်ကြောင်း ပြောကြားချင်ပါတယ်။

တဖန် စာရေးဖြစ်အောင် တိုက်တွန်း အားပေးလျက် မေတ္တာအပြည့်နဲ့ ကူညီဆောင်ရွက် ပေးခဲ့သော အန်ကယ်လ် ဦးကျော်မြင့်နှင့် အန်တီ ဒေါ်ပင်းရီတို့ရဲ့ ကျေးဇူးတရားကို အမြဲသတိရနေ မှာပါ။

စာရေးသူတစ်ယောက်အဖြစ် ရောက်ရှိဖို့ မက်မောရှူးသွပ်စွာ ကြိုးစား ခနစဉ်ကာလများစွာ တုန်းက ကျွန်မနံဘေးမှာ ဖြူစင်သောမေတ္တာများဖြင့် အကြံပေး ကူညီပေးဖော်တွေ ဖြစ်ခဲ့တဲ့ အချစ်ဆုံး သူငယ်ချင်း မနှင်း၊ ဥမ္မာခင်နဲ့ ကျော့ကျော့ခင်းတို့ကို လည်း အမြဲတမ်း အမှတ်တရ ရှိနေပါတယ်။

ကျွန်မရဲ့ ပရိသတ်များအတွက်တော့ အုပ် (၃၃) မြောက် ပွဲထွက်ရာ အထိမ်းအမှတ် "ကိုယ်ရဲ့ ကောင်းကင်သစ်" နှင့် မိတ်ဆက်၍ ပရိသတ်ရှင် တို့မှာ တစ်စုံတစ်ရာမျှသော အမှတ်တရ တစ်ကွက်ကျန်ခဲ့လိမ့်မယ်လို့ မျှော်လင့်နေပါမယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ၏ စာဖတ်ပရိသတ်များအားလုံး
အရာရာ ပြီးပြည့်စုံသော ဘဝများမှာ ဆန္ဒပြုသမျှ
ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်လိုက်ပါရစေ။

ရှင်မိုး (ဆေးတက္ကသိုလ်)

မောင်ကျော်ဖျိုင်

စေတနာစာပေ

မှ စီစဉ်ထုတ်လုပ်ပါသည်

# ရှင်မိုး (ဆေးတက္ကသိုလ်)

# ကိုယ့်ရဲ့ကောင်းကင်ဆီ

အုပ်(၃၀)မြောက် ပုလဲရတုအထိမ်းအမှတ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## သီဂီဇော်

သူနဲ့ကိုယ့်ကြားတွင် တာရန်လှုတ်ရှိသော တံတိုင်းများက များပြားလှပေသည်၊ ပြီးတော့ ထုထည် ကြီးမားခိုင်ခန့်လွန်း လှသည် ဟုလည်း ဆိုရပေမည်၊

ထို တံတိုင်း များစွာတွေထဲတွင် သူမကို အကြီးကျယ်ဆုံး တာရန်ထားသည်မှာ မိဘ မျိုးရိုးစဉ်ဆက်၏ ဂုဏ်သိက္ခာကို စောင့်ထိန်း ရမည်ဟူသော ပညတ်ချက်တံတိုင်းတစ်ခု၊

တဖန် သူမကိုယ်တိုင်ကပင် ပေးထားခဲ့ဖူးသော ကတိတိုင်း အား မည်သည့်အကြောင်းကြောင့်ဖြစ်စေ မဖျက်မိစေရ ဟူသော သူမ ၏ ဆုံးဖြတ်ချက်တံတိုင်းတစ်ခု၊

ဤ တံတိုင်းနှစ်ခုတို့ကတော့ သူမနှင့်သူ့ကြားတွင်ဘယ်လို နည်းနဲ့မှ ချိုးဖေါက်မရနိုင်သော တံတိုင်းများပင် ဖြစ်လေသည်၊

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အင်မတန် ဇာတ်ဆန်သော အဖြစ်ရှိ၍ ဤမျှ အကာအရန် အတားအဆီးတွေ ရှိခဲ့ပြီးသားမှန်း သူမကိုယ်တိုင် သိနိုင်သော်လည်း သူမသည် သူ့အား မိုက်မဲစွာပင် သူမ၏နှလုံးသား၌ နေရာပေးချင်ခဲ့သူ ဖြစ်၏။

တဖန် သူ့အား စွဲလန်းစွာ ချစ်တတ်ခဲ့သူလည်း ဖြစ်ပြန်သေးသည်။ သူ့ဆီမှာ ပေးအပ်ရန် အသင့်ရှိနေမည်ဖြစ်သော သူမတစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရသည့် သူ၏ချစ်ခြင်းတို့ကိုလည်း တပ်မက်သူ ဖြစ်ပြန်သည်။

ဤလောက၌ အတ္တမကြီးသောသူဟူ၍မရှိဟု ဆိုကြသည့်အတိုင်း သူမသည်လည်း အတ္တကြီးစွာပင် သူ၏ချစ်ခြင်းတို့ကို ပိုင်ဆိုင်ရချင်သေး၏။ အို ချစ်သူထံမှ ချစ်ခြင်းတို့ကို ခံစားခွင့်ရသော မိန်းမတစ်ယောက်ရဲ့ ဘဝလောက်များ ထံတောင်း၍ ပြီးပြည့်စုံတာရှိဦးမလား။



ကိုယ့်ဘဝမှာ မင်းမြင်တဲ့အတိုင်း တန်ဖိုးကြီးမားတဲ့အရာဆိုလို့ ဘာတစ်ခုမှ မပိုင်ဆိုင်ပါဘူး။ ကိုယ်တိုင်လည်း ဘယ်အရာကိုမှ မက်မက်မောမော မတောင့်တမိခဲ့ဘူး။

မင်းပဲ ကိုယ်ပိုင်ဆိုင်ချင်ခဲ့တယ်။ မင်းရဲ့အချစ်တို့ပဲ ကိုယ့်ဘဝမှာ ပထမဦးဆုံးသော တောင့်တမိတဲ့ အရာအဖြစ် သတ်မှတ်ခဲ့တယ်။


မင်းကြောင့်ပဲ ကိုယ့်ဘဝရဲ့ ရည်ရွယ်ချက်တွေ ပြောင်းလဲသွားခဲ့ပြီ၊ ကိုယ့်ဘဝမှာ ရည်မှန်းချက်တွေ၊ အနာဂတ်တွေ၊ မျှော်လင့်ချက်တွေနဲ့ စတင်ရှင်သန်လာခဲ့ပြီ။

တဲ ဘယ်လောက် ဇာတ်ဆန်စရာ ကောင်းလိုက်တဲ့အဖြစ်လဲ၊ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်ကြောင့် ပြောင်းလဲသွားခဲ့လိမ့်မယ်ဆိုတဲ့အဖြစ်မျိုးကို ကိုယ်တိုင်လည်း ဘယ်တုန်းကမှ စိတ်ကူးထဲကောင်း ထည့်ခဲ့သူလဲ အဖြစ်မှန်ရဲ့

www.burmeseclassic.com

ကိုယ် မင်းကို ချစ်မိတဲ့ အပြစ်တစ်ခုအတွက် ကိုယ့်အပြစ်ကို ကိုယ်ကျေနပ်တယ်၊ မင်းကြောင့် ပြောင်းလဲရခြင်းတွေအတွက်လဲ ကျေနပ်တယ်၊

ကိုယ့်ဘဝမှာ ပို၍ ကျေနပ်စရာ အကောင်းဆုံးကတော့ ကိုယ် အတောင့်တခဲ့မိဆုံး အရာတစ်ခုဖြစ်တဲ့ မင်းဆီက ချစ်ခြင်းများ စွာကို ကိုယ်ပိုင်ဆိုင်ခံစားခွင့် ရခြင်းပဲဖြစ်တယ်၊



ကဲ ကောင်းပြီ၊ ချစ်သူကို ချစ်မြတ်နိုးသော ယောကျာ်း တစ်ယောက်ဟာ သူ၏ချစ်သူအား ဘယ်နည်းနဲ့မဆို လက်တွဲခွင့် ရချင် တာတော့အမှန်၊

မိမိချစ်သူအား တစ်သက်လုံးပိုင်ဆိုင်ခွင့်ရသော ယောကျာ်း တစ်ယောက်၏ဘဝလောက်များ ထက်ကောင်း၍ပြီးပြည့်စုံတာ ရှိဦးမလား၊

# ကဏ္ဍ (၁)

သိင်္ဂီတော်

www.burmeseclassic.com

www.burmeseclassic.com

ဒီလောကကြီးထဲမှာရှိတဲ့... လူတိုင်း လူတိုင်းဟာ...
ကိုယ်... တည်ဆောက်ပြီး ပိုင်ဆိုင်ရမယ့်...
ဘဝတစ်ခုကို... အကောင်းဆုံးနဲ့...
အလှပဆုံး... ဖြစ်စေချင်
ကြတာချည်းပါပဲ...
ထို့အတူ... သူမဟာလဲ... သူမတည်ဆောက်ရမဲ့
ဘဝ... ပိုင်ဆိုင်ရမဲ့ဘဝ... အတွက်... ပြီးတော့...
သူမ၏စိတ်ထဲမှာ အမြဲစွဲနေအောင်... ကိန်းဝပ်
ရှင်သန်နေခဲ့တဲ့
စိတ်ဓါတ်တစ်ခုအပေါ်... မှီသွယ်တပ်မက်မှုအတွက်...
သူမရဲ့ အတ္တတွေအတွက်...
သူမရဲ့ အနာဂတ်လှပဖို့အတွက်...

သူမရည်မှန်းထားသမျှတွေ မလွဲမသွေ ဖြစ်ဖို့
အတွက်...
အားလုံးစင်းလုံးချော ပြည့်စုံအောင် "အချစ်"
ဆိုတာကို...
ရှေ့တန်းမထားပဲ... ဆုံးဖြတ်ခဲ့တဲ့... ဆုံးဖြတ်ချက်တစ်ခုကို...
ဘယ်တော့မှ နောင်တမရဘူး...
ဟုတ်တယ်...
ရှင်နဲ့မတွေ့သေးခင်အချိန်ထိပေါ့...
ကိုယ့်မှာ အဲဒီဆုံးဖြတ်ချက်အတွက် နောင်တ...
ဆိုတာ ရှိတောင် ရှိမနေခဲ့တာအမှန်ပဲ...

သင်္ဂီဓေဝီ

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဤ အဖြစ်အပျက်များ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ခြင်းမှာ အမှန်တော့ ကိုကြီး နိုင်ငံခြားကို အလုပ်ကိစ္စဖြင့် သွားရခြင်းနှင့် မဆိုင်ပါ။ အင်းဘယ်လိုသတ်မှတ်ရမလဲ။ ရာဇဆိုတဲ့ လူတစ်ယောက်ဟာ သိဂီတော်၏ဘဝ ထဲကို ရောက်ရမဲ့ အချိန်တန်လို့ ရောက်လာခဲ့တယ်ပဲ ဆိုရမည် ထင်ပါရဲ့။

ထို့အပြင် ရာဇဆိုတဲ့ လူတစ်ယောက်နဲ့ မဆုံသေးခင် ကာလတွေတုန်းက သိဂီတော်ဟာ မျိုးရိုးဂုဏ်ကြီးမြတ်ရခြင်း ဆိုတာကို အင်မတန်မှ ဂုဏ်ယူဝင့်ကြွားတတ်သူပင် ဖြစ်သေး၏။

"ကျုပ်တို့ဟာ မျိုးရိုးစဉ်ဆက်ကကို ချမ်းသာလာကြတာ မြေးရဲ့... ရှေးဘုရင်များလက်ထက်ကဆိုရင် မှူးမတ်တွေအပ်နှင်းခံခဲ့ရတာ အစဉ်အဆက်ပဲ... သူဌေးသူကြွယ်တွေ ဆိုတာ အလွယ်တကူ ပေါင်းခေါ်ကြပေမဲ့ သူဌေးတွေနဲ့ သူကြွယ်တွေဟာ တော်တော့်ကို ကွဲပြားမှုတွေရှိတယ်..."



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီတော်ကို အချစ်ဆုံးဖြစ်သော ဘွားအေကြီးက အမြဲတစေ ပုံပြင်ပမာ ပြောနေကျ။ မျိုးရိုးစဉ်ဆက် ကြွယ်ဝချမ်းသာသည့် အကြောင်းကိုဆို သိင်္ဂီတော်က နှစ်ခြိုက်စွာ ဘွားအေပေါင်ပေါ် မေးတင်နားထောင်တတ်စမြဲ။

"သူဌေးဘွဲ့နဲ့ သူကြွယ်ဘွဲ့ ဘာကွာလို့လဲ ဘွားဘွားရဲ့..."

"အို... ကွာပ့ါ.. သိပ်ကိုကွာတာပေါ့။ သူဌေးဘွဲ့ရတဲ့သူတွေက ပိုဂုဏ်ရှိတယ်... သူဌေးဘွဲ့ရတဲ့သူဟာ မျိုးရိုးစဉ်ဆက်က သူဌေးမျိုးရိုး ဖြစ်ရသေးတယ်... အစဉ်အဆက် ချမ်းသာကြွယ်ဝရတယ်... ဘုရင်ထက်တောင် ချမ်းသာသေးတယ် မြေးရဲ့... သူဌေးဘွဲ့ရတဲ့ လူတွေဟာ ဘယ်တုန်းကမှ မဆင်းရဲဖူးရဘူး။ ဆင်းရဲသားဘဝကနေ ကံအကျိုးပေးလို့ ချမ်းသာလာတဲ့ လူမျိုးလဲ မဟုတ်ရဘူး... အဲဒီလို လူမျိုးမှ၊ သူဌေးမျိုးရိုးက ဆင်းသက်ပြီး ဘိုးဘွားစဉ်ဆက်ချမ်းသာလာကြတဲ့ သူဌေးမျိုးကိုမှ ဘုရင်တွေက သူဌေးဘွဲ့ အပ်နှင်းတာကွဲ့... သူကြွယ်ဘွဲ့ရတဲ့သူတွေကတော့ မျိုးရိုးစဉ်ဆက်လဲ ချမ်းသာကြတာ မဟုတ်ဘူး... ယခင် ယခင် မျိုးရိုးတွေကလဲ သိပ်ဆင်းရဲခဲ့ကြသေးတယ်။ အဲဒီ... သူကြွယ်ဘွဲ့ရတဲ့လူရဲ့ မျိုးရိုးကျမှ သူဟာ ကံအကျိုးပေးလို့ စီးပွားဖြစ်ပြီး ကြွယ်ဝချမ်းသာလာခဲ့တဲ့ လူမျိုးတွေပေါ့... သူဂ ျာ ဘယ်လောက်ပဲ ဘုရင့်ထက်တောင် များတဲ့ စည်းစိမ်ဥစ္စာကို ပိုင်ဆိုင်ထားပါစေ ပ ့ ှးဟာ သူဌေး

စေတနာစာပေ



က သိပ်ဆင်းရဲတာဆိုပဲ... မုန့်ဖက်ထုပ်တောင် ရောင်းရတာတဲ့၊ အဲဒီကနေ အလုပ်ပေါင်းစုံလုပ်ပြီး ကံအကျိုးပေးတော့ ပန်းတိမ်ဆိုင်မှာ အသင်ဝင်လုပ်ရာကနေ... ကိုယ့်ဘာသာ ရွှေဆိုင်ဖွင့်နိုင်တဲ့အထိ ချမ်းသာလာတာတဲ့... ဆရာမတွေကရော... ကျောင်းအုပ်ကြီးကပါ အဲဒီလူကြီးကို အောက်ခြေဘဝကတက်ရလို့ အတုယူသင့်တယ်ဆိုပြီး သိင်တို့ကို ပြောပြတာလေ... သိင်ဖြင့် ရယ်ချင်လွန်းလို့ လက်ကိုင်ပဝါနဲ့ ပါးစပ်ကို ပိတ်ထားရတယ်... သူတို့ မသိကြဘူးနော်... အဲဒီလူကြီးက ဘွားလောက် ချမ်းသာပေမဲ့ ဘုရင်ကဆို သူ့ကို သူကြွယ်ဘွဲ့ပဲပေးမှာ... ဆို"

ဟူ၍ ဘွားအေက သူမတို့၏ မူလတန်းကျောင်းကလေးအတွက် ကျောင်းဆောင်သစ်လှူပြီး မကြာခင် နောက်ထုပ်လာလှူသော လူ၏ သတင်းကို သယ်လာပြီး မြေးအဘွားနှစ်ယောက် အတင်းအုပ်ကြလေသည်။ အဲဒီအရွယ်တုန်းက မှတ်မိပါသေးသည်။ သူမ၏ အသက်က ရှစ်နှစ်သာသာကလေးရှိသေးသည်။

"ပန်းတိမ်လုပ်တော့ ချမ်းသာမှာပေ့ါ.. မှတ်ထား မြေးရဲ့ ဘွားတို့အပ်တဲ့ ရွှေအချိန်အတိုင်း သူတို့က ပုံဖေါ်ကြပေမဲ့ ပုံဖေါ်လို့ တိုက်ရ ဖြတ်ရတော့ ရွှေကျလာတဲ့ အမှုန်တွေ သူတို့ပဲရတာ.. ရွှေမှုန်တွေကောက်ပြီးစုရင်း တဖြည်းဖြည်း များ တာပေ့ါ.. သူတို့ချမ်းသာ ာက ဘွားတို့

အုပ် (၃၀) မြောက် ဂုဏ်ရတု အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ဆီက ပစ္စည်းတွေကို ဖွဲ့ယူရင်း ချမ်းသာလာရတာပေါ့"

"ဘွားတို့က အဲဒီရွှေမှုန်တွေ လိုက်တောင်းပါလား"

"ဩော်... ဘယ်ရမလဲမြေးရဲ့... ဒါက ဘွားတင်မက ရွှေ ပစ္စည်း လုပ်တဲ့လူတိုင်း သိရက်နဲ့ခံနေရတာ... လိုက် တောင်းလို့ ဘယ်ရမလဲ။ အဲဒါတော့.. မြေး အသက်ကြီး လာရင် နားလည်လာလိမ့်မယ်"

သူမ၏ ဘွားအေဖြစ်သူ ပေါင်ပေါ်တွင် သိင်္ဂီတော်သည် ဆင်းရဲသားဘဝမှ ချမ်းသာလာသည်ဆိုသော ထိုလူကြီး ကို ဆရာတွေ၊ ဆရာမတွေ ဘာကြောင့် အားကျ၊ အတုယူကြ သလဲ ဆိုတာကို ပြန်၍ အံ့ဩတကြီး တွေးနေခဲ့မိသေး၏။ သူတို့ မသိကြဘူး။ အဲဒီလူကြီး သူကြွယ်ဘွဲ့ပဲ ရမှာ သူတို့မသိကြဘူး ဟု သူမ၏ မျိုးရိုးဂုဏ်ကို ဝင့်ကြွားလျက် ကျေနပ်နေခဲ့ပြန်၏။

"ငါ့မြေးကို မူလတန်းကျောင်း ခပ်သေးသေးမှာ အဘွား ထားမိတာ မှားတယ်... အစကတော့ အိမ်နဲ့နီးလို့ ထား တာပါပဲ... အခုတော့ ကျောင်းသွားတိုင်း မြင်နေရတဲ့ ကိုယ်နဲ့ အဆင့်အတန်း သိပ်ကွာတဲ့ အခြေအနေတွေကို စိတ်ပျက်တယ်... ဒီတော့.. နောက်နှစ်ကျရင် အောင်စင် တို့တက်တဲ့ ကျောင်းပဲ ပြောင်းထားလိုက်... မြရည်"

"အမေ့သဘောရှင်... အမေ့သဘော။ အမေပဲ အစက





မြေးကို ခဏခဏ သွားကြည့်လို့ရအောင် အိမ်နဲ့ အနီးဆုံး မူလတန်းကျောင်းကို အမေကိုယ်တိုင်ပဲ လိုက်အပ်တာ.. မြရည်ပြောသားပဲ... သူငယ်တန်း စတက်ကတည်းက အောင်စစ်တို့ကျောင်းမှာ တစ်ခါထဲ ထားလိုက်ပြီးရော"

"မေမေ... သိင်က ကိုကြီးအောင်စစ်မင်း နေတဲ့ကျောင်း မျိုးမှာ နေရမှာဟုတ်လား... ။ သိပ်ပျော်တာပဲ... သိင်တို့ ခုနေတဲ့ကျောင်းမှာ သူဌေးဘွဲ့ရဖူးတဲ့ လူမျိုးတွေ မရှိ သလောက်ရှားတယ် မေမေရဲ့... သူကြွယ်ဘွဲ့တောင် သုံး လေးယောက်ပဲ ရကြမှာပါ။ သိင်နဲ့ သူတို့ အဆင့်အတန်း မတူတာတော့ အမှန်ပဲ"

ထိုအခါ မေမေ ဒေါ်မြရည်တော်က ဟက် တက်ပက်ပင် ရယ်ချတာ မှတ်မိသေးရဲ့။

"သိင်ကလေး... သမီး။ လူတွေရှေ့မှာ အဲဒါတွေ လျှောက် ပြောမနေနဲ့နော်... မေမေတို့က သူဌေးဘွဲ့ရ မျိုးရိုးပေမဲ့ အခုခေတ်မှာ အဲဒါတွေ မရှိတော့ဘူး သမီးရဲ့... မေမေ တို့ကသာ ခွဲခြားနေတာ... လူတွေက သူတို့အကုန်လုံး ဆင်းရဲဖူးတိုင်း ဟိုးအရင်က အယူအဆတွေကို ဖျောက် ပစ်လိုက်ကြပြီ... သိလား သမီး"

သိပ်မကြာခင်မှာပဲ နောက်တစ်နှစ်၏ နှစ်စတွင် သိင်္ဂီတော်သည် သူမထက် အသက်ငါးနှစ်ကြီး၍ သူမက ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com

ဟုခေါ်ရသော အောင်စစ်မင်းတက်သည့် အထက်တန်းကျော
ကြီးသို့ ပြောင်းတက်ရပါသည်။

"သားကြီး... ညီမလေးအတန်းကို ခဏခဏ သွားကြည
ပေးနော်၊ သားကြီးတို့ ကျောင်းက ခဏ ခဏ ဝင်လို့
တော့ ဘွားရဲ့မြေးကို ဘွားစိတ်တောင် မချချင်ဘူး
သားကြီးကတော့ လူကြီးလဲဖြစ်၊ အတန်းကြီးထဲကလဲဖြ
ကျောင်းသားလဲဖြစ်တော့ ကလေးတန်းကို ဝင်ကြည့်
ရမှာပေါ့... ဆရာ၊ ဆရာမတွေနဲ့လဲ သားကြီးရဲ့ညီမလေ
အဖြစ် မိတ်ဆက်ပေးပြီး အပ်ထားပေးခဲ့ဦး"

"စိတ်ချပါ... ဘွားသဇင်... ဂီ့ကို သားခဏခဏ သွားကြည
ပါ့မယ်... စိတ်မပူပါနဲ့... "

ထိုအခါ အောင်စစ်မင်း၏ အဘွားဖြစ်သူ ဒေါ
ခင်ခင်ကြီးက အောင်စစ်မင်းကို ဒေါက်ကနဲ ခေါင်းခေါက်ရင်း

"ဟဲ့... သားကြီး... ညီမလေးကို အိမ်မှာ မင်းခေါ်သလို
ဂီလို့ မခေါ်မိစေနဲ့ဦး။ အတန်းထဲမှာ အစခံနေရဦးမယ်"

"သူက သူ့ကိုယ်သူ သိင်က... သိင်ကနဲ့ ခွဲပြီး ပြောတော
သားက ကျန်တဲ့ နောက်ကနာမည် ဂီကို ခေါ်တာလေ
ဗျာ... စိတ်ချပါ ဘွားခင်ရဲ့... မခေါ်မိစေရအောင် သား
ကြိုးစားပါ့မယ်"

❧ စေတနာစာပေ ❧



"ဘာ ကြိုးစားပါ့မယ်လဲ မခေါ်ပါဘူးလို့... ပြော... "

"ဟုတ်ကဲ့ခင်ဗျာ... ဟုတ်ကဲ့"

ကိုကြီး အောင်စစ်မင်းသည် သူမကို လှည့်၍
ကြိတ်ပြုရင်း ခြိမ်းခြောက်သော်ငြား သိင်္ဂီတော်သည် အဲဒီ
ချိန်ထဲက ကိုကြီးအား ကြောက်၍မရခဲ့ချေ။ ပြန်၍ မျက်စောင်း
း လှျာထုတ်ပြတတ်သတဲ့။

"အောင်စစ်မင်းတို့ကလည်း ဘွားတို့လို သူဌေးမျိုးရိုးပဲ
မြေးရဲ့... ။ သူတို့က ပိုတောင်မြင့်တယ်။ မင်းမျိုးနည်းနည်း
စပ်သေးတယ်ဆိုပဲ... ခင်ခင်ကြီးရဲ့အဘွားနဲ့ အဘိုးတွေ
က မင်းမျိုးမင်းနွယ်တွေပေါ့... သူတို့နဲ့ဆိုရင် ငါ့မြေးကို
ဘွားက စိတ်ချပြီးသား... ကိုယ်နဲ့မျိုးရိုးတူ၊ အဆင့်အတန်း
တူ... ဘာပြောစရာရှိလဲ... "

ဘွားအေက ဤစကားကို စပြောသည်မှာ သူမ၏
သက် ဆယ့်သုံးနှစ်မှာ ဖြစ်လေသည်။ အဲဒီအချိန်တွင် ကိုကြီး
ည် ဆယ့်ရှစ်နှစ်ရှိပြီး တက္ကသိုလ်မှာ ဒုတိယနှစ် အင်္ဂလိပ်စာ
တန်း တက်နေပြီ ဖြစ်၏။ ထိုအရွယ်ကပေ့ါ ဘွားက ဘာ
ဘောနဲ့ပြောသည်ကို နားမလည်တတ်သေးချေ။

သို့သော် သိင်္ဂီတော်သိသည်မှာ သူမတို့နှင့် မျိုးရိုး
တ်ချင်းတူသော ကိုကြီးတို့နှင့် အသိမိတ်ဆွေအဖြစ် ပေါင်းသင်း

အုပ် (၃၀) မြောက် ...... အထိမ်းအမှတ်

www.burmeseclassic.com



ချခြင်းမှာ မြင့်မြတ်သည်ဆိုတာပဲ ဖြစ်သည်။ သူမ့ကလည်း သူမ
စိတ်ကူးနဲ့သူမ။ လူကြီးတွေကလဲ သူတို့ စိတ်ကူးနဲ့သူတို့ ဖြစ်၏။

✿✿✿✿

လူကြီးတွေ ဘာ စိတ်ကူးနေသလဲ ဆိုတာ
သိဂီတော် သိခွင့်ရသည့် အချိန်ကတော့ သူမ ဆယ်တန်းအောင်
ပြီးသည့် အချိန်ကျမှပင် ဖြစ်လေသည်။

"မြရည်... ညည်းသမီးလဲ ဆယ်တန်းအောင်ပြီးပြီ။ မကြာ
ခင် ယူနီဗာစီတီ သွားတက်ဦးမှာ... ။ ငယ်လဲငယ်တော့
တာမှ မဟုတ်ပဲ.., လူကြီးတွေ ဘာဖြစ်စေချင်သလဲဆိုတာ
ကို ညည်းနဲ့ငါ ကြည့်ပြောမှ ဖြစ်တော့မယ်... "

ဟူ၍ ဘွားအေကပင် စတင်၍ သူမတို့တတွေ
ကြံစည်စိတ်ကူးမှု များစွာတို့ကို ပြောတော့တာ ဖြစ်သည်။

စေတနာစာပေ



"မြေးနဲ့အောင်စစ်မင်းကို လူကြီးတွေက ဟိုးငယ်ငယ်ထဲ
က ကြိုပြီး စိတ်ကူးထားပြီးသား.. မြေးရဲ့။ ခင်ခင်ကြီး
ကိုယ်တိုင်က မြေးကို အောင်စစ်မင်းရဲ့ကျောင်းမှာ ဘွား
လိုက်ပြောင်းအပ်တဲ့ နေ့ကတည်းက စကားစခဲ့တာပဲ...
ကြာပြီ။ တော်တော့်ကို ကြာပြီ... အဲဒီ့တုန်းက မြေးက
လေးတန်းတက်ရမှာ။ ခင်ခင်ကြီးကလဲ ဘွားလိုစိတ်မျိုး
ရှိတာကွဲ့၊ သူ့ငွေမျိုးရိုးစစ်စစ်က ဆင်းသက်လာတာမို့
ဘွားတို့လို အဆင့်အတန်း တူတဲ့လူတွေနဲ့ပဲ ပေါင်းတယ်...
ပြီးတော့ သူ့မြေးဦးဖြစ်တဲ့ အောင်စစ်မင်းကိုလဲ မြေးနဲ့ပဲ
သဘောတူသတဲ့... ဘွားမှာကလဲ မြေးမိန်းကလေးဆိုလို့
ရှားရှား ပါးပါး ဒီတစ်ယောက်ထဲရယ်... ကျန်တဲ့ မြေး
ယောကျ်ားလေးတွေကို ဘွားတော့ တယ်သဘောမကျလှ
ဘူး... ဒါပေမဲ့ သူတို့ရဲ့ အိမ်ထောင်ရေးလဲ ဘွားပဲ စီစဉ်
ပေးမှုပါဖို့... ခင်ခင်ကြီးရဲ့ မြေးမတွေနဲ့ ဘွားရဲ့ မြေး
ယောကျ်ားတွေ... ပြီးတော့... ဟောဒီ မြေးမကလေးနဲ့
အောင်စစ်မင်းဆိုတဲ့ ခင်ခင်ကြီးရဲ့မြေးဦးရယ် ဆိုပြီး စီစဉ်
ကြမှာပေါ့... ဒါမှ... နှစ်ဘက်စလုံး မျိုးရိုးဂုဏ်လဲ မပျက်
ကြတော့ဘူး... မျိုးရိုးလဲ သန့်တယ်... ကဲ... ဘယ်လောက်
ကောင်းလိုက်သလဲ"

"အခုတော့ ချက်ချင်းစီစဉ်မှာ မဟုတ်သေးပါဘူး... မင်း
ကလေးကျောင်းပြီးမှပါ... မေမေတို့က ကြိုပြောထားတာ

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ရွှေအပတ်ထဲမှာ ဟောဒီက မေမေ့သမီး သိင်ရယ်၊ သမီး အန်ကယ်လ်ရဲ့သား.. သမီးအစ်ကိုနှစ်ယောက်ရယ်... ဟိုဘက်က ဒေါ်ခင်ခင်ကြီးရဲ့ မြေးမနှစ်ယောက်ရယ်။ အောင်စစ်မင်းရယ်ကို နှစ်ဘက်လူကြီး အသိအမှတ်ပြုပွဲ လုပ်ကြမယ်ကွဲ့... နှစ်ဘက်လူကြီး ဆိုပေမယ့် မေမေတို့ အသိုင်းအဝိုင်းက လူတွေလဲ ပါမှာပေါ့ကွယ်... ဘယ်လိုလဲ သမီးသဘောတူရဲ့လား.: "

သိင်္ဂီတော်သည် ဘွားအေနှင့် မိခင်စီစဉ်သမျှကို ခေါင်းညိတ် နာခံရုံတတ်တာကလွဲလျှင် ဘာတစ်ခုမှ နားမလည်ခဲ့သေး။ ငယ်ငယ်တည်းက အရိုးစွဲအောင် မှတ်သားမိနေသော သူဌေးမျိုးရိုး စစ်စစ်မှ ဆင်းသက်လာရခြင်းအား ဂုဏ်ယူကျေနပ်ချင်သူပီပီ သူမနှင့် မျိုးရိုးတူ ဖြစ်သော ကိုကြီးဆိုသည့် လူတစ်ယောက်ကိုလည်း ဘာအကြောင်းနဲ့မှ ငြင်းလိုက်စရာ မရှိပြီ။

သို့သော် ကိုကြီးသည် သိင်္ဂီတော်ကဲ့သို့ ဤကိစ္စအား အလွယ်တကူ ဆုံးဖြတ်တတ်သူ မဟုတ်ချေ။ သူမ၏ သဘောထားကို သူသိချင်အောင် ဆွေးနွေးလာခဲ့သေး၏။

"ဂီနဲ့ကိုကြီးတို့ကို လူကြီးတွေက သဘောတူပြီး စီစဉ်ပေးမယ်ဆိုတော့.. ဂီက ဘယ်လိုဆုံးဖြတ်ချက်နဲ့ ကိုကြီးကို လက်ခံခဲ့တာလဲ... "

"ဟင့်အင်း.. ဂီမသိပါဘူး ကိုကြီး.. လူကြီးတွေကကောင်း





တာစီစဉ်တာပဲဆိုပြီး ဂီ မငြင်းချင်ဘူး... နောက်ပြီး ဂီ့အတွက် ကိုကြီးဟာ အသင့်တော်ဆုံး လူတစ်ယောက်ပဲလို့ ဂီယူဆမိသေးတာနဲ့... လက်ခံခဲ့တာပါ"

"ဘယ်လို သင့်တော်တာလဲ ဂီရဲ့... လူကြီးတွေက သင့်တော်တယ်လို့ ပြောလိုက်တာနဲ့ ဂီက လိုက်နာလိုက်တာလား"

"ဂီ ဘာမှ နားမလည်ပါဘူး ကိုကြီးရယ်... ဒါပေမဲ့... ဂီသိတာက... ဂီဟာ တနေ့ကျရင် ကိုကြီးကို လက်ထပ်ရမယ်... ကိုကြီးနဲ့လက်ထပ်ရလို့... ဂီ့အတွက် စိတ်ဆင်းရဲစရာလဲ ရှိမှာ မဟုတ်ဘူး... ကိုကြီးက ဂီ့ကို နှိပ်စက်မှာ မဟုတ်ဘူး ကိုကြီးနဲ့လက်ထပ်ရရင်... ဂီ့ဘဝက အေးချမ်းပြီး သာယာလိမ့်မယ် လို့တော့ထင်တယ်... အဲဒါတွေကြောင့် အခုချိန်ကစပြီး ဂီဟာ ကိုကြီးကို ဂီနဲ့သက်ဆိုင်သူအဖြစ် ခေါင်းထဲထည့်ထားလိုက်ပြီ... ကိုကြီးကလွဲရင် တခြားဘယ်သူ့ကိုမှ... ခေါင်းထဲမှာ နေရာပေးတော့မှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်... ဂီ ကျိန်ပြောရဲတယ် ဂီက ကိုကြီးကလွဲရင် ဘယ်သူ့ကိုမှ ရွေးချယ်မိတော့မှာ မဟုတ်ဘူး"

"ကိုကြီးကတော့... ဂီ့ကိုချစ်တယ် ငယ်ငယ်ထဲကညီမလေး တစ်ယောက်လို ချစ်ခဲ့ရတယ်... အခုတော့ ချစ်သူကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လို စိတ်ကူးယဉ်ပြီး ချစ်ခဲ့မိနေတာကြာပြီ... လူကြီးတွေက တစ်နေ့ ဒီလိုစီစဉ်မယ်ဆိုတာ သိပေမဲ့ ဂီက လက်ခံပါ့မလားဆိုတာ တွေးပူနေမိတာ အမှန်ပဲ။ ဂီက လက်ခံတယ်လဲ ဆိုရော ကိုကြီး ဓာတ်တော်ကို ပျော်သွားခဲ့တယ်... အခုတော့... ဂီ့စကားတွေကကွာ... ”

“ကိုကြီးက ဘာကို ပြောစေချင်တာလဲ... ဂီမှ မသိတာ”

ကိုကြီးသည် ခြောက်ကပ်ကပ်ရယ်လျက် သူမ၏ ခေါင်းကို တစ်ချက်အုပ်ကိုင်လိုက်၏။ ထို့နောက် ခေါင်းခါရင်း...

“ကြက်တူရွေး စကားပြောသင်သလို ဖြစ်နေပါဦးမယ် ကွာ... နေပါစေ။ ဂီ့အနေနဲ့ အချစ်ဆိုတာကို အခုချိန်မှာ ရေရေရာရာ မခွဲခြားနိုင်သေးသရွေ့ ကိုကြီးပြောစေချင်တဲ့ စကားတွေ ဂီပြောတတ်ဦးမှာ မဟုတ်ပါဘူး”

ထိုအခါ သိင်္ဂီတော်သည် ကိုကြီး ဘာကို ပြောစေချင်သလဲဟူသော မေးခွန်း၏ အဖြေကို သူမဘာသာပင် ရရှိသွားခဲ့ပြီဖြစ်သည်။ ဤသည်အတွက်ကြောင့် သူမသည် အချစ်ဆိုတာ အား ခွဲခွဲခြားခြား မသိခင်မှာပင် ကိုကြီးအား ကတိတစ်ခုကို အလွယ်တကူ ပေးလိုက်တာ ဖြစ်သည်။

“ဂီသိတာက... ဂီ့ဆီကိုကြီးမလာတာကြာရင်... ဂီ လွမ်းတတ်တယ်။ ကိုကြီးနဲ့ တခြားအစ်မကြီးတွေ တွဲပြီး စကား





ပြောရင်... အလိုလို ဒေါသဖြစ်လာတတ်တယ်။ ကိုကြီးကို စိတ်ကောက်တဲ့အခါ... ဂီ့ကို ကိုကြီးပြန်ချော့ရင်... ဘီအယ် လိုပျော်မှန်း မသိပါဘူး... ကိုကြီးရဲ့လက်မောင်းကိုတွဲပြီး ဂီတို့နှစ်ယောက် မုန့်တွေလျှောက်စားရတဲ့ နေ့တွေဆို ဂီလေ ညအိပ်ရင် အိပ်လို့မပျော်အောင် တစ်နေ့လုံး လျှောက်လည်ခဲ့သမျှတွေ ပြန်မြင်ယောင်ပြီး ကြည်နူးလို့ မဆုံးပြန်ဘူး။ ကိုကြီး ဘာပြောစေချင်သလဲဆိုတာ... ဂီသိပါတယ်။ ဂီကတော့ အမှန်အတိုင်းပဲ ဝန်ခံချင်တယ်။ အချစ်ဆိုတဲ့ အရာကို ဂီနားမလည်သေးပါဘူး... ဒါပေမဲ့ ဂီ့ရင်ထဲမှာ သိနေသလိုပဲ... ဂီက ကိုကြီးကို အားကိုးချင်တဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်နေမိပြီလို့ ထင်ပါတယ်... နောက်ထပ် ကိုကြီးလောက် ဘယ်ယောက်ျားကိုမှ အထင်ကြီး အားကိုး မိမယ်မထင်ဘူး။ ကိုကြီးက... ဂီ့ရဲ့လက်တွဲရမဲ့ အပေါ် တစ်ယောက်ဖြစ်သလို ဂီ့ရဲ့ချစ်ခြင်းကိုလည်း ပိုင်ဆိုင်ရတဲ့ လူတစ်ယောက်ဖြစ်မှာပါ။ အဲဒါကို ဂီ ရဲရဲကြီး ကတိပေး ရဲတယ်သိလား”

“တကယ်လား... ဂီက နောက်တစ်ယောက်ကို ဒီကြားထဲ ချစ်မိသွားရင် ဘယ့်နှယ့်လုပ်မလဲ”

“ဂီ့ကို မယုံရင်လဲသေလိုက်တော့ရှင်... ”

“မသေပါရစေနဲ့ကွာ... ချစ်တဲ့သူနဲ့ အကြာကြီး နေသွား



www.burmeseclassic.com

www.burmeseclassic.com



ပါရစေဦး၊ ကဲ… ကောင်းပြီ… ဂီ။ ဒီနေ့ကစပြီး ဂီက ကိုကြီး ရဲ့ ချစ်သူ ကိုကြီးကလည်း ဂီ့ချစ်သူ။ ပြီးတော့ နှစ်ဘက် မိဘ သဘောတူပြီးသားလို့ ကိုကြီးရဲ့သူငယ်ချင်းတွေကို ကြေညာလိုက်တော့မယ်နော်… ဘယ်လိုလဲ ကိုကြီးလက်ကိုတွဲပြီး ဂီလိုက်ရဲရဲ့လား"

သီဂီတော်သည် မိမိ၏ ဆုံးဖြတ်ချက်ကို မှန်သည်ဟု ယူဆထားသူဖြစ်ရာ ထိုအချိန်ကတော့ ကိုကြီး၏ လက်ကို မဖြုတ်စတမ်း တွဲ၍ ကိုကြီး သွားရာနောက် မခွဲမခွါ လိုက်ရမှ ကျေနပ်သူ ဖြစ်ခဲ့သည်။

တက္ကသိုလ် တက်နေစဉ်တစ်လျှောက်မှာလည်း သူမ၏ ပတ်ဝန်းကျင်ကို အတိအလင်း ကြေညာထားခဲ့သည်မှာ သီဂီတော်မှာ စေ့စပ်ထားပြီးသား ချစ်သူတစ်ယောက် ရှိတယ်ဟူသော အသိအမှတ်ပြုမှုကို ရရှိစေရန်။ ချဉ်းကပ်လာသော ယောကျ်ားတိုင်းအား သူမထံမှ ဘယ်တော့မှ မပြောင်းလဲသော အဖြေမှာ…

"ကျွန်မမှာ ချစ်သူရှိပါတယ်၊ မိဘတွေနဲ့လဲ စေ့စပ်ပြီးသားပါ… ကျွန်မ ကျောင်းပြီးရင် လက်ထပ်တော့မယ်ရှင်"

ဟူ၍ မကြာခဏ အငြင်းခံရဖန် များလာလျှင် သူမ၏ နီးစပ်ရာ ပတ်ဝန်းကျင်ရှိ ယောကျ်ားလေးများက သူမ့ကို လက်လျှော့သွားစေရန်၊ ပြီးတော့ သူမ၏ ချစ်ခြင်းတစ်ခုကို





မယုံမကြည် ရှိချင်လှသော ကိုကြီးက လက်ခံယုံကြည်စေရန် စသည်ဖြင့် သူမသည် သူမ၏ ကတိတစ်ခုအတွက် သက်သေ ထူနိုင်ရေးသာ စိတ်ကူးရှိခဲ့သူဖြစ်သည်။

တက္ကသိုလ်တက်ရသော ကာလတစ်လျှောက်လုံး ကတော့ ပြောပြရင်ဖြင့် ကုန်နိုင်မည်မထင်။ တစ်ဦးတည်းသော သမီးကလေးအား ကိုယ်တိုင်ကားမောင်း၍ ကျောင်းတက်ခွင့် မပေးသော မေမေ့ဆန္ဒကိုလဲ မငြင်းပယ်။ ဘွားအေ၏ ဆန္ဒတို့ကို လည်း မငြင်းပယ်။

သို့သော် သူမက တက္ကသိုလ်၏ စာသင်ရက်များ အား ကိုကြီးက ကျောင်းပို့၊ ကျောင်းကြိုလုပ်ဖို့တော့ အရေးဆိုခဲ့ သူဖြစ်၏။

"အောင်စစ်မှာ အလုပ်တွေက အများသားရယ်… အိမ်က ဒရိုင်ဘာဘာဘာလဲ ရှိသားပဲ။ ငယ်ငယ်ထဲက ကျောင်းပို့လာ တာ သူပဲ ပို့ပါစေလား… တစ်ခါတစ်လေတော့ အောင်စစ် အားရင်လိုက်ပို့ပေါ့… ဘယ်နှယ့် ဒီသူငယ်မနှယ်… ကိုယ့် ထက်အကြီးကိုလဲ ခိုင်းချင်ရာခိုင်းနဲ့… "

"ဟော့အေး… မရဘူးဘွားရယ်… ကိုကြီးသာ နေ့တိုင်း အကြိုအပို့ မလုပ်လို့ကတော့ သိင်ကျောင်းမတက်တော့ ဘူးမှတ်"

အုပ် (၃၀) မြောက် ပုံနှိပ်ခြင်း အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အကဲပိုရန်ကောဟူသော မျက်နှာပေးဖြင့် ဘွားအေနှင့်မေမေက နှုတ်ခမ်းတွေမဲ့ကြပြီ။ သို့သော် ဤစကားက ဘယ်လောက်ထိ တာသွားခဲ့သလဲကြည့်။ ကိုကြီးက ဒီကိစ္စကို လိုက်လျောခဲ့ရုံမက...

"ဂီကကွာ... လူကြီးတွေ ပြောစရာဖြစ်အောင် ဘာလို့ သွားဆိုးရသလဲ... တစ်ပတ်မှာ သုံးရက်လောက် ကိုကြီးက မသိမသာ လာခေါ် လိုက်ရင်လဲ ပြီးတဲ့ဟာ... နေစမ်းပါဦး ကိုကြီးကို ဘာလို့ ကျောင်းလိုက်စေချင်ရတာလဲ"

"ဩြဲ... မေးတတ်ပါ့ရှင်... အလုပ်သိပ်များလို့ တစ်ပတ် တစ်ခါတွေ့ဖို့တောင် ကျုပ်က စိတ်ကောက်ပြမှ လာတွေ့ တတ်တဲ့ ရှင့်ကို နေ့တိုင်းမြင်ချင်လို့ပဲရှင့်... သိပြီလား။ ဒါပဲ... ကျောင်းချိန်တွေ မှန်မှန်တာဝန် မထမ်းဆောင်ရင် ကျုပ်နဲ့တွေ့ပြီမှတ်... "

ထိုအခါ ကိုကြီးသည် သူမ၏ မေးဖျားကလေးကို ဆွဲဖျစ်လိုက်သည်အထိပင် သူမ၏ စကားတို့မှာ ညွတ်နူးပျော်ဝင် သွားသည်အထိပါပဲ။ ကိုကြီးသည် သူဘယ်လောက် အလုပ်များ နေပါစေ ကျောင်းပို့ချိန်၊ ကြိုချိန်တွေကို ဘယ်တော့မှ မမေ့ခဲ့။ ဘယ်တော့မှလဲ မပျက်ကွက်ခဲ့ချေ။

ကိုကြီးက သူမကို အတော်ပင် မြတ်နိုးမှန်း အချိန် ကြာလာလေ သူမ ရိပ်မိလာလေဖြစ်သည်။ မိမိထက် ငါးနှစ်တိတိ

စေတနာစာပေ

ငယ်ရွယ်သော သူငယ်မကလေးအား ကိုကြီးဘယ်အချိန်ကတည်း က ကျိတ်ပိုးခဲ့သလဲ ဆိုတာ သိချင်စမ်းပါဘိတော့။ မနေနိုင်တဲ့ တစ်နေ့မှာ ဖွင့်မေးမိ၏။

"အဲဒါ... တိတိကျကျ မှန်းဆရခက်တယ် ဂီရယ်... ။ ဂီ့ကို ကြည့်နေရင်း မြင်နေရင်းက ဘယ်လိုလုပ်ပြီး ချစ်မိသွား မှန်းမသိပါဘူး။ အဲဒီအတွက် ကိုကြီးကို ဂီစိတ်မဆိုးနဲ့... ဂီတောင် ကိုကြီးကို ချစ်မိတာဟာ ဘာကြောင့် ချစ်မိမှန်းမှ အသေအချာ ပြောမှ မပြောနိုင်ခဲ့တာ... ဒါတွေ အရေး မကြီးပါဘူး... အရေးကြီးတာက တစ်ယောက်နဲ့ တစ် ယောက် အပြန်အလှန် ချစ်နေကြဖို့ပဲ"

ကိုကြီး၏ အဖြေကို သိင်္ဂီတော် မကျေနပ်ခဲ့ပါ။ သို့သော် ကိုယ့်ဘက်ကလည်း အချစ်ဆိုတာအား သေသေချာချာ မသိပဲ ဆုံးဖြတ်ပြီးပြီမို့ ငြိမ်နေလိုက်ရတာ အတော် အခံရခက်၏။ သိင်္ဂီတော်က ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အသာစီး ဖြစ်ချင်တာ အမှန်ပင်။

✿✿✿✿✿✿✿ ဘက်

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com


သိင်္ဂီတော်သည် သူမ၏ချစ်သူအဖြစ် သတ်မှတ်ထားခဲ့ပြီးဖြစ်သော ယောက်ျားတစ်ယောက်၏ အေးစက်စက်နိုင်မှုကိုတော့ အတော်လေး အံ့ဩခဲ့ရသေးသည်။ သူ၏ အချစ်က ဆူပွက်ခြင်းမရှိ၊ ပေါက်ကွဲပြင်းထန်ခြင်းများ မရှိ၊ အထူးခြားဆုံးက သဝန်တိုတတ်ခြင်း မရှိတာပင်။

"ကိုကြီး... အဲဒီကောင်ကလေးကို ဂီ အတော်ကြည့်မရဖြစ်နေပြီသိလား။ ဂီ့မှာ ရည်းစားရှိပါတယ် ပြောထားရက်နဲ့ ကိုကြီးနဲ့ တွဲပြတာလဲ မြင်ရက်သားနဲ့ ဂီ့ကို လိုက်ကပ်နေတာ ကြာပြီ... သူ့ကို နည်းနည်းလောက်ဖြစ်ဖြစ် ကိုကြီးဘုကြည့် ကြည့်ပစ်ရင် ကောင်းမယ်"

ဟု တစ်ခါကဆို သူမ,မနေနိုင်လွန်း၍ ထုတ်ပြောမိသည်အထိပင်။ ထိုအခါမှာ ကိုကြီးသည် မယုံချင်စရာ ကောင်းလှစွာ ခပ်အေးအေး တုံ့ပြန်မြဲ တုံ့ပြန်လျှက်။ အံ့ပါ့ကွယ်။ ကိုယ့်ချစ်သူက ဘာဖြစ်စေချင်သလဲဆိုတာ မခန့်မှန်းနိုင်လောက်အောင် ညံ့ဖျင်းတယ်ပဲ ကဲ့ရဲ့ရတော့မည်လား။

"ဂီကလဲကွာ... အလကား ရန်စများအောင် မ...န်တီးစမ်းပါနဲ့... မှတ်ထား... ဝီရဲ့ ဂီက သူ့ကို ဂရုမစိုက်ချင် ဟန်ဆောင်ပြလိုက်... သူ့ကို ရှိတယ်လို့တောင် မထင်တဲ့ပုံစံမျိုး သာချိုးလိုက်။ သူကြာရင် အရှုံးဖြစ်ပြီး... စိတ်ပျက်သွားလိမ့်မယ်၊ အခုဟာက ဒီကောင့်ပုံ ကြည့်ရတာ ဂီက ဆတ်ကြာလ..

❧ စေတနာစာပေ ❧

ဆတ်ထိမခံ ဖြစ်ရကောင်းလားဆိုပြီး တမင် ဂီကို စိတ်အနှောင့်အယှက် ပေးနေတာ... ယောက်ျားဆိုတာမျိုးက ကိုယ် ပိုင်ဆိုင်ခွင့် မရတော့ရင် တစ်ခါတစ်ရံမှာ အဲ့ဒီလို ရှုံးမဲ့ မတတ်တယ်... "

အဲ့ဒီကိစ္စအတွက် သူမနဲ့ကိုကြီး တော်တော့်ကို အချေအတင် စကားများခဲ့ကြသေးသည်။ ကိုကြီးသည် နေရာတကာမှာ ပြဿနာတိုင်းကို ခွဲခြမ်းစိတ်ဖြာ ကြည့်တတ်လျှက် ပြဿနာများ သူ့အလိုလို ဖြေရှင်းပြီးသားဖြစ်သွားအောင် စွမ်းဆောင်နိုင်ခဲ့သူပင်။ ကိုကြီးပြောသည့်အတိုင်း လုပ်ကြည့်တော့ သူမကို အတော်လေး စိတ်အနှောင့်အယှက်ပေးခဲ့သော ထိုသူ၏ ပြဿနာမှာ တဖြည်းဖြည်း ပြေလည်သွားခဲ့၏။ ထိုအခါ ကိုကြီး၏ အေးစက်စက် အမူအရာဖြင့် ဉာဏ်ကိုလွှာသုံး၍ ဖြေရှင်းနိုင်သော စွမ်းရည်ကို သူမ, ဖျားသွားရပါသည်။

"ပြဿနာတစ်ခုကို တွေ့ရင် ချက်ချင်းသွေးဆူလွယ် ပေါက်ကွဲလွယ်တတ်ပြီး စိတ်လိုက်မာန်ပါ ဖြေရှင်းတတ်တဲ့ လူတွေက အများနဲ့ချည်း ရင်ဆိုင်ရတယ်... အရှုံးနဲ့ရင်ဆိုင်ရတယ်။ ဂီမှတ်ထားပေါ့... ပြဿနာတစ်ခုကို ခေါင်းအေးအေးထားပြီး ဘယ်လို ဖြေရှင်းရင် မှန်မလဲ ကိုယ်ကအနိုင်ရမလဲဆိုတာကို ငြိမ်ငြိမ်လေး ထိုင်တွေးပြီး ဖြေရှင်းရင် ကိုယ်ပဲ နိုင်ရတာပဲပေါ့... ဂီ့ကို သဝန်မတိုဘူးဆိုပြီး ဂီကကြံဖန်စိတ်မကောက်နဲ့။ ဘယ်ယောက်ျားတစ်ယောက်

အုပ် (၂၀) ပြောက် (၂၀၀၀) အထိဝိုးအမှာ



www.burmeseclassic.com

www.burmeseclassic.com

ကမှ ကိုယ့်ချစ်သူကို တပါးသူ စေ့စေ့ကြည့်တာတောင် ခံချင်တဲ့ ယောကျ်ားတွေ မဟုတ်ဘူး.. ချစ်တတ်သူတိုင်း သဝန်တို တတ်ကြတာချည်းပဲ။ ကိုကြီးလဲ ဂီကလှလို့ ကောင်လေးတွေ ဝိုင်းကြိုက်တာကို သဝန်မတိုပဲနေမလား၊ သဝန်တိုတာပေါ့.. ဒါပေမဲ့ ဂီ့ကို သဝန်တိုရတိုင်း ကိုကြီး လိုက်ရန်ဖြစ်နေရရင် ဒီတစ်ကျောင်းလုံးနဲ့ ကိုကြီး ရန်သူ တွေဖြစ်ပြီ"

"ဝီကတော့ ဝုန်းဒိုင်းကျဲပစ်လိုက်ရတာကို ပိုကြိုက်တယ်၊ ဝီ့ဘာသာဆို အဲဒီကောင်ကို ပါးဆွဲရိုက်ပြီးနေပြီ"

"ဟာ... သွားမလုပ်နဲ့လေ၊ ဂီတစ်ချက်မှားလိုက်တာနဲ့ ဟိုကဂီ့ကို ညှိုးသွားမှာပေါ့.. နောက်ဆိုဘာလုပ်ချင်ချင် ကိုကြီးကို အရင်တိုင်ပင်နော်... ကြားလား ဂီကလေး"

သိင်္ဂီတော်သည်... သူမ၏... ချစ်သူယောကျ်ား ဂစ်ယောက်ထံမှ... ရရှိချင်သော ... သူမအားသဝန်တိုခြင်းကို ျသမှုအား အမှုအရာကလေးများတောင် မြင်ခွင့်မရသသည့် ခဆုံးမှာ... ထိုကိစ္စကို မေ့ပစ်လိုက်ပါသည်။ သွားစမ်းပါ.. ခရေးမပါတာပဲ။ စိတ်ကူးယဉ်ရူးသွပ်မှုတွေ ပဲလို့တောင် မိကိုယ်ကိုကိုယ် ကဲ့ရဲ့ပစ်လိုက်သေးသည်။ သိင်္ဂီတော်သည် ခချိန်ကာလကြာမြင့်လာသည်နှင့်အမျှ သူမိကိုယ်သူမ ကောင်း ာလေ့လာသိရှိပြီးချိန်မှာ... သူမ၏ဘဝ၌ စိတ်ကူးယဉ်၍ ရူးသွပ်

စေတနာစာပေ





ပြုမှုရခြင်းများ မရှိသင့်မှန်း လက်ခံလိုက်ပြီ။ သူမသည် ာက်သိက္ခာကို စောင့်ထိန်းချင် စိတ်ပြင်းပြသူ။ ငယ်ငယ်ထဲက ခဲ့အောင် မှတ်သားကာ ယခု ထိတိုင် ကျေနပ်ဂုဏ်ယူချင်နေ သော သူဌေးဘွဲ့ရမျိုးရိုးစစ်စစ် မှ ဆင်းသက်လာရခြင်းအား မထောင်ချင်သူ၊ မျိုးရိုးဂုဏ် ရည် တူခြင်းကိုသာ အထင်ကြီး ာသူမကိုယ် သူမ ဝေဖန် ဆန်းစစ် ပြီးသည့်အခါ သူမသည် ြးအား ဘာကြောင့် အလွယ်တကူ လက်ခံမိသလဲဆိုသည့် ဖြေကို ရရှိပြီးဖြစ်၏။

သူမသည် စိတ်ကူးမယဉ်ခဲ့။ သူမ၏ နှလုံးသားကို ာက်က စိတ်ကူးယဉ်ခွင့် မပေးခဲ့။ ဘွားအေ၏ စကားတို့ကို င်လျှက် အောင်စစ်မင်း ဟူသည့် လူတစ်ယောက်သည် ် နဲ့ အဆင့်အတန်းတူ၊ ဂုဏ်ရည်တူမို့ လက်ခံသင့်သည်ဟု ာက်က ဆုံးဖြတ်ပေးခဲ့၍သာ သူမ၏ နှလုံးသားထဲမှာ နေရာ ိုက်တာ ဖြစ်မည်။

ယခုရော ဘာလိုသေးလို့လဲ။ သူမ,လိုချင်သည်က မြင့်မြတ်သော ဂုဏ်ရည်တူ ယောကျ်ားတစ်ယောက်ကိုသာ ယ်လက်တွဲချင်ရုံမက ထိုယောကျ်ားထံမှ သူမအပေါ် နား မှု၊ နွေးထွေးမှု၊ ယုယမှု၊ ကြင်နာမှု ပြီးတော့ "အချစ်" ဖြစ် ။ ထိုအရာတွေကို သူမသည် ကိုကြီးဆီကနေ ရရှိပြီးခဲ့သည် အတော်ပင် ကြာလှပြီ။

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးသည့်အခါ ကိုကြီးနဲ့ သိင်္ဂီတော်တို့ကို မိဘများက လူသိရှင်ကြား Summit Parkview တွင် စေ့စပ်ပွဲ အကြီးအကျယ် လုပ်ပေးခဲ့၏။

"ပျော်သလား… ဂီ"

ဟု ကိုကြီးသည် လိုက်လှဲသောအသံဖြင့် စေ့စပ်ပွဲပြီးသည့်နေ့က သူမ၏ မျက်နှာကလေးကို သူ့လက်ဖဝါးနှစ်ဘက်ဖြင့် သိမ်းရုံပင့်မကာ မေးခဲ့ပါသေးသည်။

"ပျော်တာပေါ့… ကိုကြီးရဲ့… "

"ကိုကြီးကိုရော ချစ်ရဲ့လား"

"ချစ်တာပေါ့… ချစ်လို့ ဂီက ကိုကြီးခေါ်တဲ့နာမ်စားကို ကိုကြီးနဲ့စကားပြောရင် ကိုယ့်နာမ်စားအဖြစ် ပြောင်းသုံးပြီး ပြောတတ်လာတာပဲကြည့်… ဘွားတို့၊ မေမေတို့၊ သူငယ်ချင်းတွေတို့ဆိုရင် သိင်ဆိုတဲ့ နာမ်စားပဲ သုံးတတ်တာ ကိုကြီး သတိထားမိရဲ့လားရှင်… "

"ဟာ… ဘယ်နေပါ့မလဲ သတိထားမိတာပေါ့။ ကိုကြီးတို့ နောက်ခြောက်လလောက်ကြာမှ လက်ထပ်ရမှာကို တောင် မစောင့်နိုင်ချင်တော့ဘူးကွာ… အလုပ်ကိစ္စရှိလို့သာ ဖေဖေနဲ့နိုင်ငံခြား လိုက်သွားရတာ ဂီ့ကို ခွဲတောင် မခွဲချင်တော့ဘူး… ဂီ့ကိုချစ်တယ်၊ ကိုကြီးရဲ့ရင်ခွင်ထဲမှာ





ဒီလိုပဲ အမြဲတမ်း ထည့်ထားချင်တာဗျာ"

"ဂီတို့ အခုခဏလေး ခွဲသွားကြရတာပဲ… နောက်ဆို ဂီနဲ့ ကိုကြီးက ဘယ်တော့မှ ခွဲ မသွားရတော့ပါဘူး၊ အဲဒီလိုပဲ စိတ်ဖြေပေါ့"

သိင်္ဂီတော်သည် သူမဘဝ၏ ကြီးမြတ်ရခြင်းများကို ကျေနပ်ပီတိ ဖြစ်နေခဲ့သေး၏။ ကိုကြီးသည် သားအကြီးဆုံး ပီပီ ဖခင်ဖြစ်သူနှင့် နိုင်ငံပေါင်းစုံကို စီးပွားရေးကိစ္စနှင့်အတူ လိုက်ပါသွားရမည်ဖြစ်ရာ စုစုပေါင်း ခြောက်လမျှကြာမည်။ ကိုကြီး ပြန်ရောက်ရောက်ခြင်း လက်ထပ်ပေးဖို့ စီစဉ်ထားကြပြီးပြီ။ နိုင်ငံခြားက ပြန်လာပြီးလျှင် ကိုကြီးတို့ လုပ်ငန်းတိုးချဲ့ရ၍ ဒီထက်မက ချမ်းသာကြွယ်ဝသော မိသားစုကြီးဖြစ်ကြဦးမည်။ အို-သူမ ဟာ ဘယ်လောက် ကံကောင်းလိုက်သလဲလို့။ ဤလောကကြီးမှာ သူမ မျှော်မှန်းတောင့်တ ရသမျှတွေချည်း ဖြစ်နေတော့တာပဲ။ ဘယ်လောက် ကျေနပ်စရာ ကောင်းလဲ။

✿✿✿

အုပ် (၁၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ကဲ... ကိုကြီးသွားတော့မယ် ဂီ... ထိုင်းကို ရောက်ရော ချင်း ဖုန်းဆက်လိုက်မယ် သိလား... ကြည့်... ဘာ မျက်ရည်က ကျရတာတုန်းကွာ... ခဏလေး ခွဲရတာ ပြီးတော့... ဂီ့ကို အမြဲဖုန်းလဲဆက်မယ်၊ စာလဲရေးမယ် ဓါတ်ပုံတွေလဲ အမြဲပို့မယ်လေ ကိုကြီးတို့ အဆက်အသွ မပြတ်ပါဘူးကွာ။ တိတ်... တိတ် ဂီမှာတဲ့ အရုပ်တွေ အများကြီး ဝယ်ခဲ့မယ်လေ မငိုနဲ့... ဒါကြောင့် သူငယ်ချင်း တွေက ပြောတာမင်းက ကိုယ့်ထက်ငယ်တဲ့ သူငယ်မလေး ကို ကြိုက်မိတော့ ကလေးအကြိုက်လိုက်ပြီး အရုပ်ဝယ် ပေးရ မုန့်ကျွေးရတာပေါ့တဲ့... ဟုတ်သားပဲ.. ဂီ့ကို ကိုကြီး ကဘာမှာမလဲ မေးတော့ ကြံကြံဖန်ဖန် ချောကလက်နဲ့ အရုပ် ဝယ်ခဲ့ပါဆိုလို့ ကိုကြီးသူငယ်ချင်းတွေ ပြောတဲ့ အတိုင်းပဲ ဆိုပြီး သွားသတိရသေးရဲ့ဗျာ..."





သိင်္ဂီတော်သည် သူမ၏ခေါင်းကို လက်ဖဝါးဖြင့် ဖိကာ အုပ်ကိုင်လျှက် ချော့မော့နေသည့် ကိုကြီးနှင့်မကြာခင် ခွဲ ရတော့မည့်အတွက် ရင်ထဲမှာ ဘာကြောင့်မှန်းတော့မသိ။ ငိုချင် ခဲ့တာတော့ အမှန်ပင်။ အမြဲတမ်း တတွဲတွဲ နေခဲ့မိတဲ့ သံယောဇဉ် က နည်းမှ မနည်းခဲ့တာ။ ပြီးတော့ ဒီလောက် ကြာကြာလည်း မခွဲခဲ့ဖူး၍ မျက်ရည်စို့ချင်ချင် ဖြစ်နေခဲ့ခြင်းအား ကိုကြီးက ပီတိ များ ပြည့်လျှံသော မျက်နှာဖြင့် ရှိနေချေတော့သည်။

ကိုကြီးသည် အမြဲတမ်း သံသယရှိစွာ သူမအား စောင့်ကြည့်တတ်သူမှန်း သိင်္ဂီတော်က လေ့လာမိပြီးပြီ။ သူမထံမှ "အချစ်" ဆိုသောအရာကိုသူ ပိုင်ဆိုင်ခဲ့ပါပြီဟု သူမကိုယ်တိုင် ကတိပေးသော်လည်း သူက မယုံမကြည် ရှိနေဆဲ။

ကိုကြီးသည် လူတစ်ယောက်ကို အလွယ်တကူ မယုံတတ်သလို အလွယ်တကူလည်း သံသယ မထားတတ်ချေ။ သူက အတော် စေ့စပ်သေချာလှသော ယောကျ်ားတစ်ယောက် ပင်။ ယခုတော့ ကိုကြီးသည် သူနှင့်ခွဲရခါနီးမှာ မျက်ရည်ကလေး တစမ်းစမ်းရှိလှသော သိင်္ဂီတော်ကိုတော့ သူ့အား သံယောဇဉ် အတော်ကြီးရှာသူကလေးအဖြစ် သတ်မှတ်လျှက် ပီတိ ဖြစ်နေခဲ့ ပြီတည်း။

အမြဲ အတူတူ ရှိနေခဲ့သော လူတစ်ယောက် ကိုယ့်ဘေး နံဘေးမှာ မရှိတော့သည့်အခါ သိသိသာသာပင် လစ်ဟာသွား



www.burmeseclassic.com

www.burmeseclassic.com



သလို ခံစားရပါသည်။ အဲဒါကိုတော့ သူမ တကယ်ဝန်ခံချင်သွားသည်။

ကိုကြီးနှင့်သူ့ဖခင်ကို သယ်ဆောင်သွားရာ လေယာဉ်ကြီးမျက်စေ့တဆုံးမှာ ပျောက်ကွယ်သွားသည့် အချိန်၌ ထိုခံစားချက်က ပီပြင်သွားတော့တာ ဖြစ်သည်။

"ကြည့်စမ်းပါဦး.. သဇင်.. ညည်းမြေးမက ကျူပ်မြေးကြီးလဲ မတွေ့ရတော့ရော နေရောင်ခြည် မမြင်ရတော့တဲ့ ကြာပွင့်ကလေးကျနေတာပဲ... ညှိုးကျသွားလိုက်တာ"

"အံမယ်... ရှင့် မြေးကြီးကရော ဘာထူးလို့တုန်း... လည်ပင်းကြီး တလည်လည်နဲ့ လေယာဉ်ပေါ် တက်သွားတာများ ကျူပ်ဖြင့် လှေကားထစ်တွေ ချော်နင်းမှာ စိုးရိမ်လိုက်ရတာရှင်... "

မျိုးနွယ်စု၏ အကြီးအကဲများဖြစ်သော ဘွားအေနှစ်ယောက်တို့က သူတို့ ဖန်တီးသော ဇာတ်၏ အသက်ဝင်မှုကို ပီတိများစွာဖြင့် အနိုင်မခံစတမ်း စကားနိုင်လုနေကြတော့၏။

မေမေကတော့ သိုဂီတော်ကို အမိန့်ပေးလေသည်။

"မေမေ့သမီးမှာ ကိုယ်ပိုင်အရည်အချင်း တစ်ခုတော့ ရှိမှဖြစ်မယ်၊ ဒီတော့... သမီး ဒီနေ့ကစပြီး မေမေနဲ့အတူတူ





ရုံးခန်းကိုလိုက်ပြီး စီးပွားရေးလုပ်ငန်းတွေကို လုပ်တတ်အောင် သင်ယူတော့... အင်္ဂလိပ်စကားပြောလဲတတ်တယ်... ကွန်ပျူတာလဲ ကျွမ်းကျင်သေးတယ်၊ အယ်လ်စီစီအိုင်ကိုလဲ အောင်ထားပြီးသားဆိုတဲ့ အရည်အချင်းတွေနဲ့တင် မေမေ မကျေနပ်နိုင်သေးဘူး... စီးပွားရေးလုပ်ငန်းကြီးတွေ အကြောင်းလဲ တတ်ကျွမ်းနားလည်အောင် သင်ပေးရဦးမယ်... ဘာဖြစ်လို့လဲသိလား... အရည်အချင်း ဘာတစ်ခုမှ မရှိတဲ့... မိန်းမတစ်ယောက်ဟာ အိမ်ထောင်ကျပြီးရင် လင်ယောကျ်ားရဲ့ မျက်နှာကိုကြည့်ရ၊ ယောကျ်ားလုပ်စာ စားနေရတဲ့အတွက် ကိုယ့်ဘက်က အဘက်ဘက်မှာ ငုံ့ကွက်ပြီး ယောကျ်ားအပေါ် အလျှော့ပေးရ၊ ယောကျ်ားနိုင်သမျှ ငုံ့ခံရနဲ့ သူတို့ရဲ့ဘဝဟာ မီးဖိုချောင်နဲ့ အိမ်ထောင်တာဝန် တွေကြားမှာ ကုန်ဆုံး သွားရစမြဲပဲ။ မတော်တဆ... ယောကျ်ားဆုံးသွားရင်လဲ ဘာမှ လုပ်ကိုင် မစားတတ်တဲ့အတွက် ဒီထက်မက ဒုက္ခတွေနဲ့ ရုန်းကန်ရဦးမယ်... ဘယ်လောက် ခက်ခဲပင်ပန်းတဲ့ ဘဝကြီးလဲ...

မေမေ့ကိုကြည့်စမ်း... မေမေဆို သမီးကလေးရဲ့ ဖေဖေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါကြောင့် ဆုံးသွားခဲ့ရလို့ မုဆိုးမ ဖြစ်ခဲ့ရပေမဲ့ ဘယ်သူ့ကိုမှ မျက်နှာအောက်မချခဲ့ရဘူး... သမီး ဖေဖေရဲ့ လုပ်ငန်းတွေ မေမေပဲ ဆည်ဦးစီး

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့တာကြည့်... မိန်းမတစ်ယောက် အိမ်ထောင်
ဆိုတာ တချို့မိန်းမတွေက ဘာယူဆသလဲဆိုရင်
ရမဲ့လူတစ်ယောက် ရှာတာတဲ့... မမေကတော့
မယူဆပါဘူး... မိန်းမတစ်ယောက်ရဲ့ ဘဝလုံခြုံတ
ဖို့ အကာအကွယ် ယူတာလို့ ထင်တယ်... မောင်
ပင် ရှိလင့်ကစား ခင်ပွန်းယောကျ်ားမရှိသော မိန်း
ယောက်ရဲ့ဘဝဟာ မတင့်တယ်ဘူးဆိုတဲ့ စကား
မမေတို့ သမီးကို အိမ်ထောင်ပြုပေးတယ်ဆိုတာ
ဘဝ လုံခြုံတင့်တယ်ဖို့ပဲ... ယောကျ်ားကို အား
မဟုတ်ဘူး...

မမေ့သမီး... ဒေါ်မြရည်တော်ရဲ့သမီး သိင်္ဂီ
လက်မထောင်နိုင်တဲ့ ကိုယ်ပိုင်အရည်အချင်း ရှိ
ရမယ်... ”

သိင်္ဂီတော်သည် သူမ၏ ဘဝတလျှောက်
ဘွားအေနှင့်မိခင်တို့၏ အုပ်စိုးချုပ်ကိုင်မှုအောက်တွင် နေ
တကျရှိနေခဲ့ပြီးဖြစ်ရာ မမေ၏အမိန့်ကိုလည်း နာခံဖို့ အသင့်

ကိုကြီး နိုင်ငံခြားထွက်သွားပြီးသည့် နောက်
နေ့မှာ သိင်္ဂီတော်သည် မမေနှင့်အတူ လုပ်ငန်းခွင်ဝင်ရန် အ
သင့်ဖြစ်နေခဲ့သည်။ ဘွားအေကြီးကတော့ ... သဘော
လှ၊ မမေ့ကို သွားခါနီး လာခါနီး ဆူပူခြင်း၊ သဟောက်သ

❧ ဧဝဇနာအာဓာပေ ❧



ပြုခြင်း၊ ဟိုနေရာကနာခရ ဒီနေရာကနာခရနဲ့ ဂဂျီဂဂျောင်ကျခြင်းများနှင့် သူမ၏မြေးမကလေးကို အလုပ်သို့ ခေါ်မသွားစေရန် အကြောင်းမျိုးစုံ ပြနေလေသည်။

“ဘယ့်နှယ့်... ညည်းတို့ခေတ်ကျမှပဲ ကြားဖူးတယ်... ယောကျ်ားတွေနဲ့ယှဉ်ပြီး လက်မထောင်ချင်ရတာနဲ့... ရင်ဘောင်တန်းချင်ရတာနဲ့... ယောကျ်ားသြဇာနာခံရမှာ စိုးရိမ်ရတာနဲ့... ကျုပ်တို့ခေတ်တုန်းက ဒီလိုမဟုတ်ပေါင် ယောကျ်ားရှာသမျှငွေ ကျုပ်လက်ထဲ အကုန်ရောက်ပြီးမှ တချို့တဝက် ပြန်ပေးသုံးကြတာချည်းပဲ။ ဘယ်ယောကျ်ားကမှလဲ သူတို့ရဲ့ ဇနီးမယားအပေါ် နိုင်ထက်စီးနင်း ငါ့လုပ်စာ စားနေရတယ်ဆိုပြီး အနိုင်ကျင့်တယ် မကြားဖူးပါဘူး... ကိုယ် တကယ်မေတ္တာရှိလို့ ယူထားတဲ့မိန်းမပဲ... သူဘာသုံးသုံး ဘာလုပ်လုပ် ကျေနပ်ကြည်ဖြူကြတာချည်းပါအေ... ညည်းကိုက တစ်လံတစ်ထွာလောက် ကြိုတွေးတတ်လွန်းတယ်... ”

ဝတ်စားပြင်ဆင်ပြီးနောက် နံနက်စာ ကော်ဖီဝိုင်းမှာ ဝင်ထိုင်ချိန်တွင် ဘွားအေကြီးသည် မနေနိုင်တော့သည့်အဆုံး မမေ့ကို ဖွင့်ပြောတော့တာဖြစ်၏။ ဟုတ်တာပေါ့ ဘွားဟာ တစ်နေ့ကုန် သူမနဲ့ချည်း အချိန်ကုန်တတ်ခဲ့တာ ကြာပြီ။ ကျောင်းသွားတက်ချိန်၊ သင်တန်းတွေ သွားတက်ချိန်ကလွဲရင် အပြင်ကိုလည်ပတ်သွားလာတတ်ခြင်း မရှိသည့် သိင်္ဂီတော်၏ စရိုက်

အုပ် (၂၀) မြောက် (မြဲမြို့) အသိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘွားဟာ သူမနဲ့ တနေကုန် နေရစမြဲ။

ဘွားရဲ့ ဘိုးဘွားစဉ်ဆက်က သူဌေးမျိုးရိုး၊ သူဌေ
ဘွဲ့ဆိုတဲ့ ဂုဏ်ပုဒ်ရာဇဝင်ကို မရှိုးနိုင်စွာ နားထောင်လို့၊ ဘွားအေ
၏ မာန်မာနများကို အမွေဆက်ခံလို့၊ ဝင့်ကြွားမောက်မာတ
ခြင်းများကို အတုယူလို့ သူမရဲ့ဘဝ ဒီလိုဖြတ်သန်းလာတာ ဘ
လောက်ကြာပြီလဲ။ တော်ရုံလူကိုဆို တူတယ် တန်တယ် မ
တတ်တာကြောင့် တက္ကသိုလ်သာ တက်ခဲ့ရတယ် ခင်မင်စ
အပေါင်းအသင်းရယ်လို့ ရှိမှ မရှိခဲ့တာသာကြည့်။

ယခုတော့ ကျောင်း၊ အိမ်နှင့် ပတ်ဝန်းကျ
အနည်းငယ်မျှသာ ထိတွေ့ဆက်ဆံတတ်ခဲ့သောသူမအတွ
မေမေက အတွေ့အကြုံသစ်တစ်ခုကို ဖန်တီးပေးတော့မည
သိဂ်ီတော်သည် မေမေ့အယူအဆတွေကိုလည်း တော်တေ
လက်ခံမိသေး၏။ မေမေ့လို ထက်မြက်သည့် စီးပွားရေးလုပ်င
ရှင်ကြီးတစ်ယောက်လည်း ဖြစ်ကြည့်ချင်တဲ့ ဆန္ဒက ခပ်မြန်မြ
ကြီးထွားရင့်သန် လာခဲ့ပြီးပြီ။

"အမေရယ်... အမေတို့ခေတ်က ယောက်ျားတွေက သ
ကတိတည်ကြတယ်၊ မေတ္တာကို အလေးအနက် ထား
တယ်... ကိုယ့်ကို ယုံကြည်အားကိုးလို့ ဘဝတစ်ခုလုံး
အပ်တဲ့ မိန်းမတွေကို နိုင်ထက်စီးနင်း မဆက်ဆံတတ်
ဘူးဆိုတာ မြရည်သိထားပြီးသားပါ၊ ဒါပေမဲ့... အခုခေ





မှာက ယောက်ျားကောင်းစိတ်ဓါတ်ရှိတဲ့ ယောက်ျားမျိုးက အတော့်ကို ရှားသွားပြီ၊ ဘယ်ယောက်ျားတစ်ယောက်မှ အယုံအကြည်ရှိလို့ မရတော့ဘူး အမေ... အစွမ်းအစရှိတဲ့ ယောက်ျားတွေက လက်မထောင်တယ်... အစွမ်းအစ မရှိတဲ့ ယောက်ျားတွေက သူတို့မှီခိုလို့ရမဲ့ မိန်းမမျိုးကို ရွေးယူကြတယ်... အဲဒါက မြရည်တစ်ယောက်တည်း မဖြစ်နိုင်တာတွေ တွေးပြီး အထင်နဲ့ ရမ်းပြောတာမဟုတ်ဘူး၊ မြရည်ကိုယ်တိုင် ပတ်ဝန်းကျင်ကို မျက်စိဖွင့် နားစွင့်ထားလို့ သိလာရတဲ့ အကြောင်းအရာတွေချည်းပဲ၊ အမေတို့က အိမ်ထဲမှာ နေတဲ့လူဆိုတော့ ဒါတွေ အဆန်းတကြယ် ဖြစ်နေမှာပေါ့... မယုံမရှိနဲ့အမေ... မြရည်တို့ကုမ္ပဏီက အမျိုးသမီးကလေးတွေရဲ့ အိမ်ထောင်ရေးသောက၊ ချစ်သူရည်းစားသောကတွေကို မြရည်လေ့လာနေခဲ့တာ ဘယ်လောက်ကြာပြီလဲ... အမေမှ မသိတာ... မြရည်က သမီးရှင်လေ... သမီးရှင်ဆိုတော့ အခုခေတ်ယောက်ျားတွေရဲ့ စိတ်ဓါတ်ကို ကြိုလေ့လာထားတာ ပိုစိတ်ချရတာပေါ့... နော့... "

ထိုအခါ ဘွားအေကြီးသည် မေမေ့စကားကို
…ာ်မခံချင်။ ခေါင်းတခါခါ၊ လက်တခါခါနှင့် ငြင်းသေး၏။

"အောင်စစ်က ဒီလိုလူမျိုး မဟုတ်ပါဘူး... ညည်းရောငါရော စိတ်ကြိုက်လေ့လာပြီးမှ ဆုံးဖြတ်ခဲ့တာပဲ... "

အုပ် (၃၀) မြောက် ပုံနှိပ်မှု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"မြရည်ပြောတာက မောင်အောင်စစ်ကို ယောကျ်ား ကောင်းစိတ်ဓါတ်မရှိဘူးလို့ ပြောတာမှ မဟုတ်တာ အမေရဲ့ ‌မောင်အောင်စစ်ရယ်မှ မဟုတ်ဘူး... ဘယ် ယောကျ်ားမှ ယုံကြည်စရာကောင်းတဲ့ ယောကျ်ားမရှိဘူး လို့ တင်ပြထား တာပါ။ နောက်ပြီး.. သမီးကိုလည်း အဖက် ဖက်က ပြောစရာမလိုအောင် ပြည့်စုံတဲ့ မိန်းမဖြစ်စေ ချင်တဲ့ ဆန္ဒလဲပါတယ်... သမီးမှာ ပိုင်ဆိုင်ထားတဲ့ ရုပ် ရည်ချောမော လှပခြင်းနဲ့ ဉာဏ်ပညာပြည့်စုံခြင်းတို့တင်မ က... သူများ ထက်သာတဲ့ တခြားအရည်အချင်းတွေကို လဲထပ်ပြီး ပိုင်ဆိုင်စေချင် သေးတယ်... "

"ညည်းကတော့လား... မအေထက် သမီးတစ်လကြီးနေ ပါပြီ၊ မအေကိုများ ဆရာလုပ်သွားလိုက်တာ ကျုပ်ဘာမှ ငြင်းလို့မရအောင်ပဲ.., မြရည်။ ဒါပဲ... ကျုပ်မြေးကို ညည်း တော်ရုံပဲခိုင်းပါ.. ယောကျ်ားခိုင်းစားလို့ရအောင်တော့ မသင်ပေးပါနဲ့"

မေမေသည် ဘွားအေကြီး၏ ဆူဆူအောင့်အောင့် အရှုံးပေးခြင်းကို တစ်ဘက်လှည့်၍ ပြုံး၏။

"ဩော်... အမေရယ်၊ မောင်အောင်စစ်က သမီးကို ခိုင်း စားမဲ့ ယောကျ်ားတော့ မဟုတ်ဘူးပေါ့.. သို့သော်... ရှေ့ ဘာဖြစ်မယ်ဆိုတာ ကိုယ်မှ ကြိုမမြင်နိုင်တာမို့ ယောကျ်ား

စေတနာစာပေ



အပြိုင်မာနထားနိုင်အောင် မြရည်စီစဉ်ရတာပါရှင်... "

ထို့နောက် ဒရိုင်ဘာ ဘဘမောင်းသော မာစီဒီး တ်ခန်းသို့ မေမေနှင့်အတူ သူမ, ဝင်ထိုင်၍ လိုက်ပါရ ကားနောက်ခန်းတံခါး ဆွဲမပိတ်ခင်မှာ ဘွားအေကြီး မြေးကို သံယောဇဉ်မကုန်စွာ နောက်က တကောက် ပါလာခဲ့သေးသည်။

"မြေး... စိတ်ညစ်ရင်၊ ပျင်းရင်၊ ဦးနှောက်တွေ ခြောက်ရင် မြေးလုပ်လက်စ အလုပ်တွေ ချက်ချင်းရပ်ပြီး ဘွားဆီ ပြန် ာ ကြားလား... ညည်းမေမေကို ကြောက်မနေနဲ့... ဟဲ့ ရည် ကလေးမပျော်ရင် ဦးသိန်းနဲ့ ပြန်လွှတ်လိုက် ကြား ား... ကလေးကို သဟောက်သဟန့်နဲ့ ခိုင်းမနေနဲ့ဦး... ကျုပ်ခဏခဏ မြေးဆီ ဖုန်းဆက်နေမယ်... ဟင်း"

"ဘွား... သိင်သွားတော့မယ်... တာ့တာ... သိင့်ကိုလွမ်း ရင် ခဏ ခဏ ဖုန်းဆက်နော်... ဒါမှမဟုတ် ဘွားလိုက် ာခဲ့ပေါ့... ဘဘသိန်းက သိင်တို့ကို တနေကုန် စောင့် နေရပေမဲ့ အိမ်မှာကျန်တဲ့ ကားတစ်စီးကို ဘဘသိန်းရဲ့တူ ကိုကောင်လေး မောင်းခိုင်းလဲ ရတာပဲ... အဲဒီ့ ကောင် လေးဖြင့် ကားမောင်းတာ ကြာလှပြီ... ဘဘသိန်းလိုပဲ တ်ချရပါတယ်... "

"အို... မလိုက်လာချင်ပါဘူးအေ... မျက်စိရှုပ်ကရှုပ်နဲ့...

အုပ် ([illegible]) ပြောက် ([illegible]) အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ညည်း အမေကိုက အစွမ်းပြချင်တာပါ။ ယောက်ျားသေသွားရော ဘာဖြစ်လဲ မိဘချမ်းသာသမျှ ယောက်ျားရှာသွားသမျှတွေ ထိုင်စားလဲ ဖြစ်တဲ့ဟာကို အတန်တန်တားတဲ့ကြားက အလုပ်လုပ်ကတည်းက ကျုပ် ညည်းအမေနဲ့ အစေးမကပ်တော့တာ"

"ကဲ... ဒါဆို ဘွားမလိုက်လာချင်လဲနေ... ဘွားအတွက် ဘာမုန့် ဝယ်ခဲ့ရမလဲ... သိင်ဝယ်ခဲ့မယ်လေ"

"မြေး ကြိုက်တာ ဝယ်ခဲ့ကွယ်... "

လက်တပြပြနှင့် ကားပြတင်းမှ ခေါင်းကိုထုတ်ကာ ဘွားအေကို တလှည့်လှည့် ပြန်ကြည့်ရင်း မေမေနဲ့အတူ အလုပ်သွားရသော သူငယ်မကလေး၏ သာမန်ဖြစ်ရိုး ဖြစ်စဉ်ဘဝသည် ထိုနေ့မှစ၍ ပြောင်းလဲသွားတော့မည် ဖြစ်ကြောင်း ထိုစဉ်က ကြိုသိခွင့် မရခဲ့ပါ။

သိင်္ဂီတော်၏ သမားရိုးကျဆန်စွာ တိတ်ဆိတ်ခြောက်သွေ့သောဘဝသည် ထိုနေ့မှာပင် စတင် စိုစွတ် အသက်ဝင်တော့တာ ဖြစ်သည်။ ပြီးတော့ ပြောင်းလဲမှုများနှင့် တဖြည်းဖြည်း စတင် ထိတွေ့ရတော့တာဖြစ်သည်။

မေမေ၏ ကုမ္ပဏီကြီးရှိရာ အဆောက်အအုံကတော့ သိင်္ဂီတော်နှင့် အစိမ်းသက်သက် မရှိလှပါ။ ယခင်ကတည်း





ဝင်ထွက် သွားလာဖူးနေကျပင်။ ပြီးတော့ မေမေ့ဝန်ထမ်းတွေ၊ တို့နဲ့ အကျွမ်းတဝင် မရှိဖူးသော်လည်း၊ စကားပြောဖူးသည့် ထမ်းသုံးလေးယောက်မျှ ရှိဖူးသော်လည်း၊ သူတို့အားလုံး၏ က်နှာ တွေကို သိင်္ဂီတော် မစိမ်းနေခဲ့ပါ။ သူတို့က မေမေနဲ့အတူ လာ သော သူမကို အထူးအဆန်း ဖြစ်ပြီး လေ့လာမနေခဲ့။ တိုင်းလို ပင် ခဏတစ်ဖြုတ် လိုက်လာသည်ဟုပဲ သူတို့ ဆကြပုံရ၏။

ဝန်ထမ်း သူငယ်ကလေးတစ်ယောက်က မေမေ့ ဘော်ဖီခါတ်ဗူး၊ ဆေးပုလင်းနှင့် မုန့်ပုံးသေးသေးကလေးတွေပါ သော ပလပ်စတစ်ခြင်းကို ကားထဲမှ ထုတ်ယူပြီး သယ်သွားနှင့် ၏၊ ကြည့်စမ်းပါဦး မေမေ့ကုမ္ပဏီကြီးက ဘယ်လောက် အဆင့် အတန်း ရှိလိုက်သလဲ။ အမျိုးသမီးကလေးတွေက ပညာတတ် န်းမပုံစံမျိုးတွေ။ အမျိုးသားကလေးတွေရဲ့ မျက်နှာကြောက ည်း ခပ်တင်းတင်းနဲ့ရယ်။ အေးပေါ့ မေမေက နိုင်ငံခြားနဲ့ က်စပ်လုပ်ငန်းတစ်ခုဖြစ်တဲ့ ဆေးဝါးပစ္စည်း တင်သွင်းတဲ့လုပ်ငန်း ကြီး ထူထောင်ထားမှတော့ သူတို့ ဒီမှာ အလုပ်ရတယ်ဆိုတာ တော့်ရဲ့ ပညာတတ် အရည်အချင်းနဲ့ ရတာမှ မဟုတ်တာ။

ပြီးတော့ သူတို့မှာ ဘာသာစကားနှစ်မျိုးလောက် ကို တတ်ရဦးမည်။ စာရင်းအင်းတွေလဲ နိုင်နင်းရဦးမည်။ ရုပ်ရည် င့်တင့်ပြေပြေဖြစ်ရဦးမည်။ ကဲ ဤအရည်အချင်းမျိုးကို ပိုင်ဆိုင် ားကြတဲ့ ယောက်ျား၊ မိန်းမတိုင်းဟာ သူတို့ရဲ့ ကြီးမြတ်သော



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပုဒ်များအတွက် မာနကလေးတွေ တလူလူပေါ့။

အဲဒါ ဆန်းမှမဆန်းတာရှင် သိဂီတော်ဆို
ကျွန်မကဖြင့် သူ့ငွေမျိုးရိုးမှ ဆင်းသက်ရခြင်း၊ ချမ်းသာကြွယ်
ရခြင်းတွေကို တယ်မာနထောင် ဝင့်ကြွားတတ်သလိုမျိုး သူ
ဟာလည်း သူတို့မှာ ချမ်းသာသော အရည်အချင်းများအတွ
မာန ထောင်ဝင့်ကြွားကြလိမ့်မည်ဟု သူမက တွေးကြည့်သ

သို့သော် သူတို့နဲ့ သိဂီတော်မှာ ကွာခြားတာ အ
လဲ။ အင်း ပြောရရင်ဖြင့် သိဂီတော်က ဒီကုမ္ပဏီကြီးကို ပိုင်သေ
သူ၊ သူတို့က ဤကုမ္ပဏီရဲ့ လခစားဝန်ထမ်းတွေ။ ကဲ သူမ
ဘဝလောက် တယ်ငေးကြည့် အားကျချင်စရာ ကောင်းတာ
မရှိပြီ။

"ကျွန်မ သမီးကလေးကို ကျောင်းပြီးတော့ အိမ်မှာ ကု
နေရင် သူတတ်ထားပညာတွေ မှိုတက် သံချေးကိုက်မှ
မမြင်ချင်တာနဲ့ လုပ်ငန်းထဲကို ဆွဲခေါ်လာပြီ မမနန်းရေ
အမေနဲ့တော့ အကြီးအကျယ် ဆန့်ကျင်ပြီး အိမ်ထဲက
ဆွဲထုတ်လာခဲ့ပြီ... သူ့မှာ တတ်တဲ့ပညာတွေက စာတွေ
ရှိတယ်... လက်တွေ့ ဘာတွေသုံးသလဲဆိုတာ မမနန်း
သင်ပေးပါဦး တပည့်အဖြစ် အပ်ပါတယ်... "

မေမေ၏ Personal Assistant (P.A) အမျိုးသမီး
ကြီး ဒေါ်နန်းကျော့မြိုင်ထံမှာ မေမေ အပ်နှံပေးပါသည်။

❦ စေတနာစာပေ ❦





"မြရည် သမီးပဲ... ထက်ထက်မြက်မြက်ပဲ ဖြစ်မှာပါ..
စိတ်ချ နန်းက မြရည်ရဲ့ PA တစ်ယောက်အပြင် သမီးရဲ့
PA တစ်ယောက်ပါ ဖြစ်စေရမယ်... "

"အန်တီနန်းကလဲ.. အဲဒီလို မသတ်မှတ်ပါနဲ့ရှင်.. သိင်က
အန်တီနန်းတပည့်ပါ.. အန်တီနန်း ခိုင်းတာလုပ်ရမှာပေါ့
ဘယ့်နှယ့် သိင့်ကို လုပ်ငန်းရှင် ရင့်မကြီးကျနေတာပဲ PA
တွေ ဘာတွေ ပြောမနေပါနဲ့... "

ထို့နောက် မေမေက သူမ၏ ကုမ္ပဏီဝန်ထမ်းများ
အားလုံးကို ခေတ္တခေါ်တွေ့လျက် သိဂီတော်က ဒီမှာ အလုပ်ဝင်
လုပ်မည့်အကြောင်း အသိပေးလေသည်။ ဝန်ထမ်း အမျိုးသမီး
များ၏ဖော်ရွေသော မျက်နှာများက ဒီကုမ္ပဏီပိုင်ရှင်၏ သမီးမို့
လိုတာထက် ပိုသော အမူအရာတွေနှင့်။ သို့သော် ပညာတတ်
ဝန်ထမ်း အမျိုး သားတွေရဲ့ မျက်လုံးတွေကိုတော့ တယ် မနှစ်မြို့
လှပါ။ သူတို့၏ မျက်လုံးထဲမှတဆင့် သူတို့စိတ်ကို ထွင်းဖေါက်
မြင်ကြည့်လျှင် သူဌေးမကလေး တစ်ယောက်အား ရယူပိုင်ဆိုင်
လိုသော ရမ္မက်တွေ တွေ့နေရသလိုပဲ။

အဲဒါကြောင့် မေမေပြောတာ။ အခုခေတ်
ယောကျ်ားတွေဟာ တစ်စုံတစ်ခုသော ချွတ်ယွင်းမှု၊ ဖေါက်ပြားမှု၊
ကောက်ကျစ်မှု၊ စိတ်ထား မဖြောင့်မှန်မှု၊ မတည်ကြည်မှုတွေဟာ
အစိုးမရသလို ရှိတတ်ကြတယ်ဆိုတာ အမှန်ပဲ။

အုပ် (၂၀) ပြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



လူကဲခတ်သည့် နေရာတွင် ဘွားအေကြီး ဒေါ်သဇင်တော်နှင့် မိခင် ဒေါ်မြရည်တော်တို့၏ ခြေဖျားမျှသာ မှီအောင် ကျွမ်းကျင်ပေမဲ့ သိင်္ဂီတော်ဟာလည်း လူကဲခတ် မညံ့ ဖျင်းပါ။ ထို အမျိုးသားကလေးများ၏ မျက်လုံးတွေကို မနှစ်မြို့လျှင် နောက်တစ်ခါ မကြည့်တော့ပဲနေဖို့ ဆုံးဖြတ်ပြီးနှင့်ပြီ။

✿✿✿✿

သိင်္ဂီတော်သည် မေမေနှင့် ထမင်းစားပြီးသည့် အချိန်တွင် မေမေ့အခန်း မှန်ပြတင်းမှ အောက်ကို ငုံ့ကြည့်တိုင်း လှမ်းမြင်ရသော တဘက် ပလက်ဖေါင်းမှ Snacks ဆိုင်ကလေးရှေ့ရှိ ဝေဖါခွက်ကလေးများ၊ ဖော့ဖူးကလေးများနှင့် ထည့်ရောင်းသော ရေခဲမုန့်ကို အင်မတန်မှ စားချင်သည့် အာသီသ ပြင်းပြလာခဲ့၏။ သိပ်စားလို့ ကောင်းမှာပဲ။ သတ္တုရောင်လက်နေတဲ့ စက်အကြီးကြီးတွေ၊ စီရရီရောင်စုံထီးကြားကြီးတွေမိုးလို့ အဲဒီစက်ထဲက အလိမ်လိမ် အခွေခွေ ထွက်ကျလာတဲ့ ရေခဲမုန့်ကို ကတော့ပုံ ဝေဖါခွက်ကလေးတွေနဲ့ ကလေးတွေ၊ ကောင်မလေးတွေ၊ ကောင်လေးတွေ စားသွားကြလိုက်တာများ၊ သွားရည်ယိုဖို့ကောင်းတယ်ရှင့်။

အို မှတ်မိပြီ။ တစ်ခါတုန်းက ကိုကြီးနဲ့အတူတူ မေမေ့ဆီဝင်တုန်းက ကိုကြီးကို ပူဆာလို့ ကိုကြီး ဝယ်ကျွေးဖူးသားပဲ။ ဒါပေမဲ့ အဲဒီတုန်းက ဖော့ဖူးကလေးနဲ့ ထည့်ထားတာကို ဇွန်းနဲ့ကော်စားရတာ မမိုက်ပေါင်။ ကတော့ပုံ ဝေဖါခွက်ကလေးနဲ့ မျှားစားရရင်။

"ဟဲ့... သမီး... မျက်နှာကို မှန်နဲ့ကပ်ပြီး ဘာကို စိတ်ဝင်တစား ငုံ့ကြည့်နေတာတုန်း.. သမီးဆိုးထားတဲ့ နှုတ်ခမ်းနီ ရာကြီး မှန်မှာကပ်ကျန်ခဲ့ပြီ.. ကြည့်စမ်း။ ကောင်မလေး မေမေက... ထရီဇာတို့ မှန်ကောင်းကောင်းမတိုက်ထားရင် ဆူသမျှ.. သမီးက မှန်ကို ညစ်ပတ်အောင် လုပ်တယ်"

"မေမေ... သိင်လေ ဟို အိုက်စကရင်ကို သိပ်စားချင်တာပဲ အဲဒါကြောင့် ကြည့်နေတာ.. သိင့်ကို တစ်ခါတုန်းက အဲဒီဆိုင်က အိုက်စကရင် ကိုကြီးဝယ်ကျွေးဖူးတယ်... စားလို့ ကောင်းတယ် မေမေရဲ့... သိင် အဲဒါ အခုစား ချင်လို့... "





အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"စားလေ... ကောင်လေးတစ်ယောက်ကို ဆင်းဝယ်နိုင်းလိုက်... ဖော့ဗူး အသေးပဲဝယ်... ဗူးအကြီးကြီး တယောက်ထဲစားရင် အာသီးရောင်နေဦးမယ်။ အဲဒါမှ အမေနဲ့ကျူပ်အချေအတင် စကားများရမဲ့ ကိန်းပဲ။ သူမြေးကို တွေ့ကရာကျွေးတယ်ဆိုတဲ့ ပုဒ်မနဲ့ အလုပ်ဆက်မလုပ်နိုင်းဖို့ အမိန့်ပေးမဲ့ အမေ..."

သိင်္ဂီတော်သည် ပြတင်းပေါက်မှန်တွေကို တစ်ရှူးအဖြူကလေးဖြင့် သူမ၏ နှုတ်ခမ်းဆိုးဆေးရာ ထင်ကျန်နေခြင်းအား ဖျက်ရင်း...

"မေမေ... သိင်က cone ဓာလေးနဲ့စားချင်တာ... ဖော့ဗူးနဲ့က ကိုကြီးဝယ်ကျွေးဖူးတယ်... ကောင်းတော့ကောင်းပါရဲ့ ဒါပေမဲ့ သိင်က... ငယ်ငယ်တုန်းကလို cone နဲ့ပဲ စားချင်နေတာ... ဟိုကောင်မလေးတွေ ကြည့်စမ်း... ပျော်စရာကြီး အဲဒါလေးတွေနဲ့ အိုက်စကရင် လိမ်လိမ်ကလေးတွေ ထည့်ပြီး စားနေကြတာနော်... အဲဒါက ချက်ချင်းအပြင်လေနဲ့ထိလို့ အရည်ပျော်မြန်မယ် မေမေ့ရဲ့... မေမေ့ကောင်လေးသွားဝယ်လို့ ရမယ်မထင်ဘူး... သိင့်ဘာသာပဲ ဆင်းဝယ်စားမယ်"

"သိင်ကလေးက လမ်းမကြီးမှာ အဲဒါကိုင်ပြီး ပြန်လာရဲ့လို့လား..."





"မေမေကလဲ... လောကကြီးမှာ သိင်ဘယ်သူ့ကိုမှ လိုက်ဂရုစိုက်နေတာမှ မဟုတ်တာ..."

"အေး... ဒါဆိုလဲ ဆင်းဝယ်... ကားလမ်းကြည့်ကူးဦး... ကားတွေရှုပ်နေတယ်။ ပြီးတော့... တခြားခြေရှည်မနေနဲ့ နေက သိပ်မပူပေမဲ့ သမီးက ဒီလိုသွားလေ့ သွားထမရှိတော့ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူးဆိုတာ မေမေသိတယ်..."

သိင်္ဂီတော်သည် မေမေ၏ ခွင့်ပြုချက်ရလျှင် ကျောပိုးအိတ်ကို ပုခုံးနှစ်ဖက် သိုင်းကောက်လွယ်ပြီးနှင့်ပြီး

"အန်တီနန်းနဲ့ မေမေဖို့ ဗူးနဲ့ထည့်ဝယ်လာရမလား..."

"နေပါစေ... ကလေးရယ်... ခုလေးတင် ထမင်းစားပြီးတယ်... မစားနိုင်သေးပါဘူး... နောက်ပြီးလူကြီးတွေက အိုက်စကရင် သိပ်မကြိုက်ကြတော့ဘူးကွဲ..."

"ဟင်... သိင်လဲ လူကြီးပဲ... ဒါပေမဲ့ အိုက်စကရင် ကြိုက်နေသေးတယ်..."

"ဘယ်ကလာလူကြီးရမလဲ... အသက်ဖြင့် ခုမှနှစ်ဆယ့်သုံးပြည့်မယ့်ဟာ... ကလေးပဲပေါ့။ အေး... ဒါပေမဲ့ မကြာခင် အိမ်ထောင်ရှင်မကြီး ဖြစ်မှာဆိုတော့လဲ လူကြီးလို့ သတ်မှတ်ရင်လဲ ရတာယ်ပေါ့ကွယ်... ကဲ... ကဲ သမီးသွားတော့... ဒီနေ့ အန်တီနန်းသိင့်ကို ဘာမှမှသင်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး... အလုပ်စလုပ်ရတဲ့ နေ့ဆိုတော့ မြရည်သမီး ငြိုးငြ
နေပြီထင်တယ်..."

မမေနှင့် ဒေါ်နန်းကျော့မြိုင်တို့၏ စကားသံ
ကို ကျောခိုင်းခဲ့ပြီးနောက် သိင်္ဂီတော်သည် အဆောက်အအုံ
လှေကားထစ်တွေကို သွက်လက်ပေ့ါပါးစွာ နင်းဖြတ်လာခဲ့၏
မမေ့ကုမ္ပဏီက သုံးထပ်အဆောက်အအုံမှာသာရှိသော်ငြား
ဓါတ်လှေကားနှင့် စမတ်ကျကျ သားနားသည်။

သို့သော် သိင်္ဂီတော်က ထမင်းစားပြီးပြီးချင်း
အိုက်စကရင်စားရန် အကြံအစည်ရှိသူဖြစ်၍ ဓါတ်လေကားနှင့်
မဆင်းပဲ လှေကားမှ ဆင်းခြင်းဖြင့် ဗိုက်နည်းနည်းချောင်သွား
စေလိုက်လေသည်။

သိင်္ဂီတော်သည် ပလက်ဖောင်းပေါ် ရပ်ပြီးနောက်
ဟိုဘက်အခြမ်းကို လမ်းကူးဖို့ အကြာကြီး သတ္တိမွေးရ၏
ကားတွေ သိပ်ရှုပ်တာပဲ။ ကိုကြီးမပါပဲ ဒီလို တစ်ယောက်တည်း
လမ်းမကူးဖူး၍ ဘယ်လိုကူးရမှန်းတောင်မသိ။

"သူငယ်မ... လမ်းကူးမလို့လား... လမ်းမအလယ်က
ဖြတ်မကူးနဲ့... ရဲဖမ်းလိမ့်မယ်လေ... မျဉ်းကျားကသွား
ကူး..."

လမ်းမပေါ် တက်လိုက်... ပလက်ဖောင်းဘက်ပြန်

စေတနာစာပေ



ဆုတ်လိုက်ဖြင့် ဇဝေဇဝါဖြစ်နေသော သူမကို မိန်းမကြီးတစ်
ယောက်က မနေနိုင်တော့၍ထင့်။ ဘေးကလာသတိပေးမှ သူမ
သတိရသွား၏။

"အင်း... ဟုတ်သားပဲ... ကျွန်မ မေ့သွားလို့... လမ်းကူးရင်
မျဉ်းကြားက ကူးရတယ်နော်... တော်ပါသေးရဲ့ အန်တီ
သတိပေးပေလို့... နောက်မို့ ကျွန်မကိုရဲဖမ်းပြီးနေပြီ...
ကျေးဇူးပါပဲ အန်တီ..."

အမျိုးသမီးကြီးကပြုံး၍ ခေါင်းညိတ်၏။ အမယ်
လေး တော်ပါသေးရဲ့ အရှက်ကွဲတော့မလို့။ မမေသာသိရင်
တစ်ခါထွက် တစ်ခါဒုက္ခရောက်ပြီမဟုတ်လားလို့ ဆူမှာ သေချာ
တယ်။

သိင်္ဂီတော်သည် မျဉ်းကျားမှ လမ်းကူးလိုက်သော
အခါ ခုနကလောက် လမ်းကူးရတာ မခက်ခဲတော့ချေ။ မီးနီ
နေချိန်ဖြစ်၍ အလွယ်တကူဝင် တစ်ဘက် ပလက်ဖောင်းသို့
လမ်းကူး သွားနိုင်ခဲ့သည်။

ကြည့်စမ်း။ ဘယ်လောက်အံ့ဩစရာလဲ။ ကိုကြီး
မပါပဲ တစ်ယောက်တည်း လျှောက်သွားနေမိပြီ။ ပြီးတော့...
လမ်းမကြီးလဲ ဖြတ်ကူးပြီးပြီ။ ညကျရင် ကိုကြီးကို ဖုန်းပြောပြီး
ကြွားရဦးမည်။

အုပ် (၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီတော်သည် လူအများကြီးကြားထဲတွင် တစ်ခါတစ်ရံမှသာ သွားလာဖူးရုံမက သူမ,သွားတိုင်း ကိုကြီးပါမှ သွားစမြဲမို့ ယခုလိုတစ်ယောက်တည်း သွားရသည့်အတွေ့အကြုံ အားအထူးအဆန်း ဖြစ်နေလေတော့သည်။ ကိုယ်လုံးအတိ ကိုယ်ကျပ်လက်တိုစပို့ရှပ် ကဆေးမျှားပေါ်တွင် ဝေ့စကုတ် လက်ပြတ်ကလေးများ ထပ်ဝတ်လေ့ရှိသည့် အပြင်၊ အသားပျော့ပျော့လုံချည်ကလေးများကို စကပ်လုံချည် ပုံစံကလေးတွေချည်းဝတ်လေ့ရှိသော၊ ကြိုးသိုင်းခုံမြင့်ဖိနပ် ခပ်ထူထူကိုစီးသော၊ ညာဘက်ခြေကျင်းဝတ်တွင် ဖန်စီချိန်းကြိုးနှစ်ကြိုးကို ဝတ်ဆင်သော၊ ရွှေလက်စွပ်ကွင်းပါးကလေးများကို လက်ဆယ်ချောင်းပြည့် ဝတ်တတ်သော၊ ကျောပိုးအိတ်ကို ပုခုံးနှစ်ဘက်လျှို၍လွယ်တတ်သော၊ ပုခုံးအထိရှိသည့် ဆံပင်ပျော့ပျော့တွဲတွဲကလေးများက နဖူးအပြင်ရှေ့မှာအတိချလျှက် နေတတ်သည့် သိင်္ဂီတော်သည် မှန်တာပြောရရင်တော့ လူအများထဲတွင် ထင်းကနဲပေါ်လွင်နေသည့် သူကလေးပင် ဖြစ်သည်။

သူမ၏ ဝိုင်းစက်တောက်ပသော မျက်ဝန်းများကို မျက်ရစ်လိုင်နာအနက်ဖြင့် ဆွဲထားတတ်ပြီး မျက်ခုံးကလေးကိုတော့ ခပ်သေးသေးဖြစ်အောင်ပြုပြင်ကာ မျက်ခုံးမွေးဆွဲခဲတံအညိုဖြင့် ခပ်ပြေပြေဆွဲထားတတ်သည်။ ပြီးတော့ ပန်းရင့်ရောင်နှုတ်ခမ်းဆိုးဆေးကိုတော့ နှစ်သက်စွာ သုံးစွဲတတ်သေး၏။ ရွှေရောင်နားကွင်းလေးထောင့် အရွယ်တော်ကလေးက သူမ၏

စေတနာစာပေ



မျက်နှာနှင့် လိုက်ဖက်လှချေသည်။ ကြွားပြောတယ် မထင်နဲ့ရှင် သူမရဲ့ ဖက်ရှင်ထွင်တတ်မှုများဟာ တက္ကသိုလ်တက်စဉ်ကာလတလျှောက်ကတော့ အတော့်ကို လူငေးချင်စရာ၊ ရေပန်းစားစရာ ဖြစ်ခဲ့တာပေါ့။

အခုလဲကြည့်။ ရေခဲမုန့်အရောင်းဆိုင်ရှေ့မှာ ရပ်မိသည်နှင့် ဆိုင်ကကောင်ကလေးတွေရဲ့ မျက်လုံးတွေဟာ လိုအပ်တာထက်ပိုပြီး ဖော်ရွေသွားလွန်းတော့တယ်။

"ဘာလိုချင်လို့လဲ... အစ်မ..."

"အိုက်စကရင် ဝယ်မလို့ပါ..."

"ဗူးနဲ့လား..."

"မဟုတ်ဘူး... cone နဲ့..."

"ခင်ဗျာ... ဘာပြောတာလဲ ကျွန်တော်မသိဘူး..."

ကျွတ်... အင်္ဂလိပ်စကား နကန်းတစ်လုံးမှတောင်သိတဲ့လူတွေနဲ့ ဆက်ဆံရတာ အဲဒါခက်တာပေါ့။ ကိုယ်ကပါးစပ်အကျင့်ပါနေတဲ့အတိုင်း ပြောမိပေမယ့် သူတို့မှာတော့ ဒီစကားလေးတောင်မသိအောင် အသိဉာဏ်ဆင်းရဲရှာသည်ဟု စိတ်ထဲက ကဲ့ရဲ့ပစ်မိသည်။

"ဟိုကဝေဖာခွက်ကတော့လေးတွေနဲ့ထည့်ဖို့ ပြောတယ်

အုပ် (၃၀) မြောက် [illegible]၊ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဘယ်လောက်လဲ..."

"နှစ်ဆယ်ပါ.. ချောကလက်လား၊ စတော်ဗယ်ရီလား၊ နို့မလိုင်လား..."

"စတော်ဗယ်ရီပဲပေးတော့..."

ကျောပိုးအိတ်ထဲမှ ပိုက်ဆံနှစ်ဆယ်ကိုထုတ်ယူလိုက်၏။ နေပူ၍ အနည်းငယ်ချွေးစို့လာခဲ့သည်။ ဒါကြောင့် မေမေကပြောတာ။ နေကသိပ်မပူပဲနဲ့ သွားလေ့သွားထမရှိရင် ပင်ပန်းလိမ့်မယ်လို့ ပြောတာမှန်သား။ တော်ပါပြီ အိုက်စကရင် ဝယ်စားပြီးရင် ဒီနားလျှောက်ကြည့်မဲ့ စိတ်ကူးကို ဖျက်မှပါ။ လူတွေကများ၊ နေကပူနဲ့။

အရောင်းဆိုင်က ကောင်ကလေးလှမ်းပေးသော ရေခဲမုန့်ကို လှမ်းယူလိုက်စဉ်မှာ သူမ၏ ခန္ဓာကိုယ်သေးသေးကလေးအား တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် ဝင်တိုက်လိုက်ခြင်း ခံရတော့သည်။ အဲဒါထားတော့ ရေခဲမုန့်က လက်ထဲရောက်ရုံတင်ကလေးမှာ အတိုက်ခံလိုက်ရ၍ ထိုရေခဲမုန့် အလိမ်လိုက်ကြီးသည် ဘတ်ကနဲအသံမြည်လျှက် သူမ၏စပို့ရှပ် နီနီကလေးရဲ့ရင်ဘတ်မှာ လာကပ်ပေကျံသွားခဲ့လေပြီ။

ဒေါသတကြီးပင် သူမအား ဝင်တိုက်လိုက်သူကို လှည့်ကြည့်စဉ်မှာ သူမ၏ဘဝထဲသို့ ပြောင်းလဲမှုများစွာ စတင်

❦ စေတနာစာပေ ❦



သယ်ဆောင်ပေးည်ဟု အဲ့ဒီအချိန်က ကြိုမသိခဲ့သေးသော ကောင်ကလေး တစ်ယောက်ကို စတင်တွေ့ဆုံ ရတော့တာ ဖြစ်ဆည်။

ကောင်လေးသည် မြင့်မား ထွားကျိုင်းလှ၏။ ဖွံ့ထွား တောင့်တင်းသည့် ကိုယ်ခန္ဓာတည်ဆောက်ပုံမှာ သူ၏ အရပ်နှင့်အနေတော်မို့ အတော်ကြည့်ကောင်းကြောင်း ဝန်ခံချင်သွားသည်။ အို သူငယ်လေးက ချစ်စရာ့ရုပ်ရည်ကလေးနှင့်။ အဲဒီလောက် ချစ်စရာကောင်းပါရက် သူမျက်လုံးတွေကဖြင့် မထီတရီရှိလှသည်။ ကြည့်စမ်း ဒီလိုကောင်လေးမျိုး အများကြီးတွေ့ခဲ့ဖူးရက် သူမဘာကြောင့် ငေးကြည့်သွားချင်ရသလဲ။ ဟုတ်တယ် သူမယောကျ်ားတစ်ယောက်ကို ဒီလောက်ကြာကြာ မငေးကြည့်ဖူးရှသေး။

"ဟော့ကောင်.. မင်း.. ငါ့ကို အရမ်းဆောင့်တွန်းရသလားကွ... ဒီမှာ... ငါ တခြားလူကိုဝင်တိုက်မိသွားပြီ.. မင်းတော့လား..."

ဟု နှုတ်မှ အနည်းငယ်ဆဲရေးလိုက်သည့်အခါ ထိုသူငယ်လေးရဲ့ ဘေးမှာလာရပ်သော နောက်ထပ်ကောင်လေး တစ်ယောက်နဲ့ ထပ်မံတွေ့ရပြန်သည်။ သို့သော် ထိုကောင်ကလေးက အင်း ဘာပြောရမလဲ သူမကို ဝင်တိုက်သော ကောင်ကလေးလောက် ချစ်စရာ မကောင်းဘူးကွယ်။

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

နေစမ်းပါဦး သူမ ဘယ်လို ဖြစ်သွားတာပါလိမ့်။ ကိုကြီးရှိရက်နဲ့ တခြားယောကျ်ားတစ်ယောက်ကို အထူးတလည် စိတ်ဝင်တစား ငေးကြည့်ခဲ့ခြင်းမျိုး တစ်ကြိမ်တစ်ခါမှ မပြုလုပ်ခဲ့ဖူးခဲ့သော်လည်း ယခု ပထမဆုံးအကြိမ် နောက်ထပ် ယောကျ်ားတစ်ယောက်အား စိတ်ဝင်တစား ငေးလိုက်မိသတဲ့လေ။ ထူးဆန်းအံ့ဩဖို့ ကောင်းလွန်းလေစွ။

"ဆောရီးပဲဗျာ… ဒီကောင် ကျွန်တော့်ကို ဆောင့်တွန်းလိုက်လို့ ကျွန်တော်ယိုင်သွားတာ အရှိန်မထိန်းနိုင်ဖြစ်ပြီး ခင်ဗျားကို ဝင်တိုက်မိသွားတယ်ဗျာ… "

"ဒီမှာ… ကျွန်မ အင်္ကျီပေသွားပြီ… ရင်ဘတ်မှာ အိုက်စကရင်ရာ အကွက်လိုက်ကြီးနဲ့ရှင့်… တကယ်ဆို… ရှင်တို့ မကြီးမငယ်နဲ့ အဲ့ဒီလောက် လမ်းမကြီးမှာ ဆော့ဖို့ မကောင်းဘူး"

"ဆော့တာ မဟုတ်ပါဘူး… ကျွန်တော် မဆော့ဘူး… ဒီကောင် သူ့ဘာသာ စိတ်ရှုးထပြီး လျှောက်တွန်းတာ…"

သူသည် ကလေးတစ်ယောက်လိုပင် သူမ၏ စကားကို အကြီးအကျယ် ဆင်ခြေတက်နေလိုက်သေးသည်။

ပြီးတော့ သူသည် ခပ်ဟောင်းဟောင်း၊ ခပ်လွင့်လွင့် ဂျင်းပင်န်တစ်ထည်၊ အရောင်ကတော့ ပြာလွင်လွင်ကလေး





နဲ့ဖြစ်၏။ အဲ့ဒီ ဂျင်းပင်န်နဲ့ တွဲဝတ်သော သူ့ရှပ်အင်္ကျီအကွက်ကြားခပ်ကြီးကြီးတွေကလည်း အရောင် ခပ်မှိန်မှိန်၊ လက်တံတောင်ထိ အလိပ်သေးသေး ခေါက်လိပ်၍ အင်္ကျီရင်ဘတ် ကြယ်သီးတွေကတော့ စုံလင်အောင် မတပ်ထားချေ။ ကြယ်သီးသုံးလုံးလောက် အထိ ဖြုတ်ထားသေး၏။ တကယ့်ကို ဂျစ်ပဆီပုံစံ ကောင်ကလေးပဲဖြစ်လေသည်။

"ကျွန်တော်… ခင်ဗျားကို တမင်တိုက်တာ မဟုတ်ပါဘူး"

သူ့ကို ဘာမှ ပြန်မပြောပဲ ပြန်ကြည့်နေမိ၍ထင့်။ သူက ထပ်မံ၍ ဖြေရှင်းနေပြန်သေးသည်။

"ရှင်က တမင်တိုက်တာ မဟုတ်ပေမဲ့… ကျွန်မမှာတော့ အိုက်စရင်လဲ ဖြုတ်ကျသေး… အင်္ကျီလဲပေသေးတယ်"

"အိုက်စကရင်တော့… ကျွန်တော် ပြန်ဝယ်ကျွေးနိုင်ပါတယ်… အဟဲ… ဒါပေမဲ့ ခင်ဗျားဝတ်ထားတဲ့ စပို့ရှပ်က ဈေးတော်တော်ကြီးမဲ့ အမျိုးအစားပဲဗျ… ကျွန်တော် ဆိုင်တွေ အပျင်းပြေ လျှောက်ကြည့်ရင်း တွေ့ဖူးလို့ပြောတာ… ဟုတ်တယ် မဟုတ်လား။ ဒါကြောင့် အဲ့ဒီ စပို့ရှပ်တော့… ကျွန်တော် အစားပြန်မဝယ်ပေးနိုင်တာ… ဆောရီး… "

"ရှင့်ကို ဘယ်သူက အလျော်တောင်းနေလို့လဲ… "

"အလျော်မတောင်းဘူးလား… ဩော်… ဒါဆို… ခင်ဗျား

www.burmeseclassic.com



တော်တော် သဘောကောင်းတာပဲလို့ ပြောရမလို ဖြစ်နေပြီ၊ ဒါပေမဲ့ဗျာ... အိုက်စရင်တော့ ပြန်ဝယ်ကျွေးဖို့ ကျွန်တော်တတ်နိုင်ပါတယ်... ဟော့... သူငယ်ချင်း... နောက်တစ်ခုလုပ်ကွာ... "

"အို... နေပါစေ... ကျွန်မက ဘယ်တော့မှ သူများဝယ်ကျွေးတာ... အထူးသဖြင့်... တစိမ်းယောကျ်ား တစ်ယောက် ဝယ်ကျွေးတာကို မစားဘူးရှင့်... "

"ဟ... အလျှော်ပေးတာလေကွာ... "

"အလျှော်ပဲပေးပေး... ဘာကြောင့်ပဲဝယ်ပေးပေး... ကျွန်မ မယူနိုင်ဘူးလို့ ပြောထားပြီးပြီနော်... ရှင်အတင်းပေးလို့ ရှင့်မျက်နှာကို အိုက်စရင်နဲ့ ပြန်မပေါက်ဘူးဆိုတာကို... ကျွန်မ အာမ,မခံနိုင်ဘူး"

"ဩော်... ဩော်... အကျီကို အိုက်စကရင် ပေသွားလို့ ကလဲ့စားချေမှာပေါ့... ဟုတ်လား... အင်း... ဒီနည်းလဲ မဆိုးပါဘူး ကျွန်တော် ကျေနပ်ပါတယ်... အိုကေ... ကဲ... ရော့ဒီမှာ ကျွန်တော်မှာတဲ့ အိုက်စကရင်ရပြီ... ခင်ဗျား ယူလိုက်ပြီး ပြန်ကလဲ့စားချေနိုင်သွားပြီ... "

အိုက်စကရင်ရောင်းသော ကောင်ငယ်လေးများ၊ လာဝယ်သော လူတချို့၊ ပြီးတော့ သူ့နံဘေးက သူ့သူငယ်ချင်းတို့က





ခြအနေကို ပြုံးစိစိဖြင့် အကဲခတ်ကြလေသည်။ ကြည်စမ်း လောက်ဆိုးရွားလိုက်တဲ့ အဖြစ်လဲ။ တစ်သက်နဲ့တစ်ကိုယ် မှ မကြုံဖူးခဲ့တဲ့ အဖြစ်အပျက်မျိုးကို ကြုံတွေ့ရပါပကော လောက် ရှက်စရာ ကောင်းလိုက်သလဲလို့။

"ရော့... ဟာ... ယူလေ... မယူသေးဘူးလား... ဒီမှာ အရည်တွေပျော်ပြီး... ကျွန်တော့်လက်ပေါ် တောင် စီးကျလာပြီဗျ... ကြာရင် ပုရွက်ဆိတ်တက်တော့မယ်... "

သူ့ပုံစံက သူ့ရုပ်ရည်ကလေးနဲ့မလိုက်။ စကားပြောအဆိုတွေကလည်း သူ့ရဲ့ ချစ်စရာ ဟန်ပန်ကလေးနဲ့ ကိုက်။ အင်မတန့်ကို ပေါ့ပျက်ပျက်နိုင်လှသည်။ မထိမဲ့မြင် ရှိလှ သူ လုပ်ချင်ရာကို ဇွတ်တရွတ် လုပ်တတ်သူဖြစ်မှန်း ချက်ချင်း ခဲခတ်နိုင်ခဲ့ပြီ။ ပြီးတော့ သူသည် ပတ်ဝန်းကျင်ကိုလည်း တစ် ကလေးမှ ဂရုမစိုက်ချေ။

သိင်္ဂီတော်သည် သူ့ဆီမှာ တွေ့ရသော အကျင့် တော်တော်များများတို့ကို တဒင်္ဂသုံးသပ်ချက်ဖြင့် မှန်းဆ အတော် စိတ်ပျက်သွားရတော့သည်။

"ကိုယ့် ... လမ်းကိုယ် အေးအေးဆေးဆေး သွားရင် ကောင်းမယ်နော်... လာနောက်မနေနဲ့... "

"ဟော့... နောက်တာမဟုတ်ပါဘူး ယုံပါ... အတည်ပြော

အုပ် (၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



နေတာဟ.. ခင်ဗျား အဲဒီတော်ကံကောင်းတာနော်.. ကျွန်တော်က ဒီလောက်ကလေး တိုက်မိရုံနဲ့ တခြားလူဆိုဆောရီးတစ်လုံးနဲ့ စကားစဖြတ်ပြီး လစ်သွားမှာ.. ခင်ဗျားကျမှ ကျွန်တော် ဒီလို အခွင့်အရေးတွေ စိတ်လိုလက်ပေးချင်သွားတာဗျ.. မယုံမရှိနဲ့.. ဒီကောင့်မေးကြည့်ကျွန်တော့်အကြောင်း ဒီကောင်အသိဆုံး.. ဟာ.. သွားပြီကွာ.. အိုက်စကရင်တွေ တော်တော့်ကို အရည်ပျော်ကုန်ပြီ.. ဒီမှာ ကျွန်တော်လက်ချောင်းတွေပေါ် အရည်တွေစေးကပ်ကပ်နဲ့ စီးကျလာပြီတွေ့လား.. ။ နေရခက်တယ်ဗျ.. ရော့ပါ.. မြန်မြန်ယူပြီး ကျွန်တော့်မျက်နှာကို ပေါက်လိုက်စမ်းပါ.. "

သိဂီတော်သည် အင်မတန် တဖွတ်ထိုး ရမ်းကားတတ်ပြီး ကမူးရှူးထိုး နိုင်လှသောသူ့ကို သည်းမခံနိုင်သည့်အဆုံးမှာ သူ့ရှေ့က မြန်မြန်ထွက်သွားဖို့ ဆုံးဖြတ်လိုက်၏။ သူ့ကို ကျောခိုင်း၍ ချာကနဲ လှည့်ထွက်ရုံတင်မက သူမ၏ ပါးစပ်မှ စကားလုံးတစ်ချို့ ကျွံထွက်သွားခြင်းသည် သူမ တစ်စက်ကလေးမှ မမှားခဲ့ဘူးဟု ထင်ပါသည်။

"လူရမ်းကား.. ကလေကချေ.. လမ်းသရဲ.. ဂျစ်ပစီ"

ထိုစကား ကြားလိုက်သောအခါ သူ့မျက်နှာကဖြတ်ရိုက်ခံရသူပမာ တစ်ချက်လန်သွားလျှက် သူ့မျက်လုံးတွေ







[illegible]တော့ တစ်ခုခုကို [illegible]ကျင်သွားဟန်တွေ ဖြတ်ကနဲ ပြေးသွားသည်။

သူ့ကို ကျောခိုင်း၍ ခြေလှမ်းကျဲကျဲဖြင့် လျှောက်ည့်တိုင် ထိုနာကျင်သော အရိပ်များ ပြည့်နေသည့် မျက်ဝန်းတို့ သူမ၏ အာရုံထဲတွင် ဖျောက်ဖျက်မရခဲ့။ သိပ်ထူးဆန်း သူလို အရာရာကို အလေးအနက် မထားတတ်မဲ့ စရိုက်ကောင်ကလေးက ဒီလိုစကားနဲ့ အပြောခံရတာကို နာသတဲ့။

သူ့ကို သူမ, သာမက သူမ, ဒီစကား မပြောခင်သည်းက ပြောဆို ဆဲရေးကြမည့်လူတွေ နည်းနည်းမှတောင်ဘူးမှာတော့ မဟုတ်။ သူ့အတွက် ကြားလေ့ကြားထ ရှိမယ့်ထိက်တန်သော ဂုဏ်ပုဒ်ကို ပြောဆိုခံရတာကလေးလောက်အတွက် အဆန်းတကြယ် ဖြစ်စရာလဲ မရှိပြီ။

သို့သော် ထူးဆန်းခဲ့သည်မှာ သူကသူမရဲ့ အပြောခံရခြင်းကို အတော်နာကျင်သွားကြောင်း သူမ,မကြာခင်မှာသိရစေရန် ရဲတင်းစွာပင် ဖန်တီးခဲ့သောကြောင့် ဖြစ်ပါသည်။ ကျားမှ လမ်းဖြတ်ကူးရန် မီးနီမည့် အခိုက်အတန့်ကို ရပ်စောင့်နေသော သူမ,ထံ သူဖြတ်ကနဲ ရောက်ရှိလာကာ နံဘေးမှာ ရပ်ရင်း..

"ဒီမှာ.. ကောင်မလေး.. ကိုယ့်ဘဝမှာ.. မင်းလောက်.. ဘယ်သူ့ကိုမှ.. ကိုယ်ရဲ့မတော်တဆ အမှုတွေအတွက်..

အုပ် (၃၀) ပြောက် ရုံ‌မှာ အထိပ်အမှတ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်လက်ရှည် မတောင်းပန်ဖူးခဲ့ဘူး… ပြီးတော့ ကိုယ့်ကို ခုန မင်းစော်ကားသွားလိုက်တဲ့ စကားမျိုးတွေ အခြား အယောက်တစ်ရာက ဆဲသွားတာထက်… မင်း ပါးစပ်က ပြောသွားတာကို ခံလိုက်ရတာလောက် တစ်ခါ အကြီးအကျယ်… မနာကျင်ခဲ့ဖူးဘူး… ။ မင်း… ကိုယ့်ကို စော်ကားလိုက်တဲ့ စကားအတွက် ကိုယ့်ရင်မှာ တော တော် နာသွားတယ်ဆိုတာ မြဲမြဲမှတ်ထား… ။

ဒါပေမဲ့… ကိုယ်… မင်းကို စိတ်မဆိုးဘူး… မင်းက လူ အများကြီးရှေ့မှာ ကိုယ့်ကို ဆဲသွားတာတောင် ရင်ထဲမှာ နာသွားခဲ့ရက်… စိတ်မဆိုးတဲ့ လူတစ်ယောက်ကို… မင်း အမှတ်တရဖြစ်နေစေဖို့… ကိုယ့်နာမည်ကို ပြောပြခဲ့မယ် ရာဇ တဲ့… မှတ်ထားနော်လို့… မမှာတော့ဘူး… ကိုယ်သိ နေတယ်… မင်း… ကိုယ့်ကို ဘယ်တော့မှ မမေ့ဘူးလို့…

အိုကေ… ကိုယ်တို့ ထပ်ကိုတွေ့ကြဦးမှာပါ… ဘာဖြစ်လို့ လဲဆိုတော့… ကိုယ်ကမင်းနဲ့မတွေ့… တွေ့အောင် ဖန်တီး တော့မှာမို့လို့ပဲ… ကဲ… ကိုယ်သွားပြီ"

သူသည် တရစပ်ပြောပြီးပြီးချင်းပင် ချက်ချင်း သူ နံဘေးမှ ပြေးထွက်သွားတော့သည်။ ဘယ်လောက် ဒေါသဖြစ် စရာကောင်းတဲ့ အဖြစ်လဲ။ ကိုယ်နဲ့ အဆင့်တန်းချင်းလဲမတူ စရိုက်ကလဲ ညံ့ဖျင်းတဲ့ လူတစ်ယောက်ကများ ဒီစကားပြောသတဲ့





…မကန်လိုက်တာကွယ်။ ဘယ်လောက် သနလိုက်သလဲ။

သို့သော်ပြောရင်ယုံပါ့မလားတော့မသိ။သိင်္ဂီတော် …ည် အဲ့ဒီကောင်လေး ပြောသလိုပဲ မိုက်မဲစွာပင် သူနှင့် ရန်ဖြစ် …သမျှတွေအား ရုပ်ရှင်အနေးပြကွက်တွေပမာ တစ်ကွက်ချင်း …ကြာခဏ ပြန်မြင်ယောင် တွေးတောနေမိသည်မှာ သူနှင့် တွေ့ဆုံ …ပြီးသည့် နောက်ရက်တွေမှာ ဖြစ်လေသည်။

ပြီးတော့ "ရာဇ" ဆိုသည့် တင်တင်စီးစီး သူ့ပုံစံ …နှင့်မလိုက်သော နာမည်ကိုလည်း ယောင်လို့တောင် မမေ့ခဲ့ချေ။

ထိုအချိန်မှစ၍ သိင်္ဂီတော်၏ သမားရိုးကျဖြတ် …န်း ကုန်ဆုံးရမည်ဟု တရားသေတွက်ဆထားသော ဘဝ တစ်ခု …ည် ပြောင်းလဲ လှုပ်ခတ်ခြင်းများစွာဖြင့် စတင် ရင်ဆိုင်ရတော့ …ာဖြစ်သည်။

✿✿✿✿

အခုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့တွေ့ဆုံပြီးသည့် သုံးရက်မြောက်နေ့မှာ သူ
ပြန်၍တွေ့ရပါသည်။ အမှန်ဆုံးပြောရရင် မေမေ့ကုမ္ပဏီရှေ့
ပတ်ကင်ဝင်ရန် သီးသန့် ကန့်သတ်ပေးထားသော ပလက်ဖော
ဘောင်တွင် သူမတို့ ကားအလာကို ရပ်စောင့်နေသည့် သူ့ကြေ
သူနဲ့သူမတို့ ပြန်ဆုံတွေ့ကြခြင်းဖြစ်သည်။ ဒါ သူ ကြိမ်းဝါး
ဆိုခဲ့သလို သူမနဲ့မတွေ့ တွေ့အောင် စတင်ဖန်တီးခြင်းပဲဟု သူ
မြင်စမှာ ချက်ချင်းသူ၏ စကားတချို့ကို သတိရသွားသော သူ
ကိုယ်သူမလည်း ခွင့်မလွှတ်ချင်တော့ပြီ။

သိင်္ဂီတော်သည် သူ ရပ်နေတာကို ကားမှန်
တွေထဲမှ ကြိုမြင်ထားပြီးပြီမို့ ကြိုတင် ရင်ခုန်သွားချင်သား
သူ့ကို ပြန်လဲဆုံချင်သည်။ သို့သော် ပြန်ဆုံရမှာကိုလည်း စိုး
ကြောက်ရွံ့နေချင်မိပြန်သည်။ အင်း သူ့မျက်လုံးတွေရှေ့က ဖြ
ပြီးလမ်းလျှောက်ရရင်ဖြင့် သူမမှာ ရှိနေတဲ့ အားအင်တွေ ဆု
ယုတ် ကုန်ခမ်းသွားတော့မတတ် ဖြစ်မှာသေချာသည်။ ဘ
လောက် ရင်ခုန်စရာ ကောင်းတဲ့အဖြစ်လဲ။

တဖန် ကံဆိုးစွာပင် ဘဘသိန်း ကားပတ်ကင်
ယူရပ်လိုက်သောနေရာက သူ ရပ်နေသည့် ပလက်ဖေါင်းနှ
တည့်တည့်မှာ ဖြစ်နေခဲ့သည်။ သူသည် သူမတို့ကားကို သေ
ချာချာ စိုက်ကြည့်နေခဲ့ကြောင်း မသိမသာ နောက်လှည့် အ
ခတ်စဉ် တွေ့ရ၏။ ကြည့်စမ်း သူသိနေတယ်ပေါ့။ သူမ, ဟ
ဘယ်သူဘယ်ဝါဆိုတာ၊ ဘာကားစီးသလဲဆိုတာ၊ ဘယ်မျိုးရိုး





ဆက်ကဆိုတာ၊ ဘယ်လောက် ချမ်းသာမြင့်မားသလဲဆိုတာတွေ။
မိုးနဲ့မြေကြီးလို ကွာခြားတဲ့ သူ့အဆင့်အတန်းနဲ့များ သူမကို
တော်သက်ချင်ရသတဲ့။ ဒါဟာ မရိုးမသား ကြံစည်မှုပဲ ဖြစ်လိမ့်
မေလား ဟူ၍ ရင်ထဲမှာ နာနာကြည်းကြည်း တွေးမိနေမိပြန်သည်။

သိင်္ဂီတော်သည် ကားပေါ်မှ အောက်ကိုဆင်းရမှာ
ကြိုးရွံ့နေမိခဲ့သည်။ မေမေ့ဘက် အခြမ်း ကားတံခါးကို ကုမ္ပဏီ
ဒုံထမ်းကောင်ကလေး အပြေးလာဖွင့်တဲ့အထိပင် ကားထဲတွင်
အကြာကြီး ဆက်ထိုင်နေမိ၏။

"သမီး... ဆင်းတော့လေ ဘယ်နှယ့်... ဆက်ပြီး ထိုင်နေ
ရတာတုန်း"

ဟု မေမေက မေးသည်။ သိင်္ဂီတော်သည် တစ်
သက်နဲ့တစ်ကိုယ် မေမေ့ကို မညာခဲ့ဖူးသမျှ အခုမှ စတင်ညာမိ
တော့သည်။

"အင်း... သိပ်နည်းနည်း အိပ်ချင်နေသေးလို့... Drowzy
ဖြစ်နေတာ မေမေ... ညက သိပ်နောက်ကျမှ အိပ်ရာဝင်
တာ..."

"ဗွီဒီယိုခွေတွေ တစ်ထပ်ကြီး ထိုင်ကြည့်တာကိုး... ဘာလို့
တစ်ရက်တည်း သုံးခွေတောင် ငှားကြည့်ရသလဲ... ကိုယ်
က အလုပ်နဲ့အကိုင်နဲ့ အားတာလဲမဟုတ်... တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွေဆို တော်ရောပေါ့.. ကဲ လာလာ Drowzy ဖြစ်တယ် အကြောင်းပြပြီး အိမ်ပြန်ချင်လို့ မရဘူး.. မေမေ့ ဒီနေ့လာမဲ့ နိုင်ငံခြား ကုမ္ပဏီက အရောင်းကိုယ်စားလှယ်တွေ စကားပြောဆိုကြမှာကို လိုက်လေ့လာဦး..ဗဟုသုတ ရတာပေါ့.. "

နောက်ဆုံးတော့ သိင်္ဂီတော်သည် ကားတံခါးကို ဖွင့်၍ ဆင်းလိုက်ရပါတော့သည်။ ကား၏ နောက်ခြမ်းရှိ ပလက်ဖောင်းတွင် သူ၏ ခပ်ပွပွ၊ ခပ်ကြေကြေ ဘောင်းဘီအိတ်ထဲ လက်တစ်ဘက် ဟန်ပါပါ သွင်းရင်း စီးကရက်ခဲကာ ခပ်ယိုင်ယိုင် ဟန်ပန်ဖြင့် ရပ်နေသော သူ့ကို မျက်လုံးထောင့်မှာ တွေ့နေရသည့် အခါ သူမ၏ ခြေဖျားလက်ဖျားတွေ အေးစက်သွားခဲ့သလိုပင်။

မကြည့်ဘူး။ သူ့ကို လုံးဝမကြည့်မိစေရဘူး။ သူ့မျက်လုံးတွေကို ရင်ဆိုင်ရမှာ ကြောက်တယ်။ သူဟာ အနည်းဆုံးတော့ရင်ဖြင့် ခပ်ညို့ညို့မျက်လုံးတွေနဲ့ကို တမင်စိုက်ကြည့် နေလိမ့်ဦးမယ် ဆိုတာ သူမ သိနှင့်နေသည်။

မေမေ့လက်မောင်းကို ချိတ်၍ သူနဲ့ဝေးရာအခြမ်းမှ ပလက်ဖောင်းဘက်မှာလျှောက်လျှင် သူသည် သိသိသာသာပင် သူ့ခန္ဓာကိုယ်ကို ဟန်ပါပါ တစ်ပတ်လှည့်သည်ထိ သူမ,အား လိုက်ကြည့်၏။ သူ လှုပ်ရှားသမျှ မော့မကြည့်မိအောင် ခေါင်းငုံ့ထားသော်လည်း အမှန်မှာ သူမသည် သူ့လှုပ်ရှားမှုတိုင်းကို မျက်လုံး

စေတနာစာပေ



ထောင့်မှ လိုက်အကဲခတ်နေမိ၍ မြင်နေရတာဖြစ်သည်။

သူ့ရှေ့မှ အဖြတ်တွင် သူသည် ခပ်ကျယ်ကျယ် ကလေးပင်...

"မြင်နိုင်ရင်လေ... 'ကိုယ့်ရင်ထဲ.. တားဆီးကြည့်မနေနဲ့.. အံ့ပုန်းရဲ့ အချစ်စိတ်ရိုင်း.. လေထုထဲမှာ.. ပြည့်နေမလား ကြာရှည်ရင်ဆိုင် သိပ်မလွယ်ဘူး.. အချိန်တိုင်း နီးနီးရှိနေချင်... ရှေ့တိုးရင်း နောက်ပြန်ရင်း.. "

သူ၏ အောင်မြင်ထယ်ဝါ၍ အင်အားကောင်းသောအသံဖြင့် သီချင်းတစ်ပိုင်းတစ်စကို ဆိုလိုက်သည့်အခါ သူမ၏ လက်တွဲချိတ်ထားသော မေမေ့ခန္ဓာကိုယ် ဆတ်ကနဲ ဖြစ်သွားပြီး သူ့ကို လှည့်ကြည့်တာ မြင်ရပါသည်။

မေမေက ထားတော့။ သမီးရှင်မို့ သူ့ကို လှည့်၍ ဘုကြည့်ကြည့်သည်ပဲပေါ့။ သို့သော် သူ၏ အစွမ်းထက်လှသော သီချင်းသံ၏ ညို့ငင်မှုကြောင့် သူ့ကိုမကြည့်ဖို့ စိတ်တင်းထားသမျှတွေ အရည်ပျော်ခဲ့သူမှာ သိင်္ဂီတော်ပဲ ဖြစ်သည်။

အို သူ့မျက်လုံးတွေဟာကွယ်။ အားငယ်ခြင်း၊ ခွင့်တောင်းခြင်း၊ ခယခြင်း၊ မြတ်နိုးခြင်း၊ တမ်းတခြင်း၊ တွယ်တာခြင်း အိုး အများကြီးပဲကွယ်။ အဲ့ဒီလို အရိပ်မျိုးတွေ ယှက်လို့နေ၏။ ထိုအချိန်တွင်လောက် သူမ၏ ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်ကာ

အုပ် (၂၀) မြောက် ပုံနှိပ်မှု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကစဉ့်ကလျား ဖြစ်၍ ရင်တွေ တဆတ်ဆတ် တုန်ရတာမျိုး ရှိ တော့ပြီ။ ပြီးတော့ သူ့နှုတ်ခမ်းမှ...

"မျှော်လင့်ခြင်းမင်းလေ... မျှော်လင့်ခြင်းအချစ်ရေ... အိုး... သိရဲ့လား... အိုး... မျက်စိမှိတ်ချစ်တယ်... လိုအပ် ခြင်း မင်းပဲ... မင်းအသိပါလေ"

သီချင်းဆက်ညီး လိုက်သည့်အခါ သိင်္ဂီတော်၏ မိမိကိုယ်ကို ကာရံထားသော တံတိုင်းတွေ ပြိုအက်ကြွေပဲ့မှု စတင် တော့တာဖြစ်သည်။

သူ့ကို ကျောခိုင်းထားခဲ့ရသော်လည်း ကုမ္ပဏီ၏ အဝင်ပေါက် ဂရေးကာလာ မှန်တံခါးကြီးက သူနဲ့သူမတို့ကို ခြား နားလိုက်သော်လည်း သူ့အကြည့်နဲ့ သူ့သီချင်းသံကလေးကတော့ သူမ၏ စိတ် အလျဉ်ကို ဘယ်လိုမှ ခွဲ၍ မရနိုင်တော့ပြီ။

"ခုန ကောင်ကလေးဟာ... တော်တော် လမ်းသရဲဆန် တာပဲ... စီးကရက်ကလဲ အငွေ့တလူလူနဲ့... မအေ တစ် ယောက်လုံး ဘေးမှာပါတာတောင် လေးစားသမှုမရှိဘူး... ဘယ့်နှယ့် အသံကလဲ ကြီးမားပါ့... လမ်းမမှာ ဒီလောက် လူသံ ကားသံတွေ ဆူတာတောင် သူ့သီချင်းဆိုသံ အကျယ်ကြီးက စီကနဲ ခွဲထွက်လာတော့တာပဲ... သူဌေး သမီးဆိုပြီး ချိုင်ချင်တဲ့လူတွေကလဲ ပေါမှပေါ ငါ့သမီး သိင်ကလဲ ဘဝင်က ခေါင်ခိုက်နေတော့ ဟုတ်ပေ့ဖြစ်နေ





ပြီ... ငယ်ငယ်လေးတည်းက ဘွားအေရိုက်သွင်းထားတဲ့ သူဌေးဘွဲ့ဆိုတာကြီးကို ဂုဏ်ယူချင်စိတ် ရှိနေတဲ့ သမီး ကိုတော့ မေမေ တကယ်အံ့ကျုးတယ်သိလား... ပြီးတော့ သမီးရဲ့ ဘွားအေ အမေ့ကိုလဲ ကျေးဇူးတင်တယ်။ မေမေ့ သမီးကို မေမေ အရာရာမှာ စိတ်ချရတာဟာ သမီးမှာ အဲဒီ့လို သူ, မတူတဲ့ တစ်ယူသန် အစွဲရှိနေအောင် ဘွားအေက ပြုပြင် ပုံသွင်းခဲ့လို့ပဲ မဟုတ်လား... သမီးက ဘယ်သူမှ ကိုယ်နဲ့တူတယ် တန်တယ် မထင်ဖြစ်နေတာ လေ... အင်း... အဲ့ဒီကောင်လေးလိုမျိုး တင်မက ဒီ ကုမ္ပဏီထဲက ပညာတတ် အဆင့်အတန်းလဲ မြင့်တဲ့ ကောင်လေးတွေရော ဘာထူးလို့လဲ... စေ့စပ်ပြီးသားလူ အတိအလင်း ရှိရက်နဲ့တောင် မေမေ မမြင်ရင် မမြင်သလို ငါ့သမီးကို ခိုးကြည့်ကြတာ မသိရင်ခက်မယ်... အခုခေတ် ယောကျာ်းလေးတွေများ တစ်စက်မှ စင်းလုံးချောတာ မရှိ ဘူး... စိတ်ဓါတ်၊ အကျင့်စာရိတ္တ၊ ပညာ၊ ခနဉစ္စာ၊ အဆင့် အတန်း တစ်ခုမဟုတ် တစ်ခု ချွတ်ယွင်းနေကြတော့တာ ပဲ... "

မေမေသည် ခါတ်လေ့တားဖြင့် တက်လာရာ တလျှောက် ဤမျှ စကားတွေဖြင့်သာ သူမ၏ ယူဆချက်ကို ပြော ခဲ့လေသည်။ မေမေသည် သူမ၏ သမီးဖြစ်သော သိင်္ဂီတော်၏ မာနနှင့်စိတ်ဓါတ်တို့ ငယ်ငယ်တည်းက အရွယ်နဲ့မလိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခိုက်နေခဲ့ခြင်းအတွက် လက်ဖျားခါခဲ့သူပီပီ ယခုလို ရာဇဝင်မထင်မရှား လုပ်ရပ်ကလေးက သိင်္ဂီတော်ကို တိုက်ရိုက်ထိမှန်စေလိမ့်မည်မှန်း မသိခဲ့ရှာပါ။

သိင်္ဂီတော့်မှာသာ အင်း သူမမှာသာ။ သူ့မျက်ဝန်းအကြည့်များနှင့် သူ့သီချင်းသံတို့ကြားမှာ နစ်မြုပ်လုလု။ သိပ်သိတာပေါ့။ ရှင်ဆိုလိုက်တဲ့ သီချင်းလေးကို။ သူမကိုယ်တိုင်လည်း အနှစ်သက်ဆုံး အဆိုတော်ဖြစ်သည့် "လေးဖြူ" ရဲ့ အောင်မြင်ကျော်ကြားသော သီချင်းများထဲက တစ်ပုဒ်ကိုမှ သူဆိုလိုက်တာပဲ မဟုတ်လား။

"မျှော်လင့်ခြင်းလေး" တဲ့လား ရာဇရယ်။ အဲဒီသီချင်းတစ်ပုဒ်လုံးကို ကိုယ် သိနေတယ်။ မင်းပြောချင်တဲ့ စကားတွေက အဲ့ဒီထဲက အတိုင်းပဲလား သူငယ်လေး။

မဖြစ်သင့်ဘူး ဒီလောက်ဏလေး။ ပထမတစ်ကြိမ်ရန်ဖြစ်လို့ ဆုံရရုံနဲ့ ယခု ဒုတိယအကြိမ် သူ့ဘက်က စောင့်ကြည့်ပြီး သီချင်းနဲ့ စောင်းဆိုလိုက်ရုံနဲ့ ဒီလောက်ထိ အလွှာတကူတိမ်းညွတ် ယိမ်းယိုင်ဖို့ မသင့်ဘူးကွယ့်။ သိင်္ဂီတော်က သာမန်မိန်းမမှ မဟုတ်တာ။ သူ့ငွေမျိုးရိုးစစ်စစ်က ဆင်းသက်လာရခြင်းကို ဂုဏ်ယူသူ၊ ဆင်းရဲတဲ့လူကို မဆိုထားနဲ့ ဆင်းရဲရာမှ တိုးတက်ကြီးပွား ချမ်းသာလာတဲ့ လူကိုတောင် အထင်မကြီးချင်တဲ့သူ၊ တစ်ယူသန် အစွန်းရောက်တဲ့ အယူအဆရှိတဲ့ မိန်းမ၊ ပြီးတော့





ချစ်သူ လက်ရှိ ရှိနေပြီးသား လက်ထပ်ရန် ပြင်ဆင်ပြီးသား မိန်းမ။ ရှင်းရှင်းပြောရရင် သိင်္ဂီတော်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရည်မှန်းချက်တွေ အကုန်ချရေးပြီးလို့ စာမျက်နှာကုန် စာတစ်ပုဒ်ပြီးလို့ အနားသတ်မျဉ်း ဆွဲလိုက်ပြီးသား အခြေအနေမျိုးနဲ့လေ။

သိင်္ဂီတော်သည် သူ့မျက်နှာကို ပြန်မမြင်ယောင်စေဖို့ ကြိုးစားမေ့ပျောက်သော်လည်း မရ။ သူ၏ မည်းနက်တောက်ပသော မျက်ဝန်းတစ်စုံ၊ မျက်ခုံးနက်နက်၊ ချွန်မြမြနှာတံနှင့် မေးရိုး ထင်းထင်းရှိသည့် ပြေပြစ် ကြည့်ကောင်းလှသောမျက်နှာကို သတိရနေမိသည်။ သူက အသားဖြူသူဖြစ်၏။ သူ၏မည်းနက် ပြောင်လက်ကာ ခပ်စင်းစင်းရှည်ကျနေသော ပုခုံးထောက်မည့် ဆံပင်ရှည်တို့ကို နောက်ဘက်မှာ စည်းနှောင်ထားသည့် စတိုင်လ်ကို နှစ်ခါစလုံး တွေ့ဖူးသမျှ သဘောကျမိသည်။

လေးဖြူသီချင်းကို လေးဖြူအသံနဲ့ ဆင်တူအောင်ဆိုနိုင်စွမ်းရှိသည့် သူ့မှာ မထီတရီ ပြုံးသော နှုတ်ခမ်းများ မရှိလျှင်၊ ဘဝွတ်ထိုးဟန်ပန်များ မရှိလျှင်၊ လောကကြီးကို ဂရုမစိုက်သည့် ဟန်ပန်များမရှိလျှင် အင်း နေဦး ရာဇဟာ ကိုယ်နဲ့တူသလားဘန်သလား အရင်စဉ်းစားဦး။

"ဟဲ့... သိင်... မမနန်း မေးနေတာ ဖြေလိုက်လေ... မေမေဖြင့် သမီးကြားမယ်ထင်ပြီး နားထောင်နေတာ...ဘာငေါင်နေပြန်တာတုန်း... ဘာလဲ အိပ်ငိုက်နေတာလား...အိပ်



www.burmeseclassic.com

www.burmeseclassic.com



ငိုက်ရင်လဲ အောက်ဆင်းပြီးဟိုနား ဒီနား လျှောက်ကြည့်လိုက်... ဒါမှ မျက်စိကျယ်သွားမယ်... သွားမလား... သိင်။ မေ့မေ့ကိုပြောတော့ ဟိုနားက မွေးပွဲ အရုပ်ဆိုင် သွားကြည့်ချင်တယ်ဆို... အဲဒါ သွားကြည့်ပြီး ကြိုက်တာတွေ့ရင် ဝယ်လိုက်... ဒါမှ... အိပ်ချင်စိတ် ပျောက်သွားမယ် နောက်မို့ ဘွားအေ ဘာမှာလိုက်တယ်မသိဘူး... အိပ်ငိုက်တာ အကြောင်းပြပြီး အိမ်ပြန်ဖို့ ကြံစည်နေတာ မမနန်းရေ.. "

ဘုရားရေ။ မေမေက အောက်ဆင်းဖို့ အတင်းလွှတ်နေပြီ။ ဟင့်အင်း မသွားဘူး။ သွားချင်တဲ့ ခြေထောက်တွေကို ရိုက်ချိုးပစ်မယ် ဘာမှတ်သလဲ ဟင်း။

"ပြော... ဘွားက ဘာတွေ ထပ်မှာလိုက်သလဲ... အဲဒါကြောင့် သိင်ကလေး အိမ်ပြန်ဖို့ မေမေ့ကို လှည့်ကျနေတာမဟုတ်လား.. အိပ်လဲ မအိပ်ချင်ပဲနဲ့"

"သိင်တကယ် အိပ်ငိုက်တာပါ မေမေရဲ့... ဘွားက ပြန်လာဖို့တော့ မှာပါတယ်... ဒါပေမဲ့ သိင်မပြန်ပါဘူး... အန်တီနန်းကို ဒီနေ့ သိင်လုပ်ပေးစရာတွေ ရှိတယ်... ခဏပါ.. သိင်ခဏငေါင်ပြီးရင် ကောင်းသွားမှာပါ"

"အရုပ်သွားဝယ်လိုက်လေ.. ဟိုဘက်ကားလမ်း ကူးရတာနဲ့ သမီး အိပ်ငိုက်ချင်မှာတောင် မဟုတ်တော့ဘူး"





ဟိုဘက်ကားလမ်း။ ဟော့အေး သွားလို့ မဖြစ်ပါဘူးယ်။ သူရှိနေလိမ့်မယ်။ သူ့ကို ရင်ဆိုင်ရမှာ ကြောက်သည်။ သူ့စကားတွေ လာပြောမှာကို မကြားရဲပြီ။

သိင် ဘာများဖြစ်သွားတာပါလိမ့်။ အရင်က ကျောင်းမှာဆို ကိုယ့်ကို လိုက်စကားပြောသမျှ လူတွေကို ခပ်ရဲရဲ ခပ်တည်တည် ပြန်ဟောက်ရဲသလောက်။ ဒါမှမဟုတ် ယဉ်ယဉ်ကျေးကျေး ပြန်ငြင်းရဲသလောက် ရာဇကိုတော့ ဘယ်နည်းနဲ့မှကို ရင်ဆိုင်လိုက်ရမှာလဲ မရဲပြီ။ ရင်ထဲမှာ ဘာကို ဝမ်းနည်းကြေကွဲမှန်းမသိ။ ဘာကို စိတ်ပျက် နေမိမှန်းမသိ ဘာကို ယူကြုံးမရဖြစ်မှန်းမသိ။ ဝေခွဲရခက်သော ခံစားရခြင်းတွေ ရောပြွမ်း၍ ဘည်း။

"သိင်... မဝယ်တော့ပါဘူး.. ကိုကြီးက နောက်အပတ်ကျရင် ပို့ပေးမယ်လို့ ညက ဖုန်းဆက်တယ်... သိင်က အဲ့ဒီ အရုပ်ကောင်လေး ပုံစံပြောပြတော့ ကိုကြီးကမှ သိင်မဝယ်နဲ့ သူဝယ်ပေးပြီး ပို့လိုက်မယ်ဆိုလို့... "

သိင်္ဂီတော်သည် ကိုကြီးဟူသော အမည်နာမကို သူမ၏ စကားထဲမှာ သုံးနှုန်းလိုက်ရသည့်အခါ တစ်စုံတစ်ခုနဲ့ ခြားခံလိုက်ရသည့်ပမာ ခံစားမိပြန်သည်။

နောက်ဆုံးမှာတော့ သိင်္ဂီတော်သည် သူမ၏ စိတ်ခံစားချက်များကို ဖြေဖျောက်သည့်အနေနှင့် ဝေါ့လ်ခ်မင်နဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



လေးဖြူ၏ "ကန္တာရပင်လယ်လမင်းအော်သံ" ဆိုသည့် သီချင်းခွေကိုထည့်၍ နားထောင်နေလိုက်တော့သည်။ "မျှော်လင့်ခြင်းလေး" ဟူသော သီချင်းကိုပင် ခဏခဏ ရစ်၍ဖွင့်မိရင်း ရာဇ ဘာကို ဆိုလိုချင်သလဲဆိုတာ သဘောပေါက်လာရတော့၏။

ရာဇ ရှင်ဟာ တစ်ယောက်ထဲ အထီးကျန်နေရတဲ့ လူတစ်ယောက်များလားဟင်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသီချင်းထဲမှာ "တစ်ယောက်ထဲဘဝက... အထီးကျန်လွန်း" လို့ ဆိုထားခဲ့တယ်။ ရှင့်အကြောင်းတွေ သိလဲသိချင်တယ်။ သိလဲမသိချင်ဘူးကွယ်။

သို့သော် "သူမချစ်ခိုင်းလဲမုန်းလို့မဖြစ် ဒီအချစ်က အမုန်းမဟုတ်ဘဲနော်" ဆိုတာမျိုး။ "အချစ်ဆုံးက ဘဝတစ်လျှောက်မှာမင်းပဲ" ဆိုတာမျိုး တွေကို "လေးဖြူ" က အပီပြင်ဆုံး ဆိုပြနိုင်လေလေ အဲ့ဒီ သီချင်း တစ်ပိုင်းတစ်စကိုမှ ရွေးချယ်ဆိုသွားတဲ့ ရှင့်ကို မြင်ယောင်လေလေ အဲ့ဒီ သီချင်းစာသားတွေအတိုင်း ရှင် တကယ်သတ်မှတ်သလား သိချင်လေလေ ဖြစ်နေပြီ။

ကုမ္ပဏီမှာ ထမင်းစားပြီးချိန်တွင် မေမေက ဒိုင်ငံခြားဧည့်သည်တွေအတွက်နေ့လည်စာစီစဉ်သောအခါ သီဂီတော်သည် အလုပ်များလည်း အနားရလေသည်။ ထိုအခါ သူမသည် စိတ်လိုအင်ဆန္ဒနောက်လိုက်လျှင် မှန်ပြတင်း အသေပိတ်ထားသော မှန်ချပ်တွေမှာ မျက်နှာကပ်ရင်း အောက်မှာ ဥဒဟို သွား





နေကြသော လူတွေထဲမှာ ရှိနိုင်မည့် ရာဇ ကို လိုက်လံ ရှာကြည့်မိပါသည်။

သို့သော် သူ ရှိမနေခဲ့။ အဲ့ဒီအတွက် သူမ, ထူးထူးခြားခြားပင် မကျေမနပ် ဖြစ်သည်မှာ ဘာကို မကျေနပ်မှန်း မသိ

ဒါပေမယ့် အဲ့ဒီ သူငယ်ကလေးသည် ညနေဘက်မေမေနဲ့သူမ၏ အိမ်ပြန်ချိန်မှာတော့ သူမ၏ မာစီဒီးကား ရပ်ထားရာ ပလက်ဖောင်းဘေးမှာပင် ရောက်ရှိနေနှင့်ပြီး ဖြစ်သည်။ ဒီတစ်ခါတော့ သူက စီးကရက် သောက်မနေ။ အမယ်လေး မှန်တံခါးအဖွင့်မှာ မျှော်လင့်တကြီး လှမ်းကြည့်လိုက်တဲ့ အဲဒီကြီးက သူ့မျက်လုံးတွေနဲ့ ဆုံလိုက်ရတာတောင် သူမ ဘယ်လောက် ရင်ဖို သွားရသလဲဆိုတာ။ ပြီးတော့ သူ ဒီလို စောင့်နေခြင်းအတွက် ဘယ်လောက် ကျေနပ်သွားရသလဲဆိုတာ။ ပြီးတော့ သူရဲ့...

"အို... သိရဲ့လား... မင်းမသိလို့လား... အသက်သွေးနဲ့ဘဝ... သူ မချစ်ခိုင်းလဲမုန်းလို့မဖြစ်... ဒီအချစ်က အမုန်းမဟုတ်ဘဲနော်... အသက်သွေးနဲ့ဘဝ... "

ဟူသော သီချင်းညီးသံသဲ့သဲ့။

သေချာသွားတာတစ်ခုကတော့ သူ ထပ်မံ၍ ဆိုလိုက်ပြန်သော ညနေအိမ်အပြန်မှာ ကြားခွင့်ရလိုက်သည့် "မျှော်

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com

လင့်ခြင်းလေး” သည် သူ့ရင်ထဲက ခံစားချက် အမှန်ပင်ဖြစ်ကြောင်း သူမ တစ်ထစ်ချ လက်ခံ၍ ကျေနပ်ပီတိ ဖြစ်သွားခဲ့ပြီတည်း။

## ၇

ရာဇသည် နေ့စဉ်ရက်ဆက်ပင် သီဂီတော်၏ ရှုံးနှင်းသာချိန်၊ ပြန်ချိန်များကို ကုမ္ပဏီရှေ့ ကားပတ်ကင်ရပ်သော လက်ဖေါင်းဘေးတွင် နေရာယူ စောင့်ကြည့်ဖန် များလာသောအခါ၊ သူမကိုတွေ့တိုင်း “မျှော်လင့်ခြင်းလေး” ဟူသော သီချင်းဖြင့် ဆိုညီးပြတတ်သောအခါ မေမေက ရာဇကို အတော်ပင်သတိထားမိလာပြီ။

မေမေတင်မက ဘဘသိန်းလည်း သတိထားမိခဲ့ပြီ။ အဲဒါတွေ ထားတော့ သီဂီတော်ကတော့ သူ့ထံမှ “မျှော်လင့်ခြင်းလေး” ဟူသော သီချင်းတစ်ပိုင်းတစ်စ ကြားလိုက်ရင်ဖြင့် သူ့ကို တချက်ကလေးတော့ လှမ်းကြည့်နေတတ်ပြီ။ သူနှင့်သူမတို့ကြားတွင် မမြင်နိုင်သော ဆက်သွယ်မှုတစ်ခုက အလိုလိုရှိပြီးသား ဖြစ်နေခဲ့လေပြီ။

www.burmeseclassic.com



"အဲ့ဒီ... ကောင်ကလေးဟာ အလုပ်မရှိ အကိုင်မရှိ အစား ထဲကပဲ ဖြစ်မယ်... မေမေ့သမီးကို သူကြည့်တဲ့... မျက်လုံး တွေကို မေမေမကြိုက်ဘူး... တစ်မျိုးပဲကွယ်... "

ဟုတ်လား မေမေ။ ဘာတစ်မျိုးလဲဟင် ဟု စိတ် ထဲမှ တုံ့ပြန်မေးချင်မိသည်။ သိဂီတော်သည် ဘယ်လောက် မိုက် မဲလိုက်သလဲဆိုရင် ချစ်သူလည်း ရှိနှင့်ထားပြီး ရက်နဲ့တော် နောက်ထပ် ယောကျ်ားတစ်ယောက်ဆီက နောက်ထပ်ချစ်ခြင်း တစ်ခုကို ထပ်မံ မျှော်လင့်ဖို့ စိတ်ကူးစ ပြုလာခြင်းပင်။ ဘယ် လောက်ဆိုးရွားတဲ့ သူမရဲ့စိတ်ဓါတ် အပြောင်းအလဲ တစ်ခုလဲ။

ယောကျ်ားတစ်ယောက် အထူးသဖြင့် ရာဇဝတ်သား အခြေအမြစ် မရှိသည့် ယောကျ်ားတစ်ယောက်ကို ထပ်မံချစ်သူ ဖြစ်ဖို့ အကြံအစည်မျိုး ဘယ်တော့မှ ပေါ်ပေါက်လာစရာ အကြောင်းမရှိဟု ယူဆထားသော သူမ၏ သံမဏိ စိတ်ဓါတ်တွေ က သူ့အကြည့်တွေထဲမှာ အရည်ပျော်စပြုလာခဲ့၏။ သူမအတွက် တော့ ကိုကြီးနဲ့အဖြစ်ကို မေ့နိုင်လိုက်တယ်ထားတော့ သူ့ကို ချစ်မို့ ဆိုတာက အတော့်ကို ဝန်လေးစွန့်စားစရာ အဖြစ်အပျက်တစ်ခု ပင် ဖြစ်လေသည်။

သူ့အသွင်အပြင်ကို အကဲခတ်ရုံဖြင့် သူနဲ့သူမ,တာ အတော့်ကို အဆင့်အတန်းချင်း ကွာခြားသူတွေမှန်း သိသာ လှ လှ၏။ သို့သော်လည်း သူမသည် ကိုကြီးဆီက ဖုန်းမှန်မှန် နား





ထောင်ခွင့်ရဖို့ထက်၊ ကိုကြီးအသံကို ညစဉ်ကြားရဖို့ထက်၊ ကိုကြီး ဆီက အနာဂတ်ရည်ရွယ်ချက်တွေကို နားထောင်ဂုဏ်ယူရဖို့ ထက်၊ ကိုကြီးရဲ့ ဘယ်နိုင်ငံရောက်နေပြီ ဘာတွေလုပ်နေပြီဆိုပြီ ဓါတ်ပုံတွေ စာတွေ မှန်မှန် လက်ခံရရှိဖို့ထက် ရာဇဝထံမှ နေ့စဉ် မြင်တွေ့ခွင့် နှစ်ကြိမ်နှင့် "မျှော်လင့်ခြင်းလေး" သီချင်း တစ်ပိုင်း တစ်စဖြင့် ကြိုဆိုနှုတ်ဆက်မှု နှစ်ကြိမ်ကို ပိုပြီး မက်မောနေမိ တာတော့ အမှန်ပဲ။

"မနက်ခင်း အလင်းထဲ...လိုက်ရှာလိုက်...ကြာရှည်ရင်ဆိုင် သိပ်မလွယ်ဘူး... ချက်ချင်း ရှုံးသွပ်သွားနိုင်တယ်"

ဟူ၍ သူကိုယ်တိုင် ဝန်ခံသည့် သဘောမျိုး သီချင်း တစ်ပိုင်းတစ်စအား ကြားခွင့်ရသည့် နေ့တုန်းကတော့။ အကယ်၍သာ သူ့ဆီက နေ့စဉ်မြင်ရသမျှ အကြည့်တွေ၊ မနက် ခင်းအလင်းမှာ သူမ, သာမြင်တွေ့ခွင့် မရတော့ရင်ဖြင့် သူ့လိုပဲ ချက်ချင်း ရှုံးသွပ်သွားနိုင်လိမ့်မလားဟု တွေးကြည့်မိသေးရဲ့။

သူမ၏ ဘဝထဲသို့ သူ ဝင်ရောက်လာပုံမှာ မတော် တဆ အဖြစ်အပျက် ကလေးတစ်ခုကြောင့် ဆက်နွယ်ခဲ့သော် လည်း သူ၏ သူမ ဘဝထဲသို့ ဝင်ရောက်နိုင်မှု အလျင်ကတော့ အင်မတန့်ကို မြန်ဆန်လွန်းတော့သည်ကွယ်။

သူမ၏ အဲသွားအပြန် အချိန်ကလေးကို သူ ကောင်းစွာ မှတ်ထားတတ်ပြီ။ နေ့စဉ် မပျက်မကွက် စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြင့် တွေ့ဆုံခွင့်ရခြင်း၌ ပျော်ရွှင်တပ်မက်လာသူမှာ သိဂီတော် ဆိုသည့် သူငယ်မလေး ဖြစ်နေခဲ့ပြီ။ ဘယ်လောက် ကြည်နူး ရင် ခုန်ရတဲ့ တွေ့ဆုံမှုကလေးလဲ။

သူမတို့ နှစ်ယောက်၏ အဲဒီလို အကြည့်ချင်း တွေ့ ဆုံမှုက လန့်ချိ၍ ကြာမြင့်ခဲ့လေပြီ။ တွေ့ကြလျှင် သိဂီတော်ထ ဟန်ကြီး တစ်ခွဲသားနှင့် မသိကျိုးကျင်ဟန် ပြန်တတ်သော်လည်း သူသည် သိဂီတော်၏ စိတ်သဘောကို နောကျေနေခဲ့သူပီပီ

"အရေးမထားသူလေး... ငါမင်းအတွက်ရူး... တကယ့် အဖြစ်မှန်... မြင်ကြည့်လိုက်... ယုံကြည်သူ စောင့်နေခိုက် မျှော်လင့်ခြင်းလေး"

ဟူသော သူ၏ သီချင်းညီးသံ သဲ့သဲ့ဖြင့် ညို့ငင် လိုက်ရတော့ ကွန်ြေ မဆောင်နိုင်သော မျက်လုံးများက သူ့ဆီ တစ်ချက်လောက်ကို ဖြစ်ဖြစ် ငေးကြည့်မိတော့တာ ဖြစ်၏။

ထိုအခါ များစွာတွေမှာတော့ သူ၏ နှုတ်ခမ်းတွေ က မပြုံးသယောင်၊ ပြုံးသယောင်ဖြင့် တုံ့ပြန်တတ်ပြီ သူ့မျက်လုံး တွေထဲမှာတော့ တန်ဖိုးကြီးမားသော ပစ္စည်းတစ်ခုကို ပိုင်ဆိုင် လိုက်ရသည့် လူတစ်ယောက်ရဲ့ ကျေနပ်ပီတိ ဖြစ်ခြင်းမျိုးတွေနှင့်

အို ဘာဖြစ်သလဲနော်။ သူမကဖြင့် သူနဲ့ဘယ်လို ဆုံစရာ အင်း နှစ်ယောက်တည်း ထပ်ဆုံစရာ ဆိုတာကို မစတင်

စေတနာစာပေ



ခိုင်တော့ သူနဲ့သူမရဲ့ ဤမျှ ရင်ခုန်ပျော်ရွှင်ရသော အဖြစ်အပျက် ဘာ ဒီ့ထက် ရှေ့တိုးလာစရာမရှိ။ ပြီးပြီပေါ့ ကိုကြီးပြန်မလာခင်မှာ သူက ဒီလို အီလည်လည် မျက်လုံးချင်းစကားပြောရခြင်းကို ကြာ ခင် ငြီးငွေ့သွားလိမ့်မယ်။ သူပဲ စတင် ရှောင်ဖယ် သွားလိမ့်မယ်။ ဲ ဒါဆို အားလုံး ပြီးဆုံးသွားမှာပဲပေါ့။ အဲဒါ သံသယ ဖြစ်စရာ ချိပြီ။

အရေးကြီးတာက သူ့ကို အခွင့်အရေးတွေ ဒီ့ထက် မပေးမိဖို့ပင်။ သူ ကြာရင် စိတ်ပျက်သွားမှာပါ။ အဲဒီ့ အခါ ရှင် ကောင်ကလေးတစ်ယောက်အပေါ် ရူးသွပ်စွာ စွဲလမ်းမှု လေးအတွက် နည်းနည်းပါးပါး ခံစားရမယ် ထင်ပါရဲ့။ ကိစ္စ ချိုး ကိုကြီး ပြန်လာတဲ့အခါ ကိုကြီးနဲ့ လက်ထပ်ရတော့မှာပဲ။

နောက်ထပ်လျှောက်ရမဲ့ ဘဝတစ်ခုထဲမှာ ဒီ ထင်မရှား အဖြစ်အပျက်ကလေးကို သူမ အလွယ်တကူပင် ကောင်းစွာ မေ့ပျောက်ပြီး မြှုပ်နှံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ဲ ဘယ်လောက်တောင် လွယ်ကူလိုက်တဲ့ မေ့ပျောက်နိုင်မှုလဲ။

အမှန်တော့ သိဂီတော်သည် ရာဇကို လျှော့တွက် ဘာပဲဖြစ်သည်။ သူသည် လန့်ချိ၍ ကြာသည်အထိ (မှတ်မှတ် ရေတွက်ရင် နှစ်လနီးပါးအထိ) သူမအား အသွားအပြန် ောင့်ကြည့်ခြင်းကို တာဝန်ထမ်းဆောင် ရသည့်တိုင် သူ့ဆီမှာ အဖြစ်ကို တစ်စက်မျှ စိတ်ကုန်ဟန်မပြ။ နေ့တိုင်း ပျော်ရွှင်

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



တက်ကြွနေတတ်တော့တာပဲ။

သို့သော် တစ်နေ့မှာတော့ သူသည် သူမ၏ အိမ် အပြန်ကို ခါတိုင်းကဲ့သို့ စောင့်ကြည့် ကျန်ရစ်ခဲ့ခြင်း မပြုတော့။ ပြိုင်စက်ဘီးနီနီကလေးဖြင့် သူမတို့၏ ကားနောက်မှ ကပ်ပါလာ တာကို သူမ, အစက သတိမထားမိသေး။ မီးပွိုင့်တစ်ခုမှာ မီးနီ ရပ်တန့်စဉ်မှာ သူ၏ ပြိုင်စက်ဘီးကလေးက သူမတို့၏ ကား ဘေး သူမထိုင်ရာဘက်အခြမ်းတွင် ဝင်ရပ်မှသာ သတိထား တာဖြစ်သည်။ သူသည်ကား မှန်နက်တွေကြောင့် အတွင်းဖက်ကို မမြင်ရမှန်းသိသော်လည်း မရမက ကပ်ကြည့်လျှင် မေမေတွေ့ သွားတော့သည်။

"ကြည့်စမ်း.. ဟို ဂျစ်ပစီကောင်လေး အတင့်ရဲလှချည် လား ဘယ်အချိန်တည်းက.. ကားနောက်က ပါလာသလဲ မသိဘူး.. အင်း.. ရှင်းရမဲ့ ပြဿနာတစ်ခုကတော့ အလို လိုရောက်လာပြီ စိတ်အနှောင့်အယှက် ဖြစ်စရာပဲ"

မေမေ၏ ညီးတွားသံ သဲ့သဲ့ကို ဘဘသိန်းထ ကြားသွားလျှင် ကားနောက်ခန်းသို့ ခေါင်းငဲ့ကြည့်လျက်...

"ဦးလေး.. အစကတည်းက နောက်ကြည့်မှန်ထဲက တွေ့ နေရတယ် မြရည်က ကားကို အေးအေးဆေးဆေးနဲ့ ငြိမ့်ငြိမ့်သာသာကလေး မောင်းတာပဲ စီးချင်တယ်ဆိုလို့ တမင် အရှိန်မတင်တာ အဲဒီတော့ ဒီကောင်လေး လိုက်





လို့ မှီနေတာပေါ့.. "

ဟုတ်သည်။ မေမေသည် ကိုယ်တိုင် ကားမောင်း ဘတ်သော်လည်း တစ်ခါတစ်ရံမှ တကယ့်ကို တစ်ခါတစ်ရံသာ မောင်းလေ့ရှိ၏။ ဘာဖြစ်လို့လဲဆိုရင်...

"မှတ်ထား သမီးရဲ့... ကားစီးတယ်ဆိုတာ စိတ်အေးလက် အေးဖြစ်ချင်လို့... သက်တောင့်သက်တာ ရှိချင်လို့... ဇိမ် ခံချင်လို့စီးတာ။ ဒီတော့.. ကိုယ်တိုင်မောင်းရရင် ဘယ်မှာ ဇိမ်ရှိမလဲ... ပြီးတော့.. စိတ်လဲ ပင်ပန်းရဦးမယ်။ အဲဒါ ကြောင့် မေမေက... ဒရိုင်ဘာကို လခကောင်းကောင်းပေး ပြီး ငှါးတာပေါ့.. ပြီးတော့ ကားကို ဇိမ်ခံချင်လို့ စီးတာမို့ အလျင်စလို မောင်းတာမျိုး သည်းထိတ်ရင့်ဖို စီးရတာမျိုး မလုပ်ဖို့ ဒရိုင်ဘာကို စိတ်ကြိုက် အမိန့်ပေးထားနိုင်သေး တယ်... ကားပေါ်မှာ ဇိမ်နဲ့ထိုင်.. လမ်းဘေးမြင်ကွင်းတွေ ကြည့်ပြီး ဦးနှောက်ကို အနားပေးရတာ ကားကို ငြိမ့်ငြိမ့် ကလေးစီးရတာဟာ ဘယ်အရသာနဲ့မှမတူဘူး..နိုင်ငံခြား မှာဆိုကြည့်လေ...တကယ့်မီလျံနာကြီးတွေက ရိုးလ်ရိုက်စ် တို့၊ ကယ်ဒီလက်စ်တို့ကို ဒရိုင်ဘာပဲ မောင်းခိုင်းပြီး သူတို့ က ကားနောက်ခန်းမှာ ဇိမ်နဲ့ လိုက်စီးရုံပဲ... အဲဒါမျိုးက တကယ့် သူဌေးအစစ်တွေမှ ဇိမ်ခံနိုင်တဲ့ ဘဝမျိုးပေါ့"

ဟူသော မေမေ့အယူအဆနှင့် ခံယူချက်ကြောင့်

အုပ် (၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် ဘဘသိန်း မောင်းပို့သော ကားမြင့်သော အသွား အလာလုပ်လေ့ရှိသည်။ ကားမောင်း ညင်သာမှ မေမေ စိတ် ကျေနပ်၏။

"ဒါဖြင့်... မေမေက မေမေကိုယ်တိုင်လဲ ကားကို ကျွမ်းကျွမ်း ကျင်ကျင် မောင်းတတ် အောင်သင်တယ်... သိင့်ကိုလဲ ကိုကြီးဆီမှာ အပ်ပြီး အတင်းသင်ထား ခိုင်းတယ်... အခု သိင်လဲ ကျွမ်းကျွမ်းကျင်ကျင် မောင်း တတ်သွားပြီ။ ဘာလို့ ကားမောင်းသင်စရာ လိုလဲမေမေ ရယ်... ဒရိုင်ဘာနဲ့ စီးရင် ရသားနဲ့... "

ဟု သူမက မေမေ့သဘောတရားကို နားမလည်ပဲ မေးခဲ့ဖူးသေး၏။

"မှတ်ထား.. သိင်ကလေးရဲ့... လောကမှာ သူများတောင် တတ်အောင် သင်နိုင်တဲ့ ကားမောင်းပညာကို သူများနဲ့ ယှဉ်ရင် ကိုယ့်ဘက်က မအောက်သွားအောင် သင်ရတာ ပေါ့.. သိင်ကလေး စဉ်းစားကြည့်... ကားမောင်းတယ်ဆို တာ မေမေတို့လို ပညာတတ်တွေက မတတ်ဘူးဆိုရင် အောက်တယ်လို့ မေမေထင်တယ်.. ကားမောင်းတာကို ပညာမတတ်တဲ့ လူလဲ သင်ရင် တက်တာပဲ မဟုတ်လား.. ပညာမတတ်တဲ့ လူတောင် သင်ရင်တတ်တဲ့ ပညာရပ်တစ် ခုကို မေမေတို့လို ပညာတတ်တွေက တတ်အောင် မသင်





နိုင်ဘူးဆိုတာ မဖြစ်စေရဘူး.. ဘာပဲ ဖြစ်ဖြစ် တတ်ထား သင့်တဲ့ ပညာတစ်ခုပဲ... သိင်ကလေး။ အရေးကြုံလာတဲ့ အခါ အသုံးချလို့ ရရှိသင်ထားရတာပေါ့ ဒါပေမဲ့... သိင် တို့လို အရွယ်မှာကတော့ အားလုံး ကားမောင်းနေကြ တော့ သိင်မောင်းချင်တဲ့ စိတ်ရှိရင် ခဏတဖြုတ်တော့ ယူမောင်းခွင့် ပေးမယ်။ ဒါပေမဲ့... ဒရိုင်ဘာကို မောင်း ခိုင်းပြီး ကိုယ်က နောက်ခန်းမှာ ဇိမ်နဲ့ထိုင်စီးရတဲ့ အရသာ ကိုတော့ မေမေက ပိုသဘောကျတယ်... "

ထိုကြောင့်ပင် ယနေ့ထိတိုင် မေမေသည် တကယ့် ကို တစ်ခါတစ်ရံလေးတွေမှသာ ကားမောင်းလေ့ရှိပြီး အခါများ စွာတွေမှာတော့ ဒရိုင်ဘာ ဦးသိန်းကိုသာ မောင်းခိုင်းလေ့ရှိ၏။ သို့သော် သူမကိုတော့ မေမေက နားလည်သည်။ အခုခေတ် မှာက အမျိုးသမီးကလေးတွေ အပြိုင်အဆိုင် ကားမောင်းနေကြ မှန်းသိ၍ သူမကိုယ်တိုင် မောင်းကြည့်ချင်သည့် အခါမျိုးတွေ မှာတော့ မေမေက မောင်းခွင့်ပေးတတ်ပါသည်။

မီးပွိုင့်မှ မီးစိမ်းသွားလျှင် ဘဘသိန်းသည် ကားကို နည်းနည်း အရှိန်မြှင့်လိုက်တာ တွေ့ရ၏။ မေမေက ဒီတစ်ခါ တော့ အရှိန်လျှော့ဖို့ မတားတော့ချေ။ ဘဘသိန်းသည် မေမေက မတားလျှင် ပို၍ ပညာပြပြီး မောင်းတော့၏။ မေမေသည် နောက် ဆုံး မနေနိုင်တော့။

www.burmeseclassic.com



"ဦးလေးသိန်း... ကားကို ဘယ်နှယ့် စွတ်မြန်နေရတာလဲ ကျွန်မ... ကားမောင်းမြန်တာ မကြိုက်မှန်း သိရက်သားနဲ့ ဟိုသူငယ်လေးကို မမှီစေချင်လို့ဆိုလဲ တော်ရုံမြန်ပါ။ ကျွန်မဖြင့်... ကားစီးနေရတယ်တောင် မထင်တော့ဘူး... လေယာဉ်ပျံ စီးနေရသလို ဖြစ်နေပြီ... "

"ဟိုသူငယ်ကို မမှီစေချင်ဘူးထင်လို့ ဦးလေး တမင်မြန်လိုက်တာပါ... တောင်းပန်ပါတယ် မမြရည်... "

"ကောင်းပြီ... ထားပါတော့... အဲဒီသူငယ် သူ့ခြေထောက် သူ့အညောင်းခံနိုင်လို့ စက်ဘီးနဲ့ နင်းပြီးလိုက်တာ ဘာဂရုစိုက်စရာလိုလဲ... ဒီ့ထက် တစ်ဆင့်တက်လာရင် ကျွန်မကိုယ်တိုင် ကားနဲ့လိုက်တိုက်ပစ်လိုက်မယ်... ကျွန်မတော့ အတော် ကြည့်မရ ဖြစ်လာပြီ... ဘယ်နှယ့် ကိုယ်နဲ့တူတာ၊ တန်တာကိုတော့ မစဉ်းစားဘူး... သိင်... သမီးကရော ညိုမြသွားလုပ်နေလို့လား... အဲဒီ့ကောင်ကလေး ဒီလောက်အထိ ဖွဲ့ကောင်းနေတာ သိင်တစ်ခုခုများ မျှော်လင့်ချက်ပေးထားလို့လားလို့ မေမေ သံသယ ဖြစ်ချင်ပြီ"

ဘုရား ဘုရား။ မေမေ၏ထက်မြက်သော မျက်လုံးတွေနဲ့ အကြည့်ခံရတာလောက် အနေကြပ်တာမရှိ။ ပြီးတော့ တရားခံကို စစ်ဆေးသော တရားသူကြီး၏ အပြစ်ရှာသော လေသံမျိုး၊ တစ်ထစ်ချ အတပ်ပြောသံမျိုး မေမေ့ထံမှ လက်ခံ





ရရှိလျှင် သိင်္ဂီတော်၏ တစ်ကိုယ်လုံး မေမေ့ရှေ့မှာ အေးခဲသွားတော့မတတ်ပင်။

ဟင့်အင်း မဟုတ်ဘူး မေမေရဲ့။ သိင် သူ့ကို မျှော်လင့်ချက်များ ပေးမိသလား။ သိင်မသိဘူး မေမေ။ သို့သော် မေမေ, မမြင်အောင် မျက်လုံးချင်း ဆက်နွယ် ပတ်သက်နေမိခြင်းအပေါ် ကိုယ်တိုင်လည်း ခွင့်မလွှတ်ချင်ခဲ့ပြီ။ အဲဒါ ရှင့်အတွက် မျှော်လင့်ခြင်းတစ်ခု ဖြစ်စေခဲ့တယ်တဲ့လား ရာဇရယ်။ ဒီလောက်ကြည့်မိရုံနဲ့ ရှင့်မှာ ဘယ်လောက်များ မျှော်လင့်ခွင့် ရမှာမှတ်လို့ဆိုပြီး သိင်ယူဆ ထားမိတာ မှားသလားမသိ။ ဘယ်လောက် ညံ့ဖျင်းတဲ့ တွေးခေါ် ယူဆမှုလဲ။

"သိင်... မေမေ့ကို မှန်မှန်ဖြေစမ်း... သူ့ကို သိင်ဘာသွားပတ်သက်ထားသလဲ... "

"မပတ်သက်ပါဘူး မေမေရယ်... သမီးဖြင့် ကိုကြီးကို လွမ်းနေရတဲ့အထဲ... အဲဒီ ဂျစ်ပစီကို သတိတောင် မရပေါင်။ ပြီးတော့... ဆင်းရဲတဲ့လူဆို လှည့်တောင်ကြည့်ချင်တာ မဟုတ်ဘူးဆိုတာ မေမေသိသားနဲ့... "

မေမေသည် ပညာသားပါပါ ပြုံးလိုက်သောအခါ သိင်္ဂီတော်သည် ယခု လောလောဆယ် မေမေ့ဘေးက ခဏ ကိုယ်ဖျောက်လို့ ရရင်ကောင်းမှာပဲလို့ ခပ်ကြောင်ကြောင် တွေးမိသည်အထိပင် မလုံမလဲ ဖြစ်ရသည်။

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"မေမေထင်တာတော့.. ယောကျ်ားလေးတစ်ယောက် ဒီလောက်ထိ အတင့်ရဲလာပြီဆိုရင် မိန်းကလေးဘက်က တစ်ခုခုပေးနေလို့ပဲလို့ ယူဆတယ်... အေးလေ.. စောင့်ကြည့်ရတာပေါ့.. သိဂီတော်ဟာ.. မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ထားခဲ့ရတဲ့ သူဌေးဘွဲ့ကို သူ့ရဲ့ Generation ကျမှ ပြောင်းလဲပစ်မလား.. ဒါမှမဟုတ်.. ဘွားအေရဲ့ အရိုးစွဲအောင် ပြောပြထားခဲ့တဲ့ ဖြစ်ရပ်တွေမှာပဲ တစ်ဘက်စွန်းရောက်တဲ့အထိ ဂုဏ်ယူ ကျေနပ်နေမလား.. တစ်ခုခုပေါ့.. ။ မေမေက သိင်ဘဝကို ဘယ်တော့မှ မဆုံးဖြတ်ပေးခဲ့ဘူး။ သိင်... စိတ်ကြိုက် ဆုံးဖြတ်ခွင့် ပေးထားတာနော်... အောင်စစ်မင်းနဲ့ ကိစ္စကိုလည်း သိင်... စိတ်ကျေနပ်မှ စိစဉ်တာ... သိင်က လူကြီးတွေကို ဘာကတိတွေ ပေးထားသလဲ... အောင်စစ်မင်းဆီမှာရော ဘာကတိတွေ ပေးထားသလဲဆိုတာတော့ မမေ့နဲ့ပေါ့နော်.. "

သိဂီတော်သည် မေမေ၏ ပါးနပ်သော စကားလုံးများထဲတွင် ချောင်ပိတ်ခံလိုက်ရသလိုပင်။ သိင် မှားမှားနေသလား မသိခဲ့ပါ မေမေ။ သိင် သူ့မျက်လုံးတွေရဲ့ အကြည့်ကို တုံ့ပြန်မိပါတယ်။ အဲဒါကို သိင် ဘယ်လောက်ပဲ မကြည့်ဖို့ အင်းသိင့်ဘက် တုံ့ပြန်မကြည့်ဖို့ အတော့်ကို ပြင်ဆင်ထားခဲ့ဖူးပါတယ်။ သို့သော် အဲဒီ ပြင်ဆင်မှုဟာ မေမေနဲ့အတူ ကားပေါ်ကဆင်းပြီး သူ့ရှေ့ မလှမ်းမကမ်းက ဖြတ်လျှောက်ရတိုင်းမှာ ဖရိုဖရဲနဲ့ အမြဲ





ပျက်စီးသွားစမြဲပဲ။ သူ့ရဲ့ "မျှော်လင့်ခြင်းလေး" ဆိုတဲ့ ဆွေးဆွေးမြှေးမြှေး ညိုးတွားမှုဟာ သိင့်ကို တော်တော်ပဲ အနိုင်ယူခဲ့တယ် မေမေ။

ဒါကြောင့်ပဲ သိင်တို့ နှစ်ယောက် မျက်လုံးချင်းဆုံလိုက်ရတဲ့ နေ့ရက်လို့ကို မရှိတော့ပါ မေမေ။

ရာဇ သည်လည်း သိဂီတော်၏ ထိုအားနည်းချက်ကို အလိုလို ထိုးထွင်းသိမြင် နေသည့်ပမာ သူမက သူ့ကို မကြည့်မိဖို့ ကြိုးစားပြီ ဆိုတာနဲ့ "မျှော်လင့်ခြင်းလေး" ဖြင့် ဆွဲငင်ဖြားယောင်းကာ အနိုင်ယူသွားတတ်စမြဲ။

"အိမ်သိအောင် လိုက်ကြည့်တာပေါ့လေ.. ကြည့်စမ်း.. ခြံဝမှာ ရပ်ကြည့်နေလိုက်တာများ.. ဒီလို အဆင့်အတန်းကို မြင်လေလေ ပိုပြီး တပ်မက်လေလေ ဖြစ်ဦးမှာ သေချာတယ်... အမေများ သိရင်... ကျွန်မက... သမီးကို အပြင်ခေါ်ထုတ်ပြီးခိုင်းလို့ ဒီလို အဖြစ်နဲ့ ကြုံရတယ်ဆိုပြီး အပြစ်တင်ဦးမှာ ဦးလေးသိန်းရဲ့... ဒီကိစ္စ အမေမသိပါစေနဲ့... ကျွန်မဘာသာ ဖြေရှင်းမယ်ရှင်... "

"စိတ်ချပါ.. လိုအပ်ရင် ဦးလေးလဲ မမြရည်ကို ကူညီမှာပေါ့.. ဒီလိုပဲ... သမီးတစ်ကောင် နွားတစ်ထောင်တဲ့ စကားပုံလိုပဲဆိုပြီး ဖြေတွေးလိုက်..ဒီလိုကိစ္စမျိုးကမြရည်ကို ဒီတစ်ခါပဲ ကြုံရတာဟာ မမြရည်တို့ သမီးက အင်

အုပ် (၂၀) ပြောက် မှုံရှဲ့ အတိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မတန်လိမ္မာလို့ပါ.. "

မေမေသည် သူမအား စိန်ခေါ်သော မျက်လုံးများဖြင့် လှည့်ကြည့်ပြီးနောက် အိမ်ထဲတန်းဝင်သွားခဲ့ပါသည်။ ရင်ထဲမှာ ယူကြုံးမရ ဖြစ်ကာ နာကျင်အေးခဲ၍ စစ်စစ် ထိရှ သွားသလိုပင်။ လောကမှာ မိမိကို တစ်သက်လုံး ယုံကြည်၍ အထင်ကြီးလာခဲ့သော မေမေ့ရဲ့ မယုံသင်္ကာခြင်းကို ခံယူလိုက်ရတာလောက် ကြေကွဲစရာ မရှိပြီ။

"ဟဲ့... ငါ့မြေး ဘာဖြစ်လာလဲ... မှန်း... ကိုယ်မပူပါဘူး... အလုပ်ပင်ပန်းလို့များ ဝေါင်နေသလား.. မြေး။ သွား... ရေချိုးလိုက် လန်းသွားအောင်.. ဘယ့်နှယ့် အိပ်ရာထဲ တန်းဝင်ရတာတုန်း။ ရေချိုး... ထမင်းစားပြီးမှ တခါထဲ ဝင်အိပ်ရင်အိပ်... မြရည်ဟာလေ ကလေးကို ဘာတွေ ဦးနှောက်ပင်ပန်းအောင် ခိုင်းနေသလဲမသိ... "

သိင်္ဂီတော်သည် ဘွားအေ၏ တွဲထူလိုက်ခြင်းကြောင့် ထထိုင်လိုက်စဉ်တွင် ဆုံးဖြတ်ချက်တစ်ခုကို အလွယ်တကူ ချလိုက်ပါသည်။ တဒင်္ဂ စိတ်ချမ်းသာမှု တစ်ခုတည်းနဲ့ ကြီးစည် ဖန်တီးသမျှဟာ ဘာတစ်ခုမှ ကောင်းကျိုး ပေးလာမည် မဟုတ်။ တနည်းတဖုံ စိတ်ဆင်းရဲရခြင်းတွေနဲ့ ရင်ဆိုင်နေရ ပကော။

သိင်္ဂီတော်သည် မေမေ၏ အယုံအကြည် ကင်း...

ဧဝတနာဝာပေ



...မှုများအတွက် တမြေ့မြေ့ နောင်တရရန် နောက်ထပ် မေမေ့ ...သယတွေ ထပ်ပွားမလာစေရဘူး။ မေမေသော်လည်းကောင်း ...ဘွားသော်လည်းကောင်း သူမကို အထင်ကြီး ယုံကြည်ထားသမျှ ...တွေကို တစ်သက်လုံး ထိန်းသိမ်းတော့မည်။

တဒင်္ဂသာယာ တိမ်းမူးမိသော ခံစားချက်ဟာ ရှုး ...ပ်မှု သက်သက်ပါကွယ်။ ဟုတ်ကယ် ရှင့်ကို နောက်နေ့ကစပြီး ...ကြည့်တော့ဘူး။ လုံးဝပဲ။ ရှင်နဲ့သိင် မျက်လုံးချင်း မဆုံစေရ ...တော့ဘူး။ ရှင့်ဘာသာ ဘယ်လောက်ပဲ "မျှော်လင့်ခြင်းလေး" ...နဲ့ ဆွဲဆောင် ညှို့ငင်ပါစေ။ ရှင့်ကို သိင်တစ်ချက်တောင် လှမ်း ...ကြည့်တော့မယ် မထင်နဲ့ ရာဇရယ်။

ရှင့်ဆီက ချစ်ခြင်းဆိုတာ ဘာများ မက်မောစရာ ...ဘာမှတ်လို့။ ပြီးတော့ ရှင့်ကိုရော ဘာလို့ ချစ်ကြည့်စရာလိုလဲ။

မလိုအပ်တာတွေမှာစိတ်ကူးမယဉ်တော့။ ဘဝကို ...စ်သမတ်တည်း တည်ဆောက်ဖို့ ကြံရွယ်ပြီးပြီပဲ။ ဘယ်လိုအရာ ...ကများ သူမရဲ့ မိမိကိုယ်ကို ကာရံထားသော တံတိုင်း အထပ် ...ပ်တွေကို ရိုက်ချိုး ဖျက်ဆီးနိုင်အံ့နည်း။

ထိုသို့ ပိုင်ပိုင် နိုင်နိုင် ဆုံးဖြတ် ပြီးသည့်အခါ ...ဂီတော်သည် ထမင်းစားစားပွဲတွင် မေမေ့ကို မရှုမရဲဖြစ်... ...ဆိုင်၍ မကြည့်ရဲတာမျိုး မဖြစ်ခဲ့။ မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



"မေမေ.. သိင်က ဘယ်တော့မှ မမိုက်ခဲ့ဖူးဘူးဆိုတာ နောက်တော့ မေမေ လက်ခံသွားမှာပါလို့ သိ ထင်တယ်"

ဟု ရဲရဲငံ့ငံ့ ပြောလိုက်သည့်အခါ မေမေ နူးညံ့သော အကြည့်တစ်ခုဖြင့် တုံ့ပြန်ကာ ခပ်လေးလေး ညိတ်၏။ ထို့နောက် မေမေနှင့်သူမတို့၏ ဆက်ဆံရေးမှာ မဖြစ်သော်လည်း ခုနကလောက် မဆိုးရွားတော့သည့် သိင်္ဂီတော်သည် ယခုမှ အသက်ရှူ နည်းနည်းချောင်သွား တိတ်တဆိတ် ဝန်ခံလိုက်ပါရဲ့။

✿ ✿ ✿ ✿





နောက်တစ်နေ့၏ နံနက်မှာ မေမေနဲ့အတူ အလုပ် သွားချိန်တွင် သိင်္ဂီတော်သည် မိမိကိုယ်ကို ကြိုးတွေအထပ်ထပ် နှောင်ထားသည့်ပမာ ခံစားရတာတော့ ငြင်းမရ။ ဟော တွေ့ ပြီ။ ခါတိုင်းလိုပဲ သူက ပတ်ကင်ဝင်ရပ်ရသော ပလက်ဖေါင်း ပေါ်မှာ ရပ်ရင်း မျှော်ငေးလို့ရှင်။

သူ့ရှေ့မှ အဖြတ်တွင် "မျှော်လင့်ခြင်းလေး" ကို မစွင့်မိစေဖို့ တော်တော် ထိန်းချုပ်ရ၏။ သို့သော် ကြားတော့ ကြားလိုက်ရသည်ပဲပေါ့။ ဟင့်အင်း အဲဒါဟာ မော့ကြည့်ချင်စရာ ကောင်းတာ အမှန်ပဲ။ မကြည့်ဘူးနော် သူ့မျက်လုံးတွေနဲ့ ဘယ် တော့မှ ဟုတ်တယ် ဘယ်တော့မှ တန်းတန်းမတ်မတ် နောက်ပြီး တ်နက်နဲနဲ မဆုံစေရဘူး။

ကြည့်စမ်း အံ့ဩဖို့ကောင်းလိုက်တာ။ ဒီလို စိတ် င်း၍ မျက်လုံးချင်း မဆုံမိစေဖို့ ကြိုးစားရတာ အလွယ်လေး င်ပေမဲ့ ခက်သားကွယ်။ နှလုံးအိမ်တည့်တည့်ကို ချွန်ထက်တဲ့ သွားနဲ့ စိုက်လိုက်သလိုပဲ ထူးနစ်နာကျင်သွားခဲ့လိုက်တာ။ ဘယ် လောက်ပြင်းပြတဲ့ နာကျင်မှုလဲလို့။

တိတ်ဆိတ်စွာ ငေးကြည့်ကျန်ရစ်မည့် အသွင် ဗျာန်တစ်ခုကို မြင်ယောင်နေမိသည်။ သူနဲ့သူမကို မှန်တံခါး ခြားသွားသည့်တိုင် သူမ ကယောင်ချောက်ခြား ဖြစ်နေဆဲ။ ဒီနေ့ သိပ်ပြီးတော့ ယိုင်နဲ့ပြိုလဲ သွားမှာလားဟင်။ သွား

အုပ် (၇၀) မြောက် ([illegible]) အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မသိချင်ဘူး။ ရာဇ ရှင်နဲ့ သိင့်ရဲ့ ကြားထဲမှာ သိင့်ဘာသာ
ထားတဲ့ တံတိုင်းတွေလဲ မနည်း။ မိသားစုရဲ့တံတိုင်းတွေလဲ မန
ဘူး။ အဲဒီတံတိုင်းတွေဟာ ဘယ်လိုနည်းနဲ့မှ ဖြတ်ကျော်မရ
တံတိုင်းတွေပေါ့။

ဘယ်လောက်တောင် အံ့ဩစရာ ကောင်း
အဖြစ်တစ်ခုလဲ 'ရာဇ' ဟူသော အမည်တစ်လုံးသာ သိ
ထားသော ယောကျ်ားတစ်ယောက်အပေါ်မှာ ရူးရူးမိုက်မိုက်
တွယ်ငြိစွဲလန်းနေသည်မှာ တကယ့်ကို အချိန်တိုတိုအတွင်း
ထွားရင့်သန်လာတော့တာပဲလား။ ကြည့်စမ်း သူ့ကို အဲဒီလော
တောင် စွဲလန်းနေမိမှန်း သူမကိုယ် သူမတောင် မခန့်မှန်းတ

အခုတော့ ထိခိုက်နာကျင်စွာ ကျန်ရစ်မည့်
၏ အသွင်ကိုပဲ မျက်လုံးထဲမှာ ဖျောက်မရဖြစ်ကာ စိတ်အလ
ခန္ဓာကိုယ်နဲ့ ကင်းကွာနေခဲ့ပြီတည်း။

မှန်တံခါးပေါက်တွေမှာ မျက်နှာကပ်၍ အော
ကို ငုံ့ကြည့်လျှင် ယခုထိတိုင် ရပ်နေရာမှ မရွေ့သေးပဲ ခ
တွေ မျက်လုံးများဖြင့် သူမ၏ ကုမ္ပဏီ အဆောက်အအုံ
စိုက်ကြည့်နေတာ တွေ့ရလေသည်။ ဘယ်အချိန် သွား
လိုက် ကြည့်လိုက် ထိုပုံစံအတိုင်း ရပ်နေတာ တွေ့ရလျှင်
တဖွတ်ထိုးပြုမူတတ်သော သူ့စိတ်ဓါတ်ကို အတော်ပင် လ
ခါချင်သွားရ၏။ ထိုနေ့တစ်နေ့လုံး ရာဇသည် ဘယ်မှလဲ





ပါ။ ထိုနေရာမှာပင် မပြောင်းမလဲသော ပုံစံနှင့် ရပ်နေခဲ့မှန်း
တော် ဘာကြောင့်သိနေသလဲ စဉ်းစားကြည့်။ ခါတိုင်းတော့
ရင် မှန်ပြတင်းမှာ မျက်နှာကပ်ကြည့်ပြီး အောက်မှာ ဥဒဟို
လာနေသူတွေကို လေ့လာငေးမောတတ်ခဲ့ပေမယ့် ဒီနေ့
အောက်မှာ သူရှိနေတယ်ဆိုသော အသိနှင့် ခဏခဏ
ကြည့်မိလို့ ရာဇ ဟာ တစ်ချိန်လုံး အဲဒီမှာ ရှိနေတယ်
ကို သိဂ်ီတော် သိနေခဲ့ခြင်းပဲ ဖြစ်လေသည်။

ညနေခင်း၏ အိမ်ပြန်ချိန်မှာလဲ သူစောင့်ကြည့်
ပြန်သေး၏။ ဂရေးကာလာ မှန်တံခါးများမှတဆင့် အတွင်း
မှ သူ့ကို ကြို၍ သူမက ကြည့်ထားနှင့်ပြီး ဖြစ်ရာ နွမ်းနယ်
ပုံစံနှင့်သူ့ကို တွေ့ရပါသည်။

သူသည် ဒီညနေခင်းမှာတော့ "မျှော်လင့်ခြင်း
" ဖြင့် မဖြားယောင်းခဲ့တော့ပါ။ သာမန် မဟုတ်သောငြိမ်
မှုဖြင့် တိတ်ဆိတ်စွာ ရပ်ငေးနေခဲ့ပါသည်။ ထိုအချိန်တွင်
က် သူမ၏ စိတ်တွေ ယောက်ယက်ခတ်ကာ ကစဥ့်ကလျား
ရတာမျိုးလဲ မရှိတော့ပြီ။

သူ့ ကို ဘာဖြစ်လို့ မျက်လုံးချင်း ဆုံခွင့်ဆိုတဲ့ အခွင့်
ကလေးကိုတောင် မပေးမိအောင် ကျိတ်မှိတ် မြိုသိပ်
လဲ ဟု ကိုယ့်ကိုယ်ကို စိတ်ကွက် နာကြည်းစွာ မေးမိသည်။
ကြ ရှင်းနေသားပင်။ သူမ၏ မိမိကိုယ်ကို ကာရံထားပြီး

အုပ် (၂၀) မြောက် ပုံနှိပ်ခြင်း အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သည့် တံတိုင်းများစွာတို့ကို အက်ရာ၊ ပွဲရာကလေးမျှပင် မရှိရလေအောင် ခိုင်ခံ့စေချင်လွန်းသည့် အတ္တကြီးမှုကြောင့်တည်း။

"ငါ့မြေး... မျက်နှာနွမ်းနေသလိုပဲ... ဘာဖြစ်လာသလဲ"

ဟု ဘွားက သူမ ရေချိုးခန်းထဲမှ ထွက်လာသောအခါ သူမ၏ ကုတင်တွင်ထိုင်လျက် စောင့်၍မေးတော့သည်။ အိမ်တွင် ကိုယ့်အခန်းတွင်း၌ သီးသန့် ရေချိုးခန်း၊ အိမ်သာ တွဲထားတာကြောင့် ကိုယ့်အခန်းထဲမှာ ရှိသည့် ရေချိုးခန်းသို့ တန်းဝင်ကာ စိတ်နွမ်းနယ်ရသမျှ ရေမြန်မြန် ချိုးလိုက်ရင် သက်သာမလားဟူသော အတွေးနဲ့ ရေချိုးနေချိန်မှာ ဘွားက အခန်းထဲလိုက်ဝင်လာခဲ့ခြင်းဖြစ်၏။

"သိင်ကလေး... ညည်းအမေနဲ့လိုက် အလုပ်လုပ်ရတာပျင်းနေပြီလား... ဒါဆို ဘွားပြောလိုက်မယ်လေ... ငါ့မြေးကြည့်ရတာ တယ်ဘဝင် မကျလှဘူး... "

မေမေ့ကို အလုပ်တွေ လိုက်မလုပ် ပေးချင်တော့ဘူး ဟု ခွင့်တောင်းလျှင် မေမေက ခွင့်ပြုမည်ပင်။ ကုမ္ပဏီအလုပ်တွေကိုလည်း မေမေက လုပ်ချင်ရဲ့လား ဟု မေးပြီးမှ လုပ်ခိုင်းခဲ့တာမို့ မလုပ်ချင်တော့ပါဘူးဆိုလဲ မေမေက ဆူမှာမဟုတ်

သို့သော် ရာဇနဲ့ပတ်သက်၍ မေမေ သံသယ ဖြစ်ပြီးမှ ဒီအလုပ်ကို လိုက်မလုပ်တော့ပါဘူး ဆိုလျှင် မေမေသည်





ကောင်းပါးသူပီပီ သူမ, ထင်မြင်ထားသော တစ်စုံတစ်ရာကြောင့်ဟု ယူဆသွားမှာမျိုးကိုလည်း သဂီတော်က မေမေနှင့်မာနတွေ ငြိုင်လျက် နည်းနည်းမှမခံချင်။

"သိင်... မေမေ့အလုပ်တွေကို မလုပ်ချင်လို့ ငေါင်တာမဟုတ်ပါဘူး... ဘွားရဲ့... သိင်... ခုတလော ညဘက်တွေမှာ အိပ်မပျော်တိုင်း... ဗွီဒီယိုတွေ အကြာကြီးထိုင်ကြည့်နေတာ နေ့စဉ်ရက်ဆက်လို ဖြစ်နေလို့ပါ။ ဒါကြောင့် လူက ငြိုးစီစီနဲ့ငေါင်နေတာ... မေမေ့ကို သိင် ဒီခြောက်လလောက်ကလေးပဲ လုပ်ပေးခွင့်ရတော့မှာ ဘွားရဲ့။ အခုဆို နှစ်လတောင်ရှိပြီ နောက်လေးလပဲ... သိင့်ကို မေမေရှာဖွားအေးရော ပိုင်ရတော့မှာ သိင်ကလဲ ဖွားနဲ့မေမေတို့အနားမှာ အတူတူနေခွင့်ရချိန်ကလေးမှာ... မေမေ့ဆန္ဒကို ဖြည့်ပေးခြင်းနဲ့ ကျေးဇူးဆပ်ချင်လို့... သိင် ကုမ္ပဏီအလုပ်ကို ဝါသနာ မပါပေမဲ့ လုပ်ပေးနေတာပါ... သိင် အလုပ်လုပ်ရတာ ပျော်ပါတယ်... "

"ဒါပေမဲ့... ညည်းက... ကျုပ်ကိုကျတော့ အိမ်မှာ တနေ့ခင်းလုံး တစ်ယောက်ထဲ ကျန်အောင် ထားခဲ့တယ်အေ့ အဲဒါ မတရားဘူး... "

"တစ်ညလုံး... ဘွားနဲ့ တစ်ခန်းတည်း အတူတူအိပ်တယ်လေ သရဲကားကြည့်မိတဲ့ ညတွေဆို ဘွားကုတင်ထဲ ဝင်



www.burmeseclassic.com

www.burmeseclassic.com



တိုးပြီး ကြပ်ကြပ်တည်းတည်း အတင်းဝင်အိပ်တာလဲ ခဏ ခဏ၊ ခွေးအူရင်လဲ ဘွားကုတင်ဘက် ရောက်ရောက်လာတာ ခဏ ခဏ။ သိင်ဖြင့် ကိုကြီးနဲ့ လိုက်သွားရမှာတောင် တွေးကြည့်မိရင် တစ်ခါတစ်လေ ဝမ်းနည်းတယ်.. သိင်က ဘွားကို ပို့ပြီး မခွဲနိုင်တာရှင်.. "

"ကောင်မလေး... အပိုတွေချွဲမနေနဲ့... ညည်းလား.. ဝမ်းနည်းမှာ... အောင်စစ်... နိုင်ငံခြားသွားတဲ့နေ့ကများ ညဘက် ဖုန်းလာတော့ မျက်ရည်တွေ ကျိတ်သုတ်ပြီး ဖုန်းပြောတာ မတွေ့လိုက်ဘူး မထင်နဲ့... "

ဘွားသည် အမှန်တော့ သူ့ဘာသာ တစ်ခန်းခွဲအိပ်ချင်သူဖြစ်၏။ သို့သော် ညဘက်တွေမှာ ငှက်ဆိုးထိုးသံကြားလျှင်၊ ခွေးအူလျှင်၊ မိုးတွေ သည်းကြီးမည်းကြီးရွာလျှင်၊ မိုးကြိုးပစ်လျှပ်စီးလက်လျှင်၊ သရဲကားတွေကြည့်ပြီးလျှင် အကြောက်လွန်ကာ ဘွားအေအခန်းထဲ ပြေးဝင်ပြီး ဘွားအေ၏ အိပ်ရာထဲ အတင်းတိုးဝင် အိပ်တတ်စမြဲ။ ရှစ်တန်းကျောင်းသူဘဝမှာ အခန်းခွဲသိပ်သော်လည်း မရ။ ညတိုင်း ဘွားအေအခန်းထဲ ပြေးဝင်အိပ်တတ်လွန်း၍ နောက်ဆုံးတော့ ဘွားသည် သူ့အိပ်ရာကုတင်ကို သိဂီတော်၏ အခန်းထဲ အပြီး ပြောင်း လာရတော့သည်။ ယခုထိ ဘွားနဲ့တခန်းတည်း ကုတင်သတ်သတ်စီ ခွဲအိပ်တာတောင် ညဘက်တွေမှာ ကြောက်စရာမရှိ ရှာကြံကြောက်ကာ ဘွားအေရင်ခွင်ထဲ တိုးဝင်အိပ်တတ်သော မိန်းကလေးက အခ





တော့ ကောင်ကလေးတစ်ယောက်နှင့် နေ့စဉ် မျက်လုံးချင်းဆုံခွင့်ဟူသော ချစ်စရာကောင်းသည့် အဖြစ်အပျက်ကလေးတစ်ခုကို လောလောလတ်လတ် ဆုံးရှုံးလိုက်ရ၍ ရင်ထဲ၌ တလှိုက်လှိုက် မြွေကာ လောင်ကျွမ်းနေတယ်ဆိုရင် ပိုတယ် မထင်ကြနဲ့ရှင်။

ကောင်းပြီ။ အဲဒီကောင်လေးကို သူမ ချစ်မိသည် ဟုပဲ ဆိုပါစို့။ ဟုတ်သည် သူ့ကို ချစ်မိနေပြီ ဆိုတာတော့ သေချာခဲ့ပါပြီ။ သူ့ကိုချစ်သည်။ သို့သော် ဤလောကတွင် သူ့လောက် မချစ်ထိုက်သော၊ သူမဘဝအတွက် မရွေးချယ်ထိုက်သော၊ စိတ်ကူးမယဉ်ထိုက်သော ယောကျ်ားမျိုးလဲ မရှိ။

အခြေအနေတွေ၊ အဆင့်အတန်းတွေ သိပ်ကို ကွာခြားလွန်းနေတယ်။ နောက်ပြီးတော့ အားလုံး နောက်ကျသွားခဲ့ပြီ။ "အချစ်" ဆိုတာ ဘာလဲလို့ မရှာဖွေခဲ့မိပါပဲ တွေ့ရှိလိုက်ရချိန်မှာ အချိန်တွေက တော်တော့်ကို နှောင်းသွားခဲ့ပြီကွယ်။ သူ့ကို မေ့ပစ်ရမည်။ မမေ့လို့ကို မဖြစ်တော့။ စိတ်ကို ကြိုးစား၍ ပျော်အောင်နေကြည့်မည်။ ခက်တာက ပျော်လို့ကို မရတာပင်။

"နောက်အပတ်ထဲမှာ... ကျူပ်မွေးနေ့ပဲ... ကြည့်စမ်း... နေ့ရော၊ ရက်ရော ထပ်ရုံတင်မက မြန်မာရက်နဲ့လလဲ တစ်ထပ်တည်းပဲ... လာကြည့်ပါဦး... သိင်ကလေးရဲ့..."

ဘွားသည် မြန်မာပြက္ခဒိန်ကို လှန်လှောကြည့်ရင်း ဝမ်းသာအားရ ခေါ်ပြလျှင် သိဂီတော်သည် သနပ်ခါးကို အပြီး သတ်လိမ်းပြီးသည်မှ ပြက္ခဒိန်အား ယူကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနှစ်ဆယ့်ငါးနှစ်ဆိုတော့ ဘွားရဲ့ စိန်ရတု မွေးနေ့ပဲပေါ့၊ မွေးနေ့လုပ်မလား.. ဘွားရေ.. ခါတိုင်းနှစ်တွေတော့ မိဘမဲ့ ဂေဟာတွေ လှူရုံနဲ့တင် ပြီးနေတာ.. "

"ကလေးကလားနဲ့ မွေးနေ့လုပ်ချင်ပါဘူးတော်... "

"သိင်ပြောတာက မိဘမဲ့ဂေဟာတို့၊ ဆေးရုံတို့ လှူတာလဲ လှူပေါ့.. သို့သော်... ဘွားသူငယ်ချင်း အနည်းငယ်နဲ့ ဆွေမျိုးတွေဖိတ်ပြီး.. တစ်ခုခု ချက်စားဖို့ ပြောတာ..."

"ဘုန်းကြီးလဲ ဆွမ်းကျွေးမယ်လေ... အဲဒါ ပိုကောင်းတယ်၊ အင်း.. မောင်အောင်စစ်ခများတော့ ဘွားမွေးနေ့ မပါလိုက်ရဘူး"

"ဒါပေမဲ့... ကိုကြီးရဲ့အဘွား ပါရမှာပေါ့.. ဗွီဒီယိုရိုက်ထားလိုက်မယ်လေ... ကိုကြီးပြန်လာတော့ ကြည့်ရတာပေါ့ နော်... အံမယ်... သိင် အခုတောင် စိတ်ကူးမိတယ်... ဘွားအတွက် သိင့်လက်ဆောင်က ဘွားရဲ့ သိင်ရော ကြိုက်တဲ့ နှင်းဆီပင်ကလေးတွေ ဝယ်ပြီး လက်ဆောင်ပေးဖို့ရယ်... အဲဒီနေ့ကျရင် သိင်က ဘွားအတွက် နှင်းဆီတွေဝယ်ပြီး အိုးထဲမှ အလှထိုးဦးမှာ... ခုနှစ်ဆယ့်ခြောက်ပွင့်တောင်ထိုးမှာ... "

ထို့နောက် သိင်္ဂီတော်သည် အဖြစ်အပျက်တစ်ခုကို ပြန်လည် သတိရသွားပြန်သည်မို့ စိတ်တွေက ဘယ်လိုမှ ထူမလို့ မရအောင် ယိုင်နဲ့ပြိုကျသွားပြန်သည်။ ခဏကလေးပဲ သိ





လား။ ရှင့်ကို မေ့လို့ရအောင် တခြားဘက် အာရုံပြောင်းလိုက်တာလဲ ခဏပဲ ပြောင်းလို့ရတယ်။ ပြီးတော့ ဒီနေ့ရဲ့ ဖြစ်ရပ်ထဲမှာ ပြန်လည် နစ်မြုပ်သွားရပြန်တာပဲ။

အဲဒီနေ့ ... စသော နောက်ရက်များတွင် သိင်္ဂီတော်သည် ရာဇ မျက်ဝန်းများကို မကြည့်မိဖို့ ကြိုးစားရသော ကုမ္ပဏီ အသွားအပြန် နေ့ရက်တွေကို ပင်ပန်းကြီးစွာ ဖြတ်သန်းရစမြဲ။ ပြီးတော့ ခါတိုင်းကြားနေကျ ရာဇ၏ "မျှော်လင့်ခြင်းလေး" ညီးသံသဲ့သဲ့ ဘိတ်ဆိတ်ငြိမ်သက် သွားရခြင်းအပေါ် ဘာကို ကြေကွဲမှန်းမသိ ကြေကွဲမိတာ သူဟာ သူမရဲ့ ဘဝထဲသို့ ထောင့်ချိုးကလေးတစ်ခုမှ ဝင်လာခဲ့ပြီး နောက်တော့လည်း ထိုတောင့်ချိုးမှပင် ပြန်လည် ပျောက်ကွယ်သွားတော့မည် ဟု တစ်ထစ်ချ ယုံကြည်နေခဲ့မိပြန်၏။

တစ်ပတ်လောက်ကြာသောအခါ သူမ တွေးထင်ထားသည့် အတိုင်းပင် သူသည် သူမ၏ မျက်ဝန်းအကြည့်တစ်ချက်ကိုမျှ မျှော်လင့်ခွင့် မရတော့သည့်အဆုံးမှာ လက်လျှော့နောက်ဆုတ်သွားခဲ့လေပြီ။ သူသည် သူမ၏ ဘဝထဲမှ တိတ်ဆိတ်ငြင်သာစွာပင် ပြန်လည် ထွက်ခွာသွားခဲ့လေပြီ။ ဝမ်းနည်းစရာကောင်းတာက သူ့ရဲ့ကျောပြင်ကလေးတောင် မမြင်လိုက်ရခြင်းပင်။ သုံးရက်လောက် ဆက်တိုက် သူ ရောက်မလာခဲ့သောအခါ သိင်္ဂီတော်သည် သူမ၏ ခန္ဓာကိုယ်ထဲမှ တစ်စုံတစ်ခု နုတ်ယူခံလိုက်ရသည့်ပမာ လစ်ဟာသွားခဲ့ပြီ။ တစ်သက်လုံး နောင်တ,

အုပ် (၃၆) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မရခဲ့ဖူးသော သူမ၏ ဆုံးဖြတ်ချက်၊ ခံယူချက်၊ အတ္တ စသည်များကို နောင်တကြီးစွာ ရချင်လာတော့သည်။

ဒီလောကကြီးထဲမှာရှိတဲ့ လူတိုင်းလူတိုင်းဟာ ကိုယ်တည်ဆောက်ပြီး ပိုင်ဆိုင်ရမဲ့ ဘဝတစ်ခုကို အကောင်းဆုံးနဲ့ အလှပဆုံး ဖြစ်စေချင်ကြတာ ချည်းပါပဲ။ ထို့အတူ သူမ,ဟာလဲ သူမ တည်ဆောက်ရမဲ့ဘဝ၊ ပိုင်ဆိုင်ရမဲ့ဘဝအတွက်။ ပြီးတော့ သူမ၏ စိတ်ထဲမှာ အရိုးစွဲနေအောင် ကိန်းဝပ်ရှင်သန်နေခဲ့တဲ့ စိတ်ဓါတ်တစ်ခုအပေါ် ရှူးသွပ်တပ်မက်မှုအတွက်။ သူမရဲ့ အတ္တတွေအတွက်။ သူမရဲ့ အနာဂတ်လှပဖို့အတွက် သူမ, ရည်မှန်းထားသမျှတွေ မလွဲမသွေ ဖြစ်ဖို့အတွက်။

အားလုံး စင်းလုံးချော ပြည့်စုံအောင် အချစ်ဆိုတာကို ရှေ့တန်းမတင်ပဲ ဆုံးဖြတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တစ်ခုကို ဘယ်တော့မှ နောင်တမရဘူး။ ဟုတ်တယ် ရှင်နဲ့ မတွေ့သေးခင် အချိန်ထိပေါ့။ ကိုယ့်မှာ အဲဒီဆုံးဖြတ်ချက်အတွက် နောင်တဆိုတာ ရှိတောင် ရှိမနေခဲ့တာ အမှန်ပဲ ရာဇရယ်။

အခုတော့ နောင်တတွေနဲ့လေ။ ဘယ်လောက်ကြေကွဲ ပျက်သုန်းနေရပြီလဲ။

✿❀✿❀✿❀✿



# ကဏ္ဍ (၂)

## ရာဇ နဲ့ သိင်္ဂီတော်

www.burmeseclassic.com

www.burmeseclassic.com

မင်း… ဘဝမှာ ကိုယ့်ကြောင့် မသိမ်ငယ်စေရဘူး။

မနစ်နာစေရဘူး။စိတ်အနှောင့်အယှက် မဖြစ်စေရဘူး။

ကိုယ့်ကြောင့်… ဒုက္ခတွေနဲ့လဲမင်း… ရင်မဆိုင်စေရဘူး။

ပြီးတော့… ကိုယ်ဟာ…

ကိုယ်… လက်ရှိ ပိုင်ဆိုင်ထားတဲ့ ဘဝတစ်ခုထဲကို…

အတင်းဆွဲခေါ်မဲ့… လူစားမျိုးလဲ မဟုတ်ဘူး။

မင်းအတွက်… အကောင်းဆုံးနဲ့အလှပဆုံး ဖြစ်စေနိုင်မဲ့

ဘဝတစ်ခုကို…ကိုယ်တိုင်ကိုယ်ကျ…ဖန်တီးပေးနိုင်ပြီဆိုတဲ့

အခြေအနေမျိုး ကိုယ့်… လက်ထဲမှာ ပိုင်ဆိုင်လာမှ…။

ဟုတ်တယ်… အဲဒီတစ်နေ့ကျမှ… ကိုယ်က မင်းကို…

ကိုယ့်ဘဝထဲကို ဝင်လာဖို့… လက်တမ်းမယ်သီလား…

မင်း… စောင့်နေနိုင်ပါ့မလား… ။

ရာဇ

www.burmeseclassic.com

www.burmeseclassic.com

# ၁

သူ၏ ဘဝသက်တမ်းတလျှောက်တွင် အိပ်မက်မျှပင် မမက်မိသည့် အကြောင်းအရာတစ်ခုမှာ မိန်းမတစ်ယောက်အား အရူးအမူး စွဲလမ်းတွယ်ငြိသွားရသည် ဆိုသော အကြောင်းအရာမျိုးပဲ ဖြစ်သည်။ နောက်ပြီး မိန်းမတစ်ယောက်၏ မျက်လုံးအကြည့်များဖြင့် လှည့်စားမှုအပေါ် အလွယ်တကူ နစ်မြောကျဆုံးရသည်ဆိုသော အကြောင်းအရာမျိုးကိုဆိုလျှင် ဝတ္ထုတွေ၊ ရုပ်ရှင်တွေ၊ သီချင်းတွေထဲမှာ တွေ့ရ၊ ဖတ်ရ၊ ကြားရသည့် အခါတွေမှာ သူက မဖြစ်နိုင်ဘူးဟု ကဲ့ရဲ့ဝေဖန်ဖို့လဲ ဝန်မလေးခဲ့။

သို့သော် သူမကတော့ သူမကလေးကတော့ ရာဇဆိုသည့် လူတစ်ယောက်အား တဒင်္ဂ အချိန်တိုတိုအတွင်းမှာ သူ၏ စိတ်နှလုံးတို့ကို အင်မတန်မှပင် ကြီးမားစွာ လွှမ်းမိုး သွားနိုင်ခဲ့သူတည်း။

မြင့်မားကျယ်ပြန့်သော အဆင့်အတန်းကို ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူမနှင့်သူ့ဘဝက ကွာခြားလွန်းမက ကွာခြားပါသည်။ အဲဒါကို သိခဲ့ရသည့်နေ့က သူ တော်တော် စိတ်ဓါတ်ကျချင်သွား၏။

မှတ်မိသေးသည်။ သူမနှင့်စတင် တွေ့ဆုံရသော နေ့ကလေးကိုပေါ့။ လွန်ခဲ့သော နှစ်လခန့်က တွေ့ဆုံရခြင်းကို ပြန်တွေးလိုက်တိုင်း မနေ့တစ်နေ့ကကဲ့သို့ပင် သစ်လွင်လန်းဆန်းစွာ ခံစားရစမြဲ။ ထိုနေ့က သူနှင့် ပြည်စိုးတို့ တစ်စုံတစ်ခုကို အကြီးအကျယ် ငြင်းလာကြတာ ဖြစ်သည်။ အဲဒီ တစ်စုံတစ်ခုကတော့ ခုနလေးကမှ သူ့ကို ကားနဲ့ပွတ်သွားသော မျက်နှာထား ခပ်တင်းတင်းနဲ့ သူဌေးသမီး ကောင်မလေး၏ မောက်မာမှု နှင့် သက်ဆိုင်နေခဲ့၏။

"ဟိုက မင်းကို ဆဲသွားတယ်... အလျော်လိုချင်လို့ တမင်အတိုက်ခံတာလားတဲ့... သေအောင်တိုက်သတ်ပစ်လိုက်မယ်... ဘာမှတ်သလဲဆိုပဲ... အကယ်၍ မင်းသေသွားပါပြီတဲ့... အဲဒီ ဇိမ်ခံကား ကိုယ်တိုင်မောင်းနိုင်သော အဆင့်အတန်းရှိ အမျိုးသမီး ထောင်ကျ၊ မကျမင်းအက ပြောနိုင်သလား... ရာဇ။ ငါတော့ အဲဒီမိန်းမ... ထောင် မကျနိုင်လို့ ဒီလောက်ထိ မောက်မာရဲနေတာလို့ ထင် တယ်... သူ့နောက်မှာ Back ground ကောင်းကောင်း ရှိပုံရတယ်... "

ပြည်စိုးသည် ခုနက အဆဲခံသွားရသောအဖြစ် မကျေမချမ်း ဝေဖန်၏။ သူကတော့ တံတောင်ဆစ် အနည်းငယ်





နာသွား၍ ဒေါသလဲဖြစ်နေရာ...

"လူတစ်ယောက်လုံး အသက်သေသွားရတာကို... ဘယ်သူမှတော့ လျစ်လျူရှုမယ် မထင်ပါဘူး... တစ်စုံတစ်ခုသော ထိုက်တန်တဲ့ အပြစ်တော့ ပေးကိုပေးရမှာပါကွာ... မင်းပြောသလိုသာဆို ပိုက်ဆံရှိပြီး ကားစီးနိုင်တဲ့လူတွေက လမ်းပေါ်မှာ လျှောက်နေရတဲ့လူတွေကို အကုန်တိုက်သတ် ရဲနေတော့မှာပေါ့.. "

"ဟေ့ကောင်... လုပ်မနေနဲ့ အခု မင်း တံတောင်ဆစ် ကျိုးတော့မလောက် နာသွားတာတောင် မင်း ဘာသွားလုပ်နိုင်လို့လဲ... ဟိုက ဘာဖြစ်သွားလဲလို့ ရပ်တောင် မမေးပဲ ဆဲသွားတာကိုခံလိုက်ရတာ... လေကျယ်မနေနဲ့...လောကကြီးမှာ ငွေက အရာရာကို ဖန်တီးနိုင်တယ်... မြဲမြဲမှတ်ထား... ဟေ့ကောင်"

ပြည်စိုးသည် ထိုသို့ အတိုက်အခံ ပြန်ငြင်းရုံတင်ဘာ သူ့ပုခုံးကိုပါ ဆောင့်တွန်းလိုက်ချိန်၊ သူကလဲ ပြည်စိုး ဒီလိုတွန်းလိုက်လိမ့်မည် မထင်၍ မရှောင်လိုက်မိချိန် (ပြည်စိုးကငြင်းခုန်စရာရှိလျှင် စကားပြောလျှင် တွန်းထိုးပြောတတ်သည့်အကျင့်ရှိသည်) ဟန်ချက် အနည်းငယ် ပျက်ကာ ယိမ်းယိုင်သွားလေသည်။ ထိုအခါ သူ၏ ယိမ်းယိုင်သွားခဲ့သော ခန္ဓာကိုယ်သည် အခြားတစ်ယောက်အား ပြင်းပြင်းထန်ထန် ဝင်တိုက်မိခဲ့သောအခါ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတကြီး လှည့်ကြည့်လိုက်သော မျက်ဝန်း ကလေးကို သူတစ်သက် ဘယ်တော့မှ မေ့တော့မှာမဟုတ်။ ဆံပင် ပျော့တွဲတွဲများက ပုခုံးပေါ်မှာ ဝေ့ဝဲလို့။ နှုတ်ခမ်းပြင် အတိချထား သော ဆံပင်မျှင်ကလေးများက လေတိုက်တိုင်း လွင့်သွားကာ လှုပ်သွားတာ တွေ့ရလျှင် ရင်တောင်ခုန်ချင်ရဲ့။ ဒီ့ထက် ချောမော လှပဆိုသော မိန်းမတွေ အများကြီး မြင်ခဲ့ဖူးပါရက် သူမကိုတော့ သူသည် မြင်မြင်ချင်း အကြာကြီး မေ့လျော့ငေးမောသွားမိသတဲ့ ဘယ်လောက်တောင် ပြောင်းလဲသွားတဲ့ ရာဇဝင်လဲလို့။

သို့သော် သူမကလေးသည် သူ့အား နက်နက်နဲနဲ စူးနစ် နာကျင်စေသော ဆူးတစ်ချောင်းကို သူ့ရင်ထဲသို့ ထိုးစိုက် ခဲ့လေသည်။

“လူရမ်းကား... ကလေကချေ... လမ်းသရဲ... ဂျစ်ပစီ”

ဟု သူမ၏နှုတ်မှ ပြောဆိုကဲ့ရဲ့လိုက်မှုက သူ့ကို တခြားသူတွေ ဒီလို ခေါ်ဝေါ်ကဲ့ရဲ့ ခံလိုက်ရတာထက်ပင် အဆ တစ်ရာမက နာကျင်စေခဲ့တာ သူမ, မသိ။

ခုနက သူ့ကို ကားနဲ့ပွတ်သွားသော လူကုံထံမိန်း ကတောင် ဒီလို စကားမျိုးနဲ့ အနည်းငယ် ဆဲရေးသွားတုန်း သူ ဒီလောက် မနာခဲ့ပါပဲ သူမ၏ စကားတို့ကိုတော့ နာကျင် ပဲ့ကြွေ သွားရပြီ။

သူသည် အဲ့ဒီတုန်းက မှန်ထူလျက် စိတ်လိုက်

စေတနာစာပေ



ပါပင် သူမ့နောက် ပြေးလိုက်သွားပြီး ရင်ထဲမှာ ရှုတ်ချည်း ပေါ်ပေါက်လာသမျှ စကားတို့ကို တရစပ် ကပ်ပြောမိတာ မှတ်မိ သေးသည်။ ပြည်စိုးက သူ့အဖြစ်အပျက်အား တအံ့တကြီးပင် ငေးနေခဲ့သည်မှာ မေးဖို့တောင် မေ့လိုတည်း။

“အရမ်းချစ်ဖို့ကောင်းတယ်ကွာ... ”

ဟု သူဝန်ခံသည့်အခါ ပြည်စိုးသည် မယုံနိုင်စွာ အပ်ခါ တလဲလဲ မေးယူရသည်အထိပင်။ ဟုတ်သည်။ သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ ဤစကားမျိုး မပြောဖူးသေး။ အဲဒါကို သူ၏သူငယ်ချင်း ပြည်စိုးတစ်ယောက်သာ အသိဆုံးဖြစ်၏။

“ဟိုဘက်က... တော်ဝင်ကုမ္ပဏီထဲ ဝင်သွားတာတွေ့ တယ်... အဲ့ဒီ ကုမ္ပဏီမှာ သူအလုပ်လုပ်တာလား... မသိဘူး... ”

“ရာဇ... မင်းဘာဖြစ်သွားတာလဲ... ဟိုကဖြင့် မင်းကို အဖက်မတန်သလို ပြောဆိုသွားလိုက်တာ... နောက်ပြီး ကောင်မလေးကြည့်ရတာ... တော်တော့်ကို ချမ်းသာမဲ့ ပုံပဲ... ဝတ်စားထားတာ ရိုးရိုးပုံစံပေမယ့်... သူ့အဝတ် အစားတွေ... ကျောပိုးအိတ်တွေက... အင်မတန် ဈေး ကြီးကြီးပေးရတဲ့အစားထဲကကွ... မင်းနဲ့ငါ စူပါမားကက် တွေ... မဝယ်နိုင်ပဲ လျှောက်ငေးတိုင်း တွေ့နေကျဆို တော့ မင်းလဲခန့်မှန်းမိမှာပါ”

အခုပ် (၃၀) မြောက် မုံရွာ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူ့ကိုကြည့်သွားသော မျက်ဝန်းကလေး များကို သူ စွဲလန်းနေပြီဖြစ်ရာ သူသည် ဇွတ်တရွတ်ပင် ရှေ့တိုး ဖို့ ဆုံးဖြတ်မိသည်မှာ တကယ့်ကို တဒင်္ဂအတွင်း ပြောင်းလဲသွား သော ရာဇရဲ့ ပြောင်းလဲခြင်းအစပဲ။

"ဒါပေမဲ့... ငါ.. သူ့ကို ဘာဖြစ်လို့မှန်း မသိဘူး... မြင် မြင်ချင်း ရင်တွေ အရမ်းဆောင့်ခုန်သွားတာကွ... ပြီးတော့ သူလှုပ်ရှားသမျှတိုင်းကို လိုက်ငေးကြည့်ချင်သွားတယ်ကွ။ မင်းလဲ ငါ့အကြောင်း အသိပဲ... ငါလိုကောင်ဟာ... တော်ရုံကိစ္စကလေးမပြောနဲ့ ကြီးကြီးမားမား ကိစ္စတောင် ကိုယ့်ဘက်က ဘယ်လောက်မှားမှား မတောင်းပန်တဲ့ အပြင် ပြန်ပြီးတော့တောင် ရိုင်းပစ်တတ်ခဲ့ပေမဲ့... သူ့ကို ကျတော့ ငါ့စိတ်ထဲမှာ သိပ်ပြီး သူ စိတ်ဆိုးပြေစေချင်သွား တယ်... သူနဲ့စကားပြောခွင့်ရတာကို ပျော်သွားတယ်... ဒါပေမဲ့ကွာ... ငါ့ကို တခြားလူတွေ ဘယ်လောက်ဆဲဆဲ... ငါ မမှုခဲ့ပေမဲ့ သူ့ဆီက ကြားလိုက်ရတာမျိုးကျတော့... ငါ တော်တော့်ကို ထိခိုက်တာကွ... တစ်ခါမှ ကိုယ့်ဘဝကိုယ် သိမ်ငယ်စိတ် မဖြစ်မိတဲ့ငါဟာ သူနဲ့ယှဉ်မိပြီး သိမ်ငယ် သွားမိတယ်... သူ့ဆီက အဆင့်အတန်း ခွဲခြားတဲ့ စကား မျိုး ကြားရတုန်းမှာ... ယူကြုံးမရ နာကျင်ရတာမျိုး... တစ်ခါမှ မခံစားခဲ့ရဖူးဘူး"

"သူက မင်းကြည့်မရဖြစ်ပြီး အမြဲ... အရွဲ့တိုက်... လျှောင်





ပြောင်တတ်တဲ့ လူ့မလိုင် အလွှာထဲက ဖြစ်နေရင် ဘယ့် နှယ့်လုပ်မလဲ.. ကောင်မလေးကြည့်ရတာ.. ကုမ္ပဏီဝန်ထမ်း ဟုတ်ပုံမရဘူး ကုမ္ပဏီပိုင်ရှင် သမီးဖြစ်ဖို့ ပိုများတယ်... ဘာဖြစ်လို့လဲဆိုတော့ သူ့မျက်နှာမှာ ဝန်ထမ်းမိန်းမတွေ ဆီမှာ တွေ့ရထဲ့ ရင့်ကျက်မှုမျိုး ရှိမနေပဲ ကလေးဆန်နေ တယ်ကွ... အလုပ်တာဝန် တစ်ခုခု ဖိစီးထားရတဲ့ မိန်းမ တစ်ယောက်ဆီမှာ တွေ့ရတတ်တဲ့ ပုံစံမျိုး ရှိမနေတာ... အမှန်ပဲ... "

"ဘာပဲဖြစ်ဖြစ်... သူ့ကိုပဲ ချစ်သွားတယ်ကွ... အဲဒါ သေ ချာတယ် သူ့ကို မမြင်ရတော့တဲ့ အချိန်မှာ ငါ့ရင်ထဲက အပိုင်းအစ တစ်ခုခု သူနဲ့ပါသွားသလိုပဲ... "

"စကားလုံးတွေ သိပ်ပြောင်မြောက်နေပြီ.. "

ထို့နောက် သူသည် ထိုနေ့ တစ်နေ့လုံးပင် ဘယ်မှ မသွားတော့ပဲ သူမ, ဝင်သွားရာ အဆောက်အအုံကြီး၏ ဘေး ဘက် လက်ဖက်ရည်ဆိုင်တွင် ထိုင်စောင့်နေမိခဲ့ပါသည်။ ပြည်စုံး ဆင်မြင်ယူဆထားသည့်အတိုင်းပင် သူမသည် သူမနှင့် ရုပ်ရည် ချင်း တော်တော်ဆင်တူသည့် မာနတွေ တလူလူပြည့်နေသော အမျိုးသမီးကြီး၏ လက်မောင်းကို ကလေးတစ်ယောက်ပမာ တွဲချိတ်၍ ကုမ္ပဏီရှေ့တွင် ရပ်ထားသော နောက်ဆုံးမော်ဒယ်လ် ဖြစ်သည့် မာစီဒီးကားဆီသို့ လျှောက်သွားတာမြင်လျှင် တစ်သက် တစ်ကိုယ် သူ့ဘဝသူ မနာကြည်းမိသမျှ နာကြည်းချင်သွားခဲ့၏။

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ... ကုမ္ပဏီက ရေလည်တောင့်ပုံရတယ်... ကုမ္ပဏီနဲ့ သက်ဆိုင်တဲ့ ကားတွေချည်း ရပ်ထားတဲ့ နေရာမှာရှိတဲ့ ကားတွေကို ကြည့်စမ်း... တန်ဖိုး အနိမ့်ဆုံးက Grandy Mark II ဆိုတဲ့ ကားကွ... တဲ... ဘယ်လိုလဲ... ရာဇ... "

သူသည် ပြည်စိုး၏ အမေးကို မဖြေမိ။ လက်ဖက်ရည်ဆိုင်ထဲတွင် ဖွင့်ထားသော မျှော်လင့်ခြင်းလေးကို တမင်လိုက်ညီးနေမိခဲ့ပြီး ကားထဲဝင်ထိုင်လိုက်သော သူမကို တမ်းတစွာ ငေးကြည့်နေခဲ့လေသည်။

"အို... မျက်စိမှိတ်ချစ်တယ်... လိုအပ်ခြင်းမင်းပဲ... မင်းအသိပါလေ... ကဲ... အဲဒီလိုပဲပေါ့ကွာ... သူဟာ ငါ့အတွက် မျှော်လင့်ခြင်းလေးပဲ... ကျေးဇူးပါပဲ ကိုလေးဖြူပြီးတော့ ကျေးဇူးပါပဲ ကေအေတီ... ဒီသီချင်းက ငါ့အတွက် သိပ်အဓိပ္ပါယ် ရှိသွားပြီကွာ... ငါ့အတွက် ဆိုပေးထားသလိုပဲ... သူနဲ့ငါ့အတွက်ပေါ့... ဒါကြောင့် ငါ ကိုလေးဖြူနဲ့ ကေအေတီကို ကျေးဇူးတင်ပစ်လိုက်ပြီ... သိလား ပြည်စိုး... "

"လူကုံထံမိန်းမတွေ... ဇိမ်ခံကားစီးနိုင်တဲ့လူတွေက မောက်မာတယ်ကွ... မင်းကိုငါ တားချင်တယ်ကွာ... မင်းက သိပ်မျှော်လင့်နေလို့ မဖြစ်နိုင်ဘူးကွ... မင်းပဲ ခံစားရမှာ... "

"သူ့ကို ချစ်ရုံတင်ပဲ... သူ့ လှပ်ရှားသမျှ ငေးရရုံတင်ပါပဲ... ငါ... သူ့ကိုချစ်နေတယ်ဆိုတာ သူသိသွားရုံတင်ပါပဲကွာ... ဒီထက်ပိုပြီးလဲ မမျှော်လင့်ပါဘူး... ငါကိုယ့်အရည်အချင်း ကိုယ်သိတယ်... ငါ့အခြေအနေနဲ့ ဒီ့ထက်ပိုတဲ့ အဆင့်အထိ... အင်း... သူ... ငါ့ကို ချစ်လာနိုင်ဖို့လောက်ထိဆိုတာ မပိုင်ဆိုင်နိုင်ဘူးလို့ ငါသိထားပါတယ်... ဘဝပေးအခြေအနေတွေက သိပ်ကွာလွန်းနေတယ်... သူဟာ ငါ့လိုလူကို စိတ်ကူးတောင်ယဉ်မှာ မဟုတ်ပါဘူး... အဲဒါကို ငါသိနေပေမဲ့ ချစ်တာကတော့ ချစ်တာပဲကွ... တားမရဘူး... "

"တစ်မျိုးကြီးပဲကွာ... ငါအကြံပေးချင်တာ ရောဂါမရင့်ခင် အရင်ကုသဖို့ကွ... ဘာလုပ်မှာလဲ... မင်းချစ်တယ်ဆိုတာ သူသိသွားတော့ရော... ဘာမှ ပိုမထူးဘူး... ငါတော့ ဒီကိစ္စကို အားမပေးဘူး... "

သို့သော် ရာဇသည် သူ့ဇာတိအတိုင်းပင် တဇွတ်ထိုးဆုံးဖြတ်ခဲ့သူပင်။ ပြည်စိုး ဘယ်လောက်တားတား နောက်တစ်နေ့မနက်အစောကြီးမှာ သူသည် တော်ဝင် ကုမ္ပဏီရှေ့သို့ ရောက်လာခဲ့၏။ ပြီးတော့ ကုမ္ပဏီအဆောက်အအုံကြီးကို ငေးမောကြည့်ရှုကာ၊ အဲဒီရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားမိသေးသည်။ ဘယ်လောက် ရူးသွပ်လိုက်သလဲ။

တကယ့်ကို မနက်အစောကြီးမို့ လမ်းမပေါ်မှာ လူတောင် အနည်းငယ်မျှသာ ရှိနေခဲ့သည်။ အဲဒီအချိန်မှာ







www.burmeseclassic.com

www.burmeseclassic.com

ဖွဏီ အဆောက်အအုံရှေ့သို့ အသားမည်းမည်း လူမျိုးခြား မိန်းမတစ်ယောက် သွားရပ်တာ တွေ့ရသည်။ ထိုအဆောက်အအုံတွင်းမှ အစောင့်ဒရဝမ်ဟု ထင်ရသော လူကြီးတစ်ယောက်က တံခါးဖွင့်ပေးလျှင် ထိုမိန်းမက သူမ၏ လက်ထဲမှ ခြင်းတောင်းကို ချထားရာမှ ကောက်ဆွဲ၍ အထဲဝင်သွားသည်။

သန့်ရှင်းရေး အလုပ်သမပဲ ဖြစ်မည်။ သိပ်မကြာခင် နောက်ထပ် သုံးလေးယောက်တို့ ထပ်ဝင်သွားကြတာ တွေ့ရ၏။ သူ ရပ်ကြည့်နေခိုက်မှာ အထဲက မိန်းမတစ်ယောက် ပြန်ထွက်လာခဲ့ပြီး အဝင်အထွက် မှန်တံခါးကို အဝတ်ဖြင့် ပွတ်သုတ်နေလျှင် ရာဇသည် သူ့ရင်ထဲမှာ သိပ်သိချင်နေသော အကြောင်းအရာတစ်ခုကို စုံစမ်းဖို့ အကြံရသွားတော့သည်။

"ဒီမှာ အစ်မ... ဒီကုမ္ပဏီမှာ မာစီဒီး (---) နံပါတ်ကားစီးတဲ့ လူများရှိသလား... ကျွန်တော် သိပါရစေ... "

"ဘာလဲ... မင်းက ဝပ်ရှော့ အလုပ်သမားလား"

အသားမည်းမ,က လျှာရှည်နေသေး၏။ သူသည် ဘာမှ ပြန်မဖြေပဲ သူ့မေးခွန်းကိုသာ ဆက် အတည်ပြု မေးမြန်းလိုက်သောအခါ...

"မှတ်ထား... ဟဲ့... အဲဒါ ကုမ္ပဏီရဲ့ပိုင်ရှင်ဒေါ်မြရည်တော်စီးတဲ့ကား... ကျန်တဲ့ကားတွေက... တခြား ရှယ်ယာရှင် သူဌေးတွေရဲ့ကားပေါ့.. နေစမ်းပါဦး မင်းက ကား အရေးအတွက် စစ်တမ်းကောက်တဲ့လူလား... "

ဟု ဘုတောခံရတော့သည်။ ဒေါ်မြရည်တော်တဲ့။ ကုမ္ပဏီပိုင်ရှင်တဲ့။ ဒါဆို ပြည်စိုးနဲ့သူ ထင်မြင်ထားသမျှ အမှန်တွေချည်းပါလား ဟူ၍ ကိုယ့်ဘာကိုယ် သိမ်ငယ်စွာ တွေးတောလိုက်မိပါသည်။

"ဒေါ်မြရည်တော်က... အပျိုကြီးလား... "

"ဟဲ့ကောင်လေး... ဘာတွေ လာမေးနေတာလဲ... နင်ဘယ်သူလဲ ပြောစမ်း... "

"ဒီမှာ... ကျွန်တော်ကို မယုံသင်္ကာသလို ဟောက်လား၊ ဟိန်းလား လုပ်စရာမလိုဘူး... ဒေါ်မြရည်တော်နဲ့ ကျွန်တော့်အလုပ်ရှင်နဲ့ ရင်းနှီးပြီးသားဗျ... သူမေးခိုင်းလို့ ကျွန်တော်လာမေးတာ"

"အံမယ်လေး... ဒေါ်မြရည်တော်တို့ကတော့များ သမီးတစ်ယောက်အမေ မုဆိုးမ အရွယ်ကလေး ကောင်းကောင်းဆိုတော့ စိတ်ဝင်စားသူတွေ ခုထိ မနည်းတဲ့အထဲ မင်းရဲ့ ဘော့စ် ပါနေပြီပေါ့လေ.. မှတ်ထား.. ဟဲ့ ကောင်လေးရဲ့... ဒေါ်မြရည်တော်မှာ တစ်ဦးတည်းသော သမီးကလေးရှိပြီး သူ့သမီးကို သူ သိပ်ချစ်တာ... ယောကျ်ားက သူ့အသက် ငယ်ငယ်မှာ ဆုံးသွားတာတောင် သမီးကိုငဲ့ပြီး ဘယ်တော့မှ နောက်အိမ်ထောင်ပြုဖို့ စိတ်တောင် မကူးခဲ့ဘူး... ငါကဆို သူ့ယောကျ်ားလက်ထက်ကတည်းက





www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ သန့်ရှင်းရေး အလုပ်လုပ်လာတာ သူတို့မိသားစု အကြောင်း သိမှသိ... သူ့သမီးကလေးက ချစ်စရာ... နာမည်က အပျံစားဟဲ့... သိင်္ဂီတော်တဲ့...ကောင်မလေးက သူတို့နဲ့ အဆင့်အတန်းတူတဲ့ လူတစ်ယောက်နဲ့ စေ့စပ်ပြီးသား၊ ကောင်လေး နိုင်ငံခြားက ပြန်လာရင် လက်ထပ်ကြတော့မှာပေါ့... "

ရာဇသည် သူ လိမ်လည် မေးမြန်းလိုက်မိသော စကားတစ်ခွန်းကြောင့် အင်မတန်မှ စကားများ လျှာရှည်သည့် အသားမည်း အမျိုးသမီးထံမှ သူမအကြောင်း ပြည့်ပြည့်စုံစုံ သိခွင့်ရခဲ့တော့သည်။ စေ့စပ်ပြီးသားတဲ့လား ပိုင်ဆိုင်ရမဲ့သူ ရှိပြီးသားတဲ့လား။

ထိုအဖြစ်အပျက်က သူ့ကို တော်တော်ပင် ပြိုကျပျက်သုဉ်း သွားစေခဲ့သလိုပင်။ သူ့စိတ်တွေ ဂယောက်ဂယက်ဖြင့် အဲဒီရှေ့က ပြေးထွက်လာခဲ့ပြီ။ ပြည်စိုးကို အတင်းသွား ခေါ်ထုတ်မိသည်။ ပြည်စိုးသည်...

"အိပ်ရာထဲမှာ ဇိမ်နဲ့မှိန်းချင်တာတောင် မှိန်းလို့ မရပါလားကွာ... မင်းတော့ အရူးရောဂါကို မင်းဘာသာ ကျေကျေနပ်နပ် လက်ခံတာ ထားတော့... ငါ့ကို အသားလွတ် လာဒုက္ခ ပေးတာတော့ ကြာရင် ငါပါ ရူးသွားနိုင်တယ်"

ဟူ၍ တညီးညီး တညူညူပင် လက်ဖက်ရည်ဆိုင်ကို ထလိုက်လာခဲ့ဖေါ်တော့ ရပါသည်။ ရာဇသည် သူ သိလာ





သမျှတွေ ပြန်ပြောပြသောအခါ ပြည်စိုးက ဘယ်နှယ့်ရှိစ ဟု မျက်ခုံးပင့်ကြည့်ခြင်း ခံရသည်။

ကိုယ်တို့ဘာလို့ အခုမှ တွေ့ကြရတာလဲ ကိုယ် မင်းကို တွေ့ခဲ့ရချိန်က ဘာလို့ ဒီလောက် နောက်ကျသွားခဲ့ရတာလဲ။ ကိုယ်တို့ ဘာလို့ ဒီလောက်ထိ ဘဝပေး အခြေအနေတွေ ကွာခြားနေရသလဲ။ ကိုယ် ကြာရင် ရူးသွားမလားပဲ။ မင်းမှာ ပိုင်ရှင်ရှိပြီးသား ဆိုတဲ့စကားဟာ ကိုယ့်ကို တော်တော် ထိုးနှက်နိုင်ခဲ့တာပဲ။

"ကောင်းတာပေါ့... ပိုင်ရှင် ရှိပြီးသားဆိုတာလဲ မင်းသိရော... စောစောစီးစီး မင်းရဲ့ အရူးထမှုတွေ ရပ်လို့ရတာပေါ့... ငါတော့ မင်း ဒီလို သွားပြီး စပ်စုလိုက်လို့ သိင်္ဂီတော်ဆိုတဲ့ ကောင်မလေးအကြောင်း သိလိုက်ရတာ ပိုကောင်းတယ်လို့ ထင်တယ်... ကိုယ့်ရောဂါ ကိုယ်မရှာပါနဲ့... ရာဇရာ။ ဘာဖြစ်လဲ... အစထဲက, မဖြစ်နိုင်ဘူး ထင်ထားခဲ့တဲ့ ပြဇာတ်တစ်ခုကို ဆက်က မနေနဲ့တော့... ဘာလဲကွ... မင်းက... အခုမှ ဘာပုံစံ ပြောင်းသွားရတာလဲ... မိန်းမတစ်ယောက်ကို အရူးအမူး ချစ်တယ်ဆိုတာဟာ... သိပ်အဓိပ္ပါယ် မရှိတဲ့ ခံစားချက်လို့ မင်းပဲ ဝေဖန်ပြီးတော့... အခုတော့ မင်း အလှည့်ကျ ပိုတောင်ဆိုးသေး... မင်း၊ ငါ့ကို စိတ်ဆိုးချင် စိတ်ဆိုးကွာ... သိင်္ဂီတော်နဲ့ ပတ်သက်ရင် မင်းငါ့ကို ဘာမှ အကူအညီ မတောင်းနဲ့ မပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ.. သူ့ကို သိပ်ချစ်တာ သူသိစေချင်တယ်... ဒါပေမဲ့.. ငါချစ်တာ သူသိတော့ရော သူက ဘာမှ ခံစားရတော့မှာမှ မဟုတ်တာနော်.. သူ့ဆီက အချစ်ကို ခံစားတတ်တဲ့ နှလုံးသားဟာ တခြားလူ တစ်ယောက်အတွက် ဖြစ်ပြီးသားတဲ့... ငါအရမ်းကြွေတယ်ကွာ... နောက်ပြီး.. ကိုယ့်ကိုကိုယ်လဲ အံ့ဩမိတယ်... ခဏလေးတွေ့လိုက်ရတာနဲ့ ဒီလောက်ထိ ချစ်မိသွားလိမ့်မယ် ဆိုတာ ငါ့ဘဝမှာ စိတ်ကူးတောင် မရှိခဲ့ဖူးဘူး... ဒါပေမဲ့.. မင်း အကြံပေးသလို ငါရဲအောင် မေ့ကြည့်မယ်ကွာ... "

"သိပ်ကောင်းတဲ့... နည်းလမ်းကို မင်းရွေးချယ်လိုက်တာပဲ... ရာဇ"

ဘယ်တုန်းကမှ မိမိလုပ်ချင်သည်များ ရှိတိုင်း ကြိုက်မိုက် မြူသိပ်လေ့ မရှိသော သူသည် ထိုနေ့မှစ၍ အကြီးအကျယ် မြူသိပ်ထိန်းချုပ်ရခြင်းဖြင့် သူ့စိတ်ကို သူ ချည်နှောင်ထားရတော့၏။

သူမ၏ မျက်နှာကလေးကို ငေးချင်စိတ်၊ သူမ လှုပ်ရှားသမျှကို မြင်နိုင်သလောက် လိုက်ကြည့်ချင်စိတ်၊ သူမကို သူက ချစ်နေကြောင်း သိသွားစေချင်စိတ် စသည့် စိတ်ဆန္ဒမျိုးစုံတို့ကို ထိန်းချုပ်ရသော နေ့ရက်တွေ။ ဘယ်လောက်ခြောက်သွေ့ရတဲ့ နေ့ရက်တွေလဲ။ ပြီးတော့ ဘယ်လောက် ဂယောင်ခြောက်ခြား ဖြစ်ရသလဲ။





သုံးရက်တိတိ မြူသိပ်ပြီးသောအခါ ရာဇသည် ဆုံးဖြတ်ချက် အသစ်တစ်ခုဖြင့် ပြောင်းလဲခဲ့လေပြီ။ သူမကို ကိုယ်ဟာ ဘာကြောင့် ခဏလေး သွားကြည့်ခွင့် မရှိစရာ အကြောင်းရှိသလဲ။ သူမကို မေ့ဖို့ မလွယ်တော့တာလည်း ကိုယ့်အတွက် သေချာသလောက် ရှိနေပြီ။

ဒီတော့ အစက ဆုံးဖြတ်ရည်ရွယ်ထားသလိုပင် သူမ၏ အသွားအပြန်တွေမှာ စောင့်ကြည့်ငေးမောမည်။ သူမဆီက မျက်ဝန်းကြည်လဲ့လဲ့ဖြင့် တစ်ချက်မျှသာမာန်ကာလျှံကာ ကြည့်လိုက်ရင်ဖြင့် ကျေနပ်မည်။ပြီးတော့ 'ရာဇ' ဟု-သူက သူ့ကိုယ်သူ မိတ်ဆက်ပေးထား နှင့်ပြီးဖြစ်ရာ အဲဒီ ရာဇဆိုတဲ့ လူဟာ သူမကို ချစ်နေသေးကြောင်းလဲ သူမ, သိသွားအောင် ဖန်တီးပါရစေဦး။

ဒီလောက်ကလေးပါပဲ။ ကိုယ့်ရဲ့ မျှော်လင့်ခြင်းလေးက ဒီလောက်ပဲရှိပါတယ် သိဂီတော်။ မင်းကို ပိုင်ဆိုင်ခွင့် မရနိုင်တဲ့ အလွမ်းကွာတဲ့ ဘဝတစ်ခုထဲမှာ ကိုယ့်တစ်သက်တာအတွက် ဒီလောက်ထိ စွဲစွဲလန်းလန်း ချစ်မိသွားသူကလေးကို ကိုယ့်ရဲ့အချစ်တွေ သိခွင့်မပေးခဲ့လို့တော့ မဖြစ်။

ထို့ကြောင့်ပင် ရာဇသည် သုံးရက်မြောက်နေ့တွင် တော်ဝင် ကုမ္ပဏီကြီးရှေ့မှာ သီချင်းတစ်ပုဒ်ညီးရင်း ချစ်သူကို စောင့်မျှော်ဖို့ အဆင်သင့် ဖြစ်နေခဲ့ပြီတည်း။

✿✿✿✿

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည်လဲ့ကာ တည်ငြိမ်သော ကောင်မလေး၏ မျက်နှာက မာနတွေအပြည့်နှင့်။ သူ တမေ့တမော ငေးကြည့်ရတာ မျက်တောင်, တောင် မခတ်ချင်။ သူမ၏ ခပ်စိပ်စိပ် ခြေလှမ်းတွေဟာ ခွာမြင့်ဖိနပ်သံဖြင့် စည်းချက်ကျလို့။ ကိုယ့်ကို မင်း တစ်ချက်လောက် ကြည့်သွားပါစေ။ မင်းကဖြင့် တစ်ချက်ကြည့်လိုက်ရင် ကိုယ် အသက်ရှူများ ရပ်သွားမလားပဲ။

မဖြစ်။ သူ လာစောင့်ကြည့်နေကြောင်း ကောင်မလေး မသိလိုက်ရတာမျိုးတော့ မဖြစ်ချင်။ တစ်ခုခုတော့ ဖန်တီးမှပေါ့။ တစ်ခုခုကြောင့်ပေါ့ သူမကလေး ဂရုစိုက်မိသွားလျှင် အိုး လောကကြီးမှာ အဲဒီ့အခွင့်အရေး ရတာလောက်များ ကျေနပ်စရာ ရှိဦးမလား။

သူသည် သူမကြောင့် ဆက်နွှယ်ပတ်သက်ကာ နှစ်ခြိုက်စွဲရှိရင်းက ပို၍ နစ်ဝင်သွားခဲ့ပြီးဖြစ်သော 'မျှော်လင့်ခြင်းလေး' ကို သူမ, သတိထားမိသွားအောင် ဆိုလိုက်ဖို့ ရည်ရွယ်ကြံစည်မိပါသည်။ အဲဒီ့မှာတင် သူ့ဘဝမှာ မပိုင်ဆိုင်ရခဲ့ဖူးသော ဆုလာဒ်တစ်ခုကို မတောင့်တ မမျှော်လင့်ခဲ့မိပါပဲ ပိုင်ဆိုင်ခွင့်ရလိုက်တော့တာ ဖြစ်သည်။

ကြည့်စမ်း။ မင်း ကိုယ့်ကို သိနေတယ်။ မင်း ကိုယ့်ကို မမေ့ဘူးပေါ့။ မှတ်မိနေခဲ့တယ် ပေါ့။ ဤအချိန်မှစ၍ သူ့ဘဝတွင် သူမနဲ့ပတ်သက်၍သာ ထူးထူးခြားခြား ကြီးမားသည့် စိတ်လှုပ်ရှားရခြင်းမျိုးကို ကြုံရတော့တာဖြစ်သည်။ ဖြတ်ကနဲ မျက်





လုံးချင်း ဆုံလိုက်ချိန်တွင် သူ့ရင်ထဲမှာ တုန်လှုပ် ငြိတွယ်သွားရလောက်အောင် သူမ၏ မျက်ဝန်းထဲမှာ တွေ့ရသည့်သူ့ကို အသိအမှတ်ပြုသော အရိပ်များ။ အဲဒီ အချိန်တွင်လောက် သူ့ဘဝ ငြိမ်းချမ်းပြည့်စုံသွားရတာမျိုးလဲ မရှိပြီ။

နေ့စဉ် အသွားအပြန် သူနဲ့သူမတို့၏ မျက်လုံးချင်း ဆုံကြခြင်းတည်းဟူသော အဖြစ်အပျက်ဟာ မမျှော်လင့်ခဲ့သော သူတို့နှစ်ယောက်ကြားက ဆက်သွယ်မှု တစ်ခု ဖြစ်ခဲ့ပေသည်။ ပြီးတော့ ကိုယ့်ရဲ့ 'မျှော်လင့်ခြင်းလေး' ကို မင်း နှစ်သက်နေခဲ့တယ်လို့လဲ ကိုယ် ယူဆပါတယ်။ 'မျှော်လင့်ခြင်းလေး' ဟာလည်း ကိုယ့်တို့ကြားက ဆက်သွယ်မှုပဲပေါ့။ ကျေးဇူးပဲ အချစ်ရယ်။ ကိုယ့်ကို မျက်လုံးချင်း ဆုံခွင့်ဆိုတဲ့ အခွင့်အရေးကို မင်းပေးခဲ့တဲ့ အတွက်။

"တစ်ချိန်ချိန်မှာတော့... သူနဲ့ စကားပြောခွင့် ရချင်သေးတယ် ပြည်စိုးရာ... သူ့ရဲ့ တိုးလှည်င်သာပြီး ဒေါသတွေ စွက်နေတဲ့ အသံကလေးကို ငါကြားဖူးခဲ့ကတည်းက ငါ ဘာသိလိုက်တယ်ထင်လဲ.. သူ့အသံမှာ ငါ့ကို ညှို့ငင်နိုင်တဲ့ အင်အားတစ်မျိုးမျိုးတော့ ပါနေတာ အမှန်ပဲကွ။ အဲဒီ့ အသံကလေးကို ထပ်ပြီး ကြားရချင်တယ်ကွာ... ဒါပေမဲ့ အဲဒီ့လို ဖြစ်ဖို့ကလဲ အဝေးကြီး.. သူက နောက်ထပ် ဘယ်အချိန်ထိပဲ ဒီအခွင့်အရေးကို ပေးနိုင်မလဲ... သူဟာ တစ်နေ့နေ့မှာတော့ ပိုင်ရှင်ရှိသွားခဲ့ရင်... ကျွတ်... သိဂီတော်

အုပ် (၂၀) မြောက် ပုံနှိပ် အထိမ်းအမှတ်

E 0(A)

www.burmeseclassic.com

www.burmeseclassic.com



ဟာ သိပ်ပဟေဠိ ဆန်သွားပြီကွာ။ တကယ်ဆို... ငါ့ကို သူ မျက်လုံးချင်း နေ့စဉ်ဆုံတဲ့ အခွင့်အရေးတွေ ပေးထားဖို့ မသင့်ဘူး... ငါ့ရည်ရွယ်တာက သူ လှပ်ရှားသမျှ ငေးရှုံ ငါ့ကို နဲနဲပါးပါး အသိအမှတ်ပြုရုံ။ သူ့အလှကို ယစ်မူးသူ တစ်ယောက်အဖြစ်သာ... သတ်မှတ်ပေးရုံပါပဲ... ဒီထက် ပိုမလိုချင်ဘူး... အခုတော့... မထင်မှတ်တာတွေ သူ တို့ ပြန်လာတော့... ငါ သိပ်ကို တွေဝေနေရပြီကွာ..."

မနေနိုင်တော့သည့်အဆုံးမှာ ပြည်စိုးကို မတိုင်ပင်ဘူးဟု ရည်စူးထားသည့်တိုင် ရင်ဖွင့်မိတော့သည်။ မှတ်မှတ်ရရ အဲဒီနေ့က သူမနဲ့သူ့ရဲ့ မျက်လုံးချင်းဆုံရသော ချစ်စရာကောင်းသည့် အဲဆက်အသွယ်ကလေး ပိုင်ဆိုင်ထားရသည့် နေ့များ တစ်လတိတိ ကြာမြင့်ချိန်မှာ ဖြစ်၏။

"မင်းပြောသလိုဆို... တစ်မျိုးကြီးပါလားကွ... သူက မင်းကို မကြည့်သလို ဟန်ဆောင်တယ်... မင်းက မျှော်လင့်ခြင်းလေးဆိုတဲ့ သီချင်း တစ်ပိုင်းတစ်စလောက် သူကြားအောင် တမင်ဆိုပြလိုက်ရင်... သူက မင်းမျက်လုံးတွေကို တည့်တည့်စိုက်ကြည့်တယ်... တဲ့လား။ နေ့တိုင်း အသွားအပြန်ဆိုတော့ သူ့အဘွားကြီး မင်းကို သိနေလောက်ရောပေါ့..."

"သိတာပေါ့ကွ... ဒါပေမဲ့ သူ့မေမေက သိပ်တန်တာတွ ပထမတစ်နေ့ပဲ အံ့ဩပြီး ကြည့်တယ်... နောက်နေ့တွေ





တော့ ခေါင်းကိုမော့ပြီး ချိတားတဲ့ဟန်က မပျက်ဘူး... ကြည့်ရတာ သိဂ္ဂီတော်ဟာ... သူ့အမေ အင့်မတန် စိတ်ချယုံကြည်လောက်အောင်... အရင်က ဘယ်လောက်များ မာနကြီးခဲ့သလဲမှ မသိတာ... သူ့လို မိန်းကလေးတစ်ယောက် အနေနဲ့ ငါ့လိုကောင်မျိုးတင် မကဘူး၊ ငါ့ထက်သာတဲ့လူတွေချည်း မကြာခဏ ချဉ်းကပ်တာကို ကြုံရမှာပဲ... ဒါပေမဲ့... သူ့အမေမှာ သူ့သမီးကို လုံးဝ သံသယဖြစ်တဲ့ ပုံစံမျိုး မပြတာ ထူးခြားနေတယ်"

"ငါသိတာတော့... တချို့ မိန်းမတွေဟာ... သူတို့ကို အသည်းအသန်... အရူးအမူး ဖြစ်ကျွန်ခဲ့တဲ့ ယောက်ျား ဘယ်နှစ်ယောက်ဆိုတာ... လက်ချိုးရေပြီး ဂုဏ်ယူချင်တယ်ဆိုလား..."

"သူက... အဲဒီလို မိန်းမစား ဖြစ်မယ်မထင်ဘူး... ဟုတ်တယ် သိဂ္ဂီတော်က ဖြူစင်တဲ့ မိန်းကလေးပါ... သူ... ငါ့ကို ဘာလို့ ဒီအခွင့်အရေး ပေးသလဲဆိုတာပဲ သိချင်တယ်... အဲဒါ သိခွင့်ရရင် တော်တော့်ကို ရင်ထဲ ရှင်းသွားမယ်... ပြည်စိုးရာ"

သို့သော် သူကြောက်သော သံသယ တစ်ခုမှာ ...က သူ့ကို တမင်ဖြားယောင်းသည် ဆိုသည့်အချက်ပင် ဖြစ်...၊ ကိုယ်က သူ့ကို သိပ်ချစ်ပေမယ့် သူက ကိုယ့်ကို ပြန်မချစ် ... အကြည့်ချင်း ဆုံရုံကလေးဖြင့် သူ့ကို အရူးအမူး ဖြစ်ကျွန်

အုပ် (၂၀) မြောက် မြန်မာ့ အထိမ်းအမှတ်

www.burmeseclassic.com



ခဲ့အောင် ဖြားယောင်းခဲ့မည်ဆိုလျှင် အဲဒီ လူနှစ်ယောက်ရဲ့ နေ့စဉ် လူမသိ၊ သူမသိ ဆက်သွယ်မှုဟာ ဘာ အဓိပ္ပါယ်ရှိတော့မှာလဲ။ ဒါပေမဲ့လည်း အဖြေကိုတော့ ကိုယ်လိုချင်နေခဲ့တာ အမှန်ပဲ။

နောက်ထပ် တစ်လတိတိ ကြာမြင့်သည့်အထိပင်၊ သူကိုယ်တိုင်လဲ နှစ်လိုစွာ၊ ရင်ခုန်စွာ၊ ကျေနပ်စွာ၊ တွယ်ငြိစွာ၊ တမ်းတစွာ လက်ခံထားပြီးဖြစ်သော မျက်လုံးချင်းဆုံရခြင်းနှင့် သူ့ဘက်က စွဲလမ်းတွယ်တာမှုကို ပြသသော 'မျှော်လင့်ခြင်းလေး' ကို အနည်းငယ်ဆိုပြခွင့် ရခြင်းတို့ကို ဆက်လက် ဖြတ်သန်းပြီးသည့်နောက်မှာ တစ်နေ့တော့ သူသည် စိတ်ကူးတစ်မျိုးရကာ ပြည်စိုး၏ သူငယ်ချင်းတစ်ယောက်ထံမှ ပြိုင်စက်ဘီးကို ခကောင်ငှါးပြီး သူမ၏ ကားနောက်မှ လိုက်၍ အိမ်အထိ လိုက်ကြည့်မိပါသည်။

အဲဒီမှာ သူ့ဘဝတစ်ခုလုံး တစ်စစီ ပဲ့ကြွေသွားရဖို့ စတင်တော့တာ ဖြစ်သည်။

ထိုသို့ သူမ၏ ကားနောက်လိုက်ကြည့်မိပြီးသည့် နောက်တစ်နေ့မှာ သူမထံမှ ခါတိုင်း လက်ခံရရှိနေကျ မျက်လုံးချင်းဆုံခွင့်ဟူသော အခွင့်အရေးကို သူမက မပေးတော့ချေ။ အဲဒါကို သူ အံ့ဩ၍မဆုံး။ ဘာဖြစ်လို့လဲ ဘာဖြစ်လို့ နေ့ချင်း ညချင်း ပြောင်းလဲသွားခဲ့သလဲ ဆိုတာ သူ သိပ်သိချင်၏။

မနေ့က အိမ်အထိ လိုက်ကြည့်မိခဲ့၍ သူမရဲ့မေမေကပဲ သူမကို ဆူခဲ့သလား။ ဒါမှမဟုတ် သူ့လို လူတစ်ယောက်တို



မျက်လုံးချင်း ဆုံရုံသာ ဖြားယောင်း၍ သူ့ကို အရူးအမူးဖြစ်ကျန်ရန် ရည်ရွယ်ခဲ့လိမ့်မည်။ သို့ပေမယ့် သူ့ဘက်က ဤသို့ ခြေလှမ်းတွေ တိုးလာတာမြင်လျှင် ရှေ့ဆက်လာမည်ကို မလိုလား၍ သူမဘက်က စတင် ရှောင်ရှားခြင်းလား။

အဲဒီနေ့ကလောက် သူ့ရင်တွေ ခြောင်းဆန်ကာ ဖရိုဖရဲဖြင့် ပြိုအက်ရတာမျိုးလဲ မရှိပြီ။ ရင်ထဲမှာ တစစ်စစ် ကိုက်ခဲနာကျင်ကာ ယူကြုံးမရ ဝမ်းနည်းရတာမျိုးလဲ မရှိပြီ။ ကိုယ့်အတွက် မျက်လုံးချင်း ဆုံရုံ အခွင့်အရေးလောက်နဲ့ပဲ တန်ကယ်လို့ မင်း ဆုံးဖြတ်ခဲ့တာပဲလား။ ကိုယ်က သိပ်ချစ်၊ သိပ်မြတ်နိုးခဲ့ရတယ်။ မင်းဘက်ကတော့ အချစ်ကို တန်ဖိုးမထားတတ်ပဲ့ ကစားစရာတစ်ခု စိတ်ပျော်စရာတစ်ခု အဖြစ်သာ မင်း သတ်မှတ်တယ် ထင်ပါရဲ့။

သူ၏ စိတ်အလျဉ်တို့က ကိုယ်နဲ့ကင်းကွာခဲ့ပြီတည်း။ ထိုနေ့တစ်နေ့လုံးမှာ သူမရှိရာ အဆောက်အအုံရှေ့တွင် ကျောက်ရုပ်တစ်ရုပ်လို ရပ်တန့်ငေးမောကာ နေမိသည်မှာ ပတ်ဝန်းကျင် ကိုတောင်မေ့လို့ နေပူသလား မပူသလားလဲ မသိ။ ဘေးက ဘယ်သူတွေ ဖြတ်သွားမှန်းလဲ မသိ။ ပြည်စိုးနဲ့ချိန်းထားတဲ့ဆီလဲ မသွားမိ။ ဘာမှလဲ စားဖို့ သတိမရခဲ့။ ကိုယ်ဟာ မင်းရဲ့ အကြည့်တစ်ချက်နဲ့တင် ရှင်သန်နေရပါပြီဆိုတာ ပြောပြရင် ပိုတယ်ထင်ကြမလား။

ဝမ်းနည်းစရာကောင်းသော ညနေခင်းကလည်း

အုပ် (၂၀) မြောက် ၅၀၀၀ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူ့အတွက် ဖြစ်ခဲ့လေပြီ။ အဲဒီ ညနေခင်းမှာလဲ သူမက သူ့ကို ရှိုသာယ်လို့တောင် မထင်မှတ်သော မျက်နှာထားတင်းတင်းတို့ဖြင့် နှုတ်ဆက်သွားခဲ့ပြီတည်း။ သူသည် မနက်ခင်းက အဖြစ်အပျက်ကြောင့် 'မျှော်လင့်ခြင်းလေး' မျှကိုတောင် ဆိုညီးပြကာ သူ့ရင်ထဲက ခံစားချက်တွေ ထုတ်မပြရဲတော့ချေ။ ထို့ကြောင့် တိတ်ဆိတ်စွာ သူမအား မျက်စိတစ်ဆုံး ငေးဖို့သာ ဆုံးဖြတ်မိပါသည်။

သူ၏ အိမ်အပြန် ခြေလှမ်းတွေသည် ဒဏ်ရာများစွာ ရထားခဲ့သော လူတစ်ယောက်၏ ခြေလှမ်းတွေပင် ဖြစ်ခဲ့၏။ ကိုယ့်မှာ အဖေါ်ဆိုဘာ လုံးဝမရှိတဲ့ တစ်ယောက်တည်းဘဝပါ။ တွယ်တာစရာလဲမရှိ။ ညီအစ်ကို မောင်နှမ ဆွေမျိုးရင်းချာလဲမရှိ။ ဖေဖေနဲ့မေမေဟာ သူ့ဘဝအတွက် စိတ်မချနိုင်သေးဘူးလို့ ပြောနေရင်းကပဲ ဇာတိရွာကို ခဏပြန်ချိန်မှာ သင်္ဘောနစ်တဲ့အသဲပါပြီး နှစ်ယောက်စလုံး ဆုံးသွားကတည်းက သူ့ဘဝဟာ စိတ်ထင်သလို ကျင်လည်ခဲ့တာ ကြာပြီ။

မိဘ အမွေအနှစ်ဖြစ်တဲ့ သစ်သား ပျဉ်ထောင်အိမ်အစုတ် ကလေးထဲမှာ ဘယ်အရာကိုမှ မက်မက် မောမော မတောင့်တာပဲ ကိုယ့်ဘဝကိုယ် ကျေနပ်စွာ ဖြတ်သန်းခဲ့ရတဲ့ ဘဝတစ်ခုထဲမှ ကိုယ် အတောင့်တခဲ့မိဆုံး ဆန္ဒဟာ မင်းကို ချစ်ခွင့်ရဖို့ တစ်ခုပါပဲ။

"ဘယ်လိုဖြစ်တာလဲကွ... နေ့ခင်းက ကားပွဲစားတန်း လာမယ်ဆိုပြီး ရောက်မလာဘူး... မင်းမပါတော့ ငါလဲ လာဘ်





ပိတ်တယ်ကွ... တစ်စီးမှ အလုပ်မဖြစ်ခဲ့ဘူး... မင်းက ငါ့အတွက် လာဘ်ကောင်ပဲ... မင်းနဲ့ပေါင်းမှ ငါတို့ အမြဲ အလုပ်ဖြစ်တာ မင်းသိသားနဲ့... ဒီနေ့ အသေအချာ ဖြစ်မယ်ထင်ထားတဲ့... ကားဝယ်မဲ့ကိစ္စက မင်းလဲမလာရော ပျက်တော့တာပဲ... ရောင်းချင်တဲ့လူက တော်တော်မှိုင်သွားတာ... ဟ... ပြောစမ်းပါလဒရေ... ဘာဖြစ်လို့ ငေါင်နေရတာလဲ"

အိမ်ကျဉ်းကျဉ်းကလေးထဲတွင် မီးမထွန်းပဲ ခွေကောင်ကပ်နေစဉ် ပြည်စိုးက အော်ကျယ်အော်ကျယ်ဖြင့် ရောက်ချလာ၏။ မီးချောင်းကလေး တစ်ချောင်းသာရှိသော သူ့အိမ်ကကလေးသည် ပြည်စိုးက ခလုတ်ဖွင့်လိုက်မှသာ မီးအလင်းရောင်မထောင်သွားတော့သည်။

"သိင်္ဂီတော်ကြောင့်မှ ဟုတ်ရဲ့လား... ရာဇ"

"သူ... ငါ့ကို ဒီနေ့ လုံးဝ... မကြည့်သွားဘူး... ခါတိုင်းရနေကျ မျက်လုံးချင်းဆုံခွင့်ကို သူ မပေးခဲ့တော့ဘူးကွာ အဲဒါ ငါ... သိပ်သွေးပျက်သွားမိတယ်... ငါ ဘာကိုမှ သတိမရတော့ဘူး... တစ်နေ့လုံး အဲဒီရှေ့မှာ ရပ်နေခဲ့မိတယ်... အာ... ကျွတ်... ကျွတ် ခြေသလုံးတွေ ရေလည်အိစိမ့်သွားအောင် တောင့်နေပြီကွာ... တစ်နေ့လုံး ကိုယ့်ကိုကိုယ် ဘာလုပ်မိလို့ လုပ်မိမှန်း မသိခဲ့တဲ့ ဒဏ်တွေအခုမှ ခံရပြီ"

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘဲကြီး ပြန်လာခါနီးလို့ မင်းကို ခါလိုက်တာထင်တယ် သူက အဲဒီဘဲကြီး ပြန်လာရင် လက်ထပ်တော့မှာဆို..."

"မဟုတ်ဘူးကွ... မနေ့က သူ့အိမ်အထိ ငါလိုက်ကြည့်မလို့ ဒီနေ့ ပြောင်းလဲသွားတာလို့ ငါထင်တယ်... ငါ အရမ်း ခံစားရတယ်ကွာ... ဘယ်လို နေရမှန်းတောင် မသိဘူး"

ပြည်စိုးသည် ခပ်လှောင်လှောင်ရယ်ရင်း...

"ဘယ်လိုနေရမလဲ... အသည်းများခဲ့သွား... အဲလူးအလဲ နဲ့ခံစား"

ဟု သီချင်းတစ်ပိုဒ်တစ်စကို အော်ဆိုလိုက်လေ သူက ခေါင်းညိတ်ယောက်ခံလျက်...

"ဟုတ်တယ်... မျှော်လင့်ခြင်းလေးအစား အသည်းကွဲ သီချင်းသစ်ကို ပြောင်းဆိုရမလို ဖြစ်နေပြီကွာ... လေးဖြူ ဆိုသမျှသီချင်းတွေဟာ ငါ့အဖြစ်နဲ့ သိပ်ပြီး လာလာ တိုက် ဆိုင်လွန်းနေပြီ"

"မင်း ပိုက်ဆံစုနေတယ် မဟုတ်လား... ဒီလိုအသည်းကွဲ နေရတဲ့ အချိန်မျိုးတွေမှာ... ဖီးလ်အပြည့်နဲ့ဆိုလိုက်ရင် မင်းဖြစ်ချင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ သေချာ တယ်... "

"ပြည်စိုးရာ... မင်းပြောသလိုမျိုး ငါ အခုလောလောဆယ် မှာ... အောင်မြင်မှု တစ်ခုခုကို ပိုင်ဆိုင်ထားတဲ့လူတို့...





ကြွယ်ဝချမ်းသာနေတဲ့လူတို့ ပညာတတ်ကြီးတစ်ယောက် တို့ ဖြစ်ချင်စိတ်တွေ အရမ်းကြီးမားနေတာ... ဘယ်သူ့ ကြောင့်လဲလို့ မေးစရာတောင် မလိုတော့ဘူး... ငါ့ဘဝက သိပ် သိမ်ငယ်လွန်းနေတယ်... သူနဲ့ယှဉ်ရင်ပေါ့... အရင်က ကိုယ့်ဘဝကိုယ် ဒီလောက် စိတ်မပျက်ခဲ့ဖူးခဲ့သမျှ သူ့ ကြောင့်ပဲ... ဘဝတစ်ခုလုံးကို မကျေမနပ် ဖြစ်ချင်လာပြီ ငါ ကြိုးစားမယ်ကွာ... ငါ့မှာ တတ်ကျွမ်းတာဆိုလို့ သီချင်း ဆိုတတ်တဲ့ အတတ်ပညာပဲရှိတယ်... ကျောင်းပညာကလဲ ဆယ်တန်းတောင် မအောင်ခဲ့တော့ ဘာမှ လုပ်စားလို့ ရမှာ မဟုတ်ဘူး... ဒီတော့ ငါ... သူ့ရှေ့မှာ လက်မထောင် နိုင်အောင်... အောင်မြင်တဲ့ လူတစ်ယောက်ဘဝ မရရ အောင် ယူရလိမ့်မယ်"

"အေး... ဟိုက ကောင်းပြီ... ကျွန်မ စောင့်ပါမယ်ရှင်လို့ ကတိပေးခဲ့ရင်လဲ အကောင်းသား... ဟားဟား... ရှုံးပြီ ရာဇရာ"

ပြည်စိုး၏ စကားတွေက သူ့အတွက် စိတ်ဓါတ် ကျစရာချည်း ဖြစ်နေခဲ့လေပြီ။ ကိုယ့်ကို မင်း လှည့်စားတာ မဟုတ် ဘူးလို့ ကိုယ့်စိတ်ထဲမှာ ဘာလို့ ငြင်းဆန်ချင်နေရသလဲ။ ကိုယ် ယုံကြည်ပါရစေ။ မင်းဆီမှာလဲ ကိုယ်နဲ့ ပတ်သက်မှ ခံစားချက် တစ်စုံတစ်ရာဟာ ရှိကိုရှိရလိမ့်မယ်လို့ ကိုယ် ယုံကြည်ချင်သေး တယ် သီဂီတော်။

အုပ် (၃၀) မြောက် ၂၀၁၂ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ပြည်စိုးဟာ ဘာလို့ သူနဲ့သူမရဲ့ အဖြစ်အပျက်ကို ဖျက်လိုဖျက်ဆီး ရှုပ်ချချင်ရသလဲ ဆိုတာတော့ သံသယ ဖြစ်စရာ မရှိ။ ပြည်စိုးသည် သူ့အပေါ်မှာ ညီအစ်ကိုရင်းထက်ပင် ကောင်းသော သူငယ်ချင်းတစ်ယောက်။ မတူညီသော အလွှာတစ်ခု အတွင်းမှ သူမကို သူက စွဲလန်းရူးသွပ်မိမည်ဆိုလျှင် သူပဲ နာကျင် လောင်ကျွမ်းသွားရမည်ကို မမြင်ရက်၍ ရောဂါမရင့်ခင် လိုက် ဖျက်နေတာပဲ ဖြစ်လေသည်။ ထို့ကြောင့် သူသည် ပြည်စိုးက သူ့ကို ဘယ်လောက် ရှုပ်ချပါစေ၊ တစ်စက်မှတောင် စိတ်ကွက် နာကြည်းခြင်း မရှိခဲ့မိပါ။

သို့သော် မိုက်မဲသော ရာဇသည် နောက်နေ့တွေ မှာလဲ အမှတ်မရှိ မျှော်လင့်လျက် သူမ၏ အသွားအပြန် အချိန် တွေကို စောင့်ကြည့်ခဲ့ပြန်ပါသည်။

သူ့အား သူမသည် နေ့စဉ် ရက်ဆက်ပင် ဒဏ်ရာ များစွာ ဆက်တိုက် ပေးရက်ခဲ့သူတည်း။ သူကိုယ်တိုင်သည်လည်း ထိုဒဏ်ရာတွေရမယ်မှန်း သိထားရက် မိုက်မိုက်မဲမဲ နေ့စဉ်ရက် ဆက်ပင် သူမဆီမှ အဓိပ္ပါယ်တစ်ချို့ ရောပြွမ်းနေမည့် အကြည့် တစ်ချက်မျှကို မျှော်လင့်ခြင်းကြီးခဲ့သူတည်း။ သို့သော် သူမသည် သူ့ကို သိသိသာသာပင် ဥပေက္ခာပြုသွားခဲ့သောအခါ..

"ငါ.. သူ့ကိုရအောင် မေ့ပစ်လိုက်တော့မယ်ကွာ.. မိုက်မဲခဲ့တယ်လို့ နောင်တတော့ မရပါဘူး.. မဖြစ်နိုင်မှ သိရက်နဲ့ အခြေအနေ တစ်ရပ်ကို ဖွတ်ဖန်တီးခဲ့မိ





အတွက် ကိုယ့်ဒဏ်ရာကို ကိုယ့်ဘာသာ တူးဆွလိုက်တဲ့ လူလို့.. ကိုယ့်ကိုကိုယ် နာကြည်းပစ်မိတာပဲ ရှိတယ်.. ငါ့အတွက် အချစ်ဆိုတာကို မရှာဖွေပဲ ရုတ်တရက် တွေ့ လိုက်ရပေမဲ့.. အဲဒီ့ အချစ်ခြင်းမှာ ခံစားပိုင်ဆိုင်ခွင့်မှ မပါခဲ့ တာ.."

ရာဇသည် ပြည်စိုးအား ဤသို့ ဖွင့်ဟ ဝန်ခံပြီး သည့်နောက်တွင် သူကိုယ်တိုင် ကျေနပ်စွာ လက်ခံခဲ့သော ဒဏ် ရာတစ်ခု အတွင်းမှာ နစ်ဝင်ခဲ့သော ဆူး၏ အဆိပ်သင့်ခြင်း၌ တမြေ့မြေ့ တိတ်ဆိတ်စွာ ခံစားခဲ့ရလေပြီ။ တစ်ပတ်တိတိ ဖွဲ့ကြီး ကြီးနဲ့ မျှော်လင့်ခဲ့ရသော ကြည်လဲ့သော မျက်ဝန်းများမှ အကြည့် တစ်ချက်ကိုမျှ မပိုင်ဆိုင်ရလေသောအခါ ကောင်မလေးအား မမေ့သော်လည်း လာမကြည့်တော့ဖို့ ဆုံးဖြတ်ခဲ့ပြီ။

"မင်း.. ပြောင်းလဲနိုင်တာ ကြိုသိထားတယ်.., အပြောင်း အလဲအတွက် ထိန်းမရခဲ့တာ စိတ်ဓါတ်တို့.... အားလုံး မှားခဲ့တာဟာ ငါပဲလား.. ဒီလို သီချင်းတစ်ပုဒ်.. အထီး ကျန်သွား"

ဟူ၍ ညစဉ်ညတိုင်း နေ့စဉ်နေ့တိုင်း၌ ကျေနပ်စွာ ပြောင်းလဲ ဆိုညီးခဲ့မိသော "အသည်းကွဲသီချင်းသစ်" ၏ လွှမ်းမိုး မှုအောက်တွင် တစ်ခါက စွဲလမ်းတွယ်ငြိခဲ့ဖူးသော "မျှော်လင့်ခြင်း လေး" က မှုန်ဝါးပျောက်ကွယ်သွားခဲ့ပြီတည်း။

ထို့နောက် ပုံမှန်မဟုတ်တော့သော နေ့တည်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲမှုများစွာဖြင့် ရာဇဆိုသည့် အညတြတစ်ယောက်၏ ဘဝသည် တိတ်ဆိတ်နေခဲ့ပြန်တော့သည်။

အကယ်၍သာ ပြည့်စိုး၏ဦးလေးလင်မယားထံ အလည် မလိုက်သွားမိလျှင် ဤဇာတ်လမ်းက နောက်ထပ် ဆက်စရာ အကြောင်းမရှိတော့ဟု ထင်သည်။ တကယ်တော့ တစ်ခါတစ်ရံမှာ ထင်မှတ်မျှော်လင့် မထားခဲ့သော ဖြစ်ရပ်များဟာ ကံကြမ္မာကြောင့်သာ ဖြစ်ပျက်ခဲ့သည်ပဲ ဆိုပါစို့။

"လေးလေး... ဒါ.. ကျွန်တော့် သူငယ်ချင်းပေါ့.. ရာဇတဲ့... ဒီကောင်က အသည်းကွဲနေတာလေ... ဒါကြောင့် လေးလေးဆီ လာလည်ဖို့ မနည်းဆွဲခေါ်လာရတယ်... ကျွန်တော်တို့ ဒီမှာ သုံးရက်လောက်လာ အပန်းဖြေတာ

စေတနာစာပေ



အိမ်မှာ လေးလေးအစ်မ ကျွန်တော့်မားသားကြီးက ဆယ်တန်းမအောင်နိုင်တာကို အပြစ်ရှာပြီး လိုက်ဆူပူနေတာ နားညီးလွန်းလို့..."

"ဒီလိုပါပဲကွာ... လူကြီးတွေက ကောင်းစေချင်လို့ဆူ... လူငယ်တွေက သဘောမကျဖြစ် ငါတို့တုန်းကလဲ ဒီအတိုင်းပါပဲ... နေချင်ရင် ကြိုက်သလောက်နေ... ဒီမှာက ငါတို့ လင်မယားပဲရှိတာ ရာဇကရော... မင်းမိဘတွေ ဆူတာ ခံရသေးလား..."

ရာဇသည် ခပ်ပျော့ပျော့လေသံဖြင့် "ကျွန်တော့်မှာ မိဘမရှိတော့ပါဘူး" ဟု ဖြေမိလျှင် ပြည့်စိုး၏ အဒေါ်က...

"ဟုတ်လား... လူလေးရယ်... စိတ်မကောင်းစရာပဲ... ဘယ်တုန်းက ဆုံးသွားကြတာတုန်း"

"လွန်ခဲ့တဲ့ တစ်နှစ်ကပဲ သူတို့ ဇာတီရွာကို ခဏသွားလည်ရင်း သင်္ဘောနစ်တဲ့အထဲ ပါသွားတာပါ.. အလောင်းပြန်ရလို့ ကျွန်တော့် ဖေဖေရော မေမေရော ဆုံးသွားတယ် ဆိုတာကို ကျွန်တော်မယုံချင်ပဲ ယုံလိုက်ရတာပါ... ဒေါ်လေး..."

"အို... ဖြစ်ရလေ... အားမငယ်ပါနဲ့ လူလေးရယ်... ပြည့်စိုးမပါလဲ ဒေါ်လေးတို့ဆီလာလည်ပေါ့.. ဒေါ်လေးတို့မှာ သားသမီးမရှိဘူးကွဲ့... မင်းကို ကိုယ့်တူကိုယ့်သားတမ်း

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုပဲ သဘောထားတယ်သိလား... မင်းကလဲ ဒေါ်လေးတို့ကို မိဘအရင်းလို ဆက်ဆံနိုင်တယ်ကြားလား ခုန ပြည်စိုးပြောတာကြားလိုက်တယ်... အသည်းကွဲတယ် ဆိုလား... ပြောပါဦး... ရည်းစားနဲ့ ကွဲလာတာလား..."

ထိုအခါ ရာဇသည် ဒေါ်လေး၏ အမေးအတွက် အဖြေကရှိမနေခဲ့တာမို့ ခြောက်ကပ်စွာရယ်ခြင်းဖြင့်ပင် တုံ့ပြန်နိုင်ခဲ့ပါသည်။ ကိုယ့်ဘဝမှာ အရင်ကပိုင်ဆိုင်ထားခဲ့ဖူးတဲ့ ပျော်ရွှင်လွတ်လပ်ခြင်းတည်းဟူသော စိတ်ခံစားချက်တွေ အကုန်မင်းယူဆောင်သွားခဲ့ပြီ သိင်္ဂီတော် ဟူ၍ ဝန်ခံချင်ရဲ့။

နှင်းဆီရနံ့တို့ဖြင့် ထုံလွှမ်းသော ညချမ်းတွင် သူသည် ပြည်စိုးနှင့်အတူ အသည်းကွဲသီချင်းသစ်ကို ဆိုညီးခဲ့မိသည့်ညက ကြယ်တွေစုံသော ကောင်းကင်ပြင်အား မော့ကြည့်ရင်း သူ့ဘဝနှင့်သူမဘဝဟာ ကောင်းကင်နဲ့ မြေကြီးလို သိပ်ကွာခြားလွန်းနေသလားဟု ကိုယ့်ဘဝကိုယ် စိတ်ကွက် နာကြည်းစွာ အဖြေရှာချင်မိသည်။

အကယ်၍သာ ပြည်စိုး၏ဦးလေး လင်မယားပိုင်ဆိုင်သော နှင်းဆီခြံကို လိုက်မလာခဲ့မိလျှင် ရာဇသည် သူ့ဘဝတွင် အနည်းငယ်မျှရလိုက်သော ဒဏ်ရာဒဏ်ချက်တချို့ကို ပျောက်အောင် သူမအား သွားမကြည့်ခြင်းဖြင့် ကုသနိုင်လိမ့်မည် ဟု ယူဆရလိမ့်မည်ထင်သည်။ အမှန်တော့ ရာဇသည် နောက်တစ်နေ့၏ နံနက်ခင်း အလင်းရောင်ထဲတွင် နှင်းဆီအိုး တချို့နှင့်





နှင်းဆီတွေ တပွေ့ကြီးလာယူမည့် သိင်္ဂီတော်ကို ထပ်မံ မဆုံရဖူးဆိုလျှင် သူမအား မေ့ပျောက်ဖို့ ပြင်ဆင်ထားခဲ့ပြီးသော သူ့မ၏ ရည်ရွယ်ချက်များက ပျောက်ပျက် သွားလိမ့်မည် မထင်ပါ ဟု ဆင်ခြင်တက်ချင်သားပင်။

ညက ညဉ့်နက်၍ ပြည်စိုးက စောစောမနိုးချေ။ ရာဇကသာ အစောကြီးနိုးနှင့်လျက် နှင်းတွေဝေသော နံနက်ခင်းတွင် နှင်းဆီခြံထဲဆင်းနေသော ပြည်စိုး၏ ဦးလေးဖြစ်သူအား ကူညီပေးချင်စိတ်ဖြင့် ခြံထဲလိုက်ဆင်း လာခဲ့မိသည်လည်း တစ်ကဏ္ဍ။

"လေးလေး... အစောကြီးထနေပါလား... နှင်းဆီတွေ ဖေါက်သည် လာမှာထားလို့လား"

"ဖေါက်သည်ပဲဆိုပါတော့... သူတို့က အိမ်မှာ တစ်ခုခု အခမ်းအနားရှိရင် လေးလေးဆီက နှင်းဆီတို့... သဇင်တို့ ယူနေကျပေါ့...အဲဒါ သူတို့အတွက် အလှဆုံးတွေ တမင်ရွေးပြီး ခူးထားပေးနှင့်တာ... ဒီအခင်းက အော်ဒါမှာရင် ရောင်းတဲ့ အမျိုးအစားပေါ့ ဟိုဘက်က ပန်းသည်တွေ အတွက်... သတ်သတ်အခင်း..."

"လေးလေး... ဟိုဘက်အခင်း ခူးရင်ခူးလေ... ကျွန်တော် ဒီပန်းတွေ ရွေးခူးပေးပါ့မယ်... ဘယ်နှစ်ပွင့် အော်ဒါမှာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခူးတတ်လို့လား… ခူးပြီးရင် ဆူးလဲခွေထားပေးရဦး မှာ… "

"လေးလေး ခူးပြလေ… ကျွန်တော် လိုက်ခူးကြည့်မယ်… ဖြစ်ပါတယ်… ကျွန်တော်က တယောက်ထဲသမားမို့… ရရာအလုပ် လုပ်ပြီးတော့ စားလောက်ရုံရှာတာ အလုပ် လုပ်ဖို့ဆိုရင် ဘယ်အလုပ်မဆို ဝါသနာပါတယ်ဗျ… "

"အေး… ဒါဆို… ခုနှစ်ဆယ့်ခြောက်ပွင့် ခူးကွာ… လှတာ ရွေးခူးနော် ပန်းရောင်ဖျော့ဖျော့လဲ အရောင်ညီပါစေ… ရိုးတံကို ခပ်ရှည်ရှည် ယူညှပ်ရတယ်ကွ… ပြီးရင် တစ်ခါထဲ စိတ်ချရအောင် ဆူးပါချိုးထားလိုက်… မင်းလာကူတာ အတော်ပဲ… ငါ ဟိုဘက်မှာ ပန်းသည်တွေအတွက် သွားခူးလိုက်ဦးမယ်… အရင်ဆို မင်းဒေါ်လေးခူးတာကွ… သူ ဒီနေ့ ခေါင်းမူးလို့ စောစောမထနိုင်တာနဲ့ ငါတစ်ယောက်ထဲ ချာလပတ်လည်နေပြီ"

ရာဇသည် သူ့စိတ်ထဲမှ အလိုလို ဖြစ်ပေါ်လာသော အလုပ်ကူလုပ်ပေးမိခြင်းသည်လည်း တစ်ကဏ္ဍ။ နှင်းဆီတွေကို အလှဆုံးတွေ ရွေးချယ်ခူးပြီးတိုင်း စေတနာအပြည့်ဖြင့် ဆူးတွေ ဂရုတစိုက် ချိုးလိုက် စလုပ်ခါစတော့ သုံး၊ လေးခါ ဆူးစူးလိုက်ဖြင့်။ နံနက်ခင်း နှင်းမှုန်များအောက်တွင် အသည်းကွဲသီချင်းသစ်ကို ခပ်တိုးတိုး ညီးရင်း ချစ်သူကို သတိရတယ်ဆိုရင် ပိုတယ်မထင်နဲ့။

စေတနာစာပေ



"အဝေးပြေးသွားချိန်ကို… မျှော်ကြည့်ရင်းမှာ… ရူးသွပ်လွမ်းဆွတ်ခြင်းကို အမြဲသတိရ… တမြေ့မြေ့နဲ့ပေါ့… အို… ဒါဟာ ကြေကွဲစရာ ဘယ်လိုကြိုးစား မမေ့တော့ဘူး"

ဟုတ်တယ် ကောင်မလေးရယ်။ မင်းကို တစ်ပတ်လောက် မတွေ့ပဲ ကြိုးစားမေ့ပေမဲ့ တစ်နေ့မှ မမေ့မရတာတော့ အမှန်ပဲ။ ကိုယ် ဘယ်လောက် ချစ်တတ်ခဲ့သလဲဆိုတာ မင်း မသိခဲ့ဘူး။ သူသည် အသည်းကွဲသီချင်းသစ်အား ညီးရင်း ကပ်ကြေးဖြင့် တချပ်ချပ်မြည်အောင် နှင်းဆီတွေ လိုက်ညှပ်လိုက် ဆူးချွေလိုက်ဖြင့် ပတ်ဝန်းကျင်ကို မေ့လျော့နေမိပါသည်။

သူ့ နောက်ကျောဘက်တွင် တွေဝေသော အံ့သြသော၊ မယုံကြည်နိုင်သော စသည့် အရိပ်များ ရောပြွမ်းကာ တိတ်ဆိတ်စွာ ရပ်ငေးနေသည့် ကောင်မလေးတစ်ယောက်ဟာ ဘယ်အချိန်တည်းက ရပ်ကြည့်နေပါလိမ့်ဟု သူတောင် မသိလိုက်။ အကယ်လို့ သူမကသာ အသံမပြုလိုက်လျှင် သူသည် သူ့အာရုံနဲ့သူ ဆက်ပြီး ပန်းတွေခူးနေမိဦးမည် ထင်သည်။

"ဘယ်လို ရင်ဆိုင်နေနိုင်မလဲ… မင်းမသိတော့ဘူး… "

ဟု သူ့ရင်ထဲမှာ ရှိသည့်အတိုင်း ပေါက်ကွဲအော်ဆိုလိုက်သည့်အခါ သူ့အသံအဆုံးမှာ ကြားလိုက်ရသည့် အသံလေး။ တိုးလွ ညင်သာကာ သူ့အပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည့် အင်အားတစ်မျိုး ပါဝင်သော အဲဒီအသံကလေးကို သူကောင်းစွာ ရက်ချင်းပင် မှတ်မိခဲ့တယ်ဆိုရင် လွန်တယ် ပြောကြမလား။

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရှင့်... ပန်းခူးလို့ ပြီးပြီလား.. ကျွန်မမှာထားတဲ့ နှင်းဆီတွေလေ... "

ဟူသော တုန်ယင်မှု အနည်းငယ် စွက်နေသည့် နောက်ကျောဘက်က ပေါ်လာသောအသံကလေး အား ရင်ထဲမှာ ဆောင့်ခုန်သွားခဲ့လိုက်တာ မယုံမရှိနဲ့ နှလုံးခုန်တောင် ရပ်သွားမတတ်ပါပဲ။

ဆတ်ကနဲ သူ လှည့်ကြည့်မိသည်။ ကြည့်စမ်း။ သူ စဉ်းစားမရသည်မှာ ကောင်မလေးရဲ့မျက်တောင်တွေဟာ ထူစိပ်ကော့ညွတ်လျှတ် ဘာကြောင့် ဒီလောက် မည်းနက်လှပနေသလဲ။ ပြီးတော့ သူမရဲ့ အရည်ကြည်လဲ့လဲ့ကလေးများ တဖျပ်ဖျပ်ခြေးလျှက် စိန်ပွင့်သဏ္ဍာန် မျက်ဝန်းလက်လက်တွေဟာ သူ့ကို ဘာကြောင့် ညှို့ငင်နိုင်စွမ်း ရှိတာလဲဆိုတဲ့ အချက်ပင်။

သိပ်လှတဲ့ မျက်လုံးတွေ အဲ့ဒီမျက်လုံးတစ်စုံနဲ့ တစ်ခါလောက် အကြည့်ခံလိုက်ရတိုင်း အဆတစ်ရာမက သိမ်မွေ့နက်နဲသော စကားတစ်ခွန်းကို ကြားလိုက်ရသည့်ပမာ သူ့ရင်ကို စွဲဆောင်နိုင်လွန်း၊ လှုပ်ခတ်သွားနိုင်လွန်း၊ တသသဖြစ်စေနိုင်လွန်းမြဲ ဖြစ်သည်။ ကိုယ့်ကို မင်း အဲ့ဒီလို အကြည့်တွေ ပိုင်ဆိုင်ခွင့်မပေးခဲ့တာ ကြာပြီနော်။ ကြည့်စမ်း ကိုယ် အခုတော့ မမျှော်လင့်တဲ့နေရာတစ်ခုမှာ မမျှော်လင့်ပဲ မင်းနဲ့ ဆုံရပြီ။ မင်းဆီက အကြည့်ကို ကိုယ်ခံစားရပြီ ကောင်မလေးရဲ့။

"စကားတော့ ပြောတတ်ပါတယ်နော်... ခုနကတော့ တင်





ယောက်တည်း လေးဖြူရှုံးအောင် သီချင်းအော်ဆိုနေသံ ကြားပါတယ်... ကဲ အခု ကျွန်မ မှာထားတဲ့ နှင်းဆီပွင့်ရေတွေ ပြည့်ပြီလားလို့ ကျွန်မ မေးထားတာ ဖြေပါဦး"

"အပွင့်ခုနစ်ဆယ်ပဲ ရှိသေးတယ်... ခဏစောင့် နောက်ထပ် ခြောက်ပွင့်လိုသေးတယ်... "

သူထင်တာက သူမသည် သူ့အနားမှာ ရပ်မစောင့်နေဘူးဟု ထင်ခဲ့တာပင်။ သို့သော် သူမကတော့ တစ်ခါတစ်ရံများစွာတွေမှာ သူထင်ထားသမျှတွေကို မဖန်တီးခဲ့ပါ။ ခေါင်းစွပ်သိုးမွေး ဆွယ်တာဝတ်ထားရက် လက်ပိုက် ရပ်ကြည့်နေလေသည်။

"ရှင်က လေးဖြူသီချင်းတွေ ကြိုက်တယ်ထင်တယ်... နောက်ပြီး အဆိုတော်လုပ်ဖို့လဲ အားသန်ပုံရတယ်... ခုနကများ အသည်းကွဲသီချင်းသစ်ကို စိတ်ပါလက်ပါ ဆိုနေတာ... ကျွန်မဖြင့် ရှင့်ကို လှမ်းခေါ်ဖို့မေ့ပြီးတော့ ရပ်ကြည့်နေမိတယ်ရှင်... "

"လာနောက်မနေနဲ့ဗျာ... ကိုယ် တကယ်အသည်းကွဲနေလို့... ဒီသီချင်းကိုမှ ရွေးဆိုတယ်ဆိုတာ မင်းသိမှာပါ.. ကိုယ်အရင်က ဘာသီချင်းဆိုသလဲ... မင်းမေ့မယ် မထင်ဘူး... ဟုတ်တယ် မဟုတ်လား သိင်္ဂီတော်"

"ရှင့်အလုပ်က ကျွန်မ လက်ညှိုးထိုးပြတဲ့... ပန်းကို ရွေးခူး



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ပါ.. မူလအလုပ်ကို မေ့မသွားနဲ့... ကျွန်မ ပြောတဲ့ စကားထဲမှာ ရှင်နဲ့ကျွန်မအကြောင်း တစ်စက်မှ မပါသေးဘူး... ရှင့်သီချင်းဆိုတဲ့ အကြောင်းပဲ မေးကြည့်နေတာ.. စကားခေါင်းစဉ်ကို ပြောင်းပစ်တာလောက် စိတ်ဆိုးတာ မရှိဘူး... ”

“မင်းက လွယ်လွယ်ကူကူ မေ့ချင်ပေမယ့် ကိုယ်က တနေ့မှ မေ့မရခဲ့တာ.. ဘယ်နှယ့်လုပ်မလဲ သိဂီတော်.. မင်းလဲ ဟန်ဆောင်ကောင်းနေတာပါ.. ရာဇဆိုတဲ့ လူတစ်ယောက်ကိုတော့ မင်း မှတ်မှတ်ရရ ရှိနေလိမ့်မယ် ထင်တယ်”

“ဟိုနားက... ပန်းရောင်ကလေး လှတယ်ရှင် အဲဒါ ခူးပေးစမ်းပါ... ”

ရာဇသည် သူ့စကားတွေကို ရှောင်လွဲလျက် နှင်းဆီပွင့်တွေဆီ အာရုံပြောင်းပစ်နေသော ကောင်မလေးကို တဆိတ် စိတ်ရှိလက်ရှိ ဆွဲလှုပ်မေးပစ်လိုက်ချင်သည်။ ဘာလဲ ဘာသဘောလဲ။ အဲဒါ ဘာအထာလဲ။ သူ့ကို မပတ်သက်ချင်မှတော့ ဒီနှင်းဆီပန်းတွေ သူခူးနေတာသိလျှင် အနည်းအကျဉ်း မေးမြန်းပြီး ဒီနားက မြန်မြန်ရှောင်သွားသင့်သည်။ ပြီးတော့ သူ ဘာကြောင့် သီချင်းဆိုရသလဲဆိုတာကိုလဲ စပ်စုဖို့မသင့်။ သူနဲ့ စကားလက်ဆုံ ကျဖို့လဲ မသင့်။ အင်မတန် ပဟေဠိဆန်တဲ့ ကောင်မလေးပဲ။

စေတနာဘာပေ



သူသည် ဟန်ဆောင် ထိန်းချုပ်မထားနိုင်တော့သည့်အဆုံးတွင် သူမ,အား တိုက်ရိုက်ပင် မေးပစ်လိုက်မိတော့၏။

“သိဂီတော်... မင်းဟန်ဆောင်မနေပါနဲ့.. မင်းနဲ့ကိုယ်ဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုကြည့်ခဲ့တယ်.. ဘာတွေ ဆက်သွယ်မှု ရှိခဲ့တယ်ဆိုတာ.. ကိုယ်တို့နှစ်ယောက်ပဲ နားလည်ခဲ့တယ်... မင်းလဲ ကိုယ့်လိုပဲ ရင်ခုန်ခဲ့လိမ့်မယ်လို့ ကိုယ်အတပ်ပြောရဲတယ်... ကိုယ် တမင် မျှော်လင့်ခြင်းလေးကို မင်းအတွက် ရည်စူးပြီး ဆိုလိုက်တိုင်း.. မင်း လှမ်းကြည့်ခဲ့တဲ့ အကြည့်ကို တစ်သက်မမေ့ဘူး သိလား... ဖြေပါဦး... မင်းဘက်က ကိုယ့်ကို ဘာလို့ ဒီလောက်ထိ အခွင့်အရေးတွေ ပေးခဲ့တာလဲ... ပြီးတော့ ဘာလို့ ရုတ်တရက် ပြောင်းလဲသွားခဲ့တာလဲ... အချစ်ဆိုတာ တားဆီးပိတ်ပင်လို့ မရဘူးကွ... မင်းကို ကိုယ်စမြင်မြင်ချင်း ချစ်မိခဲ့ကတည်းက... မုန်းဖို့ မေ့ဖို့ဆိုတာ လုံးဝ မရှိခဲ့ဘူး...

အကယ်၍သာ မင်းဘက်က ကိုယ့်ကို မျှော်လင့်စရာတွေ ပေးမလာခဲ့ဘူးဆိုရင်.. ကိုယ် ဒီလောက်ထိ အတင့်ရဲရဲနဲ့ မင်းကို တိုက်ရိုက်မေးရဲမှာ မဟုတ်ဘူး... ကိုယ့်ဘာသာ အံ့ပုန်းအချစ်နဲ့ ကျေနပ်နေခဲ့မိလိမ့်မယ်... အခုတော့... မင်းပဲ ကိုယ့်ကို မျှော်လင့်စရာ အခွင့်အရေးတွေ ပေးခဲ့တာ ကိုယ် စဉ်းစားမရဘူး... ဖြေစမ်းပါဦးကွ... ကိုယ်

အုပ် (၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သိပ်သိချင်နေတယ်... ”

ကောင်မလေးသည် တစ်ချက် နှုတ်ခမ်းကို ဖိကိုက်လိုက်တာ တွေ့ရ၏။ မာနကြီးသော သို့သော် ဝမ်းနည်းမှုတွေ ပါဝင်သည်ဟု သူယူဆထားသည့် မျက်ဝန်းများ။ တစ်စုံတစ်ခုကို ကြိတ်မှိတ်မြို့ချလိုက်သလို မျက်နှာပေးဖြင့်...

“ခုနစ်ဆယ့်ငါးပွင့် ရှိသွားပြီ... ရှင် ခူးနေတာ... နောက်တစ်ပွင့်ပဲ လိုတော့တယ်... အင်း... ဟိုနားက အပွင့်လေး သိပ်လှတာပဲ... အဲဒါပဲ ခူးလိုက်တော့... ”

ဟု စကားလမ်းကြောင်းကို တမင် လွှဲယူပစ်လိုက်ပြန်သည်။ သူသည် သူမ၏စကားကို ဂရုမစိုက်ပဲ ပန်းကို မခူးပဲ ပေရပ်နေမိ၏။ သူမအသံကလေးက တုန်ခတ်နေတာတော့ အမှန်။ ဒါဟာ ထိခိုက်ခံစားမှု တစ်ခုခု ပါဝင်သော အသံဟု သူက တစ်ထစ်ချ ဆွဲတွေး၍ ယုံကြည်ပစ်လိုက်၏။

“ဟင်... သိဂျီတော်... ကိုယ်သိချင်တာ အရင်ဖြေဦး... ကိုယ်တို့နှစ်ယောက်ရဲ့ ဆက်သွယ်မှုက မင်းရဲ့နှင်းဆီ တစ်ပွင့်ထက်များ ပိုအရေးကြီးဦးမလား... ”

“ကျွန်မ... မဖြေချင်ဘူး... ပြီးတော့... ကျွန်မ ဘာတွေ စိတ်ကူးယဉ်မိခဲ့သလဲဆိုတာ... ပြန်မခံစားချင်ဘူး... ”

“ဘာ... ပြန်မခံစားချင်ဘူး... ဟုတ်လား... ကိုယ် အရူး မဟုတ်ဘူးကွ မင်းက အရူးလုပ်သွားတာကို အရင်တစ်ခါ





က ခံခဲ့ပေမယ့်... အခုမင်း... ကိုယ့်အနားမှာ လာရပ်ပြီး... ကိုယ့်ကို ထပ်အရူးလုပ်တာတော့ ကိုယ်... ငြိမ်မခံပါရစေနဲ့ သိဂျီတော်။ မင်း... တစ်ခုခုတော့ ကိုယ်နဲ့ပတ်သက်ပြီး ခံစားခဲ့ရမှာပါ... ကိုယ့်ကို မလိမ်ပါနဲ့လား... ”

ကောင်မလေးသည် ငြိမ်ငြိမ်ကလေး ရပ်လျှက် တိတ်ဆိတ်သွားတော့သည်။ ပြီးတော့ သူမသည် ခေါင်းငုံ့ထားရာမှ ဆတ်ကနဲ တစ်ချက် သူ့ကိုမော့ကြည့်ကာ...

“လူဆိုတာ... ကိုယ်နဲ့တန်တာပဲ မှန်းရတယ်ရှင့်... ရှင့်လို လူတစ်ယောက်ရဲ့ ဘဝနဲ့ ကျွန်မဘဝဟာ အတော့်ကို ကွာခြားနေတာကို ရှင်မမေ့နဲ့... ကိုယ့်ကိုကိုယ်လဲ ဟုတ်လှပြီဆိုပြီး အထင်မကြီးနဲ့... ကျွန်မလို ချမ်းသာကြွယ်ဝတဲ့ မိန်းမတစ်ယောက်ကို အရယူချင်နေတဲ့ ရှင့်ရဲ့အောက်တန်းကျတဲ့ စိတ်ဓါတ်ကို ကျွန်မသိပ်ရွံတာပဲ သိလား... ရာဇ”

သူ့နားတွင် အနီးကပ်ဗုံး တစ်လုံး ပေါက်ကွဲသွားသည့်ပမာ သူမ၏ အသံတိုးလျလျက သူ့ကို မြည်ဟီးချောက်ခြားသွားစေတော့သည်။ အသည်းထဲက တစစ်စစ်နာလာ၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။ အံတင်းတင်း ကြိတ်လိုက်ရ၍ သူ့မေးကြောတွေတောင် ထသွားခဲ့သည်။ သိပ်နာတယ် ရင်ထဲမှာ သိပ်နာကြည်းတယ် တခြားလူက ဒီလို ပြောတာထက် င်းပါးစပ်က ပြောတာကို ကြားလိုက်ရတာ ကိုယ့်ရင်ထဲမှာ အနာ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ။

သူမ၏ ပုခုံးနှစ်ဘက်ကို သူ့လက်နှစ်ဘက်ဖြ
ဆောင့်ဆွဲကာ စိတ်ရှိလက်ရှိ ခါရမ်းပစ်မိတော့မလို့။ ယုန်သူငယ
ကလေးကဲ့သို့ ကြောက်ရွံ့သော မျက်လုံးများဖြင့် မော့ကြည့်ပြ
"အား" ဟု သူမ ယောင်ယမ်းအော်လိုက်၍သာ သူ့စိတ်ကို
လျှော့ပစ်လိုက်ရ၏။ သူမ၏ ပုခုံးကို ပြန်လွှတ်ပေးရုံတင်မ
နောက်သို့ အနည်းငယ် ဆောင့်တွန်းပစ်မိ၍ သူမ၏ ခန္ဓာကို
ကလေး ယိမ်းယိုင်သွားရသည်။ ထို့နောက် သူသည် သူမအာ
လက်ညှိုးတစ်ချက်ညွှန်ရင်း...

"တောက်...မင်းကွာ...ကိုယ်သိပ်ချစ်တဲ့ မိန်းမတစ်ယော
ဖြစ်နေလို့ မင်းစော်ကားတာကို ဒီလောက်သည်းညည်
နေတယ်မှတ်ပါ... မင်းကို နောက်မို့ဆို စိတ်ရှိလက်ရှိ
ထိုးလိုက်ပြီးပြီ။ မှတ်ထား... သီဂီတော်ကိုယ့်ကို မင်
မြင့်မားတဲ့ အဆင့်အတန်းနဲ့ တိုင်းတာပြီး အဲဒီစကားမျိုး
စော်ကားလိုက်တာဟာ... မင်းက ကိုယ့်ကို မုန်းတယ်
ပြောတာထက်တောင် ရင်ထဲမှာ နာတယ်... ဆောရီးပဲ
မင်းကို ကိုယ်နာကျင်အောင် လုပ်ခဲ့မိတဲ့အတွက် စိ
မကောင်းပါဘူး... ကဲ... မင်း ကိုယ့်နားက သွားပါတော
မင်း... ဒီလို ကိုယ့်နားမှာ လာရပ်ခဲ့တာဟာ မင်း သိပ်
တယ်... မင်းသာ လာမရပ်ရင် ကိုယ်ပြောချင်နေ
စကားတွေ ပြောမိမယ်မထင်ဘူး... မင်းလဲ ဒီတစ်သ

❀ စေတနာစာပေ ❀



ကြားရမယ်မထင်ဘူး... အေးလေ... အခုတော့ မင်း...
ကိုယ့်ကို အနိုင်ယူတာ ကိုယ်ခံရသမျှ ဝဋ်ကြွေးလို့ပဲ သတ်
မှတ်ရမှာပေါ့... ကိုယ်က မင်းလှည့်စားသမျှ ကျေကျေ
နပ်နပ် ခံယူချင်နေတာကိုး... "

သီဂီတော်သည် တော်တော်လေး နာကျင်သွား
သည့် ပုခုံးကို ဆုပ်နယ်ရင်း သူ့ဆီမှ ခွင့်လွှတ် အရှုံးပေးမှုများကို
ကြားရလျှင် ရင်ထဲမှာ ပြောင်းဆန်သွားအောင်ပင် တလှိုက်လှိုက်
ဝမ်းနည်းလာမိ၏။ ဟော့အေး စိတ်အလိုလိုက်ပြီး မဖြေမိစေဖို့
မြိုသိပ်ရလိမ့်မည်ကွယ်။ ကိုယ်ဟာ တတ်နိုင်သရွေ့ သူ့ကို ရှောင်
မိဖို့ ကောင်းတယ်။ သိင်နဲ့ရှင်ဟာ တစ်နေ့နေ့မှာတောင် ပွင့်ပွင့်
လင်းလင်း ချစ်ကြဖို့ လွယ်ကိုမလွယ်တာ ရှင်မသိဘူး ရာဇရယ်။

သို့သော် ဆံပင်ရှည်ပျော့စင်းစင်းတို့ကို ဖရိုဖရဲ
စည်းနှောင်ထားသော သူ့မျက်နှာကို မမြင်ရတာကြာပြီ ဖြစ်၍
စရောက်ခါစကတည်းက တမေ့တမော ခိုးငေးချင်တာ ငြင်းမရ။
ကိုယ်လဲ တစ်နေ့မှ မမေ့ခဲ့ပါဘူး ဆိုရင် မင်းယုံပါ့မလား။

"မင်းရက်စက်မှာကို ကြိုတင်မထားနိုင်... မင်း နှုတ်ဆက်
ခြင်းမှာ ထားရစ်ခဲ့တော့... "

ဟူသော ဆိုသံသဲ့သဲ့နဲ့ နောက်ကျောခိုင်းရပ်နေသူ
ကို မြင်လိုက်စဉ်ကတည်းက သူပါပဲ ဟု အထပ်သိလျက် ဆွေး
ဆွေးမြေ့မြေ့ဖြင့် အသည်းကွဲသီချင်းကို သူဘာကြောင့် ဆိုရသလဲ
ကိုယ် မမေးပဲကို မနေနိုင်ခဲ့တာ မှားတယ်မထင်ချင်ပြီ။

အုပ် (၃၀) မြောက် ပုလဲရတု အထိမ်းအမှတ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူ ဒီနှင်းဆီခြံမှာနေတာ သူမဘာကြောင့် မသိခဲ့သလဲ။ နှင်းဆီခြံက ဦးလေးကြီးနဲ့ ဘာတော်သလဲဆိုတာကအစ ဆက်တိုက်သိချင်သွားခဲ့မိတာလဲ နောင်တ မရချင်ပြီ။ သူ့နားမှာ ရပ်၍ သူနဲ့စကားစမြည် ပြောကြည့်ချင်ခဲ့တာလဲ နောင်တ မရချင်ပြီ။ သူ့စကားတွေမှာ ညွတ်နူးတော့မတတ် ဖြစ်မိသော ကိုယ့်စိတ်ကို ပြန်တည့်မတ်ကာ တမင်ပြောဆို စော်ကားလိုက်ရသော စကားတွေကြောင့် သူ့နာကျင် ထိခိုက်သွားတာ မြင်လျှင် ကိုယ့်ကိုကိုယ်လည်း ခွင့်မလွှတ်ချင်တော့ပြီ။

"ရော့... ဒီမှာ ခုနစ်ဆယ့်ခြောက်ပွင့် ပြည့်ပြီ... ဆူးတွေ အကုန်ချွေထားတယ်... မင်း ဒီပန်းတွေ အများကြီး သယ်နိုင်မယ် မထင်ဘူး ကိုယ်ပဲ မင်းကားပေါ် လိုက်သယ်ပေးပါ့မယ်။ ဟင်... မင်း... "

ရာဇသည် ကောင်မလေးကို မကြည့်မိပဲ ပြောစရာရှိသည်များကို ပြော၍ပြီးသည့်အဆုံးမှာ တိတ်ဆိတ်နေသော သူမကလေးအား လှည့်ကြည့်မိချိန်တွင် မျက်ရည်ဝိုင်းသော မျက်လုံးကလေးများ၏ တုံ့ပြန်မှုကို ကြေကွဲဆို့နစ် သွားရလေသည်။

ဒါဟာ နည်းတဲ့ သံယောဇဉ်ကြောင့် မဟုတ်ဘူး သူ့အနားမှာ မနေဖို့ တောင်းပန်ရက်နဲ့ ဆက်ရပ်နေခဲ့တာ။ တစ်စုံတစ်ခုအတွက် အကြီးအကျယ် မြှုသိပ်လိုက်ရလို့ မင်းရင်ထဲက မပါတဲ့ ကိုယ့်ကို စော်ကားတဲ့ စကားတွေ တမင်ပြောတယ်လို့ ကိုယ် ယုံကြည်ပါတယ် ချစ်သူလေး။

စောတနာစာပေ



သူ ဝမ်းနည်းသွားရသည်။ ကိုယ်ဟာ မင်းအဝဲ ဘယ်လောက်များ ကျေနပ် ဂုဏ်ယူဖွယ်အဖြစ်ကို ပေးနိုင်တွင်မလဲ။ ကိုယ့်ကြောင့်သာ မင်းဘဝ သိမ်ငယ်သွားရစေမယ်ဆိုရင် ကိုယ်လဲ နားလည်ပါတယ်။ ကောင်းပြီ ချစ်သူလေးရယ်။ မင်းရဲ့ ကိုယ် တစ်သက်လုံး မြှုသိပ်သော ချစ်ခြင်းနဲ့မြတ်နိုးနေပါတော့မယ်။ ကြည့်စမ်း ဘယ်လောက် ငြိမ်းချမ်းတဲ့ ဘဝလဲ။ ချစ်သူဆီက ချစ်ခြင်းကိုသော်မျှ ကြားခွင့်မရပေမဲ့ ချစ်သူကောင်မလေးက ကိုယ့်ကို ချစ်တယ်ဆိုတာ ကိုယ်သိရရုံနဲ့ ကျေနပ်ပြီ။

"ဆောရီးပဲကွာ... ကိုယ်... မင်းကို ဒီလောက်တောင် ထိခိုက်ခံစားရမယ် မထင်လို့ပါ... ဒီအဖြစ်တွေကို မေ့လိုက်ကြရအောင်... ကိုယ်တို့နှစ်ယောက်ရဲ့ဘဝကတစ်ယောက် တစ်လမ်းစီဆိုတာ... ကိုယ်လက်ခံပါတယ်... မင်းဆီမှာ ကိုယ့်အတွက် ဘာတွေ ရှိနေသလဲဆိုတာ မင်းဖွင့်မပြောပေမဲ့ ကိုယ်... သိခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်... သိဂီတော်... ကိုယ် အရမ်းကျေနပ်ပါတယ်... "

'အချစ်' ဆိုတာကို သူမစတင် ခံစားတတ်ချိန်တွင် သူမ ရရှိလာခဲ့သည်များမှာ လှိုက်လှဲနွေးထွေးသော ရင်ခုန်ရခြင်းများနှင့်အတူ ကြေကွဲဆို့နင်သော နာကျင်မှုတွေသာ ဖြစ်သည်။ မျက်ရည်တို့ဖြင့် ထုံမွမ်းသောအခါ အချစ်သည် အချစ်မြတ်နိုးဆုံးဖြစ်၏ တဲ့။ ထို့ကြောင့် သူမသည် သူ့ကို ချစ်လာရသည်နှင့်အမျှ ငိုကြွေးတတ်လာခဲ့ပြီပဲကွယ်။

အုပ် (၃၀) မြောက် မြမြ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"သိင်... တစ်ခုပြောချင်တယ်"

"အင်း... ပြောလေ"

သိင် တဲ့လား။ ကြည့်စမ်း 'ကျွန်မ' ဟု ခပ်စိမ်းစိမ်း သုံးသော နာမ်စားမှ ပြောင်းသုံးသွားသော သူမ၏ အမည် နာမ်စားတစ်ခု။ သိင်တဲ့လား အချစ်ရယ်။ ကိုယ် မြတ်မြတ်နိုးနိုး ရင်ထဲမှာ အမြဲတမ်းခေါ်မယ် ဘာဖြစ်လဲ ဘယ့်သူမှ မသိအောင် တိတ်တိတ်ကလေးခေါ်မှာ ချစ်သူကလေးတောင် မသိစေရ။

"သိင့်ကို... ဟိုလေ... သိင့်ကိုနောက်ထပ် ပန်းတစ်ပွင့်လောက် အဆစ်ခူးပေးမလားလို့... သိင်မှာတာက ခုနစ်ဆယ့်ခြောက်ပွင့်ပါ... ဒါပေမဲ့ တစ်ပွင့်အဆစ်လိုချင်တာ"

"တစ်ပွင့်လောက်တော့ ကိုယ်ပေးနိုင်ပါတယ်... ဒီခြံက ကိုယ်နဲ့ ဘာမှမဆိုင်ဘူးကွ... ကိုယ့်သူငယ်ချင်း ဦးလေးခြံပဲ... ဒါပေမဲ့ မင်းကိုတော့ ကိုယ်... အဆစ် တစ်ပွင့် ထပ်ပေးလိုက်တာ ပြောပြရင်တော့ သူတို့က မတွန့်တိုတတ်ကြပါဘူး... ကဲ... ပြော... ဘယ်အပွင့်လဲ... "

"ရှင်ပဲ ရွေးပေးပါတော့... သိင် မရွေးချင်တော့ဘူး"

ရာဇသည် အလှဆုံးတစ်ပွင့်ကို ထပ်မံ ရွေးချယ်၍ ခူးလိုက်၏။ ဆူးတွေ ချွေပြီးနောက် သူမ, မှာထားသော နှင်းဆီခက်တွေထဲသို့ ရောရန်ပြင်လျှင်...

"နေ... နေ... သိင်... အဲဒါ သပ်သပ်ယူမှာ... ဟိုအပွင့်တွေနဲ့ မရောနဲ့ သိင့်ကိုပေးပါ... "

❀ စေတနာစာပေ ❀



ဟိုင်းလပ်စ် အမိုးဖွင့်ကားကြီး၏ နောက်ခန်းတွင် နှင်းဆီပင်ကလေးတွေ ပျိုးထားသော ပန်းအိုးတချို့ကို ပြည်စိုးနဲ့ သူ့ဦးလေး တင်နေတာ တွေ့ရသည်။ ဒရိုင်ဘာ အဘိုးကြီးကတော့ သူ့ကို လိုက်အကဲခတ်နေ၏။ ဒီလူကြီးလဲ သူ့ကို မှတ်မိနေပြီ ထင်ပါရဲ့။ မာစီဒီးကို မောင်းနေကျ ဒရိုင်ဘာကြီးသည် ဒီမနက်မှာတော့ နှင်းဆီအိုးတွေတင်ဖို့ ဟိုင်းလက်စ် မောင်းလာသော်လဲ သူကလည်း သူမတို့၏ ဒရိုင်ဘာကြီးကို ဘယ်အချိန်တွေ့တွေ့ မှတ်မိမှာပင်။ အဲဒီလိုပဲ ဒရိုင်ဘာကြီးလဲ သူ့ကို အခုဒီနေရာမှာ တွေ့တော့ မှတ်မိသော မျက်လုံးများနှင့် လိုက်ကြည့်၏။

သူမကလေးသည် ကားရှေ့ခန်းမှာ ဝင်ထိုင်နှင့်သည်။ ပြည်စိုးက သူမကို မှတ်မိနေပြီ သူ့ကို မျက်ခုံးပင့်ကြည့်၏။ ကိုယ် ဘယ်လိုမှ မဖြေချင်တော့ဘူး သိင်။ ကိုယ်တို့နှစ်ယောက်သာ နားလည်တဲ့ ခံစားချက်တွေကို။ သူသည် ထိုအဓိပ္ပါယ်များ ပါဝင်သော မျက်လုံးဖြင့် ကားရှေ့ခန်းတွင် ဝင်ထိုင်နှင့်သော သူမထံ လှမ်းကြည့်လိုက်ချိန်တွင် သူ့ရင်ထဲမှာ အပျော်တွေ လှိုက်လှဲ့ပြည့်လျှံသွားခဲ့ရပြီတည်း။

သိင်ကလေး မင်းက ကိုယ်ခူးပေးတဲ့ နှင်းဆီပွင့်ကို တစ်ချက် ငုံ့နမ်းမွှေးပြီး မင်းရဲ့ဆွယ်တာအကျႌ ရင်ဘတ်မှာ ထိုးလိုက်သတဲ့လား။ ဘယ်သူမှ မမြင်ဘူးထင်ပြီး မင်းခိုးလုပ်ပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မြင်လိုက်ပါတယ် သိင်။ ဟုတ်တယ် မင်းရင်ထဲမှာ ရှိတဲ့ အချစ်တွေကို ကိုယ် ပိုင်ဆိုင်ခွင့်ရတာလောက် ပျော်စရာကောင်းတာ ရှိဦးမလား။

သူမ၏ ဟိုင်းလက်စ် ကားနောက်မြီးကို တမေ့တမော ငေးကြည့်ကျန်ရစ်စဉ် ပြည်စိုးက သူ့ပုခုံးကို ပုတ်လျက်...

"အဲဒါ.. သိင်္ဂီတော်မဟုတ်လား.. မင်းနဲ့စကားပြောနေတာတွေ့တယ်.., ဘယ်လိုလဲ.. အဆင်ပြေပြီလား.., မင်းတို့ ပြေပြေလည်လည် စကားပြောနေတာတွေ့တော့ ငါ အတော် အံ့ဩသွားမိတာ"

ဟု စပ်စုမေးမြန်းသော်လည်း ရာဇသည် တစ်စုံတစ်ခု၌ နစ်မြောကာ ပတ်ဝန်းကျင်ကိုတောင် မေ့လျော့ခဲ့ပြီတည်း။

ကိုယ်ကျေနပ်တယ် သိင်။ မင်းဆီမှာ ရှိနေမဲ့ ကိုယ့်အတွက် သက်ဆိုင်မှု တစ်ခုခုအတွက်ပေါ့ ကိုယ်တို့ ဘယ်လောက်တောင် ဝေးနေပါစေ ဘယ်လောက်တောင် ဆုံဆည်းခွင့် မရှိကြပါစေ။ ဘာအကာအရံ၊ အတားအဆီးတွေ ရှိနေခဲ့ပါစေ မင်းကိုယ့်ကို ချစ်ခဲ့တယ်ဆိုတာ သိလိုက်ရရုံကလေးနဲ့ ကိုယ် အရာအားလုံးကို မြိုသိပ်ကြည်နူးနိုင်ခဲ့ပြီ။

✿❀✿❀✿❀✿

စေတနာစာပေ

BURMESE CLASSIC .com

# ၂

သိင်္ဂီတော်သည် သူနှင့်မမျှော်လင့်ပဲ ထပ်မံဝေလိုက်ရပြီးနောက်တွင် ကိုကြီးနှင့် ပတ်သက်စဉ်က မခံစားခဲ့ဖူးသော ချစ်သူအား လွမ်းဆွတ်တတ်ခြင်း ဟူသော ခံစားချက်ကပိုမို သိပ်သည်း ပြင်းထန်လာပေသည်ဟုပဲ ဆိုကြပါစို့ရဲ့။ ကြည့်စမ်း အသက်ဆယ့်ခြောက်နှစ်အရွယ်ကတည်းက နှလုံးသားထဲမှာ သူမကိုယ်တိုင် ကျေကျေနပ်နပ် နေရာပေးထားခဲ့ပြီးသော ကိုကြီးကို သူမ တကယ်ချစ်လို့ မရသေးခဲ့ပါလား ဆိုတာ အခု အသက်နှစ်ဆယ့်သုံးနှစ်အရွယ်မှာ ရာဇ ဆိုသည့် လူတစ်ယောက်ကိုစတင် တွေ့ဆုံခွင့်ရချိန်မှာ သိခဲ့သတဲ့။ ဘယ်လောက်တောင် လျင်မြန်တဲ့ ပြောင်းလဲမှုလဲ။ အဲဒါထားတော့။

သူနှဲ့ကိုယ့်ကြားတွင် ကာရန်လျက်ရှိသော တံတိုင်းများက များပြားလှပေသည်။ ပြီးတော့ ထုထည်ကြီးမား ခိုင်ခန့်လွန်းလှသည်ဟုလည်း ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ထို တံတိုင်းများစွာတွေထဲတွင် သူမကို အကြီးကျယ်ဆုံး ကာရန်ထားသည်မှာ မိဘမျိုးရိုး စဉ်ဆက်၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရမည်ဟူသော ပညတ်ချက်တံတိုင်းတစ်ခု။

တဖန် သူမကိုယ်တိုင်ကပင် ပေးထားခဲ့ဖူးသော ကတိတိုင်းအား မည်သည့် အကြောင်းကြောင့်ဖြစ်စေ မဖျက်မိစေရ ဟူသော သူမ ၏ ဆုံးဖြတ်ချက်တံတိုင်းတစ်ခု။

ဤ တံတိုင်းနှစ်ခုတို့ကတော့ သူမနှင့်သူ့ကြားတွင် [illegible]ယ်လိုနည်းနှဲ့မှ ချိုးဖေါက်မရနိုင်သော တံတိုင်းများပင် ဖြစ်လေ [illegible]။

သို့သော် အင်မတန် အံ့ဩစရာ ကောင်းသည်မှာ ဤမျှ အကာအရန်၊ အတားအဆီးတွေ ရှိခဲ့ပြီးသားမှန်း သူမကိုယ်တိုင် သိနှင့်သော်လည်း သူမသည် သူ့အား မိုက်မဲစွာပင် သူမ၏နှလုံးသား၌ နေရာပေးချင်ခဲ့သူ ဖြစ်၏။

တဖန် သူ့အား စွဲလန်းစွာ ချစ်တတ်ခဲ့သူလည်း ဖြစ်ပြန်သေးသည်။ သူ့ဆီမှာ ပေးအပ်ရန် အသင့်ရှိနေမည် ဖြစ် [illegible]သော သူမတစ်ဦးတည်းသာ ပိုင်ဆိုင်ခွင့်ရသည့် သူ၏ချစ်ခြင်းတို့ကိုလည်း တပ်မက်သူ ဖြစ်ပြန်သည်။

ဤလောက၌ အတ္တမကြီးသော သူဟူ၍မရှိဟု ဆိုကြ သည့်အတိုင်း သူမသည်လည်းအတ္တကြီးစွာပင်သူ၏ချစ်ခြင်းတို့ကို ပိုင်ဆိုင် ရချင်သေး၏။ အို ချစ်သူထံမှ ချစ်ခြင်းတို့ကို ခံစား





ခွင့် ရသော မိန်းမတစ်ယောက်ရဲ့ ဘဝလောက်များ ကံကောင်း၍ ပြီးပြည့်စုံတာ ရှိဦးမလား။

ထိုသို့ စိတ်ကူးရလာသော မိန်းမတစ်ယောက်သည် သူမ၏ ဘဝကို တွေဝေခြင်းများဖြင့် စတင် ဖြတ်သန်းရတော့တာဖြစ်၏။

"ဂီ... အခုတလော ကိုကြီးကို စကားပြောတာ စိတ်မဝင်စားတော့သလိုလို... အသက်မပါတော့ သလိုလိုပဲ... ဂီ တစ်ခုခု ဖြစ်နေသလား... ကိုကြီးသိနေတယ်... ဂီ့အသံမှာ အရင်ကလောက် လေးနက်မှု မပါတော့ဘူး... အဲ့ဒီအတွက် ကိုကြီးရင်ထဲမှာ သိပ်ပူနေရတယ်... ဂီ့ဘက်က ပြောင်းလဲသွားမဲ့ တစ်ခုခုကိုပေါ့... အရမ်း စိတ်ပူနေမိပြီ"

ဟူ၍ ကိုကြီးသည် ဖုန်းဆက်စကားပြောတိုင်း သူမ၏ ပြောင်းလဲမှုများကို ရိပ်မိလျက် မေးမြန်းခြ[illegible]ကာင် မကြာခဏ ရရှိခဲ့ပြီ။

သူမသည်လည်း လိမ်လည်၍ ဖြေတတ်နေခဲ့ပြန်ပြီ။

"ဂီက ပုံမှန်အတိုင်းပါပဲရှင်... နောက်သုံးလကြာရင် ပြန်ရောက်လာမဲ့ ကိုကြီးနဲ့လက်ထပ်ရမဲ့ပွဲအတွက် ကြိုတင်ရင်ခုန်လျက်ပဲ"

ဒါပေမဲ့ အဲဒီလို အချိန်ကာလ တစ်ခု၏ အပိုင်း

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



အခြားကို လက်ချိုးရေတွက်မိလျှင်တော့ ရင်ထဲမှာ တစ်စုံတစ်ခု ဆုံးရှုံးလိုက်ရတော့မည့်ပမာ အဲဒီ့မှာ နှလုံးသားဟာ တစ်စစီ ကြေ မွရတော့သည်။

ပြီးတော့ သူကိုယ်တိုင် သူ့လက်ဖြင့် ကိုင်တွယ်၍ ခူးပေးခဲ့သော သူရွေးချယ်ပေးခဲ့သော သူမက တောင်းဆို၍ သူ ဂရုတစိုက် ဆူးယူပေးခဲ့သော ပန်းရောင် နှင်းဆီပွင့်ကလေး ခြောက် သွေ့နွမ်းလျသွားသည့်တိုင် သူမ၏ ခေါင်းအုံးနဘေးတွင် ချထား လျက် ညတိုင်း ထိုနှင်းဆီပွင့်ကလေးကို ကြည့်ပြီး မျက်ရည်ကျ တယ်ဆိုရင် ပိုတယ် မထင်ကြနဲ့ရှင်။

ကိုကြီးဆီက မရိုးနိုင်အောင် ပေးခဲ့သော လက် ဆောင်ပစ္စည်းများစွာထဲမှ သူနဲ့ပတ်သက်ရသော အမှတ်တ လက်ဆောင် ပန်းတစ်ပွင့်ကိုမှ သူမက တွယ်တာ စွဲမက်မိသတဲ့ သူ ဘယ်နေ့များ ကုမ္ပဏီရှေ့ ရောက်လာဦးမလဲဟု မျှော်လ တကြီးပင် ရှာတတ်သော်လည်း သူသည် မာနကြီးစွာ ရှောင်ရှ ခဲ့ပြန်သောအခါ စိတ်ခုချင်လာ၏။

ကိုယ့်ဘက်က ဒီလောက်ထိ ယိုယွင်းကာ ဖရို ဖြစ်နေခဲ့တဲ့ အမူအရာတွေနဲ့ နှင်းဆီခြံမှာ ရှင်နဲ့တွေ့တဲ့နေ့ လှစ်ဟပြခဲ့ပြီးပြီပဲ။ သူ အဲဒီ့လောက်ထိ မာနကြီးဖို့ မသင့်။ တကယ် ဆို နည်းနည်းတော့ဖြစ်ဖြစ် လာကြည့်စေချင်သည်ကွယ်။

ဒါမှမဟုတ် သူဟာ သူမကိုများ နာကြည်းသွာ လေသလား။ ဝိတ်ထဲမှာ မပါပဲ သူ့မာနကို သူမက စော်ကား





လိုက်တဲ့ စကားတွေကြောင့် အေးလေ သူစိတ်ကွက်သွားလိမ့် မယ် ထင်ပါရဲ့။ သူနဲ့ကိုယ်က ဘယ်လိုမှ ချစ်သူ ဖြစ်လာနိုင်စရာ အကြောင်းလဲမရှိပြီ။ ဆုံဖြစ်ကြဖို့ဆိုတာက အဝေးကြီးရယ်။

နောက်ထပ် ရက်များစွာမှာတော့ သိင်္ဂီတော်သည် သူနဲ့တစ်ခါကလေးမျှ ပြန်ဆုံဖြစ်ခဲ့သော နှင်းဆီခြံထဲက နံနက်ခင်း တစ်ခုအား ညစဉ်အိပ်မက်မက်၍ လွမ်းဆွတ်နေခဲ့မြပင်။ သို့သော် အင်မတန် ထူးဆန်းသည့် နေ့တနေ့မှာ သူနဲ့သူမတို့ ပြန်တွေ့ဖြစ် ကြလျက် ချစ်သူအဖြစ် ပွင့်လင်းသွားကြဖို့ အဖြစ်အပျက် တချို့ ပေါ်ပေါက်လာခဲ့ပါသည်။

ထိုနေ့ကတော့ ပုံမှန်အတိုင်းပင် သိင်္ဂီတော်သည် မေမေ၏ ကုမ္ပဏီမှ နားသောရက်များမှာ Super Market တစ် ခုခုကို သူမဘာသာ ကားမောင်းသွားလေ့ရှိပြီး ကြိုက်တဲ့ပစ္စည်း တွေ ဝယ်လေ့ရှိသည့်အတိုင်း မေမေနဲ့ဘွားအေတို့ကို ခွင့်တောင်း ကာ သူမသွားချင်ရာ သွားလျှင် မောင်းယူသွားနိုင်ဖို့ သီးသန့် ဝယ်ပေးထားခဲ့သော နောက်ဆုံးမော်ဒယ်လ် Super Saloon ကလေးဖြင့် သက်တောင့်သက်သာ မောင်းလျက် အိမ်မှ ထွက် လာခဲ့လေသည်။

"ကားကို ဖြည်းဖြည်းလဲမောင်း… ဂရုတစိုက်လဲမောင်း နော်… ဒါင်သူများလိုက်ပြိုင်မောင်းရင်လဲ အလျှော့ပေး လိုက်… ပတ်ကင်တွေ သိပ်ကျပ်နေရင်လဲ မရမကကြီး မနေနဲ့… ပတ်ကင်လွယ်တဲ့ နေရာမှာ ကားကို ရပ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့.. ကိုယ် ဝင်ချင်တဲ့ နေရာနဲ့ကားရပ်ထားတဲ့ နေရာ ဝေးတော့ရော ဘာဖြစ်သလဲ တိုက်မိခိုက်မိလို့ စိတ်ရှုပ်ရတာထက်စာရင် ပစ္စည်းဖြုတ် ခိုးခံရတာက ဘာမှ စိတ်အနှောင့်အယှက် ဖြစ်စရာမရှိဘူး.. "

"မမေ့.. ဓါတ်ပြားဟောင်းကြီးကို သိင်မမေ့ပါဘူး.. အမြဲမှတ်ထားပါတယ် မမေရဲ့... "

"အေး..အေး.. သွားတော့ သမီး၊ ဂမုန်းပွင့်တင်ပဲ မဟုတ်လား.., ကိုယ်ကြိုက်တာ.. ဝယ်ချင်တာရှိရင် ဝယ်လို့ရအောင်.. အခုခေတ် ကောင်မလေးတွေ ကားကို တဝီဝီ မောင်းတတ်နေလို့ သမီးလဲ မောင်းချင်ရှာမှာပဲ ဆိုပြီး မေမေက ကိုယ်ချင်းစာလို့ ကားမောင်းချင်သလောက် မောင်းခွင့်ရအောင်သာ လွှတ်ရတာ၊ စိတ်တော့ မချဘူး သိင်ရယ်... ကားတစ်ခုခုထိတာ အရေးမကြီးဘူး... လူကို ထိခိုက်မှာပဲ စိုးရိမ်တာ.. "

"သိင် ဖြည်းဖြည်းလေးဘဲ မောင်းမယ်... ဘုရားလဲရှိခိုးပြီးမှ မောင်းမယ်... ညက ကိုကြီးကိုတောင် ဒီနေ့ သိင်ဂမုန်းပွင့်သွားမဲ့အကြောင်း ကြွားလိုက်သေး.. အံမယ် ကိုကြီးက မေမေ့လိုပဲ... သိင့်ကို မှာသေးရဲ့... သိင်ဖြင့် ကားမောင်းသက် ငါးနှစ်လောက် ရှိတော့မယ်ဟာ... Service ရင့်နေပြီရှင့်... "

ဘွားကတော့ သိပ်မကြည်လှ။ မေမေက ခွင့်ပြု





တာကို ကန့်ကွက်ချင်စမြဲ၊ ပဋိပက္ခအတိုင်း မရှိုးနိုင်စွာ...

"ဒါပေမဲ့... တစ်နေ့နေလို့ တစ်ခါတောင်မှ မမောင်းဖြစ်ပဲ တစ်ပတ်တစ်ခါ၊ သုံးလေးရက်တစ်ခါ မောင်းဖြစ်တာမို့ ကျုပ်တော့ ညည်းဘယ်လောက် ကားမောင်းသက် ကြာကြာ ကျွမ်းကျင်မယ် မထင်မိပါဘူး.. သိင်... "

အဲဒါကတော့ သိင်္ဂီတော် ကိုယ်တိုင် ကားမောင်း၍အပြင်ကို တစ်ယောက်တည်း သွားမည့်အခါတိုင်း ကြုံရသော မိခင်နှင့်ဘွားအေတို့၏ စိတ်မချနိုင်မှုပဲ ဖြစ်သည်၊ အမှန်တော့ သူမကလည်း စိတ်မချချင်စရာ၊ အမေနဲ့ဘွားအေ လစ်ပြီဆိုတာနဲ့ ကားကို ဖြည်းဖြည်းမောင်းဖို့ မစဉ်းစားပဲ ခပ်မြန်မြန် မောင်းသွားသော ရွယ်တူ ကောင်မလေးများကို အားကျကာ အမြဲ မြန်မြန်မောင်းကြည့်တတ်မြဲ ဖြစ်၏။ မေမေက မေမေပီသစွာပင် သိင်္ဂီတော်၏ အကျင့်ကို သိလျက် သိသိကြီးနှင့် အလိုလိုက်ရတာ ဖြစ်၏။

ဂမုန်းပွင့်ရှေ့ ရောက်သောအခါ ခါတိုင်းလို ကားရပ်စရာ နေရာ အကြာကြီး မရှာလိုက်ရချေ။ ကျယ်ကျယ်ဝန်းဝန်း ရှိလှသော ကားရပ်စရာ နေရာတစ်ခုတွင် ပတ်ကင်ဝင်ရန်အတွက် ရွေးချယ်လိုက်တာ ကားရပ်ရန် မီးပြတာတွေ သူမ တစ်ခုမှ မမှားခဲ့ပါ။ မှားက နောက်က ကပ်လိုက်လာသော ကားတစ်စီးသည် ရှေ့ကား ပတ်ကင်ဝင်နေသည်ကို မစောင့်ပဲ အတင်းကျော်တက် ယိုက်ခြင်းပင်၊ သူမ၏ ကားက နောက်ဆုတ်ခေါက်သွင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန် ထိုကားက အရှေ့တိုးလိုက်ချိန် တစ်ထပ်တည်းဖြစ်လျက် ကားခေါင်းချင်း ချိတ်မိတော့ဘာဖြစ်သည်။

နှစ်စီးစလုံး အရှိန်မပြင်းသော်လည်း သိင်္ဂီတော်သည် ကားထိခိုက် ပွန်းရှသွားတာ မေမေမြင်လျှင် နောက်တစ်ခါ သွားလျှင် စိတ်မချဖြစ်ပြီး မသွားခိုင်းတော့မှာတွေး၍ စိတ်ပျက်ကာ ကားထဲမှ မထွက်သေးပဲ ဆက်ထိုင်မိ၏။ ကားမှာ ပွန်းရာ ခြစ်ရာတွေ ရှိလျှင် ဘယ်မှာ ဆေးမှုတ်ရမလဲ ကို မသိတာခက်၏။ နောက်မို့ မေမေမသိအောင် တိတ်တိတ် ဆေးမှုတ်ထားလိုက် ပါရဲ့။

လူတွေအားလုံးက ကားထဲမှ ထွက်မလာပဲ အေးအေးဆေးဆေး ထိုင်၍ ငြိမ်နေသည့် သူမကို အံ့ဩတကြီး လှမ်းကြည့်နေကြတာ တွေ့ရသည်။ ကျောင်ဲ စိတ်ပျက်တာပဲ။ လူကြည့်ခံရမဲ့အလုပ်မျိုး၊ တခြားလူနဲ့ ရှင်းရမဲ့ အလုပ်မျိုးကို ရင်မဆိုင်ချင်ပါဘူးဆိုမှ တစ်ဘက်ကားကလည်း super saloon ပင်။ ကားမှန်နက်တွေ တဖြည်းဖြည်း လျှောကျလာသည်အထိ ကားထဲက လူဘယ်သူဆိုတာ သူမ, မလေ့လာမိသေး။ တစ်ဘက်လူကို အလျော်လဲ တောင်းဖို့ မစဉ်းစားမိသေး။

သို့သော် အဲဒီကားထဲမှ ထွက်လာကာသူမကားဆီ လှမ်းကြည့်နေသော လူနှစ်ယောက်ထဲမှ နောက်ထပ်တစ်ယောက် အား မြင်တွေ့လိုက်ရချိန်တွင် သိင်္ဂီတော်သည် အံ့ဩစရာကောင်းလွန်းသော တိုက်ဆိုင်မှုတစ်ခုအား ရင်ဆိုင်လိုက်ရပြီတည်း။





ရာဇ ဟု ရင်ထဲမှာ မြည်ဟီးသွားမတတ် တိတ်ဆိတ် ခေါ်လိုက်မိ၏။ သူသည် မြင်တွေ့နေကျအတိုင်းပင် ...င်းပင်နံပြာမှိုင်းမှိုင်း၊ ရှပ်အင်္ကျီကွက်ကြား ဝတ်မြဲစတိုင်လ်ဖြင့်ပင်။ ...်စင်းစင်း ဝဲကျနေသော ဆံပင်ရှည်တို့ကလည်း ဖရိုဖရဲ စည်း...နှောင်လို့။ သူက ကားကိုမှီရပ်ပြီး သူမ၏ ကားဆီလှမ်းကြည့် ...်စောင့်နေသော တခြားလူကို တစ်စုံတစ်ခု လှမ်းပြောနေတာ ...တွေ့ရသည်။

သိင်္ဂီတော်သည် နောက်ဆုံးမှာတော့ ကားထဲမှ ...ွက်ရပ်လိုက်ရပါသည်။ ထိုအခါ အံ့ဩသော၊ မယုံကြည်သော၊ ...ျော်ရွှင်သွားသော၊ တဖန် တမ်းတသော မျက်ဝန်းများဖြင့် ရာဇ ...း သူမ,အား ငေးကနဲ ကြည့်လိုက်လျှင် ရင်တွေ ခုန်လိုက်ပါဘိ ...တော့ရှင်။

"မင်း... ကိုယ်တိုင် ကားမောင်းလာတယ် ဟုတ်လား... ကိုယ်ထင်တောင် မထင်ဘူး... မင်းကားမောင်းတတ်လိမ့် မယ်လို့။ ပြီးတော့ ဒီကားက မင်းစီးနေကျ မဟုတ်ဘူးဆို တော့ မင်းဖြစ်နေလိမ့်မယ်လို့တောင် မထင်ဘူးကွာ..."

သူသည် သွက်လက်သော ခြေလှမ်းများဖြင့် ခပ် ...ြောင်ကြောင်ပင် ကိုယ့်ကားနားမှာ ရပ်နေသည့် သူမထံ ပြေး ...ဖေါ် တော့ ရသားပင်။

"ကြည့်စမ်း... မင်းကား ဘန်ဘာ ပွန်းတာ မနည်းပါလား တော်သေးတာပေါ့... ဟိုကောင် တရကြမ်း မမောင်းပေ



www.burmeseclassic.com

www.burmeseclassic.com



လို့… ကိုယ်… သူ့ကိုတားတယ်… ရှေ့ကား အချက်ပြပြီး ပတ်ကင်ဝင်နေတယ် ခဏစောင့်ဆိုတာ မရဘူး အတင်းကျော်တက်ပြီးမောင်းတာ… အခုတော့ သူကားလဲ ဘန်ဘာပွန်းတယ်၊ မင်းကားလဲပွန်းတယ်… ဘာမှလဲ အကျိုးမရှိပဲ ကားမောင်းရင် ဒီကောင် အလကားနေရင်း လောတာကွ… ”

“သိင်လျော်ပေးရမှာလားဟင် မြန်မြန်ပြော… သိင်ရှက်တယ် လူတွေ သိပ်ကြည့်နေပြီ… သိင်စိတ်လဲ အရမ်းညစ်နေပြီ… မြန်မြန် ဖြေရှင်းပေးစမ်းပါ”

ကောင်မလေးသည် ရှက်ရွံ့တုန်ခတ်သော အသံဖြင့် ကိုယ့်ကို အားကိုးတကြီး တိုင်ပင်လျှင် ကိုယ်အတော်ပင် သနားမိသည်။ သိင်ရယ် တကယ့်ကို လောကကြီးအကြောင်း ဘာမှ နားမလည်သေးတဲ့ ကောင်မလေးပဲ။ ကားချင်း ချိတ်မိလို့ လူကြည့်တာလဲ ရှက်သတဲ့။ ကိုယ့်ဘက်က မှားသလား၊ သူ့ဘက်က မှားသလား မစဉ်းစားတတ်ပဲ လျော်ပေးဦးမတဲ့။ ခက်ပဲ ခက်ရချည့်။

“ဟော့ကောင် ရာဇ… မင်းနဲ့မိတ်ဆွေတွေလား… ဒါဆိုလဲ ထားလိုက်တော့ကွာ… ဘန်ဘာပွန်းတာလောက်နဲ့ ရှင်းမနေပါနဲ့… ငါကရှေ့က… ကားကိုမောင်းတာ မိန်းကလေး ဖြစ်နေလို့ ညှာပြီး သူရှင်းလို့ရအောင် ရပ်စောင့်နေတာ… နောက်မို့ ဘန်ဘာပွန်းတာလောက်နဲ့ စကားထဲထည့်





ပြောပြီး အချိန်အကုန်ချင်ဘူး… ”

“ဟုတ်တယ်… ငါ့မိတ်ဆွေပဲ စိုးမင်း… သူကျေနပ်လား မင်းမေးလိုက်ဦးလေကွာ… သူကျေနပ်ရင်တော့ ကိုယ့်ကားဘန်ဘာ ကိုယ့်ဘာသာ ဆေးမှုတ်ပေါ့… ဒီလိုပဲ ဖြေရှင်းလို့ရမယ်… ”

ရာဇသည် ကားပိုင်ရှင် စိုးမင်း၏ ကြွားကြွားဝင့်ဝင့်နှင့် မာရေကြောရေ ရှိလှသော စကားတို့ကို မကြိုက်ချင်တော့။ ပြီးတော့ သိင်ရယ် မင်းသိပ်လှလွန်းနေတယ် မင်းကို သူကြည့်တဲ့ မျက်လုံးတွေကို ကိုယ် ထိုးဖေါက်ပစ်ချင်တာတော့ အမှန်ပဲ။

“ကဲ… ဘယ်လိုလဲ… သိင်… သူပြောသလို သိင်ကျေနပ်လား… ”

“သိင်… လျော်ပေးရမလားရှင့်… ဘယ်လောက်လျော်ပေးရမလဲ”

“အိုး အိုး… ပိုက်ဆံသိပ်ပေါနေတယ်ထင်တယ်… ဘယ်လိုလဲ ရာဇ အလျော်ပေးချင်သတဲ့… ငါကလျော်ရမှာလား သူကလျော်ရမှာလား သူ, မသိဘူးထင်တယ်။ ကဲပါ… အမျိုးသမီးကလေးရယ်… ဘန်ဘာကလေး ပွန်းတာလောက်က ဆေးမှုတ်ရင် သုံး၊ လေးရာပဲ ကုန်မှာပါ… ဘယ်သူ့ဘယ်သူမှ လျော်မနေပါနဲ့… နှစ်စီးစလုံး ပွန်းသွားတာချင်း အတူတူပဲ ဟုတ်ပြီလား။ မင်းကျေနပ်ရဲ့လား…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့နှစ်ဘက် ကျေအေးလိုက်ကြရအောင်... ”

ခေါင်မလေးသည် သူ့ကို အားကိုးတကြီးပင် လှမ်းကြည့်တာ တွေ့ရ၏။ ကိုယ်က ဆုံးဖြတ်ပေးဖို့လား သိင်ဟု ရင်ထဲမှာ ကြည်နူးတိုးတိတ်စွာ မေးမိသည်။ ဘာမဟုတ်တဲ့ ကိစ္စကလေးမှာ မင်း ကိုယ့်ကို အားကိုးတာကိုပဲ ကိုယ် ရင်ခုန်ခြင်းတွေနဲ့ ရှူးသွပ်ရတာ မင်းမသိသေး။ သူ့ရင်ထဲသို့ ကျေနပ်ခြင်းခြေသံတစ်ခုက တိုးလျှည်းသာစွာ ဝင်ရောက်ခဲ့ပြီ။ တကယ်ပါ။ သိင် ကိုယ့်ကို အားကိုးတယ်ဆိုတဲ့ အသိဟာ ကိုယ့်ဘဝရဲ့ မျှော်လင့်ချက် အသစ်ပဲ ဖြစ်တယ် သိင်ကလေး။ အဲဒါ သိင် ယုံထားဖို့ကောင်းပြီ။

“သိင်က ကျေနပ်တယ်တဲ့... စိုးမင်း ငါ့ကို သူပြောပြီးပြီ”

“အေး.. ဒါဆိုလဲ ပြီးတာပဲ... လာကွာ သွားကြရအောင် ဆေးမြန်မြန် သွားမှတ်ထားမှ.. နောက်မို့ ဝယ်ဖို့လာကြည့်တဲ့လူ စိတ်ပျက်သွားဦးမယ်... ”

“ကိုယ်... သွားမယ် သိင်... သိင်တစ်ယောက်ထဲဖြစ်လား”

သိင်္ဂီတော်သည် ခပ်လေးလေးပင် ခေါင်းခါမိ၏။ ကိုယ်တို့ ဒီလို ထပ်တွေ့ကြရတဲ့ အခွင့်အရေးကလေးကို ကိုယ် မက်မောပါရစေလားကွယ်။ ဘုရားရေ ဘယ်လောက် အံ့ဩစရာကောင်းလဲ။ သူမအတွက် မဖြစ်နိုင်မှု ဟု ယူဆထားသော ဖြစ်ရပ်တစ်ခုကို သူမကိုယ်တိုင်ပင် ဖန်တီးတော့ဖို့ စိတ်အားထက်သန်

စေတနာဓာပေ



ခဲ့ပြီ။ ရှင့်ကို သိင်နားကနေ ဘယ်မှ ထွက်မသွားစေချင်တာ ရှင် မသိဘူးဆိုရင် ရှင် ညံ့ပြီ။ သိရဲ့လား ကိုရာဇ။

“ဘာဖြစ်လို့လဲ... သိင်”

“သိင့်ကားကို ဆေးလိုက်မှတ်ပေးဦး... ကားတွေ ဆေးပွန်းရင် ဘယ်မှာ ဆေးမှတ်ရသလဲဆိုတာ သိင်မှ မသိတာ.. မေမေ့ကို သိင်မသိစေချင်လို့ သိင့်ဘာသာ.. ဆေးပြန်မှတ်မလားလို့... အဲဒါ.. ရှင်ကူညီမှဖြစ်မှာ”

“ဪ.. ဒီလိုလား.. ရတာပေါ့။ ကိုယ်က သိင်နဲ့အတူတူ သွားရမှာ ပိုတောင်ပျော်သေး... ဟော့ကောင် စိုးမင်း၊ မင်း ဘာသာ သွားတော့... ငါ မလိုက်တော့ဘူး... အဲဒီကား ရောင်းမဲ့ကိစ္စ ပြည်စိုးကိုပဲ ဆက်လုပ်ခိုင်းတော့။ နောက်မှ ငါတို့ဘာသာရှင်းမယ်”

“ဘာလဲကွ... မင်းက... ကဲ.. ဒါဆုံလဲနေခဲ့တော့... ငါသွားပြီ... ”

စိုးမင်း၏ကား ထွက်သွားသောအခါ ရာဇသည် သူ့နံဘေး၌ ငြိမ်ငြိမ်သက်သက် ရပ်နေခဲ့သည့် သူချစ်သူကောင်မလေးအား ငုံ့ကြည့်မိပါသည်။ ကြည့်စမ်း မင်းနဲ့ကိုယ်ဟာ ဒီအခြေအနေမျိုးနဲ့ ဆုံဖြစ်ကြရက် ကိုယ့်ဘက်က ဒီအခွင့်အရေးကို လက်လွှတ်လိုက်ဖို့ဆိုတဲ့ စိတ်ကူးမျိုး ကိုယ်မှာရှိခဲ့ရင် ကိုယ်ပဲ ညံ့ဖျင်းရာကျမယ်... ဒီတော့... ကိုယ်တို့ ပွင့်ပွင့်လင်းလင်း ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချစ်သူတွေ ဘဝကို ရောက်ကြစို့ရဲ့။

"ရှင်က ဘာအလုပ်လုပ်တာလဲ.. ရာဇ။ သိင်... တစ်ခါ တွေ့တုန်းက ရှင်က နှင်းဆီခြံမှာလုပ်တာ.. အခုကျတော့ ကားဝယ်ရောင်း လုပ်နေပြန်တယ်... သိင်တော့ မျက်စိ လည်ပြီ"

"သိင်ကကွာ.. ကိုယ့်ကို အထင်ကြီးတယ်... ကိုယ့်မှာ ကားကို ဝယ်ရောင်းလုပ်စရာ ပိုက်ဆံအများကြီး မပိုင်ပါ ဘူးကွာ.. သူများကားကို ရောင်းဖို့ ဝယ်ဖို့ လိုက်ပြီး ပါးစပ် စိုက်ရတဲ့ ပွဲစားအလုပ်လုပ်တာပါ.. အဲဒါ ကိုယ့်ရဲ့ တစ်ခု တည်းသော အသက်မွေးဝမ်းကြောင်းပေါ့.. နှင်းဆီခြံက အလည်သွားတာပါ.. "

"ကဲ... သိင်တို့ အခုဘယ်သွားကြမလဲဟင်... "

"ကားဆေးမှုတ်ဖို့လား... နီးပါတယ်... ကိုယ် လိုက်ပို့ပေး မယ်... ခဏလေးပြီးမှာ စိတ်မပူနဲ့ ဟုတ်လား... "

"ဒါဖြင့်... ရော့... ရှင့်ကားမောင်းတတ်တယ် မဟုတ်လား ရှင်ပဲ မောင်းတော့.. သိင်က ဘယ်မှာမှန်း မသိပဲ ယောင် ဝါးဝါး မောင်းရမှာမို့.. မဖြစ်ဘူးထင်တယ်... "

သိင်သည် သူ့လက်ထဲသို့ ကားသော့ကို ယုံယုံ ကြည်ကြည် ထည့်ပေးလိုက်တာကို လက်ခံရလျှင် ရင်ထဲမှာ နာကျင်သွားရသလိုပင်။ ကိုယ်ဟာ ဖြစ်နိုင်ရင် မင်းပိုင်ဆိုင်ထား





သမျှ စည်းစိမ်ဥစ္စာတွေနဲ့ အဆင့်အတန်းတွေကနေ ခပ်ဝေးဝေး နေနိုင်ချင်တာ အမှန်ပဲ။ သို့သော် အခြေအနေတစ်ချို့က ရှောင် လွှဲ မရချင်ခဲ့ပြီ။ မိန်းမတစ်ယောက် ပိုင်ဆိုင်သော ကားကို ဟန်ကျ ပန်ကျ မောင်းရတာကို အင်မတန်မှ လိပ်ပြာမသန့်ပါ။

✿ ✿ ✿

သူသည် မျက်နှာခပ်ညိုးညိုးဖြင့် မောင်းသူနေရာ ဝင်ထိုင်လိုက်တာ ဖြစ်လျှင် ကောင်မလေးက သူ့ကို အကဲခတ် လေသည်။ သူ့နံဘေးခုံတွင် ဝင်ထိုင်လိုက်သော သူ့ချစ်သူ ကောင် မလေးက ကားထဲ ဝင်ဝင်ချင်း မဆိုင်းမတွ မေးဖြစ်အောင်မေး၏။

"သိင့်ကို ကူညီရတာ ရှင့်အတွက် သိပ် အခက်အခဲ ဖြစ် နေသလား"

"ဟုတ်တယ်... သိင်"

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... "

"ဟုတ်တယ်... ကိုယ်... သိင့်ကို ဘယ်အချိန်မဆို ကူညီဖို့ အဆင်သင့်ပါပဲ... ဒါပေမဲ့ သိင်ရယ်... ကိုယ်က သိင့်မိဘတွေရဲ့ ချမ်းသာကြွယ်ဝမှုတွေကို ထိတွေ့ပတ်သက်ရမှာ... ဝန်လေးတယ်... အဲဒါတွေဟာ ကိုယ့်ကိုခြားထားတဲ့ တံတိုင်းတွေလို့ ကိုယ်ထင်တယ်... ပြီးတော့... ကိုယ့်လိုလူတစ်ယောက်အနေနဲ့ သိင့်ကို ချစ်မြတ်နိုးပါတယ်လို့ အမှန်တကယ် ရင်ထဲရှိတဲ့အတိုင်း ပြောတာဖြစ်ပေမဲ့... ဒီလိုပစ္စည်း ဥစ္စာကြွယ်ဝမှုဆိုတဲ့ အကြောင်းအရာတွေဟာ ကိုယ့်အချစ်ကို မလိုလားအပ်တဲ့ တစ်စုံတစ်ရာတွေနဲ့ ရောနှောပစ်မှာ သိင်ရဲ့... တကယ် ဝန်ခံရရင် ကိုယ်... သိင့်ကားကို လိုက်မစီးချင်ဘူး... မောင်းလဲမမောင်းချင်ဘူး... ဒါပေမဲ့... သိင့်ရဲ့ အခက်အခဲတစ်ခု အကူအညီတောင်းခံမှုတစ်ခုကို ကိုယ်က ဘာပဲဖြစ်ဖြစ် ကူညီချင်လို့သာ... ကိုယ့်ရဲ့ ရှိသင့်ရှိထိုက်တဲ့ ယောကျ်ားမာနတွေကို လျှော့ပစ်ခဲ့ရတာ... သိလားသိင်"

"သိင်တို့ အဲဒါတွေ မပြောကြရင် ကောင်းမယ်ထင်တယ်"

"မပြောလို့ မဖြစ်တော့ဘူးသိင်... ကိုယ်တို့ နှစ်ယောက်ကြားမှာ ပွင့်ပွင့်လင်းလင်း ဖြစ်ဖို့တော့ လိုအပ်နေပြီ... ဒီလိုကြီး... တဖုံနွေးနွေးနဲ့ အီလည်လည်ဖြစ်နေတာကို ကိုယ်... ကြာကြာ ရင်မဆိုင်ချင်ဘူး... ကိုယ် သိင့်ကိုချစ်





ခဲ့ရတာ ဘယ်လောက်ကြာပြီလဲ... သိင်သိပြီးသားပါ။ ကိုယ့်ကိုရော... သိင် ဘာလို့ အဖြေ ပြန်မပေးနိုင်စရာရှိလဲ..."

ထိုအခါ သူမသည် ခပ်မှုံမှုံပြုံးလိုက်တာ တွေ့ရ၏။ ပြီးတော့ မြုံ့စိစိဖြင့် တိတ်ဆိတ်နေတာ မြင်လျှင် သူ ၊ မချင့်မရဲဖြစ်လာကာ ဝေ့လည်ကြောင်ပတ် လုပ်ဖို့ ယခုထိ စိတ်အားထက်သန်နေသော ကောင်မလေး၏ လက်ဖဝါးတစ်ဖက်ကို ဆတ်ကနဲဆွဲယူလိုက်မိပါသည်။

မင်းစိတ်ဆိုးလို့ ကိုယ့်ကို ပါးရိုက်ချင်ရိုက်တော့။ ကိုယ်တော့ ဒီနေ့ ကိုယ်ပိုင်ဆိုင်ခွင့်ရတဲ့ အဖြစ်အပျက်ကို ကိုယ်နောက်တစ်ခါ ရနိုင်မှာမဟုတ်လို့ ဒီတစ်ခါတော့ ကိုယ်ပျော်ပါရစေဦး။ ပြီးတော့ဒါဟာနည်းတဲ့ငြိတွယ်မှုမဟုတ်ဘူး သိင်။ မိန်းကလေးတစ်ယောက်ဟာ သူနဲ့ သွေးမတော် သားမစပ်တဲ့ တစိမ်းယောကျ်ားလေးတစ်ယောက်ကို ယုံယုံကြည်ကြည်နဲ့ ကားသော့ကိုပေးမောင်းပြီး အဲ့ဒီလူခေါ်ရာနောက်ကို လိုက်ရဲတယ်ဆိုတာ ဘာကြောင့် ဖြစ်မလဲ။ အဲ့ဒီမိန်းကလေးဟာ အင်မတန် အ,တာပဲလား၊ သတ္တိရှိလွန်းနေတာပဲလား၊ ဒါမှမဟုတ် အဲ့ဒီ ယောကျ်ားလေးအပေါ် တော်ရုံ ငြိတွယ်မှဲ့ သံယောဇဉ်ကြိုးမျိုးနဲ့ မဟုတ်တဲ့ နှောင်တွယ်ခြင်းတွေ ရှိနေလို့ပဲလား။

အင်း ကိုယ့်ဘက်ကိုယ် ယက်တွေးရရင် သိင်ဟာ ကိုယ့်ကို ချစ်နေလိမ့်မယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... သိင်၊ အခု... ကိုယ်နဲ့သိင်ရဲ့ ပတ်သက်မှုက ဘာလဲ"

"အဲဒါနောက်မှမေး... ရှင် သိင့်အကြောင်းတွေ ဘယ်လောက်သိထားပြီလဲဆိုတာ သိင်အရင် ပြန်မေးမယ်... သိင့်ရဲ့ဘဝမှာ ဘာတွေ ဖြစ်စရာရှိသေးလဲဆိုတာ ရှင်သိရင်... အင်း... ဟုတ်တယ်... ရှင်သိရင်... သိင့်ကို ရှင်ချစ်ဖို့ စိတ်ကူးမယ် မထင်ဘူး"

"သိင့်... ပတ်ဝန်းကျင်က လူတွေအားလုံး သိထားပြီးသား အခြေအနေတွေ အကုန် ကိုယ်သိထားပြီးသားပါ... သိင်၊ ဟိုး... လွန်ခဲ့တဲ့ ကာလတွေထဲကပေါ့... ကိုယ် ဝင်တိုက်လိုက်လို့ အိုက်စကရင်တွေ အကျီမှာ ပေသွားတဲ့ ကောင်မလေးကို မြင်မြင်ချင်း ချစ်မိကတည်းက... အဲ့ဒီနေ့ရဲ့ နောက်တစ်နေ့မှာ ကိုယ်အားလုံး သိဖို့ ကြိုးစားခဲ့ပြီပြီ"

"ဒါဆိုရင်"

"ဟင့်အင်း... သိင်၊ မင်း... ဘာမှ ရှုပ်ရှုပ်ထွေးထွေး စဉ်းစားပြီး တွေဝေမနေပါနဲ့တော့ကွာ... ကိုယ်... ရိုးသားစွာ ဖြေရရင် ကိုယ်ချစ်မိတဲ့ မိန်းမတစ်ယောက်မှာ မကြာခင် ပိုင်ရှင်ရှိတော့မယ်မှန်း သိသိကြီးနဲ့ ကြိုးစားပြီး ရှောင်ရင်းက ရှောင်ထွက်မရခဲ့လို့... မင်းဆီက ချစ်ခြင်းတစ်ခုကို တောင်းဆိုတယ်လို့ပဲ... ဝန်ခံချင်တယ်... ကျန်တာ ကိုယ် ဘာမှ ဆက်မစဉ်းစားချင်ဘူး ကဲ... ဘယ်လိုလဲ... သိင်၊





မင်း ဖြေတော့လေ... "

"ချစ်သူတွေက ချစ်ပြီးကြရင် နောက်ဘာတွေထပ်ပြီး သူတို့ဘဝအတွက် ရည်မှန်းကြမလဲ ဟင်... ရှင်က သိင့်ကို ချစ်ခွင့်ရရုံနဲ့တော့ ကျေနပ်နေမယ် မထင်ဘူး... ရှင် ဘယ်နည်းနဲ့မဆို သိင့်ကို ပိုင်ဆိုင်ခွင့်ရချင်မှာပဲ မဟုတ်လား... ဒါပေမဲ့ သိင်က... ရှင့်ကို အဲ့ဒီလို အခွင့်အရေးမျိုးမှ မပေးနိုင်ခဲ့တော့တာ... ဒီတော့ သိင်တို့ ဒီအတိုင်းပဲ နေကြရင် ကောင်းမယ်... ရှင်"

"ကိုယ့်... အချစ်ကို သိင် အယုံအကြည် သိပ်နည်းလွန်းနေတယ်... "

ထိုအခါ သိဂီတော်သည် ကိုယ်ကိုယ်တိုင်တောင် ချစ်တဲ့သူအား မချစ်ပဲ မနေနိုင်ခဲ့သလို သူလဲ ဒီလိုပဲ ခံစားရရှာမှာပဲ ဟု ကိုယ်ချင်းစာမိလျက် သူ့အတွက် ခဏလောက်ဖြစ်ဖြစ် ပျော်ရွှင်ခွင့်ကလေးကို ပေးတော့ပေးလိုက်ချင်သားပင်။ ဟင့်အင်း နောက်မှ ဖြစ်လာမှာတာတွေ မတွေးချင်ပြီကွယ်။ ခဏမေ့ထားကြရအောင်။ အရာရာကို မေ့ထားပြီး ကိုယ့်စိတ်ချမ်းသာမှုကို ကိုယ်ရှာဖွေရတာလောက် ငြိမ်းချမ်းသာယာတဲ့ ဘဝလဲ မရှိတော့ပြီ။

"ယောကျ်ားတစ်ယောက်ကို မယုံကြည်ပဲနဲ့တော့... အဲဒီလူနဲ့ ဘယ်မိန်းမမှ ကားတစ်စီးတည်းမှာ နှစ်ယောက် အတူတူ သွားကြဖို့ဆိုတာကို ဆုံးဖြတ်မယ် မထင်ဘူး...

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့... အဲဒီ့လူ မောင်းသွားမဲ့ ကိုယ်မသိတဲ့ နေရာတစ်ခုကိုလဲ လိုက်ရမယ် မထင်ဘူး.. အဲဒီ့လိုပဲ ဘယ်မိန်းမကမှ သူတို့နဲ့ ဘယ်နည်းနဲ့မှ မပတ်သက်တဲ့ ယောကျ်ားတစ်ယောက်က သူ့လက်ဖဝါးကို အကြာကြီးကိုင်ထားတာကို ခွင့်ပြုမယ်မထင်ဘူး၊ အခုဆို ရှင် သိင့်လက်ကို ကိုင်ထားတာ ကြာပြီရှင့်..."

သူသည် ထိတ်ကနဲ ရင်ခုန်အောင် ဝမ်းသာသွားလျှက် ခန္ဓာကိုယ်တစ်ခုလုံးက လျှပ်စစ်စီးကြောင်း အဝင်ခံလိုက်ရသလို ပူနွေးရှိန်းမြသွားခဲ့၏။ ကားသည် ဂမုန်းပွင့်ရှေ့မှ မောင်းထွက်ပြီးကတည်းက တစ်နေရာအရောက်မှာ လမ်းဘေး ထိုးရပ်ထားခဲ့ပြီးနောက် သူတို့နှစ်ယောက် အချေအတင် ဆွေးနွေးခဲ့ချိန်မှစ၍ ကောင်မလေးရဲ့ လက်ဖဝါးတစ်ဘက်ကို သူ ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားတာ ဘယ်လောက်ကြာပြီလဲ။

"သိင်... ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်..."

ထိုအခါ သိင်္ဂီတော်သည် ရဲရဲဝံ့ဝံ့ပင် တစ်ချက်ပြုံး၍ ခေါင်းညိတ်ပြရဲခဲ့ပြီတည်း။ ဘယ်လောက် အံ့ဩစရာကောင်းတဲ့ ဆုံးဖြတ်ချက်လဲ၊ ဘယ်လောက် ဒဲမိပွါယ် မရှိတဲ့ အခြေအနေတစ်ရပ်ကို ဖန်တီးခြင်းလဲ။ သူနဲ့ကိုယ်ဟာ ဘယ်လိုမှ ပေါင်းစပ်လို့မရတဲ့ ဘဝတွေနဲ့ ရပ်တည်ကြသူတွေမှန်း သိရက် ကိုယ်ကပဲ မိုက်မဲလွန်းတယ်ပဲ ဆိုကြစို့ရဲ့။

"တကယ်နော်... သိင်။ မင်း.. တကယ်ဖြေတာပါနော်..







ကိုယ် အရမ်းပျော်တာပဲကွာ.. သိင့်ဆီက အချစ်ကို ကိုယ် ပိုင်ဆိုင်ရလိမ့်မယ်ဆိုတာ.. ကိုယ် အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး"

ကောင်မလေး၏ မျက်ဝန်းထဲတွင် မျက်ရည်များ စိမ့်အိုင်၍ ဘာကြောင့် ကြေကြေကွဲကွဲ သူ့ကို ငေးသလဲဆိုတာ သူ စဉ်းစားမရ။ ဘာဖြစ်လဲ ကိုယ်တို့ သတ္တိရှိကြမယ်လေ သိင်။ သိင် လဲ သတ္တိရှိပါကွာ။ ကိုယ်တို့ အခက်အခဲတွေကို ရင်ဆိုင်ကြဖို့။ မဖြစ်မနေ ရင်ဆိုင်ကြဖို့ သိင့်ကို ကိုယ်က ရင်ဆိုင်ဖို့ ခွန်အားတွေ ပေးပါ့မယ် သိင်ကလေး။

"သိင်ရယ်... ကိုယ်... သိင့်ကို ကတိတွေ ပေးတယ်သိလား... မင်းဘဝမှာ ကိုယ်ကြောင့် မသိမ်ငယ်စေရဘူး.. မနစ်နာစေရဘူး.. စိတ်အနှောင့်အယှက် မဖြစ်စေရဘူး.. ကိုယ့်ကြောင့် ဒုက္ခတွေနဲ့လဲ မင်း.. ရင်မဆိုင်စေရဘူး.. ပြီးတော့.. ကိုယ်ဟာ.. ကိုယ်လက်ရှိ ပိုင်ဆိုင်ထားတဲ့ ဘဝတစ်ခုထဲကို အတင်းဆွဲခေါ်မဲ့ လူစားမျိုးလဲ မဟုတ်ဘူး... ။ မင်းအတွက် အကောင်းဆုံးနဲ့ အလှပဆုံး ဖြစ်စေနိုင်မဲ့ ဘဝတစ်ခုကို ကိုယ်တိုင်ကိုယ်ကျ ဖန်တီးပေးနိုင်ပြီဆိုတဲ့ အခြေအနေမျိုး ကိုယ့်... လက်ထဲမှာ ပိုင်ဆိုင်လာမှ... ။ ဟုတ်တယ်... အဲ့ဒီတနေ့ကျမှ... ကိုယ်က မင်းကို... ကိုယ့်ဘဝထဲကို ဝင်လာဖို့... လက်ကမ်းမယ် သိလား။ မင်း... စောင့်နေနိုင်ပါ့မလား..

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့ချစ်ခြင်းကို ယုံကြည်စိတ်ချစွာနဲ့ သိင်... အရာရာကို ရင်ဆိုင်ရဲမယ်လို့ ကိုယ်... မျှော်လင့်တယ်... မင်းကို ကိုယ်ချစ်တာ ခဏလေး စိတ်သာယာမှု ရဖို့ချစ်တာ မဟုတ်ဘူး... တစ်သက်လုံး ကိုယ့်ရဲ့အဖော်ကလေး ဖြစ်စေရမယ့်အထိ... ကိုယ့်ဘက်က အဆင်သင့် ပြင်ဆင်မှုတွေ ပြောင်းလဲမှုတွေနဲ့ ဆုံးဖြတ်ပြီးမှ ချစ်ခဲ့တာ... အရင်က ကိုယ့်ဘဝကို ကိုယ်က တစ်သမတ်တည်း ထားခဲ့တာ သိင်... အခုတော့ မင်းကြောင့်ပဲ ကိုယ့်ရဲ့ ရပ်ဝန်းမှုတွေအားလုံး ပြောင်းလဲပစ်လိုက်ပြီ... ကိုယ်နဲ့သိင်အတွက်... ဘဝတစ်ခု တည်ဆောက်ရာမှာ မြင့်မြင့်မားမား ဖြစ်ဖို့ ဘာတွေလိုမလဲ... ကိုယ်သိပါတယ်... ကိုယ်... မဖြစ်မနေ ကြိုးစားတော့မယ် သိင်... ချစ်တဲ့သူအတွက် အကောင်းဆုံးနဲ့ အလှပဆုံး ဘဝတစ်ခု ဖန်တီးပေးနိုင်ဖို့ပေါ့... "

သိင်္ဂီတော်သည် သူ့ထံမှ အနာဂတ် ရည်မှန်းချက်တွေကို တက်ကြွစွာ ပြောလေလေ ရင်ထဲမှာ အစိတ်စိတ် အမွှာမွှာ ကြေပျက် ရလေလေဖြစ်သည်။ ရှင်မသိဘူးနော် သိင်က ဘာကို ခံ့မင် တပ်မက်သလဲဆိုတာ။ ဘွားအေ ပြောခဲ့ဖူးသော သူဌေးဘွဲ့၊ သူကြွယ်ဘွဲ့တွေက သိင့် ခေါင်းထဲ ဝင်လာသောအခါ ရှုံ့သွပ်ချင်လာသည်မှာ အမှန်ပင်။ အို ခက်ရချည့်ရဲ့။ ကိုယ် ဘာတွေများ လျှောက်လုပ်နေမိတာပါလိမ့် တွေး၍ မရချင်ပြီ။

"ကိုယ့်ကို ချစ်တယ်လို့ ပြောပါလား... သိင်"





ချစ်သူ၏ လက်နှစ်ဘက်ဖြင့် ပွေ့ဖက်ခံရသည့်အခါ သူမ, လက်ခံရရှိသည်မှာ ထိုလက်များဆီမှ နွေးထွေးမှု၊ ကြင်နာမှု၊ ယုယမှု၊ နှစ်သိမ့်မှု၊ လှိုက်လှဲမှု၊ တက်ကြွမှု၊ တွယ်တာမှုများ ဖြစ်၏။ ကိုယ်ဟာလည်း ချစ်သူ့ရဲ့လက်များဖြင့် ထွေးပွေ့မှု၌ သာယာတိမ်းမူးကာ သူ့ရင်ဘတ်မှာ မျက်နှာအပ်လို့ လက်ရှိဘဝကို မေ့လိုက်သည်မှာ အလွယ်ကလေး။

တဖန် နှလုံးသားထဲက ကျေကျေနပ်နပ်ပဲ ထုတ်ဖော်ပြောခဲ့သော စကားတစ်ခွန်းဟာ မုသားမပါ၊ လှည့်ဖျားခြင်းမပါ၊ လိမ်လည်ခြင်းမပါ၊ အနိုင်ယူခြင်းနဲ့ မာနများ အတ္တများမပါ။ တကယ့်ကို ပကတိ အဖြူထည်သက်သက်နှင့်တည်း။

"ချစ်တယ်ဆိုတဲ့ စကားကို လျှာဖျားကလေးကနေ ခဏလေးပြောလိုက်ရတာထက်... အဲဒီအသံကို ရှင်ကြားခွင့်ရလိုက်တာထက်... သိင့်မျက်လုံးတွေကို ကြည့်ပြီး သိင့်နှလုံးသားထဲက အသံကို ရှင်ခံစားရတာက ပိုပီပြင်ပါတယ်... ပိုပြီးတော့လဲ လေးနက်ပါတယ်... သိင်အဲဒီ့ထက်ပိုမပြောတတ်တော့ဘူး"

ဘယ်လောက် စကားပြောကြွယ်ဝတဲ့ မိန်းကလေးလဲ။ ဘယ်လောက် ချစ်ခြင်းမေတ္တာကို အလေးအနက် ထားတတ်တဲ့ ချစ်သူကလေးလဲ။

ကိုယ့်ဘဝမှာ မင်းမြင်တဲ့အတိုင်း တန်ဘိုးကြီးမားတဲ့အရာဆိုလို့ ဘာတစ်ခုမှ မပိုင်ဆိုင်ပါဘူး။ ကိုယ်ကိုတိုင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာကိုမှ မက်မက်မောမော မတောင့်တမိခဲ့ဖူးဘူး။

မင်းပဲ ကိုယ်ပိုင်ဆိုင်ချင်ခဲ့တယ်။ မင်းရဲ့အချစ်ကိုပဲ ကိုယ့်ဘဝမှာ ပထမဦးဆုံးသော တောင့်တမိတဲ့ အရာတစ်ခုအဖြစ် သတ်မှတ် ခဲ့တယ်။

မင်းကြောင့်ပဲ ကိုယ့်ဘဝရဲ့ ရပ်တည်မှုတွေ ပြောင်းလဲသွား ခဲ့ပြီ။ ကိုယ့်ဘဝမှာ ရည်မှန်းချက်တွေ၊ အနာဂတ်တွေ၊ မျှော်လင့်ချက်တွေနဲ့ စတင်ရှင်သန်လာခဲ့ပြီ။

ကဲ ဘယ်လောက် အံ့သြစရာ ကောင်းလိုက်တဲ့ အဖြစ်လဲ၊ ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်ကြောင့် ပြောင်းလဲသွားခဲ့လိမ့်မယ်ဆိုတဲ့ အဖြစ်မျိုးကို ကိုယ်ကိုတိုင်လည်း ဘယ်တုံးကမှ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူးတဲ့ အဖြစ်တစ်ခုပဲ။

ကိုယ် မင်းကို ချစ်မိတဲ့ အပြစ်တစ်ခုအတွက် ကိုယ့်အဖြစ်ကို ကိုယ်ကျေနပ်တယ်။ မင်းကြောင့် ပြောင်းလဲရခြင်းတွေအတွက်လဲ ကျေနပ်တယ်။

ကိုယ့်ဘဝမှာ ပိုပြီး ကျေနပ်စရာ အကောင်းဆုံးကတော့ ကိုယ် အတောင့်တခဲ့မိဆုံး အရာတစ်ခုဖြစ်တဲ့ မင်းဆီက ချစ်ခြင်းများစွာကို ကိုယ်ပိုင်ဆိုင်ခံစားခွင့် ရခြင်းပဲဖြစ်တယ်။

ကဲ ကောင်းပြီ။ ချစ်သူကို ချစ်မြတ်နိုးသော ယောကျ်ားတစ်ယောက်ဟာ သူ၏ချစ်သူအား ဘယ်နည်းနဲ့မဆို လက်တွဲခွင့် ရချင်တာတော့အမှန်။

စေတနာစာပေ



မိမိချစ်သူအား တစ်သက်လုံးပိုင်ဆိုင်ခွင့်ရသော ယောကျ်ား တစ်ယောက်၏ ဘဝလောက်များ ကံကောင်း၍ ပြီးပြည့်စုံတာ ရှိဦးမလား။

ထိုနေ့က သူတို့ နှစ်ဦးစလုံး မျှော်လင့်မထားပါပဲ ချစ်သူများအဖြစ် နွေးထွေးစွာ ပွင့်လင်းသွားကြလျက် ကမ္ဘာသစ်တစ်ခုဆီသို့ ဖြင်သာသိမ်မွေ့သော ခြေလှမ်းများဖြင့် အတူတူ လှမ်းခဲ့သည်ပဲ ဆိုကြပါစို့။

ဤအဖြစ်အပျက်ဟာ ရာဇအတွက်တော့ မျှော်လင့်ခြင်းမဲ့သော အိပ်မက်တွေကို ပိုင်ဆိုင်ရသောနေ့ဟု တင်စားသတဲ့။ ချစ်သူကောင်မလေး၏ လက်ကိုမလွှတ်တမ်း တွဲလျက် ရာဇ၏ ဘဝသည် အခုမှ တကယ်ပင် စတင်ခဲ့တော့တာ ဖြစ်သည်။ တဖန် အဓိပ္ပါယ်ရှိလာတော့တာ ဖြစ်သည်။

အုပ် (၃၀) မြောက် ပုံနှိပ်မှု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com

# ၇

ချစ်သူဘဝ ရောက်သောအခါ သူတို့နှစ်ယောက်စလုံး၏ ရယ်စရာကောင်းသော တိုက်ဆိုင်သည့် စိတ်ဓါတ်တစ်ခုမှာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မာနထားတတ်ကြခြင်းပင် ဖြစ်၏။ ထိုစိတ်ဓါတ်သည် နှစ်ယောက်စလုံး၌ ပိုင်ဆိုင်ထားသည်ဖြစ်ရာ သူနဲ့သူမကြားတွင် ရန်ဖြစ်စိတ်ကောက်ရသော အကြောင်းအရာမှာ များသောအားဖြင့် မာနထားကြခြင်းကြောင့် ဆင့်ကဲ ဖြစ်ပွားရသည့် အကြောင်းအရာများသာ။

"သိင်… မေမေနဲ့ကုမ္ပဏီ အသွားအပြန် လုပ်တာတွေကို အရင်ကလို လာစောင့်ကြည့်မနေနဲ့တော့… သိင့်ကို… လေးဖြူသီချင်းတွေ ဆိုပြပြီးလဲ မဖြားယောင်းနဲ့တော့… အဲဒါက ရည်းစားမဖြစ်ခင် ပိုးတဲ့ ပန်းတဲ့အလုပ်တွေ ကိုရဲ့ အခု အဲဒါတွေ မလိုတော့ဘူးလေ… သိင်နဲ့ကိုက ချစ်သူတွေ ဖြစ်သွားကြပြီ… သိင်ကလဲ ကို့ကို ချစ်ဟယ်… ကို





ကလဲ သိင့်ကိုချစ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်သွားကြပြီပဲဟာ… ဒီတော့ကိုက သိင့်ကိုလာ,လာကြည့်မနေနဲ့… မေမေနဲ့ကိုတို့ မတော်တဆ ပဋိပက္ခတွေ ဖြစ်မှာ သိင်စိုးရိမ်ပြီရှင်… "

ဟူသော သိဂီတော်၏ ပညတ်ချက်များ စတင်သည့်နေ့ကတော့ ရာဇသည် တလွဲတွေ လျှောက်တွေးလျက် စိတ်ဓါတ်ကျ ငေးမှိုင်သွားခဲ့ပါသည်။ ထိုအခါ သိဂီတော်က ချစ်သူ၏ စိတ်ဓါတ်ကျခြင်းများကို ရိပ်မိလျက် ချော့မော့ဖျောင်းဖျ ပြောဆိုခဲ့ရပါသေးသည်။

"တစ်လွဲတွေးမနေနဲ့ကိုရယ်… သိင်က ကိုနဲ့သိင်တို့ ဘာမဟုတ်တဲ့ အကြောင်းအရာကလေးနဲ့ ချက်ချင်း ဝေးကြရမှာကို မလိုလားလို့ပါ… ကိုပဲ ပြောတယ်လေ… ကို့ ရည်မှန်းချက်တွေ ပြည့်တဲ့နေ့မှာ သိင်တို့ လက်တွဲနိုင်ဖို့ကို ကြိုးစားမှာဆို… အခုဟာက သိင်တို့ဘက်က ဘာမှ ကြိုတင်မပြင်ဆင်ရသေးပဲ မေမေတို့ အရင်ဦးအောင် သိသွားရင် သိင်ပဲ စိတ်ညစ်ရမှာ… ကိုရဲ့ ဘာဖြစ်လဲကွယ်… ကိုနဲ့ သိင်တို့ ညတိုင်း ဖုန်းပြောကြတာပေါ့… ပြီးတော့ ချိန်းပြီး လူကြီးတွေ မသိအောင် လျှောက်လည်ကြတာပေါ့"

ကိုသည် အဲဒီ့အခါကျတော့ အလွယ်တကူ ခေါင်းညိတ်လက်ခံခဲ့သားပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ ဖုန်းမှမရှိတာ... သိင်ပေးဆက်တဲ့ အချိန်ကလဲ ညကြီးမှ ပြည်စိုးမှာလဲ ဖုန်းမရှိဘူး... အဲဒီတော့ ကိုယ်က သိင့်ကို ဖုန်းထဲကနေ တစ်နေ့တစ်ခါ စကားပြောခွင့် ရချင်တဲ့အတွက် လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင် ဖွင့်ထားတဲ့ သူငယ်ချင်းကိုပဲ အကူအညီ တောင်းရတော့မယ်... သူ့ဆိုင်မှာက ဖုန်းရှိတယ်လေ... ရမှာပါ... ယောကျ်ားလေး အချင်းချင်းက ဒါမျိုးဆို အင်မတန် ကူညီချင်ကြတာ"

အဲဒီကိစ္စမှာတော့ ကိုက ပြေပြေလည်လည်ပဲ ဖြစ်အောင် စီမံပေးနိုင်ခဲ့လေသည်။ ကုမ္ပဏီမှ သုံး၊ လေးရက် တစ်ခါ အနားယူတတ်သော မေမေ နားသည့်နေ့တွေမှာ သိင်္ဂီတော်ပါ နားရသည်မို့ ထိုနေ့တွေမှာ သိင်္ဂီတော်သည် အခါများစွာက အတိုင်းပင် ဈေးဝယ်ထွက်ရန် အကြောင်းပြရတာ မခဲယဉ်းခဲ့ပါ။ ခဲယဉ်းတာကတော့ ကိုနဲ့အတူတူသွားရန်အတွက် သူမ၏ ကားကို သုံးရန် ကိုက ဂဂျီဂဂျောင် ကျတတ်တာပင်။

"သိင်ကလဲကွာ... ကားယူလာပြန်ပြီ"

ဟု ကိုနဲ့သူမ ချိန်းထားသည့်နေရာရောက်လျှင် ကိုသည် ဆီး၍ အပြစ်တင်ကာ စိတ်ပျက်သောလေသံများဖြင့် အမြဲ ကြုံဖန် ဂဂျီဂဂျောင် ကျစမြဲ။

"သိင်... ကားမယူလာရင်ဘာနဲ့သွားမလဲ ကိုရဲ့... အိမ်က ဘာဘာသိန်းကို လိုက်ပို့ခိုင်းရင် ပိုဆိုးမယ်... သူက သိင့်ကို





သွားလေရာ လိုက်စောင့်ခေါ် လိမ့်မှာ... အဲဒါဆို ကိုနဲ့သိင် ဘယ်လိုလုပ် တွေ့ကြရတော့မလဲ... "

"အဲဒါဆိုလဲ... သိင့်ကားကို တစ်နေရာရာမှာ ခဏအပ်ထားခဲ့ကွာ ကိုယ်တို့ ဒီအတိုင်းပဲ လျှောက်လည်ချင်တယ်.. စိတ်ချ... သိင်မပင်ပန်းစေရဘူး... တက္ကစီနဲ့ အသွားအပြန် လုပ်ကြတာပေါ့... နောက်ပြီး ကိုယ်နဲ့လျှောက်လည်တဲ့ အခါ သိင့်ဘက်က ဘာပိုက်ဆံမှ မထုတ်ရဘူးနော်၊ ကိုယ်က ယောကျ်ားလေး ကိုယ်ပဲ အကုန်အကျခံမယ်၊ ဒါပေမဲ့ ကိုယ်က တတ်နိုင်သလောက်နဲ့ အကုန်အကျ ခံမှာမို့ သိင် စိတ် အနှောင့်အယှက် ဖြစ်မလား... ကိုယ်က သိင်တို့ လောက် မချမ်းသာတော့ ကိုယ် ကြိုးစား ရှာဖွေထားတဲ့ လုပ်အားခနဲ့ ထိုက်တန်တဲ့ အနေအထားမျိုးနဲ့ပဲ... "

"ကျွတ်... ကိုကလဲကွာ... အဲဒါမျိုးတွေ သိင် သဘောမကျတာ... သိင်နဲ့ကိုကြားမှာ ငွေရေးကြေးရေးဆိုတဲ့ ကိစ္စကို အထူးတလည် ဖြေရှင်းစရာ လိုမယ်မထင်ဘူး... ကဲပါ... ကိုသဘောပါ... သိင်က ကိုခေါ်တဲ့နေရာကို ယုံကြည်စိတ်ချစွာနဲ့ ကိုလက်မောင်းကို ခိုပြီး လိုက်နေရရင် ကျေနပ်ပြီ"

"တစ်သက်လုံးလား... သိင်"

ဟု ကိုသည် ကြည်နူးပီတိဖြစ်ခြင်း အတိပြီးသော



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှဲသံဖြင့် မေးလျှင်တော့ သိဂီတော်သည် လိပ်ပြာမလုံမလို ခံစားရသည် ရှိသော်လည်း ခေါင်းညိတ်ပြရုံဖြင့် ကို့ကို နှစ်သိမ့်ခဲ့ပေါင်းလဲ များခဲ့ပြီ။ အမှန်တကယ်တော့ သိဂီတော်သည် ကို့ကို ချစ်လွန်းသည် မှန်သော်လည်း သူမ၏ အတ္တတံတိုင်းတွေကိုတော့ ယခုထိ ချိုးဖေါက်ချင်သေးသူ မဟုတ်။ သိပ်ချစ်ခဲ့တာ တော့ အမှန်ပဲ ကိုရယ်။ ခက်တာက သူမရဲ့အယူ သည်းနေတတ်တဲ့ ငယ်ငယ်ထဲက အရိုးစွဲလောက်အောင် မှတ်သားမာန ထားခဲ့ပြီးဖြစ်တဲ့ စိတ်ဓါတ်တွေပဲ။ အဲဒါ ပြင်လို့မရ။ ကို့ကို ချစ်လွန်းလို့သာ နောက် ဘာတွေ ဖြစ်ချင်ရာဖြစ်ဆိုပြီး ချစ်လိုက်မိသော်ငြား နောင်ကာလ မကြာမီကိုတော့ ကြို မတွေးချင်သေးပေ။

အခုလောလောဆယ် သူမ, ပိုင်ဆိုင်ချင်သည်မှာ ချစ်သူက ပေးသော သာယာမှုတစ်ခုတည်းပါ။ ချစ်သူ၏ ကဗျာဆန်ဆန် ဖန်တီးသော စိတ်ကူးယဉ်အလုပ်ကလေးများနှင့် ကိုကြီးထံမှာ မရရှိဖူးသော သွေးဆူပေါက်ကွဲကာ ချစ်သူကောင်မလေးအား ဆတ်ဆတ်ထိမခံ သဝန်တိုသော အမူအယာများ၊ အဲဒီအရာတွေမှာ သိဂီတော်သည် တော်တော်ပင် တပ်မက်တွယ်တာခွင့် ရချင်သေး၏။

ကိုသည် သူမနဲ့လျှောက်လည်သော အခါများစွာတွေမှာ သူမ၏ကားကို စိတ်ချရသော သူမိတ်ဆွေတစ်ယောက်အိမ်၌ သေသေချာချာ အပ်နှံပေးခဲ့လေ့ရှိသည်။ ကို့ကို လေ့လာရသမျှ ထိုသို့ သူမ၏ ကားကို ထားရစ်ခဲ့ပြီးနောက် သူလက်မောင်း

စေတနာစာပေ



ကို ချိတ်၍ သူမန်ဘေးက ပါလာသည့်အခါမျိုးတွေမှာ ကို၏ မျက်နှာသည် ကြည်လင် ရွှမ်းစိုလျက် စိတ်လက် ပေါ့ပါးရသော ဟန်ပန်မျိုးအတိနဲ့ပင်။

ကို၏ ကဗျာဆန်ဆန် စိတ်ကူးယဉ်တတ်မှုကလေးများအားလည်း ပြောပြရဦးမည်။ ကိုသည် သူမနဲ့တွေ့ဆုံတိုင်း အရင်ဆုံး ဘာစကားတစ်ခွန်းမှတောင် မပြောသေးပဲ ဆူးတွေခွေပြီးသား နှင်းဆီပန်းရောင်ဖျော့ တော့တော့ လှလှကလေးအား အရင်ပေးတတ်တာ ဖြစ်၏။ အစက သူမနားမလည်။

“ဘာလဲ... ကို... ”

ဟု မယူသေးပဲ စပ်စုမိသေး၏။

“နောက်မမေးနဲ့တော့.. သိင်။ အဲဒါ.. ကိုယ့်အတွက် သိင့်ကိုပေးမဲ့ မရိုးနိုင်သော လက်ဆောင်တစ်ခုပဲ.. ကိုယ်နဲ့သိင်တွေ့ကြတဲ့နေ့တိုင်း ပေးမယ်.. ဒီအရွယ် ဒီပုံစံ ဒီအရောင်အတိုင်း သိင့်ကို ကိုယ်အမြဲပေးမဲ့ နှင်းဆီကလေးက ဘာအဓိပ္ပါယ်တွေ ပါသလဲ သိင်သိသလား.. ”

“မသိပေါင်... ”

ထိုအခါ ကိုသည် သူမ၏ ခပ်ရွှတ်ရွှတ် အဖြေအတွက် ခွင့်လွှတ်စွာ ရယ်လျက် သူမ၏ နှာတံထိပ်ဖျား ချွန်ချွန်ကလေးအား တစ်ချက် ဆွဲညှစ်တတ်ပါသည်။ အဲဒါကတော့ သူမ

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မေ့မရနိုင်တဲ့ ကို့ရဲ့အကျင့်ကလေးပဲ ဖြစ်သည်ကွယ်။

"မှတ်ထား... အချစ်လေးရဲ့... မင်းနဲ့ကိုယ် နှင်းဆီခြံမှာ ရန်ဖြစ်ကြတဲ့နေ့က... မင်းမှာတဲ့ နှင်းဆီ အရေအတွက်လဲ ပြည့်ရော... မင်းအဆစ်တောင်းတယ်လေ... ကိုယ့်ကို ရွေးပေးပါဆိုလို့ ကိုယ် စိတ်ကြိုက်ရွေးပြီး အဆစ်ခူးပေးလိုက်တဲ့ နှင်းဆီပွင့်ကလေးဟာ... အဲဒီ အခုသိင်ကိုင်ထားတဲ့ အပွင့်နဲ့ တစ်ထေရာတည်းပဲ... သိင်က အဲဒီနေ့တုန်းက ကိုယ် မမြင်ဘူးထင်ပြီး ကိုယ်ရွေးပြီး အဆစ်ပေးလိုက်တဲ့ နှင်းဆီ ကလေးကို ကားခေါင်းခန်းထဲမှာ ခိုးနမ်းပြီး ဆွယ်တာရင်ဘတ်မှာ ထိုးလိုက်တဲ့ မြင်ကွင်းကို ခုထိ ကိုယ် မမေ့သေးဘူး... အဲဒီနေ့ကတည်းက ကိုယ် သိခဲ့ပြီးပြီ သိင် ကိုယ့်ကို အဖြေမပေးပဲနဲ့တောင် သိင့်ဆီမှာရှိတဲ့ အချစ်တွေဟာ ကိုယ့်အတွက်ဆိုတာပဲပေါ့... ကိုယ်က ဘယ်လို ယူဆသလဲဆိုရင်... ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းသက်သေဟာ အဲဒီနှင်းဆီကလေးပါလို့ ယူဆပြီး... သိင့်ကို အမြဲပေးတာခင်ဗျာ... အဲဒီတော့ သိင်က ပန်ချင်ရင်ပန်၊ အခုခေတ် ကောင်မလေးတွေက ပန်း မပန်တတ်ဘူးတော့ သိင်က မပန်ချင်ဘူးဆိုလဲ အင်း... ဘာလုပ်မလဲ"

"အို... အလွယ်လေး ကိုရဲ့... ရင်ထိုးနဲ့တွဲပြီး ရင်ဘတ်မှာ ထိုးမှာပေါ့... ဖက်ရှင်အသစ်လေ..."

စေတနာဒါနပေ



"ဘယ်လိုပါလိမ့်..."

ကိုသည် ယောက်ျားကလေးမို့ မိန်းမတို့၏ တီထွင်ဖန်တီးတတ်သော အလှပြင်ခြင်းတရားကို နားမလည်။ ဦးနှောက်ခြောက်စွာ တွေးတောနေတတ်ခဲ့သည်။

"ရင်ထိုး လှလှကလေးမှာပါတဲ့ ချိတ်ကို နှင်းဆီရဲ့ရိုးတံ အလယ်တည့်တည့်မှာ ဖေါက်တော့ ရိုးတံကလေးက ချိတ် ထဲဝင်သွားရော ရင်ထိုးနဲ့နှင်းဆီပွင့်က တွဲရက်ဖြစ်သွားရော... အဲဒီအခါကျမှ သိင်က အကျီမှာ ရင်ထိုးနဲ့တွဲထိုးတော့... နှင်းဆီပွင့်ရော ရင်ထိုးရော ထိုးပြီးသား ဖြစ်တာပေါ့..."

"အင်း... ရင်ထိုး ဝယ်ပေးမှပါ"

ဟု ပူပူပင်ပင် တွေးခေါ်မျှော်မြင်လျက် ရင်ထိုးတွေ လိုက်ရှာတတ်ပါသည်။ သိဂီတော်ကတော့ ကို့မှာ အနည်းအကျဉ်း ပိုင်ဆိုင်သော ငွေကြေးပမာဏကို နှမြော၍ ဈေး သက်သက်သာသာနဲ့ လှလဲလှသည့် နာမည်အစ စာလုံး အင်္ဂလိပ်အက္ခရာ ရင်ထိုးကလေးကိုပဲ ရွေးချယ်ကာ ကို့စိတ်တိုင်းကျ ဝယ်ပေးခဲ့ပါသည်။

"ဒီမှာ... Y ဆိုတဲ့ အင်္ဂလိပ်စာလုံးကလေးပဲ သိင်ယူမယ်... ကိုယ်... လှတယ်... စိန်လုံးကလေးတွေတောင် စီထား

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သေး... ပြီးတော့ ကို့နာမည် အစစာလုံးမို့ အမှတ်တရ ပေါ့.. ”

ထို့နောက် ထိုရင်ထိုးကလေးနှင့်တွဲကာ နှင်းဆီပွင့်ကလေးကို ရင်ဘတ်မှာ ထိုးပြလျှင် ကိုသည် ဝမ်းသာတုန်လှုပ်စွာပင်...

“စိတ်ကူးတတ်လိုက်တာ သိင်ရယ်... သိင် အဲဒီ့လို ဘာမဟုတ်တာလေး... ဖန်တီးပြလိုက်တာဟာ ကိုယ့်ရင်ထဲတော်တော့ကို ထိသွားတာဗျ.. ကိုယ် ဘယ်လို ခံစားရသလဲသိလား.. ကိုယ့်နာမည်ကလေးရော ကိုယ့်အချစ်သက်သေ နှင်းဆီကလေးရော... သိင့်ရဲ့ နှလုံးသားရှိရာဘယ်ဘက်မှာ တပ်ထားလိုက်တာဟာ... ကိုယ့်ကို သိင့်နှလုံးသားထဲကို အမြဲထည့်ထားမယ့် အဓိပ္ပါယ်ပဲလို့ ကိုယ်က ယူဆပြီး အရမ်း ပီတိဖြစ်ရတယ်... သိင်ဟာ ကိုယ့်ကို သိင့် ဘာလုပ်လုပ် ကိုယ်က ပို စွဲစွဲနစ်နစ် ထိရှအောင်ပြုစားနိုင်စွမ်းရှိတယ်.. ကိုယ့်ကို တော်တော်လဲ လွှမ်းမိုးတယ် သိင်ဟာ ကိုယ့်ကို ပြုစားတတ်တဲ့ စုန်းမကလေးပဲ”

ဟူ၍ ရီဝေကာ အရည်လဲ့လဲ့ ညို့မြှုသော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး ထူးထူး ခြားခြား တင်စားတတ်ပါသည်။

ထိုနေ့ပြီးသောအခါ ကိုသည် နောက်တစ်ခါ တွေ့ကြလျှင် SONY ကက်ဆက်ခွေအလွတ်ဖြင့် ကူးထည့်ထားသော

စေတနာစာပေ



သီချင်းသုံးပုဒ်ကို ထပ်မံ၍ လက်ဆောင်ပေးပါသည်။ ရယ်လဲရယ်ရပါသည်။ လေးဖြူ၏ ‘မျှော်လင့်ခြင်းလေး’ ‘အသည်းကွဲသီချင်းသစ်’ နှင့် ‘စုန်းမ’ ဟူသော သီချင်းသုံးပုဒ်ထဲသာ ပါဝင်တာ ထားတော့။ ကိုသည် လေးဖြူ၏ အောင်မြင်ထယ်ဝါ၍ အသံအင်အားကောင်းကောင်းဖြင့် ဆိုထားသမျှ သီချင်းတွေကို လေးဖြူသီချင်းတစ်ပုဒ်၊ နောက်တစ်ခါ သူက တစ်ပုဒ်ဖြင့် တစ်လှည့်စီကူးထည့်ပေးထားတာ ဖြစ်၏။ ဥပမာ ဆိုကြစို့ရဲ့ ‘မျှော်လင့်ခြင်းလေး’ အား လေးဖြူဆိုထားသည့်အတိုင်း သွင်းပြီး နောက်တစ်ပုဒ် ‘မျှော်လင့်ခြင်းလေး’ ကတော့ ကို့ရဲ့ ဂစ်တာသံဖြင့် ဆိုသောသီချင်းပေါ့။

အဲဒီ့ ပုံစံအတိုင်း တစ်ဘက်စီသွင်းရာ အခွေကလေးမှာ ဟိုဘက်ခြောက်ပုဒ်၊ ဒီဘက်ခြောက်ပုဒ်သာ သီချင်းပါဝင်ပြီး သီချင်းပုဒ်ရေက သုံးမျိုးတည်းသာ။ သို့သော် လေးဖြူတစ်ပုဒ်၊ ကိုက, လေးဖြူအတိုင်း လိုက်ဆိုသည့် တစ်ပုဒ် ဖြစ်သည်ကွယ့်။

“ဘယ့်နှယ့်... သိင့်ကို စုန်းမလို့ ကိုက စွပ်စွဲရပြန်တာလဲ ပြီးတော့ ကိုရယ်... ရီစရာကြီးရှင့်.. လေးဖြူဆိုလဲ လေးဖြူသတ်သတ် ကိုလဲကိုသတ်သတ် သွင်းရောပေါ့.. ဟိုနဲ့သွားယှဉ်ရင် ကို့အသံက... ဘယ်လောက်မှ မမှီတော့ဘူး... စိတ်မဆိုးနဲ့... အမှန်အတိုင်း ဝေဖန်တာ... ”

www.burmeseclassic.com



"အေးပါ… ကိုယ်ကလဲ အဲဒါ သိပါတယ်… ဒါပေမဲ့ ကိုယ် ပြောချင်တာတွေက အဲဒါတွေပါပဲ သိင်… ဆိုတာ သိင်ပို သိအောင် ကိုက… လေးဖြူဆိုပြီးတိုင်း နောက်တစ်ပုဒ် လိုက်ဆိုပြီး ပြောတဲ့… သဘောပါ.. အဲဒါ သီချင်းအနေနဲ့ ဆိုပြတာ မဟုတ်ဘူးခင်ဗျ… ကျွန်တော့ရင်ထဲမှာ ရှိတဲ့ ခံစားချက် အစစ်အမှန်ကို တင်ပြတာ… နားလည်လား အမျိုးသမီးကလေးရဲ့… ဟင်း… လူကို ကဲ့ရဲ့ဖို့ပဲတတ်… ကိုယ့်ချစ်သူရယ်လို့ ဖေးဖေးမမ မပြောဘူး… အေးပါ.. ညည်းကြည့်နေ… ကိုယ်က မင်းဖျားသွားအောင်ကို… တကယ့် အဆိုတော်ကြီးဖြစ်အောင် လုပ်ပြလိုက်ဦးမှာ…"

"ရင်ထဲက ခံစားချက်တွေ ပေါက်ကွဲလွင့်စဉ်လာမဲ့ အပြင်းစားပေါက်ကွဲမှု သံစဉ်တွေပေါ့ ဟုတ်လား… ကို။ Heavy Metal ပေါ့… Heavy ညီမျှခြင်း လေးလံသော Metal ညီမျှခြင်း သတ္တုလို့ မြန်မာ အဓိပ္ပါယ် ဖွင့်ရင်ရတာမို့ သိင့်ကတော့ Heavy Metal ကို လေးလံသောသတ္တုဂီတလို့ ဘာသာပြန်ထားတာ… အမယ်လေး… သိင့်ရဲ့ချစ်သူကိုက အဲဒီ့ လေးလံသော သတ္တုဂီတကြီးကို သယ်ပိုးတော့မယ်တဲ့လား… "

သူမသည် ထိုသို့ ရွတ်နောက်နောက်ဖြင့် နောက်ပြောင်သည့်အခါမျိုးတွေမှာ သူသည် မချင့်မရဲ ဖြစ်ရလျက် ကောင်မလေး၏ ပါးတစ်ဘက်ကို တမင်ပင် လိမ်ဆွဲပစ်မိပါသည်။





ရွှင်မြူးတက်ကြွသောဟန်ပန်နှင့် ကြည်လဲ့သော မျက်လုံးကလေးများက သူ့ကို ရူးမတတ်ဖြစ်အောင် ဖမ်းစား ညှို့ငင်နေဆဲဆိုတာ ငြင်းမရ။

"ကိုယ်တွေ့ပူ ဖျားနာလာတယ် မောကာနေပြီ ချစ်သူရေ… မင်းအချစ်က ပင့်ကူမျှင်လို ငါ့ကိုရစ်ထား… စုန်းမ…အချိန်တွေသာ ပြောင်းလာတယ် ရှုန်းမထွက်နိုင်တော့… ငါ့ သိမ်းပိုက် မင်းနှုတ်ခမ်းများ လွင့်လာမှာ ကြောက်တယ် ကွယ့် အချစ်ရေ… "

ဟူ၍ တိုးတိုး ဝန်ခံလျက် သီချင်းညီးပြတတ်လျှင်တော့ သူ့ရဲ့ကောင်မလေးက အဖြေရှာရခက်သော မျက်လုံးတွေဖြင့် ခပ်တွေတွေငေးလျက် သူ့ပုခုံးမှာ ခေါင်းမှောက်ချ မျက်နှာအပ်ထား တတ်လေသည်။ ချစ်သူကလေး ဘာကို တွေဝေ၊ ကြေကွဲ၊ မှိုသိပ်ရသလဲ။ ကိုယ်မသိပဲ နေမလား သိတာပေါ့။ နောက်မကြာခင်မှာ ပြန်ရောက်လာတော့မဲ့ သူမနဲ့ အတိအလင်း စေ့စပ်ပြီးသူ လူတစ်ယောက်နဲ့ လက်ထပ်ရတော့မဲ့ ကိစ္စအတွက် ရင်လေးနေတာပဲလား။ ကိုယ့် အယူအဆပြောရရင် ဘာရင်လေးစရာရှိလဲ သိင်ကလေးရဲ့။ ကိုယ် မှာထားပြီးပြီ။ ကိုယ့်ကို အချိန်တစ်ခုထိတော့ သိင့်ဘက်က သတ္တိရှိရှိနဲ့ စောင့်ပါလို့။ စေ့စပ်တယ်ဆိုတာ လက်ထပ်တာမှ မဟုတ်တာ ဘာဖြစ်လဲ သဘောချင်း မတိုက်ဆိုင်လို့ စေ့စပ်တာကို ဖျက်ကြတဲ့ စုံတွဲတွေမှ မနည်း။ သိင့် ပုဂ္ဂိုလ်ကို သိင့်မှာ ချစ်သူရှိတယ်လို့ ပြောပြီး ငြင်းလိုက်ရုံ



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်တာကို ဖျက်လိုက်ရုံ အို တကယ့် အလွယ်ကလေးပဲ သိင်ရဲ့။

သို့သော် သူသည် သူထက် အရင်ဦးစွာ သိင့်ကို ပိုင်ဆိုင်ခွင့် အရင်ရထားခဲ့ပြီးသော လူတစ်ယောက်ကိုတော့ ဘယ်နည်းနဲ့မှ အမြင် မကြည်လင်ချင်။ မကြာခဏ သဝန်တိုစွာ ရန်လုပ်တတ်ပါသည်။

"သိင်နဲ့စေ့စပ်ထားတဲ့ အောင်စစ်မင်းက သိင့်ကို ချစ်တယ်လို့ ပြောခဲ့ဖူးမှာပေါ့နော်... အဲဒီတော့ သိင်က သူ့ကို ဘာအဖြေပြန်ပေးခဲ့သလဲ"

"အဲဒီတုန်းက... သိင်အချစ်ဆိုတာ ဘာမှ နားမလည်ဘူး ကိုရဲ့... သိင့်ကို ဆယ့်ခြောက်နှစ်အရွယ်မှာ သူက ချစ်တယ်လို့ ဖွင့်ပြောတာ... သိင့်ဘဝမှာ အနီးကပ်ဆုံး ရှိခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်၊ အစ်ကိုလို ငယ်ငယ်ထဲက တွယ်တာအားကိုးခဲ့တဲ့ ယောကျ်ားတစ်ယောက်၊ သိင့်လိုအပ်ချက် မှန်သမျှ အလိုက်တသိ ဖြည့်ဆည်းတတ်တဲ့ ယောကျ်ားတစ်ယောက်လဲ ဖြစ်တာမို့ သိင်က သူ့အပေါ်မှာရှိတဲ့ သံယောဇဉ်ကို အချစ်လို့ပဲ လွယ်လွယ်တွေးပြီး သူ့ကို ပြန်ချစ်မိပါတယ်... ကို။ ပြန်ချစ်တယ်ဆိုတာထက် သူလိုချင်တဲ့ အဖြေကို ပေးခဲ့တယ်လို့ ကို အမြင်ရှင်းအောင် ဝန်ခံချင်တယ်"

"ဒါပေမဲ့ သိင့်ပါးစပ်ကချစ်တယ်လို့ပြောတာကို ဒီကောင်





က အရင် ခံစားနားထောင်ခွင့်ရတဲ့သူ မဟုတ်လား"

"ကိုကလဲလေ... အဲဒါပဲ လိုက်သဝန်တိုနေ... ဒါဆိုလဲ ဘာဖြစ်လို့ အစက သိင့်ကို ချစ်ခဲ့သေးလဲ... တခြား လူတစ်ယောက်ကို ချစ်တယ်လို့ ပြောခဲ့ဖူးပြီးသား မိန်းမ တစ်ယောက်ကို မသတိရင်လဲ ချစ်မနေနဲ့... "

"ကိုယ့်အချစ်ကို အထင်မသေးနဲ့ သိင်... ကိုယ်က သိင့်အတွက် ဒုတိယလူ မဖြစ်ချင်လို့ကွ... "

"ကို... ပိုင်ဆိုင်ထားတဲ့ သိင့်ဆီက ချစ်ခြင်းမေတ္တာဟာ အတုအယောင်မပါတဲ့ ချစ်ခြင်းမေတ္တာ အစစ်အမှန်ပါ... ကို၊ ကို့ တစ်ယောက်တည်းကိုပဲ သိင် စွဲစွဲလမ်းလမ်း ချစ်ခဲ့တာပါ၊ သိင်ပေးခဲ့တဲ့ ကိုကြီးဆိုတဲ့ လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ အဖြေစကားဟာ တကယ့်တကယ်တော့ ရင်ထဲကပါလို့ ပေးခဲ့တဲ့ အဖြေမဟုတ်ဘူးဆိုတာ အဲဒီကတည်းက သိင့်ဘာသာပဲ သိပါတယ်"

ကို၏ သဝန်တိုခြင်းများကို သူမသည် ကျေနပ်ပီတိဖြစ်စွာပင် ခံယူလျက် ချော့မော့ ဖျောင်းဖျရတာကိုလည်း ဘယ်တော့မှ မရိုးနိုင်။

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com



ကိုသည် ကိုကြီးနဲ့ပတ်သက်ပြီး တစ်ခါတစ်ရံမှာ ကြုံဖန် သဝန်တိုတတ်သလို တစ်ခါတစ်ရံများစွာမှာတော့ သူမနဲ့ကို အတူသွားတိုင်း ကြုံရသော ကို၏ သဝန်တိုတတ်ခြင်းများလည်း ရှိသေး၏။ ကိုနှင့်အတူ လမ်းဘေး လက်ဖက်ရည်ဆိုင်ခုံပုကလေးတွေမှာ ထိုင်ခဲ့ဖူးသည့်အချိန်များ၊ (၃၇) လမ်းမှာ ရှိသည့် ခရားကြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်သည့် အချိန်များ၊ အနော်ရထာလမ်းမကြီးတစ်လျှောက် မဟာဗန္ဓုလ ပန်းခြံလမ်းတစ်လျှောက် ကို့လက်မောင်းကို တွဲခိုကာ လျှောက်လည်ရသည့်အချိန်များမှာ မလွဲမသွေ ကြုံရသည်မှာ သူမကို သိသိသာသာတစ်မျိုး၊ မသိမသာတစ်မျိုး ကြည့်တတ်သူ ယောကျ်ားကလေးများစွာနဲ့ ကို၏ သူမအပေါ် သဝန်တိုမှုများပင်။

"သိင်... ဒီဘက် နေရာပြောင်းထိုင်စမ်း... "

ဟု ကိုသည် လက်ဖက်ရည်ဆိုင်ထိုင်သည့်နေ့က ဤသို့ ချက်ချင်းအမိန့်ပေးလိုက်လျှင် သိဂီတော်သည် ဘာကြောင့်လဲဆိုတာ တွေးမရခဲ့သေး။

"အဲဒီကောင် မျက်လုံးတွေကို... မကြိုက်ဘူး၊ ကိုယ် တစ်ယောက်လုံး ပါလာတာတောင်... သိင့်ကို ဒီဆိုင်ထဲဝင်လာကတည်းက တစ်ချိန်လုံး စိုက်ကြည့်နေတယ် သိလား... သိင် သာ မတော်တဆ ကို့ဆီက မျက်လုံးရွှေ့မိရင် အဲဒီကောင် မျက်လုံးတွေနဲ့ တိုက်ရိုက်တိုးမှာ သေချာတယ်"

စေတနာစာပေ



"မျက်လုံးချင်းဆုံတာများ ကိုရယ်... ပြီးတော့ သူ့ဘာသာ မျက်စိပါလို့ ကြည့်တာပဲ... ပဲ့ပါသွားတာမှတ်လို့... "

"ဟာ... ကိုယ်က သိင့်ကို တခြားလူ စိုက်ကြည့်တာတောင် မခံနိုင်ဘူးကွ... ဖြစ်နိုင်ရင် ဒီကောင့်မျက်လုံးကို ထိုးဖေါက်ပစ်ချင်တယ် ဘယ့်နှယ့်ကွာ... တော်ရုံသင့်ရုံ ကြည့်ရင် မပြောပါဘူး... အခုဟာက လွန်လွန်အားကြီးတယ်... သိင်လဲ အဲဒီကောင်နဲ့ မျက်လုံးချင်း ဆုံစရာ မလိုပါဘူး... လောကမှာ သိင်ကြည့်ရမယ့် လူက ကိုယ်တစ်ယောက်တည်းပဲ"

"သိင်က တွေ့ကရာလူနဲ့ မျက်လုံးချင်းဆုံမိတိုင်း အီစီကလီလုပ်မဲ့ မိန်းမမျိုး မဟုတ်ဘူး... ကို၊ သိင့်ကို အထင်မသေးပါနဲ့"

"သိင်ကလဲကွာ... ကိုယ်က သိင့်ကို ချစ်လွန်းလို့ သဝန်တိုမိတာပါ... အဲဒီအတွက် ကိုယ် သိပ်အ…ဒြီးနေပြီဆိုလဲ မတတ်နိုင်ဘူး... ကဲ... အခု လေး…ာဆယ်တော့ သိင် အဲဒီကောင်ကို ကျောပေးထိုင်ဖို့ နေရာပြောင်းထိုင်ရ ကိုယ် တော်တော် စိတ်ချမ်းသာမယ်... နောက်မို့... ဒီ့ထက် တစ်မိနစ် ထပ်ကြာသွားရင် ကိုယ် သူ့မျက်နှာကို ဆွဲထိုးမိတော့မယ်... "

"နောက်ဆိုရင်... ကိုနဲ့သိင် လျှောက်လည်တဲ့အခါ ကို



www.burmeseclassic.com

www.burmeseclassic.com



မသွားရမဲ့နေရာက လက်ဖက်ရည်ဆိုင်ပဲ... လက်ဖက်ရည်ဆိုင်ဆိုတာ ယောကျ်ားလေးတွေ များတဲ့နေရာ တစ်ခုပါ။ ကိုခေါ်လို့သာ သိင်လိုက်ထိုင်ရဲတာ... ကို စိတ်ချမ်းသာအောင်သာ သိင်လိုက်လျှောမိတာ... တကယ် ဝန်ခံရရင် သိင် စိတ်သိပ်ကျဉ်းကြပ်တယ်"

သူသည် ချစ်သူကလေးက ဤသို့ လေသံအေးအေးဖြင့် သူမ၏ အခက်အခဲကို ပြောပြသောအခါမှသာ သူ့အမှားကို တွေ့သွားခဲ့သည်။ ဟုတ်မှာပေါ့ ချစ်သူလေးဟာ သူနဲ့ ချစ်ခဲ့မိ၍သာ ဒီလို လူရှုပ်ထွေးတဲ့ ဆိုင်တွေမှာ လိုက်ထိုင်ဖူးတာ၊ သူမ၏ အဆင့်အတန်းနှင့်ဆိုလျှင် သားနားသပ်ရပ်သော၊ စိတ်ကူးယဉ်ဆန်ဆန် အဆင်အပြင်များနှင့် ဖွဲ့စည်းသော၊ အမေရိကန်ကျေးလက်တေးသံ သဲ့သဲ့ လွှမ်းမိုးသော၊ မွှေးရနံ့သန့်သန့်ကလေးတွေ ထုံမွှမ်းသော ဥရောပအစားအစာ ရောင်းချသည့် SNACKS ဆိုင် ခပ်ဆန်းဆန်းတွေ၊ ကော်ဖီဆိုင် သားသားနားနား တွေမှာသာ ထိုင်ဖူးရှာမည်။ ထိုအခါ သူသည် သိင့်စိတ် ကျဉ်းကြပ်မှုတွေ ပေးမိသော ကိုယ့်ကိုကိုယ် ခွင့်မလွှတ်ချင်တော့ပြီ။

နောက်တွေ့ကြရသောအခါ သူကိုယ်တိုင် တမင်ရှောင်သည်မှာ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ကိစ္စကိုပင် ဖြစ်သည်။ ချစ်သူကလေးကို အနားမှာထားပြီး ကိုယ်ကြိုက်နှစ်သက်သော လက်ဖက်ရည်ကျကျကို ဇိမ်နဲ့သောက်ချင်သည် မှန်သော်လည်း၊ ဆိုင်ထဲမှာ ဖွင့်သည့် ခေတ်ပေါ် စတီရီယို သီချင်းတွေမှ နှာ်မျော





ကာ ချစ်သူနဲ့အတူ အချိန်ဖြုန်းချင်သည် မှန်သော်လည်း ကိုယ်၏ သဝန်တိုတတ်ခြင်းများကြောင့် ထိုဆန္ဒကို ကိုယ်ကိုယ်တိုင်ပင် တမင် ချုပ်တီးပစ်လိုက်ရသည်။

သို့သော် ခက်တာက ဘယ်နေရာသွားသွား သိင်ဟာ အားလုံးထဲမှာ ထူးထူးခြားခြားကလေးဖြစ်လျက် ကောင်လေးတွေက စိတ်ဝင်တစား လိုက်ကြည့်တာကို အမြဲတစေ ကြုံရခြင်းပင်။ ကိုယ့်ရဲ့သိင်ကလေးကတော့ ကိုယ့်လက်မောင်းကို အားကိုးတကြီး ချိတ်လျက် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ယောင်လို့တောင် မော့မကြည့်ပဲ ကိုယ့်ရဲ့မျက်နှာကိုသာ အမြဲတစေ မော့ကြည့်၊ ရယ်မော၊ စကားတတွတ်တွတ် ပြောနေတတ်သောလည်း ကိုယ်ကတော့ ကောင်လေးတွေက သိင့်ကို စူးစူးစိုက်စိုက် ကြည့်လျှင်တယ် သဘောမကျချင်ပေ။

"ကိုက ကြံဖန် သဝန်တိုတတ်လွန်းနေတာပါ... သိင်တင်မက တခြား ကောင်မလေးတွေလဲ ဆွဲဆောင်မှုအပြည့်ရှိပြီး လှတပတကလေးတွေပါပဲ... ယောကျ်ားလေးတွေရဲ့ အကျင့်အတိုင်း စိတ်ထဲကပါလို့ရယ် မဟုတ်ဘူး... မျက်စိအရသာခံတာကို... သိင့်ရဲ့ကိုက လိုက်ဒေါသ ဖြစ်နေရင် ကိုပဲ စိတ်အနှောင့်အယှက် ဖြစ်ရတာပဲ မဟုတ်လား..."

ကိုသည် သူမ, ဘယ်လိုပင် နားလည်အောင် ပြောပြရာပြေကြောင်း ရှာကြံပြော၍ နှစ်သိမ့်သော်လည်း မရ။ သင့်



www.burmeseclassic.com

www.burmeseclassic.com



တိုမြတိုလျက်။ ဟိုလူ့ဘုကြည့် ကြည့်ရ ဒီလူ့ရန်လိုရနှင့် မပြီးနိုင် မစီးနိုင်။ ချစ်သူ့ သဝန်တိုခြင်းကို အလျှဉ်းမျှ စိတ်မကျဉ်းကြပ်ပဲ တသိမ့်သိမ့် မီတိဖြစ်တတ်သူမှာ သိဂီတော်ဆိုသည့် မိန်းမတစ်ယောက်ပင် ဖြစ်သည်။

ကို၏ တစ်ယူသန် စိတ်ဓါတ်တစ်ခုမှာ ဘယ်နေရာသွားသွား၊ ဘာဝယ်ဝယ်၊ ဘာစားစား သူကပင် အကုန်အကျ ခံမည်ဆိုသော စိတ်ဓါတ်တစ်ခု။ သို့သော် ကြာလာတော့ အဲဒီစိတ်ဓါတ်ကို သူမကတော့ ကို့ရဲ့မာနတွေဟု စွပ်စွဲချင်လာခဲ့သည်။

"ကိုရယ်... သွားမဲ့နေရာက နီးနီးလေးဆိုလဲ တက္ကစီ ငှားမနေပါနဲ့... သိင်တို့ ဒီအတိုင်း လျှောက်သွား ကြရအောင်... သိင်လျှောက်နိုင်ပါတယ်"

ဟု ကိုသည် သူမကို ငဲ့၍ တက္ကစီတွေ စီးရပေါင်းများပြီး ငွေတွေ သိပ်ကုန်တာ သူမသိလျှင် ဤသို့ ဖျောင်းဖျ ကြည့်သည်။ သို့သော် မရခဲ့။

"ကိုယ့်ကြောင့် မင်းမှာ ဒုက္ခတွေနဲ့လဲ ရင်မဆိုင်စေရဘူးလို့ ကိုယ် ကတိပေးထားပြီပြီ... ဘယ်နေရာသွားသွား ကိုယ်ပိုင်ကားနဲ့ သွားနေကျဖြစ်တဲ့ သိင်က လမ်းအကြာကြီး လျှောက်ပြီး သွားနိုင်လိမ့်မယ်လို့ ကိုယ်... မထင်မိဘူး... ကိုယ့်ကို ညှာပြီး လျှောက်နိုင်ပါတယ်ဆိုပြီး ဒုက္ခမခံနဲ့... မရဘူး သိလား"





တစ်ခါတစ်ရံမှာတော့ ကို့အတွက် သူမရဲ့ အမှတ်တရလက်ဆောင် ပစ္စည်းကလေးတွေ ပေးချင်သည့် ဆန္ဒကြောင့် ကို့အတွက် သူမ သဘောတကျ ရွေးချယ်ကာ ရှပ်အင်္ကျီ လှလှကလေးတစ်ထည်၊ ပုံကျ သပ်ရပ်သော ဘောင်းဘီရှည်ကလေးတစ်ထည်နှင့် နက်(ခ)တိုင် လှလှကလေးတစ်ခု ဝယ်ပေးခဲ့ဖူးသည်။ ကိုသည် သူမ၏ လက်ဆောင်ပစ္စည်းများကို လက်ဖျားနဲ့ပတောင်မတို့ပဲ...

"သိင့်က... ဘာသဘောနဲ့ ဝယ်ပေးတာလဲ... ကိုယ်ဝတ်ထားတဲ့ အဝတ်အစားတွေဟာ သိင့်အတွက် သိမ်ငယ်စေတယ်လို့ ထင်လို့ ပေးတာလား... ဒီလို အဝတ်အစား အကောင်းစားတွေဝတ်ပြီး ကိုယ့်မှာ ဘာမှမရှိတဲ့ ဘဝတစ်ခုကို ဟန်ဆောင် မလိမ်ချင်ဘူး... သိင်။ ပြီးတော့... မိန်းမတစ်ယောက်ဆင်မှ... ဒီလို အဝတ်အစားတွေ ဝတ်ဖူးရတဲ့ ဘဝမျိုး ရောက်တယ်ဆိုတဲ့ အဖြစ်ကို ကိုယ်... အရောတ်မခံနိုင်ဘူး... ဒီတော့ သိင့်လက်ဆောင်တွေ ပြန်ယူပြီး သိမ်းထားလိုက်ပါ... အောင်စစ်မင်းဆိုတဲ့လူကြီး လူကောင်းတစ်ယောက်ကို လက်ဆောင်ပေးလိုက်ရင် ပိုကောင်းမယ်... သိင်"

ကို၏ ခပ်ရွဲ့ရွဲ့စကားများအတွက် သူမ အင်မတန်မှ စိတ်တိုရပါသည်။ ကိုယ့်ဘက်ကျတော့ ဘယ်တော့မှ မငဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို လက်ဆောင်ပေးချင်တာဟာ ဘယ်ယောကျ်ားလေးပဲ ဖြစ်ဖြစ် ဘယ်မိန်းမလေးပဲဖြစ်ဖြစ် ရှိကြတဲ့ စိတ်ဓါတ်ပါ။ တန်ဖိုး နည်းတာ၊ များတာတွေ လိုက်မကြည့်စေချင်ဘူး ကိုရဲ့။ ရှင်ကျ တော့ လက်ဆောင်ကလေးတွေ စိတ်ကြိုက်ပေးချင်သလောက် ပေးပြီး သိင်ကျတော့ ပေးခွင့်မရှိတာဟာ ကို့ရဲ့ မတရားတဲ့ အယူ အဆကြီးပဲ။ ကိုဟာ တစ်ယူသန်လွန်းတယ်။ တစ်ဘက်စွန်း ရောက်လွန်းတယ်။

အဲဒီအခါတုန်းကတော့ သိင်္ဂီတော်သည် ကို့ကို ဘာ ဖြေရှင်းချက်မှ မပေးချင်၍ စကား လုံးဝမပြောတော့ဘဲ ကို့ကို အကြာကြီး စိတ်ကောက်ပစ်လိုက်ပါသည်။ ကိုသည် အစတော့ သတိမထားမိပေ။ ခုနက လက်ဆောင်ကိစ္စဟာ သူနဲ့ပဲ မဆိုင် သလိုလို ခေါင်းစဉ်ပြောင်းလျက် တခြားအကြောင်းအရာတွေ တောက်လျှောက်ပြောလိုက်၊ သူမကိုမေးလိုက်။ ခေါင်းညိတ်၊ ခေါင်းခါတောင် မလုပ်ပဲ အကြာကြီး တိတ်ဆိတ်နေတဲ့ အခါမှ သာ ကိုသည် သူမ သူ့ကို စိတ်ကောက်နေမှန်း သတိထားမိသွား၏။

"ဘာလို့ စိတ်ကောက်တာလဲ... "

ဟု ကိုက တတွတ်တွတ် မေးပေမဲ့ သူမသည် ဖြေ ရှင်းစိတ် မရှိတာမို့ မဖြေခဲ့ပါ။





"ကိုယ်သိပါတယ်... သိင့်လက်ဆောင်ကို မယူလို့ မဟုတ် လား... ဆောရီးပဲသိင်ရယ်... အဲဒီတစ်ခုကတော့ ကို့ဘက် က မလိုက်လျောနိုင်တဲ့ ကိစ္စတစ်ခုပဲ... "

"ကိုကတော့ သိင့်ကို လက်ဆောင်တွေပေးပြီး... သိင်က တော့ ပေးခွင့်မရှိတာ.. ကို မတရားတာပဲ... သိင် စိတ်ဆိုး တယ်... ကို။ ကိုက မာနကြီးလွန်းနေတယ်... "

"ကိုယ်ပေးတဲ့ လက်ဆောင်ကလေးတွေက တန်ဖိုးမရှိဘူး ဒါပေမဲ့... ကိုယ့်လုပ်အားခနဲ့ ရှာလို့ရတဲ့ငွေနဲ့ ဝယ်ပေးတဲ့ လက်ဆောင်တွေပါ။ သိင်ပေးတဲ့ လက်ဆောင်က သိင့် မိဘပိုက်ဆံနဲ့ ဝယ်ပေးတာဖြစ်သလို သိင့်တို့ အသိုင်း အဝိုင်းရဲ့ အရိပ်အငွေ့လဲ မကင်းဘူးလို့ ကိုယ်ယူဆတယ်။ သိင်နားမလည်တာပါ။ သိင်... ကိုယ့်ကို ပေးထားပြီးတဲ့ လက်ဆောင်က သိပ်ပြီးတန်ဖိုးကြီးမားပြီး ဘယ်အရာနဲ့မှ တန်ဖိုးဖြတ်လို့မရတဲ့ လက်ဆောင်လေ... အဲဒါဘာလဲ သိလား၊ သိင့်ရဲ့အချစ်ပဲပေါ့။ အဲဒီလက်ဆောင်ကို သိင် က ပေးထားပြီးခဲ့တဲ့အတွက် သိင်ဟာ ကိုယ့်ကို ဘယ် တော့မှ အမှတ်တရလက်ဆောင် ပြန်ပေးဖို့ မလိုတော့ ဘူး... သိင့်ရဲ့ အချစ်လက်ဆောင်ဟာ... ကိုယ့်အတွက် တစ်သက်လုံး အမှတ်တရပဲ... သိင်ကလေး"

"ကို့ကိုတော့ သိင်နိုင်အောင် စကားမပြောတတ်ပါဘူး...

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့.., သိင်အခု ကိုယ့်ကိုစိတ်ကောက်ဦးမယ်... အဲဒါမှ
သိင်စိတ်ချမ်းသာလိမ့်မယ်ရှင့်... "

သို့သော် ကြာကြာစိတ်ကောက်ခွင့် မရလိုက်ပါ။ ကိုသည် သူမ, စကားမပြော ပြောအောင်မရယ် ရယ်အောင် တမင် ဖန်တီးတတ်သည့် နေရာမှာလည်း အင်မတန် ဉာဏ်များလှသည်။ နောက်ဆုံးတော့ သူမကပင် လက်လျှော့လျက် ကိုယ့်ကို ထုရိုက် ရယ်မောကာ အရှုံးပေးရစမြဲ။ စိတ်ကောက်ပြေသော သူမက ထုရိုက်သမျှ မရှောင်ပဲ နက်မှောင်စူးရှသော သူ့မျက်လုံးတွေဖြင့် စိုက်ကြည့်ပြီဆိုလျှင်တော့ သူမ, ရင်ခုန်ရပြီ။ ကို့ဆီက ညင်သာနူးသော အနမ်းတစ်ခုဟာ ဘယ်လောက်ရင်ခုန်ရသလဲ လို့။ ဘယ်လောက် နစ်မြောဖွယ် အတိလဲလို့။

ကိုသည် တစ်ခါတစ်ရံတွေမှာတော့ ထူးထူးခြားခြားပင် တိတ်ဆိတ်လျက် တစ်စုံတစ်ခုကို အကြီးအကျယ် တွေဝေစွာ စဉ်းစားနေတတ်တာမျိုးလည်း သူမ ကြုံရပေါင်းများပြီ။ အဲဒီအခါတွေမှာသူမသည် ကို့ရဲ့ အသံကလေးကိုဖြင့် မကြားရလျှင် မနေနိုင်။ ကို့ကို မရမက အတင်းဆွဲလှုပ်၍ မေးတတ်ပါသည်။

ကိုသည် ခေါင်းခါ ငြင်းဆန်လျက် သူမ၏ဦးခေါင်းကလေးကို သူ့ရင်ဘတ်တွင် ဆွဲကပ်ကာ သူမ၏ ဆံပင်ပျော့ပျော့များကို သပ်ရင်း ခပ်ရှိုက်ရှိုက်လေသံဖြင့်...

"မဖြေချင်ဘူး... သိင်ရယ်... နောင်ကြုံရမဲ့ အနာဂတ်





တွေးပြီး ရင်မဆိုင်ရဲတာလို့ပဲ သိင့်ကို ပြောပြချင်တယ်...
ကိုယ့်ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို သိင်... နား
လည်မယ်လို့ ကိုယ် ယုံကြည်ပါတယ်... "

ဖြေခဲ့လျှင်တော့ သိင်္ဂီတော်သည် ထိုတုံ့ပြန်စကား တစ်ခွန်းအပေါ်မှာ မယုံနိုင်လောက်အောင် မြို့ကွဲသွားရပါသည်။ ကိုနှင့်မျစ်သူ့ ဖြစ်ရခြင်းသည် သူမဘဝတွင် ကြိုတင်ပြင်ဆင်ထားနိုင်ခဲ့ခြင်း မရှိသော လဲပြိုမှုတစ်ခုပင်။ သူမသည် ထိုလဲပြိုမှုမှ ကျုံးရုန်းထနိုင်ခဲ့မရှိ ဖြစ်လျက် အကြိမ်ကြိမ် အခါခါ လဲပြိုကျဆုံးနေခဲ့တာကတော့ သူမ၏ ကံဆိုးမှုဖြစ်၏။

ကိုရယ် ကိုဟာ သိင့်ကို တစ်ခုခုပေးစွမ်းနိုင်မှု အရှိဆုံးဖြစ်တဲ့ သိင်အချစ်မိဆုံး ချစ်သူတစ်ယောက်ပါ။ သိင် အဲဒါကို အသိဆုံးပါကွယ်။ ကိုက ဘယ်သိမလဲ။ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းလိုက်သလဲ။

ကိုသည် သူ့ကို သူမက လက်တွဲလိမ့်မည် မဟုတ်တု သွယ်ဝိုက်စွပ်စွဲခွင့် ရလောက်အောင် သူမ၏ အပြုအမူ၊ အတွေးအခေါ်၊ အယူအဆတွေဟာ ဘယ်လောက် ညံ့ဖျင်းခဲ့ပါသလဲ။ ခဏလေးဖြစ်ဖြစ် ကို့ကို ချစ်ခွင့်ရချင်စိတ်သာ အရူးအမူးဖြစ်လျက် တသက်လုံး လက်တွဲဖို့ကိုတော့ ငြင်းဆန်ချင်နေကြောင်း ကိုယ်သိနေတယ်ဟု ထိတ်လန့်စွာ တွေးမိလျက် ငါဟာ ကို့ကို ဒီတဒင်္ဂမှာတောင် စိတ်ချမ်းသာမှု မပေးနိုင်တဲ့မိန်းမပဲဟု



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲအပြစ်တင်ကာ ကိုယ့်ကိုကိုယ် ခွင့်မလွှတ်ချင်ပြီ။

"ကိုယ်ကတော့... ကိုယ် သိပ်ချစ်မြတ်နိုးရတဲ့ ချစ်သူ တစ်ယောက်ကို ကိုယ်ပဲ ပိုင်ဆိုင်ရမယ်ဆိုတဲ့ အတ္တကတော့ ရှိနေဆဲပဲ... သိင်။ ချစ်သူကို တင့်တောင့်တင့်တယ် အခြေအနေမျိုးနဲ့ ထားနိုင်တဲ့ ချစ်သူက အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်လာအောင်တော့ ကြိုးစားရမှာပဲ..."

သူသည် ကောင်မလေး၏ ဆံပင်တွေထဲ မျက်နှာအပ်ရင်း ထိုသို့ တစ်ယူသန် စိတ်လိုက်မာန်ပါ ပြောလျှင်တော့ သူမ၏ တုံ့ပြန်မှုမှာ အားရဖွယ်ရာမရှိ။ သူ့ရင်ခွင်ထဲတွင် တိတ်ဆိတ်စွာ ငြိမ်သက်နေတတ်ခဲ့၏။ ကိုယ့်ကို မင်းလက်တွဲရမှာ တွေဝေနေပြီလား သိင်။ ကိုယ် ကတိပေးပြီးသားပါ။ ကိုယ့်ကြောင့် မင်းဘဝမှာ အလှပဆုံးနဲ့ အကောင်းဆုံးဘဝကိုပဲ ကြုံတွေ့ရမှာပါဆိုတာ ယုံ။ မင်းသတ္တိရှိဖို့ပဲ လိုတယ် အချစ်လေး။ သိင်သည် ချစ်နေရရုံဖြင့် ရောင့်ရဲပြီး ဘဝကို ရင်မဆိုင်လိုသော မိန်းမတစ်ယောက်ဖြစ်ပြီး ကိုယ်ကတော့ ချစ်သူကို ဘဝထဲ ဆွဲခေါ်ဖိအထိ စိတ်အား ထက်သန်သူဆိုတာကို သိင် သဘောပေါက်စေချင်သေး၏။

❀❀❀

# ၁

ကောင်မလေး၏ မျက်နှာတွင် အရင်ကလောက် တက်ကြွပျော်ရွှင်နေခြင်းများ မတွေ့ရသည့်အခါ သူ့စိတ်ထဲတွင် ထင့်ကနဲ ဖြစ်သွားခဲ့၏။ သူမ၏ လက်ဖဝါးတစ်ဘက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည့်အခါ အေးစက်သော လက်ဖဝါးကလေး ဖြစ်နေခဲ့ပြီ။

"ဂီ ... နေမကောင်းဘူးလား... မျက်နှာလဲညိုးနေတယ်၊ လက်ဖဝါးတွေလဲ အေးလို့... "

"နေကောင်းပါတယ်... ဂီကို မေမေဆူထားလို့ စိတ်မကြည်မလင်ဖြစ်နေတာပါ... ဂီ မျက်နှာညိုးလို့ ကိုကြီး စိတ်အနှောင့်အယှက်ဖြစ်သွားပြီလားဟင်... "

"မဖြစ်ပါဘူး... တော်ပါသေးရဲ့... ကိုကြီးက ဂီ့မှာ အဲ



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေများရှိနေသလဲလို့ ပြောပါဦး... မေမေက ဘာလို့ဆူလဲ... "

"ဒီလိုပါပဲ... ဂီနဲ့ မေမေက ကိုကြီးသိတဲ့အတိုင်း အမြဲ တကျက်ကျက်ရယ်... ဂီ့ဘက်မှာ ဘွားက အပြည့်အဝ ပါနေတတ်တော့ ဂီကလဲ မေမေနဲ့ဆို အမြဲဘွားအေ အားကိုးနဲ့ရန်ဖြစ်တာလေ"

ကောင်မလေးဟာ တစ်ခုခုကို ဖုံးကွယ်စွာပြော နေခြင်းဖြစ်သည်ဟု အောင်စစ်မင်းက အလိုလို သိမြင်နေလေ သည်။ သူမရဲ့မေမေက တကယ်ရော ဆူတာဟုတ်ရဲ့လား ဆူတယ်ဆိုရင် ဘာကြောင့်ဆူတာဖြစ်မလဲ။ တွေးကြည့်စမ်း သူ့ဒီ ရှိနေစဉ်တုန်းကတော့ ကောင်မလေးရဲ့ မေမေဆူသည့် အများအားဖြင့် သူ့ကို အနိုင်ကျင့်ဆိုးနွဲ့လွန်းသဖြင့် သူ့ရှေ့မှာ ဆူသည့်အခါများစွာ၊ သီချင်းအကျယ်ကြီးဖွင့်၍ မေမေကဆူသည့် အခါများစွာ ထမင်းဝိုင်းမှာ ဟင်းကျီးများ၍ အဆူခံရသည့်အခါများ စွာတွေသာ သူမျက်မြင်ရှိခဲ့၏။

များသောအားဖြင့် တစ်ဦးတည်းသောသ… ကလေးဟာ ဘယ်တုံးကမှ မျက်နှာညှိုးနေလောက်အောင် သူ… ၏မေမေက မဆူတတ်ပါ။ အဲ့ဒါကိုသူကောင်းကောင်းသိ၏ သူ… ၏ ဘဝက အစစအရာရာ ပြည့်စုံသာယာသူကလေးဖြစ်… ဘယ်တုန်းကမှ သာမာန်အသေးအဖွဲ့ အဆူခံရတာမျိုးလော…





မျက်နှာညှိုးနေသည့်အထိ သူမမခံစားတတ်။

ကိုယ်ထင်ထားခဲ့တာတွေ မဖြစ်နေပါစေနဲ့လား ဂီရယ်။ ကိုယ်နိုင်ငံတကာ လျှောက်လှည့်နေတဲ့ခြောက်လဆိုတဲ့ ကာလတစ်ခုမှာ မင်းဘာတွေပြောင်းလဲသွားမလဲ။ အမြဲမပြတ်ဖုန်းနဲ့အဆက်အသွယ်ရှိနေခဲ့တာကြောင့် သူမ၏လေသံ တစ်စတစ်စ အေးစက်ကာ ဟန်ဆောင်မှုများ ပါဝင်လာကြောင်း သူအကဲခတ်နိုင်ခဲ့တာလဲကြာပြီ။

"ဂီရေးတဲ့စာတွေလဲ ကိုကြီးဖတ်ချင်တယ်... ဖုန်းထဲတချည်း စကားမပြောချင်ဘူး... စာလဲရေးပါဦး"

ဟု သူကတောင်းဆိုခဲ့၍ စာရေးခဲ့သောငြား ထိုစာတွေထဲမှာ တဖြည်းဖြည်းနှင့် ဝတ္တရား ဆန်သော စကားလုံးများက ပြည့်နှက်လာခဲ့မှန်း သူအလိုလို ခံစားသိရှိလာခဲ့ပြီ။

ဂီက အချစ်ဟာ ဘာလဲလို့ နားမလည်သေးပဲနဲ့ ကိုယ့်တစ်ယောက်တည်း အတွက်ပဲ ဖြစ်ရစေမယ့်ဆိုပြီး ပေးထားခဲ့တဲ့ 'အချစ်' ဆိုတာကို ဂီအခုနားလည်ခဲ့ပြီးလား ပြီးတော့ အဲ့ဒီ 'အချစ်'ဟာ ကိုယ့်အတွက် မဟုတ်မှန်း သိသွားခဲ့ပြီလား ကိုယ့်ထက်ချစ်ရမဲ့သူ တကယ်ချစ်ရတဲ့သူကို ဂီများတွေ့သွားပြီလား။ အို ပူပင်ရပါဘိ။

"အောင်စစ်တို့မနက်စာ အိမ်မှာပဲလိုက်စားကြ... ဒီနေ့

အုပ် (၇၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မမေကိုယ်တိုင် ကုမ္ပဏီမသွားပဲ... တမင်နားပြီး စပါယ်ရှယ် ချက်ထားတယ်... တစ်မိသားစုလုံး လိုက်စားကြရမယ်နော်... ကြော်... ကြော်... မေ့လို့ သိင်္ကာလေးရဲ့ လက်ရာလဲ ပါပါတယ်... ခရမ်းချဉ်သီးလှီးတာ၊ ကြက်သွန်နွှာတာ၊ အာလူးအခွံခွါတာ၊ ချဉ်ပေါင်ရွက်သင်တာတွေက သိင်္ကလက်ရာတွေပဲ... သိင်္က သူ့ကိုကြီးအတွက်ဆိုပြီး မနက်အစောကြီးထပြီးတောင် ဒီအလုပ်တွေကူလုပ်ရှာတာလေ..."

သေချာပါပြီ... ကောင်မလေးဟာ ခါတိုင်းနဲ့ကို မတူတော့ဘူး။ ခါတိုင်းဆိုရင်တော့ သူမမေမေက ဤသို့ချစ်စနိုးနောက်ပြောင်လျှင် သူမကိုယ်တိုင်လည်း စိတ်မဆိုးပါပဲ စိတ်ဆိုးစိတ်ကောက်ပြကာ သူဝင်ချော့မှသာ စိတ်ပြေဟန်ဆောင်ပြတတ်သူကလေး။ ယခုတော့ "မမေကလဲ" ဟူသော ဝတ္တရားကျေအောင် ဖျစ်ညှစ်ပြောရသော လေသံဖြင့်သာ တစ်ခွန်းတုံ့ပြန်လျက် နေထိပန်းတစ်ပွင့်ပမာ ညှိုးလျှိုက်လျှိုးနေတော့သည်။

အကဲခတ်ရသမျှတော့ ကောင်မလေး၏ မေမေသည် တစ်စုံတစ်ခုအတွက် စိတ်အနှောင့်အယှက်ဖြစ်ရခြင်းအား တမင်ဟန်ဆောင်ဖုံးကွယ်ထားခဲ့ပြီး... မကြာခဏပင် သူမ၏ သမီးဖြစ်သူအားခိုး၍ မျက်မှောင်ကြုတ် အံကြိတ်ပြတာတွေ့ရသည်။ ပြီးတော့... ဘွားအေကြီး... မာနထန်ကာ အမြဲတမ်းသူမ၏ ဘဝကိုသူမ ဂုဏ်ယူဝင့်ကြွားခြင်းတွေ ပြည့်နှက်နေတတ်သော





မျက်နှာက ယခုတော့ တစ်ခုခုကြောင့် စိတ်မကောင်းဖြစ်ရခြင်းများ မသိမသာ ဖုံးကွယ်သန်းလို့တည်း။

ဘာတွေဖြစ်နေခဲ့သလဲ... ဂီ။ ဂီနဲ့ ပက်သက်ပြီး ဘာတွေများယွင်းနေပြီလဲ။ ဂီ့ မေမေရဲ့ ကုမ္ပဏီမှာ စီးပွားရေး လုပ်ငန်းပညာတွေ ဂီ လေ့လာနေတယ်ဆိုတာ ကိုယ်သိခဲ့ပြီးပြီ။ ဒီတော့ ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးထဲမှာပဲ ပျော်မွေ့နေခဲ့တဲ့ ဂီ့ရဲ့ ပတ်ဝန်းကျင်အသစ်ဟာ ဂီ့ကို ဘာတွေများ ပြောင်းလဲစေခဲ့သလဲ။

ထမင်းဝိုင်းက လူအယောက်နှစ်ဆယ် ကျယ်ကျယ်ဝန်းဝန်းထိုင်လို့ရအောင် စီမံထားသော ဘဲဥပုံစားပွဲရှည်ကြီးပင်။ ထိပ်၏ တစ်ဘက်တစ်ချက်စီတွင် နှစ်ဘက်မျိုးနွယ်စုတို့၏ အကြီးအကဲများဖြစ်သော သူ၏အဘွား ဒေါ်ခင်ခင်ကြီးနှင့်ဂီ၏အဘွား ဒေါ်သဇင်တော်တို့ ထိုင်ကြပါသည်။ ဂီကတော့ သူ့နံဘေးမှာ ငြိမ်ငြိမ်ကလေး ခပ်ငူငူထိုင်လို့ သူတို့နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်သည့် ဂီ့ မေမေကတော့ သူမ၏ သမီးအား ဆူပူမာန်မဲသော အကြည့်များဖြင့် စိုက်ကြည့်လိုက်တာ သူရိပ်ကနဲ မြင်ဖြစ်အောင် မြင်လိုက်သေး။

"ကဲ... အားလုံးပဲ ဝမ်းသာစရာ သတင်းတစ်ခု ကြေညာရဦးမယ်၊ ကျွန်တော်နဲ့ သားကြီးနိုင်ငံတကာလှည့်ပြီး စီးပွားရေးအကွက်ချဲ့ထွင်ခဲ့သမျှမှာ ကျွန်တော့်အတွက်ရော...



www.burmeseclassic.com

www.burmeseclassic.com



သားကြီးအတွက်ပါ တော်တော်အကျိုးအမြတ်ရခဲ့တယ်၊ ကျွန်တော့်အတွက်တော့ အခုလက်ရှိလုပ်နေတဲ့ လုပ်ငန်းအတွက် ကိုယ်စားလှယ်အသစ်တွေနဲ့ ထပ်ဆက်သွယ်မိတာဟာ နည်းတဲ့အမြတ်မဟုတ်ဘူး၊ သားကြီးကတော့.. သူ့ကိုယ်ပိုင်ဉာဏ်နဲ့ စိတ်ကူးထားတဲ့... ပြီးတော့... ဒေါ်မြရည်တော်တို့အတွက်လဲ အထောက်အကူဖြစ်မဲ့ အကြံအစည်အောင်မြင်ခဲ့တယ်ပဲ ဆိုရမှာပေါ့... ကမ္ဘာ့ဆေးကောင်စီက အသိအမှတ်ပြုလို့ အခုလောလောဆယ်ကလေးတင် ထုတ်ခွင့်ပေးလိုက်တဲ့ အားဆေးအသစ်တစ်မျိုးကို ဒီနိုင်ငံကို တာဝန်ယူ တင်သွင်းဖို့ စာချုပ်ချုပ်လာခဲ့ပြီးပြီ။ အနောက်နိုင်ငံတော်တော်များများမှာတော့ လူကြိုက်များနေပြီ။ ဒီနိုင်ငံမှာတော့ လူမသိသေးဘူး... သားကြီးက ပထမဆုံး တင်သွင်းမဲ့ ကိုယ်စားလှယ်ပေါ့.. ဒေါ်မြရည်တော်တို့ ကုမ္ပဏီကပဲ ဖြန့်မတဲ့... မော်ဒယ်လ်နာမည်ကြီးကြီးတစ်ယောက်ကို သုံးပြီး ကြော်ငြာအားကောင်းကောင်းသုံးလိုက်ရင် အောင်မြင်မယ်လို့ ထင်တယ်.. မြန်မာနိုင်ငံမှာက ကြော်ငြာအဓိကပဲ.. ကြော်ငြာအောင်မြင်ရင် လုပ်ငန်းလဲ အောင်မြင်မယ်... အဲ့ဒါကို သားကြီးက တစ်လျှောက်လုံး စိတ်ကူးလာတာဗျ... ”

ထိုအခါ ဒေါ်မြရည်တော်သည် ကျေနပ်နှစ်သိမ့်စွာ ပြုံးလျက်...

စေတနာစာပေ



“အောင်စစ်ဟာ တကယ်တော့ ကျွန်မတို့အတွက် သားမက်တစ်ယောက်ရတာထက်.. သားတစ်ယောက် ရတယ်ဆိုရင် ပိုမှန်မလားပဲရှင်.., ကျွန်မတော့.. ဒီသတင်းကြားရတာ သိပ်အားတက်မိတာပဲ... ”

သူ့ဘွားအေ ဒေါ်ခင်ခင်ကြီးကတော့ စိတ်အားထက်သန်စွာပင် အားလုံး၏ အသံတွေကို လွှမ်းမိုးသွားအောင်...

“ အဲ့ဒါတွေထားတော့.. နှစ်ဘက်မိသားစုရဲ့ ပေါင်းစည်းမှု ပိုမိုကျစ်လစ်သွားအောင်.. ကျုပ်မြေးကြီးနဲ့ သမီး သိင်္ဂီတို့ကို လက်ထပ်ပေးဖို့ ဘာတွေစီစဉ်ထားကြသလဲဆိုတာ.. သားကြီးကို ပြောပြဦးမှာပေါ့... လက်ထပ်ပွဲကနောက်နှစ်ပတ် ကြာရင်ပဲ ကျင်းပတော့မှာ ဘွားတို့က မြရိပ်ညိုရှိုင်ရယ်ဟိုတယ်လ် ကို ရွေးထားတယ်... ဒင်နာကိုတော့ ယုဇနဂါးဒင်းမှာ ကျင်းပမယ် တစ်နေ့ထဲ မနက်တစ်ပွဲ... ညတစ်ပွဲ လုပ်မှာနော်.., မနက်မှာ လက်ထပ်ပွဲကို သူများတွေက ပန်းရောင်သုံးပေမယ့် ကျုပ်တို့ကတော့ ရွှေရောင်လွှမ်းတဲ့ မင်္ဂလာပွဲ ဖြစ်စေချင်လို့ သတို့သား သတို့သမီးဟာ ရွှေဝါရောင် ကြိုးကြိုးချိတ်ဆင်တူဖြစ်စေဖို့ မန္တလေးက ယက္ကန်းစင်မှာ ကျုပ်နဲ့ သဇင်ရယ်... သားကြီး အမေရယ်.. သိင်္ဂီ မေမေရယ်... စိတ်ကြိုက်ညှိပြီး အပ်ထားတာလဲ ရပြီ... သမီးကတော့ ဝတ်စုံအပ်ပြီးပြီ၊ သားကြီးကတော့ ဒီနေ့ပဲ ရင်ဖုံးတိုက်ပုံအပ်ရမယ်...

အုပ် (၇၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com



တောင်ရှည်ရယ် အပ်ဖို့ ဒီဇိုင်းနာဆီသွားရမယ်.. ညဘက် ဒင်နာကိုတော့ သားကြီးက ဥရောပဝတ်စုံ ခန့်ခန့်ညားညား ဝတ်.. သမီးရဲ့ ငွေမင်ရောင် ဒင်နာဝတ်စုံကို နာမည်ကြီး ဖက်ရှင် အကျီဆိုင်တစ်ဆိုင်က တဆင့် နိုင်ငံခြားကို လှမ်းမှာ ပေးပြီးပြီ.. အစက သားကြီးကို လှမ်းမှာဦးမလို့ပဲ.. မင်းက ဝယ်တတ်မယ်မထင်လို့.. အဲ့ဒီ ဖက်ရှင်ဆိုင်မှာပဲ တစ်ခါတည်း ကိုယ်အတိုင်းပေးပြီး သမီးနဲ့လိုက်မဲ့ အကျီ ပုံစံကို သူတို့ပဲ ရှာခိုင်းတယ်... သူတို့ပဲ လှမ်းမှာပေးကြ တယ်... အကျီကလေးက လှပါဘိသန့်... ဈေးကလဲ ထိုင်မသိမ်းဝတ်စုံတစ်စုံနဲ့ အတူတူပေးရတယ်.. ဒါပေမဲ့ ဘာဖြစ်လဲ ကုန်သင့်လို့ ကုန်ရတာပဲ... ဘယ့်နှယ့် ဒေါ်ခင်ခင်ကြီးမြေး မင်္ဂလာဆောင်ဟာ သူများထက် မသာရင် ကျုပ်တော့ တယ်ဘဝင်မကျပေါင်... ”

ဒေါ်သဇင်တော်က သူမ၏ ရင်ဘတ်ကိုဖိလျှက်နှင့် တက်ကြွစွာ တုန်ခိုက်သော အသံဖြင့် ထောက်ခံလေသည်။

“အံမယ်လေး.. ကျွန်မဖြင့် ကျွန်မ မင်္ဂလာဆောင်တုန်းက တောင် ဒီလောက်ရင်မခုန်မိဘူး.. အခုတော့ မြေးမင်္ဂလာ ဆောင်ကျမှပဲ... တစ်နေ့ကုန်သွားလေလေ.. တစ်ရက် နီးလာပြီဆိုပြီး ပိုရင်ခုန်ရလေလေပဲ အောင်စစ်နဲ့ သိင် ကလေးတို့ဟာ လူတွေ ပြောစမှတ်ပြုရလောက်အောင် လိုက်ဖက်ညီပြီး လှပတဲ့ သတို့သား သတို့သမီး စုံတွဲ





ကလေးဖြစ်မှာ သေချာတယ်.. ဒေါ်ခင်ခင်ကြီးမြေးနဲ့ ဒေါ်သဇင်တော်ရဲ့ မြေးမတို့ မင်္ဂလာဆောင်အကြောင်း လူတွေ တသသ ပြောကျန်စေချင်ပါဘိတော့... ”

လူကြီးတွေ တက်ကြွစွာ အပြိုင်အဆိုင်ပြောသံများ ကြားတွင် သိဂီတော်သည် စိတ်နဲ့ ကိုယ်ဟာ တင်းကွာ နေခဲ့တာတော့ အမှန်ပင်။ တစ်နေ့တုန်းဆီက မြင်ကွင်းတစ်ခုမှာ ပြန်လည်ခံစားဆို့နစ်လျက် အကြိမ်ကြိမ် အဖန်ဖန် ထပ်မံ ယူကြုံး မရဖြစ်ကာ ငိုကြွေးချင်နေခဲ့သည်။

ဒါဟာ တကယ့်တကယ်တော့ မဖြစ်သင့်ဘူး။ တွေး ကြည့်စမ်း ဆယ့်ခြောက်နှစ်ဆိုတဲ့ အသက်အရွယ်ကစပြီး နှစ်ဆယ့် သုံးနှစ်တာကာလအထိ ခုနစ်နှစ်လုံးလုံး ‘ကိုကြီး’ဆိုတဲ့ ယောကျ်ား တစ်ယောက်သာ ဦးနှောက်ထဲရော၊ နှလုံးသားထဲမှာပါ နေရာပေးထားနိုင်ခဲ့တဲ့ သူမဟာ ခြောက်လတာကာလအတွင်းမှာ သူမရဲ့ နှလုံးသားထဲကို လျှင်မြန်တဲ့ အရှိန်နဲ့ အလွယ်တကူ ဝင်ရောက်ကြီးစိုးနိုင်ခဲ့တဲ့ ‘ကို’ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို အလွယ်ကလေး မေ့မရနိုင်လောက်တဲ့ အဓိကတွန်းအားဟာ ဘာဖြစ်မလဲ သူမ,တွေး၍မရ။

‘ကို’ဟာ သူမအတွက် ချစ်ရှုံသက်သက်သာ စိတ်ကူးယဉ်သင့်တဲ့ ယောကျ်ား၊ ကိုကို စပြီးချစ်ကတည်းက ကိုကို လက်တွဲဖို့ဆိုတဲ့ အကြောင်းအရာကို ခေါင်းထဲတောင်

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ထည့်မထားခဲ့တာဟာ သူမရဲ့ အမှားမဟုတ်။ ကိုကို အရူးအမူး တွယ်တာချစ်နဲ့ ချစ်သည်။ သို့သော် ကိုသည် ဘယ်တော့မှ သူမ လက်တွဲရမည့် ယောကျာ်းတစ်ယောက် ဖြစ်လာမည် မဟုတ်ချေ။

"သိင့်အတွက်... ကိုယ့်မှာ အနာဂတ်ရည်မှန်းချက်တွေ အများကြီးဗျ... ကိုယ်က သိင့်ကို သိင့်မိဘ ထားနိုင်တဲ့ အဆင့်အတန်းထက် မနိမ့်တဲ့ ဘဝမျိုးနဲ့ ထားမှာမို့ ကိုယ် အရမ်းကြိုးစားရဦးမယ်... သိင် သတ္တိရှိရှိစောင့်နေနော်..."

ဟု 'ကို'သည် အမြဲတဖွဖွ မှာတတ်သည့်အခါ သူမ၏ နှလုံးသားဟာ အဲ့ဒီမှာ ဆွဲဖျစ်ချေမွခံရတတ်စမြဲ။ သိင်ဟာ ကိုကို အရူးလုပ်ခဲ့တဲ့ မိန်းမပါ... ကို။ သိင့်ကို မေ့လိုက်နိုင်ပါစေလို့ ကိုအတွက် ဆုတောင်းပေးမယ်။ ဒါပေမယ့် သေချာတာကတော့ ကိုဟာ သိင့်ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့လို့မရမဲ့ အချစ်ရဆုံး ချစ်သူတစ်ယောက်ပါပဲ... ကိုရယ်။ အခုတော့ သိင်တို့ လမ်းခွဲကြစို့ရဲ့။ တစ်ယောက်တစ်လမ်းစီ လျှောက်ကြစို့ရဲ့။ ကိုက လိုက်ခဲ့ပါဆိုလျှင်တောင် သိင်မလိုက်နိုင်။ သိင်သည် ဤချမ်းသာကြွယ်ဝသော မျိုးရိုးမှ ဆင်းသက်လာရခြင်းကို ဂုဏ်ယူသည့်အပြင် အဆင့်အတန်းတူသော ယောကျာ်းတစ်ယောက်ကိုသာ လက်တွဲ၍ ကြီးမြတ်တင့်တယ်ရခြင်းအား ရူးသွပ်နေဆဲပင်။

"ဂီ... ကိုကြီးတို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောရအောင်ကွာ... ဒီနေ့တော့ ကိုကြီးလဲ ပင်ပန်း





နေလို့ ပြီးတော့ ဂီလဲ မေမေနဲ့ စိတ်ကောက်နေရလို့ မပြောတော့ဘူး... နောက်နေ့မှပဲ... ကိုကြီးလာခေါ်မယ် အဆင်သင့်ပြင်ပြီး စောင့်နေနော်... တစ်နေရာရာမှာ သွားပြီး စကားပြောကြတာပေါ့... "

သူသည် ကောင်မလေး၏ မျက်နှာကို တယုတယ ကြည့်ပြီး ပြောလိုက်၏။ အရည်ကြည်လဲ့သော မျက်ဝန်း လက်လက်များဖြင့် သူ့ကို ကြည့်သောအခါ သူသည် နားလည် ခွင့်လွှတ်စွာပင် စိုက်ကြည့်လျက်...

"ဂီ... ဘာတွေဖြစ်နေခဲ့မလဲဆိုတာ ကိုကြီး ကြိုတွေးထားခဲ့ပြီးပြီ... ကိုကြီးတွေးထားသမျှနဲ့ ဂီ ဖြစ်ပျက်သမျှ မှန်မမှန် နောက်နေ့ ပြန်စိစစ်ကြရအောင်... အိုကေ... ကိုကြီး ပြန်မယ်၊ ဂီကလေး... ခေါင်းထဲမှာ ဘာမှ မထားနဲ့ ဟုတ်ပြီလား... "

ကောင်မလေး၏ ခေါင်းကို တစ်ချက်ဖိကိုင်ရင်း နှစ်သိမ့်စကားတို့ဖြင့် နှုတ်ဆက်ခဲ့လေသည်။ ကိုယ် မပိုင်ဆိုင်လိုက်ရတဲ့ အရာတစ်ခုအတွက် နှမြောတသခြင်းအတိက ရင်မှာ ကြီးစိုးနေခဲ့တာတော့ အမှန်ပင်။

သို့သော် သူသည် ဘယ်တော့မှ သွေးဆူပေါက်ကွဲခြင်း မရှိဘဲ၊ ပြဿနာတစ်ခုကို ခပ်အေးအေးပင် ခွဲခြမ်းစိတ်ဖြာချက် ဖြေရှင်းအောင်မြင်တတ်ခဲ့သူပီပီ ဒီတစ်ခါလည်း စိတ်ရှည်ရလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်၊ ကောင်မလေးကို ပညာသားပါပါဖြင့် ဆွဲဆောင်ရမည်။ သူမ ဘာကို တပ်မက်သလဲ အဲ့ဒါကို သူသိ၏။

ထိုအရာများကို တစ်စစီဆွဲထုတ် အသုံးချလျက် ကောင်မလေး၏ ယိုင်နဲ့နေသော စိတ်ဓါတ်ကိုပြန်လည်တည့်မတ်အောင် သိမ်းသွင်းရမည်။

ခုနစ်နှစ်လုံးလုံး ကိုယ်က သူမ၏ လက်ကို ပိုင်နိုင်စွာ တွဲခွင့်ရခဲ့သမျှ ဤခြောက်လမျှကာလကလေးမှာ ကြုံဆုံရသော ပြောင်းလဲမှုတစ်ခုကြောင့်တော့ ဒီအခွင့်အရေးကို အဆုံးရှုံး မခံချင်။ နောက်တစ်နေ့မှာ သူမ ဘာတွေဝန်ခံမလဲ။ သိချင်လွန်းပါဘိ

✿✿✿✿

"လွန်ခဲ့တဲ့.. သုံးရက်ကပါပဲ... မေမေရယ် သူကုမ္ပဏီမှာ နားရင်း ဂီလဲလိုက်နားသလို.. အဲ့ဒီလိုနားတဲ့ နေ့တွေမှာ





အပြင်ထွက်လည်နေကျအတိုင်း ကားယူပြီး ထွက်ခဲ့တယ်၊ သူနဲ့ ချိန်းထားတဲ့ နေရာရောက်တော့.. ခါတိုင်းလိုပဲ ဂီကားကို သူမိတ်ဆွေအိမ်မှာ အပ်ခဲ့တယ်... ပြီးတော့ ဂီနဲ့သူ အဲ့ဒီနေ့က အင်းလျားဘက် သွားလည်ကြတယ်..."

"အင်း... ပြောပါဦး... ကိုကြီးကို အားမနာပါနဲ့... ဂီတို့ ဘာတွေပြောခဲ့ကြသလဲ.. ဂီမေမေနဲ့ ဘာတွေဖြစ်ခဲ့ကြသလဲဆိုတာ ဂီတို့ ရည်းစားစဖြစ်တဲ့ အကြောင်းအရာကစပြီး ကိုကြီး နားထောင်နိုင်ခဲ့သေးတာပဲ.. အဲ့ဒီနောက်ဆုံး တွေ့တဲ့နေ့ အကြောင်းကို ဘာနားမထောင်ရဲစရာရှိလဲကွာ... ရပါတယ်... ကိုကြီး ဂီကို ခွင့်လွှတ်ထားပြီးသားပါ.. ဂီ မပြောပြခင်ကတည်းက ဘာဖြစ်နိုင်မလဲဆိုတာကို ကြိုစဉ်းစားပြီး ဂီကို ချစ်တဲ့စိတ်နဲ့ ကြိုပြီး ခွင့်လွှတ်ပြီးသား... "

ကိုကြီးသည် နက်(စ်)ကော်ဖီခါးခါးကို တစ်ချက်သောက်လိုက်သေး၏။ သူ့အသံက လေသံသဲ့သဲ့မျှသာ။ ပြီးတော့ သူမအား တည်ငြိမ်စွာ ပြုံးပြနိုင်ခဲ့ပြီး သူမ၏ လက်ဖဝါးတစ်ဘက်ကို ခပ်ဖွဖွပင် ဆုပ်ကိုင်ထားနိုင်သေးသည်။ ဘယ်လောက်အေးအေးဆေးဆေးသိမ်မွေ့လိုက်သလဲ။ ပညာသားပါသောဣန္ဒြေရမှုသည်၊ သူမ ရှေ့က ယောကျ်ား၏ မျက်နှာပေါ်တွင် အပြည့်အဝ နေရာယူထားသည်။ ဘယ်လောက်အေးဆေးတည်ငြိမ်တဲ့ မျက်နှာထားတစ်ခုလဲ... ကိုကြီးအတွက်တော့ အရေးရာ

အုပ်(၃၀) မြောက် မြတ်ရတု အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သည် ငြိမ်သက်အေးစွာ ကွန်ခြေရရဖြင့်။

သီဂီတော်သည် ကိုကြီး၏ အေးစက်မှုကိုမြင်လျှင် ဘယ်ပြဿနာကိုမဆို သွေးဆူပေါက်ကွဲခြင်း မရှိပဲ၊ သူ့ဘက်က အနိုင်ရအောင် ဖြေရှင်းတတ်မှုများအား ပြန်လည်သတိရလျက် ဘာကို ယူကြုံးမရဖြစ်မှန်းမသိ ဖြစ်ချင်လာသည်။

ရှင်ဟာ.. အနိုင်ရဖို့ ကြိုးစားစရာ မလိုပါဘူး... ကိုကြီး ရဲ့။ ဒီကိစ္စကို ခေါင်းအေးအေးနဲ့ ကိုင်တွယ်ဖြေရှင်းစရာလဲ မလိုဘူး။ ဘာဖြစ်လို့လဲဆိုတော့.. သိင်ဟာ ကိုယ်ကိုယ် တိုင်ပဲ ဒီပြဿနာကို ဖြေရှင်းခဲ့ပြီးသား။ သိင်ရဲ့ အယူအဆ၊ အတ္တမာနနဲ့ တစ်ယူသန် တပ်မက်ခင်တွယ်ခဲ့သော မျိုးရိုးဂုဏ်စောင့်ထိန်းချင်တဲ့ စိတ်ဓါတ်တွေဟာ အဖြစ်သင့် ဆုံးကို ဆုံးဖြတ်ပြီးပြီမို့ ကိုကြီးဟာ အနိုင်ရမြဲရလျက်ပါ။

သို့သော် သီဂီတော်သည် ကိုကြီးအား ပြန်ပြောပြမိသော အကြောင်းအရာများထဲမှ နောက်ဆုံးတစ်နေ့က ဖြစ်ပျက်သမျှကို ပြန်လည်ပြောဆိုခဲ့နိုင်ဖို့ရာ အတော်ပင် စိတ်တင်းရပါပြီ။ ကြည့်စမ်း ကိုဟာ အဲ့ဒီနေ့က ဘယ်လောက်တက်ကြွနေခဲ့သလဲ အနာဂတ်ကို ဘယ်လောက်ပြင်ဆင်ခဲ့သလဲ ဘာတွေ ကတိပေးခဲ့သလဲ တစ်ခုမှ မေ့လို့ မရသေးပြီကွယ်။

အဲ့ဒီနေ့မှာ ကိုသည် သူမအတွက် တွေ့တွေ့ချင်း သူ့ရဲ့ ကဗျာဆန်သော မရိုးနိုင်သည့် လက်ဆောင်ကလေးတစ်ခု

စေတနာစာပေ



ဖြစ်သည့် ခပ်သေးသေး နှင်းဆီပန်းရောင် ဖျော့ဖျော့ကလေးကို အရင်ဆုံး သူကိုယ်တိုင်ပင် Y- ပုံစံ ရင်ထိုးကလေးဖြင့် သူမ၏ ရင်ဘတ်မှာ ထိုးပေးခဲ့၏။ ပြောရဦးမယ်.. ကိုက နှင်းဆီပန်းနဲ့ ရင်ထိုးတို့ကို အတူတူတွဲ၍ သူမ၏ ရင်ဘတ်မှာ ထိုးပေးတတ်တာ သိပ်မကြာသေး။ ပြီးတော့ အဲ့ဒီနေ့က အိုက်စကရင်နှင့် ဝေဖါ ကတော့ပုံ တွဲရက်ပုံစံ ကီးချိန်းကလေးကို သူမ၏ ကျောပိုးအိတ် ဇစ်မှာ သူကိုယ်တိုင်ပင် လက်ဆောင်အဖြစ် တွဲချိတ်ပေးလျက်..

"သိင့်ကို ကိုယ် လက်ဆောင်ပေးထားတဲ့ ပို့စကတ် သေးသေးကလေးတွေ စာအုပ် သေးသေးကလေးတွေထဲမှာ ရေးသည့်ထားတဲ့ ကိုယ့်ရဲ့ အချစ်အကြောင်း စာအုပ်တွေ၊ နှင်းဆီပွင့်တွေ၊ ကီးချိန်းတွေ၊ ကက်ဆက်ခွေတွေ၊ ရင်ထိုးတွေလဲ မနည်းတော့ဘူးနော်.. ဒါပေမယ့် သိင်က ဒီ Y- ပုံစံ ရင်ထိုးကလေးကိုပဲ အမြဲစွဲစွဲလမ်းလမ်း တပ်လာတာ တွေ့ရတယ်... သိင် ကိုယ့်ကို ဘယ်လောက် ချစ်တယ်ဆိုတာ ရင်ထိုးက သက်သေခံနေတယ်ဗျ.. ကိုယ့် နာမည် အစစာလုံး ရင်ထိုးကိုပဲ သိင် အမြဲတပ်တယ်ဆိုတဲ့ အတွက် သိင့်နှလုံးသားထဲမှာ ကိုယ်အမြဲရှိနေတယ်ဆိုပြီး တော်တော့်ကို ပီတိဖြစ်ရတယ်.. သိင့်ရဲ့ အချစ်တွေက ကိုယ့်ကို ရုန်းမထွက်နိုင်အောင် ရစ်နှောင်ထားပြီ သိလား... ချစ်လေးရဲ့..."

"ဒီ အိုက်စကရင်ပုံ ကီးချိန်းကလေးကို.. ရှာရှာဖွေဖွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်က ဝယ်လာတာလဲ.. သိင်ဖြင့် အဲ့ဒါကလေးကို ပို သဘောကျတယ်၊ ကိုနဲ့ သိင် စတွေ့တဲ့ အထိမ်းအမှတ် ကလေး.. ”

“ကြည့်စမ်း.. ကိုယ်တို့ အတွေးချင်း တိုက်ဆိုင်နေပြန်ပြီ.. သိင်ရယ်.. ကိုယ်ရှင်းပြစရာ မလိုအောင် မင်းကြိုသိနေ တယ်ကွာ.. ကိုယ်ရှုန်းမထွက်နိုင်တော့ဘူး စုန်းမလေးရေ မင်းနှုတ်ခမ်းများ လွင့်လာမှာ ကြောက်တယ်ကွယ်.. အချစ်ရေ.. လို့ပဲ အော်ဆိုပစ်လိုက်တော့မယ်.. မင်း ပြောသမျှ ကိုယ့်ကို ရေလည်ထိတယ်ကွ.. စုန်းမလေး တစ်ယောက်လို နင်ဟာ ငါ့ကိုပြုစား.. စုန်းမ... ”

“အို.. ဘယ့်နှယ့် စကားပြောလိုက် သီချင်းအော်ဆိုလိုက် လုပ်နေရတာတုန်း.. သိင်ရယ်ရင် ရှင်က ကဲ့ရဲ့တယ်ဆို ပြီး စိတ်ကောက်ဦးမယ် သွားစမ်းပါ.. ကို့အသံကြီးကဖြင့် လေးဖြူကို မမှီပဲနဲ့ လိုက်ဆိုပြန်ပြီ.. သိင့်ကိုလဲ စုန်းမလို့ ခေါ်တာ.. ဟင်း.. သိင် သဘောမကျပေါင်... ”

“အံမယ်... ကောင်မလေး ခင်ဗျား.. ကျွန်တော့်ကို အထင်သေးပြီး ကဲ့ရဲ့မနေနဲ့.. ကိုယ်လဲ မကြာခင် သူတို့ လို နာမည်ကြီး အဆိုတော်ဖြစ်တော့မှာကွ.. မယုံမရှိနဲ့ ခင်ဗျ။ မမလေး-အိုက်စကရင်ဖို့ရှာဖို့ ကိုယ်စီးရီးထုတ်တော့ မယ်။ ကားပွဲစားတန်းမှာ ကားပွဲစား လိုက်လုပ်ရင်





ကိုယ့်ကြောင့် မကြာခဏ ကားအရောင်းအဝယ်ဖြစ် ဖြစ်နေတဲ့ ကိုယ့်ရဲ့ သူဌေးက လက်စသတ်တော့.. သီချင်း သွင်းတဲ့ စတူဒီယို တစ်ခုပိုင်ရှင်ကိုးကွ.. သူက ကိုယ့် အသံကို နားထောင်နေတတ်တာ ကိုယ်မသိဘူး.. ကိုယ် ကတော့ ထုံးစံအတိုင်း သီချင်းသံကြားရင် အထူးသဖြင့် လေးဖြူသီချင်းကြားရင် လိုက်မဆိုပဲ မနေနိုင်တော့ လိုက် ဆိုတိုင်း သူက ပြုံးပြီး နားထောင်တယ်ကွ.. ဟိုးတစ်နေ့ ကမှ ကိုယ့်ကို သူက သူ့ရဲ့မူလ အလုပ်အကြောင်း ပြောပြ ပြီး ကိုယ့်ကို စီးရီးသွင်းဖို့ သူတာဝန်ယူမတဲ့.. သူ့ အကုန် အကျခံမှာတဲ့.. ကိုယ်က အသံစိုက်ရုံတင်.. ရှုံးရင် သူပဲ ခံမယ်.. အောင်မြင်ရင်တော့.. ကိုယ့်ကိုရာခိုင်နှုန်းနဲ့ ပေး မတဲ့.. ကြည့်စမ်း.. ကိုယ် ဘယ်လောက် ကံကောင်း လိုက်သလဲ.. ကိုယ့်ချစ်သူကလေးကို ရဲရဲဝံ့ဝံ့ ကိုယ့်ဘဝထဲ ခေါ်ဖို့ ရလာတဲ့ အင်အားတွေ သိင်ရဲ့.. ကိုယ် အောင် မြင်အောင်လုပ်မယ်.. သိင့်ကို ကိုယ့်ရဲ့ အောင်မြင်ကျော် ကြားတဲ့ ဘဝထဲကို ဆွဲခေါ်ရင် သိင်လဲ မျက်နှာ မငယ်ရ ဘူးပေါ့.. ”

သူမ ရင်ထဲမှာ အံ့ဩစရာကောင်းသော ဆန်းကြယ် သည့် အဖြစ်တစ်ခုအတွက် တုန်လှုပ်နေခဲ့သည်။ သိင်္ဂီတော်သည် ဤအဖြစ်အပျက်မျိုး ကြုံရမည်ဟု မမျှော်လင့်မိခဲ့ချေ။ ဟုတ်တယ် တယ်တုန်းကမှ... ကဲ ခုတော့ တကယ်ကြုံရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ကိုဟာ ဘယ်လောက်တက်ကြွနေခဲ့သလဲ။ ဘယ်လောက်စိတ်အားထက်သန်နေခဲ့သလဲ၊ ကို့ရဲ့ မျက်လုံးထဲမှာ အနာဂတ်အတွက် မျှော်လင့်ချက် အရောင်တွေ ပြည့်နက်လို့တည်း။

"အဲ့ဒီလူ ဘဝများ ချမ်းသာလိုက်တာ သိင်ရယ်..။ သီချင်းသွင်းတဲ့ စတူဒီယိုတစ်ခုလဲ ပိုင်သေးတယ်၊ ကားပါမစ်တွေလဲ သူက ကုမ္ပဏီတွေနဲ့ ညှိပြီး ဝယ်တာမို့ ကိုယ်တို့မှာ သူပါမစ်ဝယ်ထားတဲ့ကား မြန်မြန်ရောက်လာဖို့ ဆုတောင်းရတယ်.. ကားတွေက အပျံစားတွေချည်းသွင်းတာ.. ကိုယ်တို့က အဲ့ဒီကားတွေ ယူမောင်းခွင့်ရတယ်၊ ပွဲစားတန်းမှာ ဈေးကွက်တင်ပေးရတယ်.. အရောင်းအဝယ်ဖြစ်ရင် ပွဲခကတော့ ရေလည်စီတာ၊ ကိုယ်နဲ့ ပြည်စိုးက တွဲလုပ်တော့ တစ်ယောက်တစ်ဝက်ယူရတာပေါ့.. ကိုယ်က အဲ့ဒီလောက် ပွဲခကလေးကို မကျေနပ်နိုင်ဖြစ်နေပြီး ပွဲခထဲကဖဲ့ပြီး အလုပ်တစ်ခုလုပ်ဖို့ ငွေစုနေတာ သိင့်ဆီက အချစ်ကို ရကတည်းက စတာပဲ။ ကိုယ်အလုပ်တွေ အများကြီးလုပ်မှ သိင့်ကို ကိုယ်လက်ထပ်ယူရမယ့် ဘဝကို ရမှာလေ.. ကဲ.. အခုတော့.. အဲ့ဒီဘဝကို သိပ်မစောင့်ရတော့ဘူး တစ်ခွေတည်းနဲ့ ပေါက်သွားလို့ကတော့ သိင့်ကို ချက်ချင်းလာတောင်းရမ်းပစ်လိုက်မှာပဲ... အနုပညာလောကထဲဝင်ရတာက အားလုံးထက်သာတာတစ်ချက်ရှိတယ်...





အဲ့ဒါကဘာလဲဆိုတော့.. ဘယ်သူမှ မရနိုင်တဲ့ အောင်မြင်မှုဆိုတာပဲ ငွေရှာတာ လူတိုင်းရှာတတ်တာပဲ.. အောင်မြင်မှုကျတော့ လူတိုင်းမရဘူး သိင်ရဲ့... ကိုယ်တော့ သိင့်ကို ပိုင်ဆိုင်ဖို့ အခွင့်အရေးတွေ ချက်ချင်းပေါ်လာတဲ့အတွက် အရမ်းပျော်နေတယ်... "

ကို၏ အသံမှာ တုန်ခါနေတော့သည်။ ဒီနေ့ ကိုသည် သူကချည်း စကားတွေ ဗိုင်ခံပြောလျက် သူ၏ ခြေလှမ်းအသစ်အတွက် စိတ်လှုပ်ရှားနေတာတော့ အမှန်ပင်။ အို... ဒီအချိန်မှာ ကို စိတ်အနှောင့်အယှက်ဖြစ်သွားအောင် ကိုကြီးဟာ နောက်တစ်ရက်ကြာပြီးတဲ့နေ့ သဘက်ခါမှာ ပြန်ရောက်မယ်ဆိုတာ သိင် ပြောသင့်သလား။ ဟင့်အင်း.. သိင် မပြောရက်ပြီ။ သူ့ကို ပျော်နေတာကလေးပဲ သိင်မြင်ချင်သည်။ ဒီနေ့ဟာ နောက်ဆုံးတွေ့တဲ့နေ့ပဲ.. ကို။ ကိုကြီး ပြန်လာပြီးရင် သိင့်ကို ရှင်ဘယ်လိုမှ တွေ့ရတော့မယ် မထင်ဘူး။

မေမေ့ ကုမ္ပဏီကို သိင်လိုက်လာမှာ မဟုတ်တော့ဘူး။ ကို ဖုန်းဆက်မဲ့ အချိန်ကို မှန်းပြီး သိင်စောင့်မနေတော့ဘူး။ ကို ချိန်းရင်လဲ သိင်လာတော့မှာ မဟုတ်ဘူး။ ကိုကြီး ပြန်ရောက်ပြီး နှစ်ပတ်အကြာမှာ သိင်ဟာ လက်ထပ်ရတော့မှာကွယ်။ အခုဆို သိင် သတို့သမီးဝတ်စုံတောင် ချုပ်နေပြီ.. အဲ့ဒါတွေ ကို့ကို တစ်လုံးမှ မပြောချင်။ ကို့၏ ဝမ်းနည်းကြေကွဲသော မျက်နှာကလေးကို နောက်ဆုံးမြင်ရခြင်းနဲ့ မခွဲခွာလို.. ကို၏ လန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



တက်ကြွသော ရယ်မောဟန်ကလေးအား ဒီနေ့နောက်ဆုံးမြင်ရခြင်းဖြင့်သာ ခွဲခွာရလိုသည်။

ထို့ကြောင့် သူမသည် ကို တက်ကြွစွာ ပြောသမျှတွေကို ဘာတစ်ခွန်းမှ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုဘဲ ငြိမ်ငြိမ်ကလေးပဲ နားထောင်ပေးခဲ့ပါသည်။

"သိင့်... ဘဲကြီးက ဘယ်တော့ ပြန်လာတော့မလဲ... ပြန်လာရင် သူ့ကို အကျေအလည် ဆွေးနွေးပစ်လိုက်ကွာ... သူ့ကို နာသွားအောင် ပြောပစ်လိုက်... ရှင့်ကို သိင် မချစ်ဘူး... လက်မထပ်နိုင်ဘူးလို့ ရန်တွေ့နော်... သိင့်မှာ ချစ်သူရှိတယ်ဆိုတာလဲ ပြောလိုက် သူ့ကို မချစ်တဲ့ မိန်းမတစ်ယောက်ကို သူ သိသိကြီးနဲ့ မျက်နှာပြောင်တိုက်ယူရဲမယ် မထင်ဘူး... နေပါဦး... သူက ဘယ်တော့ ပြန်လာမှာလဲ... "

ကို၏ မေးခွန်းအတွက် လိမ်ညာရသည်မှာ အတော်လေး ခဲယဉ်းခဲ့လေစွ။ ကို့ကို ညာရလျှင် သူမ၏ ညာပြောသော နှုတ်ခမ်းတွေကို စိတ်ကွက်နာကြည်းမိသေးသည်။

"ကြာဦးမှာပါ... ပြန်မလာသေးပါဘူး... "

ထိုသို့ လိမ်ညာနေစဉ်တွင် တထိတ်ထိတ်တွေးနေမိသည်မှာ ငါ သူ့ကို ခွဲမှခွဲနိုင်ပါ့မလား မသိ။ မေ့လို့မရဟာ တော့





သေချာသည်။ ကြည့်စမ်း ကိုယ် တကယ်လက်မထပ်နိုင်ပဲနဲ့ ယောကျ်ားတစ်ယောက်ကို ဘာလို့ ရူးရူးနှစ်နှစ် ချစ်မိသွားသလဲ.. အဲ့ဒီလိုချစ်ဖို့ ဘာလို့ ဖန်တီးခဲ့မိသလဲ။

"ကောင်းတာပေါ့.. အဲ့ဒါဆို ကိုယ့်ဘက်က ပြင်ဆင်ချိန် အများကြီးရတာပေါ့.. သိင်။ သိင် အားမငယ်နဲ့။ ကိုယ်က သိင်စိတ်ချယုံကြည် အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်ရပါစေ့မယ်လို့ ကတိပေးတယ်.. "

အဲ့ဒီနေ့က ချစ်သူဘဝ သာယာမှုအတိနဲ့ ဆုံတွေ့ပြီး ကို့ရဲ့ အနာဂတ်မျှော်လင့်မှုတွေကို နားထောင်ပြီး ပြန်လာခဲ့ချိန်မှာပေါ့။ ကံကြမ္မာဟာ ဘယ်လောက် အပြိုးအတေးကြီးစွာ ရက်စက်ခဲ့သလဲ။ သိင်ရဲ့ ကိုနဲ့ နောက်ဆုံးတွေ့ကြခြင်းမှာ ကို့ရဲ့ ပျော်ရွှင်တက်ကြွသော မျက်နှာလေးကို မြင်ရခြင်းနဲ့ပဲ ခွဲခွာချင်တဲ့ သိင့်ဆန္ဒတွေ မပြည့်ခဲ့ပါလား.. ကို။

မေမေ... ။ မေမေဟာ သူမ၏ ကားကို အပ်ထားပေးခဲ့ရာ အိမ်ကို ဘယ်လိုသိသလဲ။ ပြီးတော့ ကိုယ့်ကိုကိုယ် ပိရိလှပါပြီလို့ ထင်ထားခဲ့တဲ့ သူမ ဘယ်လောက်ညံ့ဖျင်းခဲ့ပါသလဲ။ မေမေသည် သူ့မှာရှိသော သော့အပိုဖြင့် ကားတံခါးကို ဖွင့်၍ အထဲဝင်ထိုင်ရင်း ကို့လက်မောင်းကိုမှီတွယ်၍ လျှောက်လာသော သူမအား စိန်ခေါ်စွာ စောင့်ကြည့်လျက် အိုး.. မေမေ့မျက်နှာက အပြုံးမဲ့မဲ့တွေကို သိင် ကြောက်ပါတယ်... မေမေ။



www.burmeseclassic.com

www.burmeseclassic.com



သိင်္ဂီတော်သည် မေမေ့မျက်ဝန်းများရှေ့တွင် ခြေစုံရပ်လျက် ခေါင်းငုံ့လိုက်မိသည်။ ကိုက ခပ်ရှုံ့ရှုံ့မဟုတ်ပဲ တည်ငြိမ်သော ခြေလှမ်းတွေဖြင့် သူမနံဘေးလာယှဉ်ရပ်လိုက်၏။

"သိင်က ဘယ်တော့မှ မမိုက်ခဲ့ဖူးဘူးဆိုတာ မေမေလက်ခံရဦးမလား... သိင်။ သမီး တစ်ခါတုန်းက မေမေ့ကို ပြောခဲ့တဲ့ စကားတစ်ခွန်းကို မေမေ ဘယ်လိုမှ မေ့လို့မရသေးဘူး။ ဒါပေမယ့်... ငါ့သမီး အပြောနဲ့အလုပ် မညီပါလားဆိုတာကို အခု မေမေအတော်အံ့ဩနေပြီ..."

မေမေ၏ ထိုးနှက်သော စကားလုံးများသည် အချက်ပေါင်းများစွာ ရိုက်ခံရသည်ထက်ပင် နာသေးရဲ့ဟု သူမ၏ရင်ထဲတွင် နာကျင်ယူကြုံးမရဖြစ်စွာ တွေးလိုက်မိသည်။

"မေမေက ငါ့သမီးတော့ F.M.I ဖြစ်ဖြစ်၊ ယုဇနဖြစ်ဖြစ်၊ ဂမုန်းပွင့်ဖြစ်ဖြစ်၊ ဗိုလ်ချုပ်ဈေးမှာပဲဖြစ်ဖြစ် အဆင့်အတန်းရှိရှိနဲ့ Shopping ထွက်နေပြီထင်တာ... လက်စသတ်တော့ မေမေ့သမီးက ကိုယ်တိုင်ကားမောင်းပြီး စတိုင်လ်ကျကျ သွားဖို့ထက်သွားဖို့ထက် ချွေးသံတရွှဲရွှဲနဲ့ခြေကျင်လျှောက်ရဖို့ နေပူခံရဖို့ကို အတော်စိတ်အားထက်သန်တော့တာကိုး ကြည့်စမ်း မေမေအဲဒါကို လုံးဝမရိပ်မိပါလား အသက်နှစ်ဆယ့်သုံးနှစ်လုံးလုံး ကိုယ့်မျက်စိအောက်မှာ သွားလာလှုပ်ရှားနေတဲ့ သိင်ကလေးဟာ လမ်းမပေါ်မှာ အပင်ပန်းခံ





နေပူခံပြီးအောက်တန်းကျကျလျှောက် အလေလိုက်ချင်စိတ်ရှိမယ်လို့ မထင်ခဲ့တာအမှန်ပဲ-အိုးအို မေမေ ဒီတခါပဲ လူကဲခတ်ညံ့ဖျင်းသွားပြီ"

"မေမေ သိင်ကိုအဲဒီလိုစကားတွေနဲ့မနှိပ်စက်ပါနဲ့ သိင်ခံနိုင်ရည်မရှိလို့ပါ.. သိင်မိုက်တယ်လို့မေမေထင်ရင်မေမေ သိင်ကိုရိုက်ချင်ရင်ရိုက်ပါ အခုလိုမေမေပြောတာတွေက သိင်ကို... သိင်ကိုမေမေအချက်ပေါင်းများစွာ ရိုက်တာထက်ဆိုးတယ်မေမေရဲ့... သိင်ရင်ဘတ်ထဲမှာ သိပ်နာရပါတယ်"

မေမေသည် ကိုထံသို့ စူးစူးရဲရဲတစ်ချက်စိုက်ကြည့်ပစ်လိုက်သေးသည်။ မေမေ၏အကြည့်တွင် အထင်သေးမှု၊ နှိမ့်ချမှု၊ လှောင်ပြောင်မှု၊ အဆင့်အတန်းခွဲခြားမှု၊ မုန်းတီးမှုများပြည့်နှက်ပါဝင်နေကြောင်း သူမသိလိုက်ရချိန်တွင် ကိုနဲ့မေမေကြားမှာ ပဋိပက္ခဖြစ်ရမှာကို သူမ မမြင်လို။ ထို့ကြောင့် သူမသည်ကားအပြင်မှာထွက်ရပ်နေပြီဖြစ်သော မေမေ့လက်မောင်းကိုပြေးဖက်ကာ။

"မေမေ... မေမေ... လာပါ.. ပြန်ကြရအောင်ပါ မေမေရဲ့... သိင် နောက်တစ်ခါ ဒါမျိုးကိစ္စနဲ့ မေမေ့ကို စိတ်အနှောင့်အယှက် မပေးတော့ပါဘူး မေမေ... သိင် ကတိပေးပါတယ်.. ပြန်ရအောင်ပါ မေမေ... "

"မေမေ... ညည်းကို လာခေါ်တယ်လို့များ ပြောမိသ



www.burmeseclassic.com

www.burmeseclassic.com



လား… ”

“ရှင်… မေမေ… ”

သိင်္ဂီတော်သည် မေမေ့ထံမှ မထင်မှတ်သော စကားကို ကြားလိုက်ရလျှင် တစ်ကိုယ်လုံး ထုခြေခံလိုက်ရသလို ကြေမွသွားခဲ့တော့သည်။ မေမေ့မျက်နှာတွင် အေးစက်မှုက ကြီးစိုးနေတော့လျှင် သိင်္ဂီတော်သည် ကြောက်လန့်တကြား စတင်ငိုကြွေးမိတော့၏။ မျက်ရည်များ စွန်းထင်းလာပြီဖြစ်သော သူမကို မေမေသည်…

“မိဘကို အယုံသွင်းပြီး မိဘကွယ်ရာ… ဘွားအေစကားတွေ သံယောင်လိုက်ပြီး ဘွားအေကွယ်ရာမှာ… ကိုယ်လုပ်ချင်တာလုပ်တဲ့ သမီးတစ်ယောက်ကို မေမေက ဒါလုပ်ရမယ်၊ မလုပ်ရဘူးလို့ မတားမြစ်ဘူး… ကိုယ့်စိတ်ဆန္ဒအရ နေချင်တာ ဒီလိုဘဝမျိုး… လက်တွဲချင်တာ ဒီလိုလူမျိုးဆိုတာ အခု မေမေသိလိုက်ပြီ… ဒီတော့ ညည်းကို မေမေ ဒီကောင်လေးလက်ထဲမှာ ထားခဲ့မယ်… ညည်းသိပ်လက်တွဲချင်တယ် မဟုတ်လား နေခဲ့ရဲ့ရမှာပေါ့… ဘာမနေရဲ့စရာရှိလဲ။ ဘာအားမကိုးရဲ့စရာရှိလဲ… သိင်္ဂီတော်။ ဒါကြောင့် ညည်းကို မေမေ ပြန်မခေါ်နိုင်ဘူး… သူနဲ့ပဲ ထားခဲ့တော့မယ်ဆိုတာ မေမေပြောပြဖို့ တမင်စောင့်နေတာပဲ… သိပြီလား သိင်… တဲ… နေခဲ့တော့… ”

❀ ဧဝကာနာဂါပေ ❀



ပညာသားပါပါ စိန်ခေါ်လိုက်သည့် မေမေ့စကားလုံးများအောက်တွင် သိင်္ဂီတော်သည် ထိတ်လန့်စွာ တွေးမိသည်မှာ ကို၏ ရှေ့တွင်ပင် မေမေ့အား ကို့ကို လက်မထပ်နိုင်ပါဘူး။ ကိုနဲ့ မနေချင်ပါဘူးဟု ဖျစ်ညစ်ပြောရတော့မည် စကားတွေအတွက် ကို၏ ထိခိုက်ကြေကွဲရခြင်းများစွာကို ရင်ဆိုင်ရတော့မည်ဆိုတာပဲ ဖြစ်၏။ ကို့ကို နောက်ဆုံးတွေ့ပြီး ခွဲခွာမှုမှာ ကို့ရဲ့မျက်နှာကလေးဟာ ပျော်ရွှင်ပီတိဖြစ်မှု အတိဖြစ်စေချင်ခဲ့ပါတယ်… အခုတော့ကွယ်… ကိုဟာ ထိခိုက်ကြေကွဲကျန်ရစ်ရမတဲ့။ ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်… ဘယ်လောက်ထိ ရက်စက်နိုင်ခဲ့ပါသလဲ။

“မေမေ… သိင်… မေမေနဲ့ပဲ ပြန်လိုက်ပါရစေ… သိင့်ကို အဲ့ဒီလိုတော့ မထားရစ်ခဲ့ပါနဲ့ မေမေ… သိင် မေမေတို့နဲ့ပဲ နေပါရစေ… သိင်လေ… သိင်… သူ့ကို… ”

ထိုစကားပြောလိုက်ဖို့အတွက် သူမ တကယ်ကြေကွဲသွားခဲ့ပါသည်။ ကိုဟာ အမှန်တကယ် အပြစ်ကင်းသော လူငယ်တစ်ယောက်အဖြစ် စွန့်လွှတ်ဖို့ သူမ နှုတ်ပြောတာသပါသည်။

“ပြောပါ… သိင်… ကိုယ့်ကို မင်းဘယ်လိုသဘောထားတွေနဲ့ ဆက်ဆံသလဲ။ မင်းဆန္ဒ အစစ်အမှန်က ဘာလဲ မင်းရဲ့စိတ်အလိုလိုက်မှုတစ်ခုကြောင့် တွဲပါတယ်… ဆိုတာတွေ။ မင်းရဲ့ မေမေက ထားရစ်ခဲ့တာတောင် ကိုယ့်ဆီမှာ ယုံကြည်စိတ်ချစွာ မနေခဲ့ရဲတာဟာ ကိုယ့်ဆီမှာ မင်းအသားကိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်ကဲ့ အရည်အချင်းတွေ မရှိနေခဲ့လို့ပါ.. ဆိုတာတွေ မင်း ရဲရဲကြီး ပြောလိုက်စမ်းပါ.. ကိုယ် အဲ့ဒီလောက် မင်း အမူအရာတွေကို မလေ့လာမိလောက်အောင် မညံ့သေးပါဘူး... ”

ကိုသည် အေးစက်စက်၊ သို့သော် ဒေါသတွေ စွက်နေခဲ့၍ အနည်းငယ် တုန်ခတ်နေသော အသံဖြင့် သူမအား သူမ၏ ဆန္ဒအမှန်ကို ပြောလိုက်ဖို့ တိုက်တွန်းလေပြီ။ ကြည့်စမ်း ကိုယ့်ကို အမူအရာတွေ ဘယ်လောက် ပျက်ယွင်းတုန်လှုပ်ခဲ့သလဲ။ တို့နှစ်ယောက်အတူလျှောက်ရဲရမည့် သတ္တိ ကိုယ့်မှာ မရှိနေဘူး ဆိုတာကို ရိပ်မိသွားခဲ့ပြီတည်း။

“ကိုယ်.. ခြောက်လလုံးလုံး ယုံယုံကြည်ကြည်နဲ့ ချစ်မြတ်နိုးခဲ့မိတဲ့ မိန်းမတစ်ယောက်ရဲ့ ဆုံးဖြတ်ချက် အစစ်အမှန်ဟာ ဘာဖြစ်မလဲဆိုတာ... ကိုယ်ရင်ဆိုင်နိုင်ဖို့ သတ္တိရှိပါတယ်... သိင်။ သိင်ရဲ့ မှန်ကန်သော ဆုံးဖြတ်ချက်အတွက် ကိုယ်... နောင်တရချင်လို့ သိင့်... ရင်ထဲက ဆန္ဒအမှန်တွေကို ကိုယ့်ရှေ့မှာ ပြောခဲ့ပေးစမ်းပါ.. တဆိတ်ကျေးဇူးပြုပြီးတော့ပေါ့ သိင်... ”

ဘုရားရေ.. ကိုယ့်နှုတ်ခမ်းတွေဟာ တဆတ်ဆတ် တုန်ယင်လို့ကွယ်။ အသည်းနှလုံးဟာ အဲ့ဒီအချိန်မှာ ဆွဲယူဆုပ်ကိုင်ချေမွလိုက်သလို ပြင်းပြစွာ နာကျင်ရတော့ကာဖြစ်သည်။

စေတနာစာပေ



ကိုများ နာကြည်းသွားခဲ့ရင် သိင်... ဘယ်လိုဖြေသိမ့်ရမလဲ။ ထားလိုက်စမ်းပါ.. ကိုယ်ဟာ သိပ်ကို အတ္တကြီးပြီး တစ်ကိုယ်ကောင်းဆန်တဲ့ မိန်းမတစ်ယောက်အဖြစ်ပဲ ထားလိုက်စမ်းပါ။ ပါးပြင်ထက်မှ မျက်ရည်များကို ပွတ်သုတ်ပစ်လိုက်ပြီးနောက် အသက်ပြင်းပြင်းရှိုက်သွင်းကာ သူမ၏ တိုးလွှသော အသံဖြင့် မေမေ့ကို ဂန်ခံလိုက်သော စကားမှာ အမှန်တကယ်တင်စားရလျှင်တော့ သူမအတွက် အနီးကပ်ဗုံးတစ်လုံးပေါက်ကွဲသည့်ပမာ ရှိတော့၏။

“မေမေတို့ရဲ့ အသိုင်းအဝိုင်းမှာပဲ သိင်နေချင်ပါတယ်... သိင် သူ့ကို လက်မတွဲရဲတာထက် လက်တွဲဖို့ အထိတောင် အစတည်းက ဆုံးဖြတ်မထားခဲ့ပါဘူး မေမေ... သိင် စိတ်သာယာမှုတစ်ခုတည်းကို ကြည့်ပြီး ဆန္ဒရဲ့ အလိုကိုလိုက်မိတာပါ.. သူ့ကို သိင် ဘာကြောင့် လက်မတွဲရသလဲဆိုတာ မေမေ သိမှာပါ... သိင် ငယ်ငယ်ထဲက ကြွေးကြော်ခဲ့တဲ့ သူဌေးဘွဲ့နဲ့ သူကြွယ်ဘွဲ့မှာ ဘယ်ဟာ မြတ်သလဲဆိုတာကို သိင်... အခုထိ မမေ့သေးဘူး... မေမေ။ သူ ဘယ်လောက်ပဲ အလုပ်ကြိုးစားလို့ ချမ်းသာလာပါစေ... သိင် သူ့ကို လက်မတွဲဘူး မေမေရဲ့... သိင်က သူဌေးမျိုးရိုး စစ်စစ်ကပါဆိုတဲ့ ဂုဏ်ကို တပ်မက်သေးတယ်... ဒါကြောင့် မေမေ ဘယ်လောက်ထားခဲ့မယ် ပြောပြော... သိင် မရမက မေမေ့ကို ကုပ်ကပ်တွယ်ပြီး ခြေသလုံးမက်

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်ရရင်လဲ တောင်းပန်ပါ့မယ်။ သိင် အခု ဝန်ခံပါ့မယ်... ဒီနေ့ သူနဲ့တွေ့တာ နောက်ဆုံးပဲလို့ ဆုံးဖြတ်ပြီး လာတွေ့တာပါ။ နောက် နှစ်ပတ်ကြာရင် သိင်က ကိုကြီးနဲ့ လက်ထပ်ရမှာမို့ အခု သူ့ကို နောက်ဆုံးလာတွေ့တာပါ... သိင့်ကို ပြန်ခေါ်ပါ မေမေရဲ့... ပြီးတော့ သိင့်စကားတွေဟာ အမှန်ပါပဲဆိုတာကို မေမေယုံပါလို့ သိင် တောင်းပန်ပါတယ်... "

ကိုသည် ဒေါသတကြီးပင် တက်တစ်ချက်ခေါက်လိုက်၏။ အို... ကို... သိင့်ကို ရိုက်လိုက်ပါလား ကိုရယ်။ သိင်ဟာ ကို့ကို လှဲ့စားခဲ့မိပါတယ်။ ကို့လက်သီးတွေ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တာ တွေ့ရသည်။ အံတွေ တင်းတင်းကြိတ်ထားလွန်း၍ ကို၏ သီချင်းတွေကို နှစ်သက်စွာ ဆိုတတ်ခဲ့ဖူးသော နှုတ်ခမ်းကလေးပေါက်သွားမှာ စိုးရိမ်ပါရဲ့။ ကိုရဲ့ မေးကြောကြီးတွေက ထောင်ထနေတော့၏။ ကို... သိင့်ကို မုန်းသွားပြီလား။

"သိပ်တရားမျှတတဲ့ အဆုံးအဖြတ်တစ်ခုပါ... သိင်။ ပြီးတော့ ကိုယ်အချစ်မြတ်နိုးဆုံး မိန်းမတစ်ယောက်ရဲ့ နှုတ်ခမ်းက အဆင့်အတန်းခွဲတဲ့ စကားကို ပြောခံလိုက်ရတဲ့အတွက် ကိုယ့်ကိုကိုယ် သိပ်နောင်တရသွားပြီ။ ဟုတ်တယ်... တကယ်တော့ ကိုယ်ဟာ မင်းဖန်တီးပေးမဲ့ အနာဂတ်ဆိုတာကို သိပ်ယုံကြည်လွန်းနေခဲ့မိတဲ့အတွက် နောင်တရတယ်... သိင်..."

❁ စေတနာစာပေ ❁



သွေးဆူပေါက်ကွဲလွယ်၊ ထိရှလွယ်၊ တဇွတ်ထိုးဆန်၍ ကမူးရှူးထိုးရှိတတ်သော ကို့ရဲ့ ကိုယ်ပိုင်အမူအရာတွေသည် အဲ့ဒီနေ့က ရှိမနေခဲ့ချေ။ ကိုသည် အေးဆေးတိတ်ဆိတ်စွာပင် သူမ၏ စကားတို့၌ ရပ်တည်နိုင်ခဲ့ပါသည်။

မေမေက မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည့်အခါ သူမသည် မေမေ့နံဘေးခုံတွင် ဝင်ထိုင်သည်အထိ နောက်ကျောကို စိုက်ကြည့်နေမည့် မျက်ဝန်းအစုံ၏ အေးစက်မှုကို ပြင်းပြင်းထန်ထန် ငိုရှိုက်လိုက်ချင်သည်။ သို့သော် ဒီတစ်ခါ ဒီလောက် ဝမ်းနည်းစိတ်ထိခိုက်ရပါရက်နဲ့ ဘာဖြစ်လို့ငိုလို့မရတော့တာပါလိမ့်၊ တွေးမရချေ။ ငိုလို့ရရင် သိပ်ကောင်းသွားမယ် ထင်ပါရဲ့။ ဟင့်အင်း... အဲ့ဒါလည်း အချည်းနှီးသာ ဖြစ်မှာပါပဲ ကိုရယ်။

"သမီး ဒီလိုဆုံးဖြတ်တဲ့အတွက် မေမေ မချီးကျူးဘူး... ဘယ်လောက်ဆိုးသလဲကွယ်... မေမေ အင်မတန်ဂုဏ်ယူစိတ်ချထားခဲ့ရတဲ့ သမီးဟာ မေမေ့နောက်ကျောကို ဓါးနဲ့ထိုးခံရတဲ့ အဖြစ်မျိုး ဖန်တီးတယ်... သိပ်သနတာပဲ... ကိုယ်နဲ့ အဆင့်အတန်းမတူတဲ့ ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ သွားပျော်မွေ့တာမျိုး... အို... ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့ ပျော်ရွှင်သာယာမှုတစ်ခုတည်းကိုသာ ကွက်ကြည့်တက်ပြီး ကိုယ်လိုချင်တာ တစ်ခုတည်းကို မငဲ့မညာတဲ့ နည်းနဲ့ မရ,ရအောင်ယူတတ်တဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘဝမျိုးကို မေမေ့သမီး ခံ့မင်ခဲ့တဲ့အတွက်… မေမေ လက်ဖျားခါအောင် အံ့ဩတယ်.. လူလူချင်း ခွဲခြားတယ်ပဲ ပြောပြော… မေမေကတော့ အဲ့ဒီ အဆင့်အတန်းနိမ့်တဲ့ ယောက်ျားရဲ့ ရင်ခွင်မှာ ခဏဖြစ်ဖြစ်ဝင်ရမှာတောင် ကိုယ့်ကိုကိုယ် ရွံလို့မဆုံးဘူး… ဘယ်လောက်ရှက်စရာ ကောင်းလိုက်သလဲ… ”

မေမေ၏ ရင့်သီးသော အသုံးအနှုန်းများအောက်တွင် သူမ၏ ဘဝသည် အဲ့ဒီနေ့လောက် ပြိုကွဲလွင့်စင်သွားရတာမျိုး မရှိခဲ့ပြီ။ တကယ့်တကယ်တော့ ကိုနဲ့ ဤသို့ တစ်ယောက်နဲ့တစ်ယောက် နာကြည်းမုန်းတီးရခြင်းများဖြင့် မခွဲခွာလိုပါပဲ ခွဲခွာရခြင်းမှာ ကံကြမ္မာ၏ ရက်စက်လွန်းမှု သက်သက်ဟုသာ အပြစ်တင်ချင်ခဲ့ပါရဲ့။

“မိုက်လိုက်တာ မြေးရယ်.. အံ့ပါရဲ့… ရည်းစားထားတာ အပြစ်မပြောပါဘူး.. ကိုယ့်လိုပဲ အဆင့်အတန်းထဲက လူတစ်ယောက်ကို ရွေးထားရောပေါ့.. အခုတော့ တကယ့်အခြေအမြစ် ဘာမှမရှိတဲ့ ပညာအဆင့်အတန်းလဲ မရှိတဲ့ ကလေကချေကိုမှ ရည်းစားတော်ရသတဲ့လား… ကံကြီးပေလို့.. မတော်လို့များ အဲ့ဒီလူနဲ့ မဖြစ်မနေယူလိုက်ရရင် အသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာပြရမလဲ.. ကိုယ့်မျက်နှာကို ဓါးနဲ့သာ လှီးပစ်လိုက်ချင်တယ်.. အောင်စစ်မင်းနဲ့ ယှဉ်လို့ရတဲ့ အရည်အချင်းမရှိရင်တောင် ဂုဏ်သရေရှိ





အဆင့်အတန်းထဲက လူနဲ့ ပေါင်းဘက်လို့က ကျုပ် အဲ့ဒီလောက် ရှက်မယ်မထင်ဘူး… တော့ ကြည့်စမ်း။ အမှန်တော့ အဲ့ဒါ.. ညည်းတရားခံပဲ မြရည်.. ကလေးကို အိမ်မှာပဲ နေပါစေဆိုတာ ပြောမရပဲ ညည်းအတင်းဆွဲခေါ်ထုတ်လို့ အပြင်လောကမှာလဲ ရောက်ရော မဖြစ်သင့်တာတွေ ဖြစ်ကုန်တာ… ဘယ်လို အမေလဲ… မြရည်။ ညည်းဟာ သမီးတစ်ယောက်တောင် နိုင်အောင်မထိန်းနိုင်ပါလား… ”

ဘွားအေကြီးသည် ငိုကြီးချက်မဖြင့် သူ့ရင်ဘတ်သူထုကာ ငိုရင်း၊ သိဂီတော်ကို ဆူပူရင်း၊ မေမေ့ကိုလဲ အပြစ်တင်ရင်း။

“မေမေ့ မြေးက တက္ကသိုလ်တောင်သွားတက်လာတာပဲ.. သူ့အတွက် အပြင်လောကဆိုတာ မစိမ်းပါဘူး… အခုလိုဖြစ်ရတာ မြရည်အပြစ်မဟုတ်ဘူး မေမေ။ တစ်ခုတော့ရှိတယ်.. သားသမီးယုံလို့ စုံလုံးကန်းရတယ်လို့တော့ ဝန်ခံပါတယ်.. ”

“အံမယ်လေးလေး.. သဘက်ခါ အောင်စစ်တို့ပြန်လာရင် ကျုပ် ဘယ်လိုဟန်ဆောင်မှုမျိုးနဲ့ ဟန်ဆောင်ရမလဲ.. ခင်ခင်ကြီးဟာ တော်ရုံမိန်းမနဲ့ သူ့မြေးကို သဘောတူချင်တာ မဟုတ်ဘူး။ သိင်ကလေးဟာ ဘွားအေနဲ့ မိခင်

www.burmeseclassic.com



လက်အောက်က ဗိုင်းကောင်းကျောက်ဖိကလေးမို့ သဘောတူခဲ့တာ ကျုပ်အသိ... ကျုပ်တို့ရဲ့ အုပ်ထိန်းမှု ညံ့ဖျင်းတဲ့အတွက် ခင်ခင်ကြီးကို မျက်နှာပူတယ်.. အို... ရှက်စရာကောင်းပါဘိကွယ်... "

အို ဘယ်လိုကံဇာတာပါလိမ့်။ မိမိရှေ့တွင်ပင် မိမိချစ်ရသော ယောကျ်ားတစ်ယောက်၏ နိမ့်ပါးမှုကို ဖေါ်ထုတ်ကဲ့ရဲ့ကြသော မိသားစု အကြားတွင် သိင်္ဂီတော်ဟာ ဘယ်လိုရပ်တည်မှုမျိုးနဲ့ နားထောင်နိုင်စွမ်းရှိနိုင်လိမ့်မည်နည်း။

သိင်္ဂီတော်သည် စိတ်ထဲမှာ သိပ်ကို ပြင်းပြစွာ တောင့်တခဲ့မိသော ကိုနဲ့ ပတ်သက်၍ ပြောခဲ့ရသော ဝန်ခံစကားများအပေါ် ရှိုက်တငင်ငင် ငိုချင်မှုများသည် အခုမှ တကယ်ငိုလို့ရခဲ့ပြီ။ ထိုနေ့မှစ၍ သူမသည် ဘွားအေနှင့် မိခင်တို့၏ အေးမြငြိမ်းချမ်းသော မေတ္တာရိပ်ကို ပြန်လည်တောင့်တ၍ မရတော့ပေ။

ချစ်သူထံမှ ချစ်ခြင်းကိုလဲ ဆုံးရှုံးရရုံတင်မက ချစ်သူ၏ အမုန်းကိုပါ ရခဲ့ပြီ။ ဘွားအေနှင့် မိခင်၏ အပြည့်အဝပေးအပ်ထားခဲ့ပြီးသော မေတ္တာတရားတို့သည်လည်း ပဲ့ကြွေသွားခဲ့ပြီ။ အို.. လောကမှာ ကိုယ့်လောက်ကံဆိုးတဲ့ မိန်းမမျိုး မရှိတော့တာ ...ပန်ပင်တည်း။

❀❀❀❀





"အဖြစ်အပျက်.. အဲ့ဒါအကုန်လုံးပါပဲ.., ကိုကြီး။ ဂီဟာ အခုပြောခဲ့သမျှအားလုံး ဘာတစ်ခုမှ မချွင်းမချန်ခဲ့ပါဘူး ဆိုတာ ကိုကြီး ယုံချင်မှယုံပါ.. ဒါပေမယ့် ဂီ သူ့ကို သေမလောက်ချစ်ခဲ့ပါစေ... ဂီ လက်မထပ်နိုင်ပါဘူး... ဟုတ်တယ် ဘယ်တော့မှ။ သူ ပြောသလို စီးရီးတွေထုတ်လို့ မတော်တဆ အရမ်းအောင်မြင်ပြီး သိပ်ချမ်းသာလာခဲ့ရင်တောင် သူ့ကို ဂီ လက်ထပ်မိခဲ့ရင် အကောင်းသားဆိုပြီးတော့... နောင်တရမှာ မဟုတ်ပါဘူး.., ဂီက မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းမယ်.. ကိုကြီးကို ပေးထားတဲ့ ကတိကို စောင့်ထိန်းမယ်.., အဲ့ဒါဟာ ဂီ့ရဲ့ ဆန္ဒအမှန်ပါပဲ... "

အစဉ်အမြဲ ငြိမ်သက်အေးဆေးနေခဲ့သော ကိုကြီး၏ မျက်နှာပြင်တွင် အနည်းငယ် တုန်လှုပ်မှုကိုတော့ တွေ့ခွင့်ရလေသည်။ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ကို ဆယ့်ခြောက်နှစ်အရွယ်ထဲကစပြီး နှစ်ဆယ့်သုံးနှစ်အရွယ်ထိ ယုံကြည်မြတ်နိုးစွာ သစ္စာရှိစွာ၊ ယုယကြင်နာစွာ၊ နွေးထွေးစွာ ချစ်နေနိုင်ခဲ့ရက် ကိုယ်က မိုက်မိုက်မဲမဲပင် သူ့ရင်ခွင်ကို ခဏမေ့ပြီး နောက်ထပ် ယောကျ်ားတစ်ယောက်ကို အမှန်တကယ်ချစ်စိတ်အတိဖြင့် ခဏဝင်မိပါတယ်ဟု၍ ဝန်ခံနေခြင်းအား အဘယ်ယောကျ်ားကများ မနာလိုဝန်တိုခြင်းကင်းစွာ ဟန်ဆောင်ထားနိုင်လိမ့်မလဲ။ အေးလေ.., အဲ့ဒါကို သူမ,ဘာများ အဆန်းတကြယ်ဖြစ်ရော



www.burmeseclassic.com

www.burmeseclassic.com



မလိုတော့ပြီ။

"ဂီ မှားခဲ့တယ်လို့တော့ နောင်တရတဲ့ စကားကို ဂီ့ရင်ထဲက ဆန္ဒအမှန်ကြောင့် မပြောပါရစေနဲ့... ဂီ အဲ့ဒီအတွက် နောင်တမရခဲ့လို့ပါ။ ကိုကြီးဘက်က ဂီ့ကို လက်မထပ်နိုင်တော့တဲ့အထိ ပစ်ပစ်ခါခါ နာကြည်းသွားတယ်ဆိုရင်လဲ ဂီ ခွင့်လွှတ်မှာပါ။ ကိုကြီး... ကြိုက်သလို ဆုံးဖြတ်ပါ..."

ကောင်မလေးသည် ခံစားချက်မရှိတော့သည့် လူသေကောင်တစ်ယောက်၏ မျက်နှာကဲ့သို့ပင် ရှိချေတော့သည်။ ကြည့်လဲ့သော မျက်ဝန်းကလေးကတော့ ယခုထိတိုင် ကြည်လဲ့နေဆဲ။ ခပ်လက်လက် မျက်ဝန်းတွေကတော့... မနာလိုချင်စရာ ကောင်းလောက်အောင်ပင် တည်ငြိမ်လွန်းနေခဲ့သည်။

ဟုတ်တယ် ကိုယ်ကတော့ ရင်ထဲမှာ ပြောင်းဆန်နေမိတဲ့ ယူကြုံးမရဖြစ်စိတ်ကို ကိုယ်ဘယ်လောက် မြိုသိပ်ချုပ်တည်းထားခဲ့ရပြီလဲ။ မင်းပေးခဲ့တဲ့ အချစ်ဆိုတာကို ကိုယ် တကယ်ပဲ မယုံခဲ့မိသော်ငြား မင်းဟာ တစ်နေ့မှာ ကိုယ့်ကို လက်ထပ်ဖို့အတွက် စိတ်ပိုင်းဖြတ်ပြီး ချဉ်းကပ်လာသမျှ ယောကျ်ားတွေကို မင်း ဥပေက္ခာပြုနိုင်တာ မြင်ရလေလေ ကိုယ် ကျိတ်ကြည်နူးရလေလေပဲ။ အချစ်အပေါ် တစ်ခုတည်းသော သက်သေပြနိုင်မှုဟာ သစ္စာရှိခြင်းတဲ့။ မင်းကလေး သစ္စာရှိလေလေ ကိုယ်ဟာ မင်းကို ပိုယုံကြည်မြတ်နိုးရလေလေပါပဲ... ဂီ။

စေတနာစာပေ



ကိုယ်... စိတ်ကူးလဲယဉ်ခဲ့မိတယ်။ ဂီကလေးဟာ ဒီတစ်သက် ဘယ်ယောကျ်ားကိုမှ ချစ်ဖို့ မစဉ်းစားသရွေ့၊ သူမနဲ့ လက်ထပ်ရမဲ့ သူသာလျှင် သူမ၏ အချစ်ကိုရော ဘဝကိုပါ ပိုင်ဆိုင်ရသူပဲလို့။ အခုတော့ ကိုယ်ဘယ်လောက်နာကျင်ယိုင်နဲ့သွားခဲ့ရပြီလဲ။

"ကိုယ်... မင်းကိုချစ်တယ်... ဂီ။ ညီမလေးတစ်ယောက်လို ထိန်းကျောင်းခဲ့တဲ့ အချိန်ကစပြီး ထားတဲ့ မေတ္တာတရားဟာ... ကိုယ် အရွယ်ရောက်လာလို့ အချစ်ကို ရှာဖွေတတ်ခဲ့ချိန်မှာ... အဲ့ဒီမှာ မေတ္တာတရားက တဆင့် အချစ်အဖြစ် ပြောင်းလဲသွားခဲ့တဲ့အတွက် ကိုယ့်ရင်ထဲမှာ ကုပ်ခဲ အမြစ်တွယ်တဲ့ ချစ်ခြင်းမေတ္တာရဲ့ ပမာဏက ကြီးမားပါတယ်... ဘယ်လိုပယောဂမျိုးနဲ့မှ... ဖျက်ဆီးလို့ရမယ် မထင်ဘူး... လွယ်လွယ်ကူကူနဲ့ လဲပြိုပျက်သွားမှာ မဟုတ်ဘူး... ဂီကလေး။ ပြီးတော့... ကိုကြီးဟာ အရာရာကို ချင့်ချိန်သုံးသပ်တတ်ပါတယ်... ဘာပဲဖြစ်ဖြစ် ဂီပြောသမျှ ယုံပါတယ်..."

"ဂီ... တစ်ခုခုကို ကြောက်နေတယ် ကိုကြီးရယ်..."

"ဘာကိုလဲ..."

"ကိုကြီးက... ဂီနဲ့ လက်ထပ်ပြီးရင်... ဂီ့ကို အရင်ကလေးကလို စိတ်သန့်သန့်နဲ့ ချစ်နိုင်ပါ့မလားလို့... ဒီကိစ္စတစ်ခုဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးနဲ့ ဂီဘဝမှာ အဖုအထစ်တစ်ခုများ ဖြစ်လာမလား ... ဂီကို အဲ့ဒီကိစ္စအတွက် အပြေးတော့ မထားပါနဲ့ ကိုကြီးရယ်။ ဖြစ်နိုင်ရင် ဂီလေ ဒီဘဝမှာ ကိုကြီးတင်မဲက ဘယ်ယောကျ်ားတစ်ယောက်ကိုမှ လက်မထပ်ချင်တော့တဲ့ အထိပဲ... လောကကြီးကို စိတ်ကုန်သွားပြီရှင်... အကယ်၍ ကိုကြီးနဲ့ လက်မထပ်ဖြစ်ရင် ဂီတို့ အသိုင်းအဝိုင်းမှာ ဘွားနဲ့ မေမေတို့ မျက်နှာပျက်ရမှာ၊ အရှက်ကွဲရမှာကိုလဲ.. ဂီ စိုးရိမ်သေးတယ်.. ဒါပေမဲ့ ဒီကိစ္စအတွက် ကိုကြီး မကျေမနပ်ဖြစ်တယ်ဆိုရင်လဲ ကိုကြီး ကြိုက်သလို ဆုံးဖြတ်ပါ.. "

သူသည် ကောင်မလေး၏ တိုးလျစိတ်ပျက်သော လေသံဖြင့် ညီးညူမှုကို ကြားလျှင် သနားစိတ်တွေ တားမနိုင်ဆီးမရတော့ချေ။ အေးလေ သူ့အပေါ် ကိုယ်သိပ်ချစ်နေမှတော့လဲ... သူဘာလုပ်ခဲ့လုပ်ခဲ့ ကိုယ်ခွင့်လွှတ်နိုင်ရမည်ပဲပေါ့။

ငယ်ရွယ်သူကလေး... လောကပြဿနာကလေးနဲ့တင် ဘဝကို စိတ်ကုန်ပါပြီ၊ စိတ်ပျက်ပါပြီတွေဖြင့် ညီးလျပျော့ခွေနေတာမြင်လျှင် သူက ခွင့်လွှတ်နေချင်ခဲ့ပြီ။ ကိုယ်တကယ်ချစ်မြတ်နိုးခဲ့ရိုးမှန်ရင် ချစ်သူက ဘာလုပ်လုပ်ခွင့်လွှတ်ချင်နေတယ်လို့ ပြောခဲ့ဖူးသော မိတ်ဆွေတစ်ယောက်၏ စကားကို သွားသတိရလိုက်သေး၏။





ဟုတ်တယ်၊ ကိုယ်လဲ အဲ့ဒီလိုပဲ။ ရည်းစားတစ်ယောက်ထားမိရုံကလေးကို ရိုးသားစွာ ဝန်ခံလာတဲ့သော ဤငယ်မကို ဘယ်လိုမှ အပြစ်မမြင်ရက်ပဲ ချစ်နေနိုင်ခဲ့ပြီတည်း။

"ကိုကြီးက ဂီကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား... အဲ့ဒီဆုံးဖြတ်ချက်ကို ဘာကြောင့်မှ မပြင်ဘူး.. ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လောက်ပြီးပြည့်စုံလိုက်မလဲ.. ဒီတော့ ကိုကြီးဟာလဲ ဂီကို သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်မို့ ပိုင်ဆိုင်ခွင့်ရနေမှတော့ ဘယ်လက်လွှတ်ခံပါ့မလဲကွာ... ကဲ... ကောင်မလေး စိတ်ချမ်းချမ်းသာသာနေတော့ ကိုယ်နဲ့ဂီဘဝမှာ ဘာမှ အဖုအထစ်မရှိစေရဘူး စိတ်ချ.. ကိုကြီးကတိပေးတယ်၊ ဂီဆိုတဲ့ ကလေးမလေးကို ကိုယ်က သိပ်ချစ်မြတ်နိုးမှတော့ ဘယ်နှယ့် ခဏလောက် ရည်းစား ထားခဲ့တာလေးကို.အပြစ်တင်ရက်ပါ့မလဲ.. အပြစ်မတင်ပါဘူးကွာ... တစ်သက်လုံးခွင့်လွှတ်နေမယ်.. သိလား..."

တကယ်တော့ ကိုကြီး။ ရင်ထဲမှာ မယုံမရဲနှင့် ... ကြည့်တော့ ကိုကြီးသည် သူမ၏ ငယ်ထိပ်ကို လက်ဖဝါးဖြင့် ... ကာ သူ့မျက်လုံးတွေသည် အကြင်နာများ ယိုဖိတ်လျှံကျနေ ... မှိန်မှိန်ပြန်ကြည့်ပါသည်။ ဘုရားရေ.. ဘယ်လောက် ... ကျယ်ပြန့်ခန့်ကြီးတဲ့ ချစ်ခြင်းမေတ္တာတစ်ခုလဲ။ သူ အင်မတန် ... တော်မှတ်ဟောင့်တခဲ့သော သူမ၏ ရင်တွင်းမှ အလိုအလျောက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွားမည့် ချစ်ခြင်းတစ်ခုကို ပိုင်ဆိုင်ခွင့် မရတော့ပြီမှန်း သိရက်နဲ့ ဆက်ချစ်နိုင်သေးသတဲ့။ သူ့ကို ကတိတွေ အထပ်ထပ် မရှိုးနိုင်စွာ ပေးထားခဲ့ဖူးသော မိန်းမတစ်ယောက်၏ သစ္စာမဲ့မှုကို လစ်လျူရှုပြီး ချစ်နိုင်သေးသတဲ့။ ဘယ်လောက်ဆန်းကြယ်လိုက် ပါသလဲ။

"တစ်ခုတော့ရှိတယ်… ဂီ… ရာဇကို မေ့သွားနိုင်မလား။ ကိုကြီးနဲ့ လက်ထပ်ပြီးတဲ့ နောက်မှာပေါ့… "

ဟင့်အင်း… အဲ့ဒီမေးခွန်းကို မဖြေရဲပြီကွယ်။ ကို့ကို ဟုတ်တယ် ကို့ကို နှလုံးသားထဲမှာ တိတ်တိတ်ကလေးထည့်ပြီး သော့ခတ်သိမ်းဆည်းသော ချစ်ခြင်းနဲ့ ချစ်နေခဲ့ဦးမှာ အမှန်ပင် ကို့ကို ဘယ်တော့မှ ဟုတ်တယ်… ဘယ်တော့မှ မေ့မည်မထင်။

ကိုကြီး၏ မျက်နှာကို ရင်ဆိုင်ကြည့်ပြီး ဖြေဖို့ ခက်ခဲပင်ပန်းခဲ့လေစွ။

"ဂီ… သူ့ကို မေ့ပစ်မှာပါ… ကိုကြီး။ အချိန်အတိုင်းအတာ တစ်ခုကြာရင်မေ့သွားမှာပါ… "

သူမ၏လိမ်ညာသောမုသားသည် တစ်ဘက်လူ အတွက် စိတ်ချမ်းသာမှုကို သက်သက်သာတည်း။ ကိုယ့်အတွက် သံသယရှင်းလိုခြင်း အလျဉ်းမရှိ။ အဲ့ဒါ ကျိန်ပြောရဲပါသည်။

ကိုကြီးက နားလည်မှု အတိပြီးသော ရယ်သံဖြင့်





တုံ့ပြန်လေသည်။ ပြီးတော့ တစ်ခွန်းထပ်မေးသေး၏။

"ကိုကြီးကိုရော… ချစ်လာနိုင်ဦးမလား… "

"ဂီက ကိုကြီးကို အထင်ကြီး အားကိုးတဲ့ ချစ်ခြင်းနဲ့ ချစ်ခဲ့ပြီးသားပါ… အဲ့ဒီချစ်ခြင်းကတော့ ဘယ်တော့မှ… မပြောင်းလဲခဲ့ပါဘူး… အခုရော… နောက်ရော… အရင်ကတည်းကရောပေါ့… "

"ဟုတ်မယ်… အဲ့ဒါကိုတော့ ကိုကြီးစိတ်ထဲမှာ အလိုလို ယုံကြည်နေတယ်ကွ… တမင်မေးကြည့်တာပါ… အမှန် တော့ မေးစရာ မလိုအောင်တောင် ဂီ့စိတ်ကို ကိုကြီး ဖတ်ကြည့်တတ်ပါတယ်… "

ဟု တစ်လုံးချင်း လေးနက်သော အသံဖြင့် ပြော သည်။ သူမသည် ရှုတ်တရက် ထုံအ,သွားသလို ခံစားလိုက်ရ၏။ ဘုရားရေ ကိုကြီးဟာ ဒီစကားကိုတော့ မေးစရာ မလိုမှန်း သိရက်တမင်မေးသတဲ့၊ ပြီးတော့ သူသိနှင့်သတဲ့။ ဒါဆို ကိုကြီး ဟာ သူမရဲ့ မုသားတစ်ခုကိုတော့ ရိပ်မိနေနိုင်ကောင်းရဲ့။ ဘယ်လောက်တတ်သိပါးနပ်လိုက်တဲ့ စကားတွေလဲ။

"နောက်နှစ်ပတ်တောင် မကြာတော့တဲ့ နေ့မှာ ကိုကြီးတို့ လက်ထပ်ကြရတော့မယ်နော်… ကိုကြီးတော့ အနှစ်နှစ် အလလက တောင့်တခဲ့မိတဲ့ ဂီ့ကို ပိုင်ဆိုင်ခွင့်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုကို ရောက်ရတော့မှာမို့ သိပ်စိတ်လှုပ်ရှားရင်ခုန်နေမိပြီကွာ… ဂီသာ ကိုယ့်နံဘေး ရောက်လာလို့ကတော့ ကိုကြီးဘဝဟာ တော်တော့်ကို အရာရာမှာ ပြည့်စုံသွားပြီပဲ ဆိုရမလား… ”

ကိုကြီးသည် ခပ်ရှိုက်ရှိုက် အသံဖြင့် သူ့ခံစားချက်များကို ရင်ဖွင့်သည်။ အေးချမ်းဆိတ်ငြိမ်၍ အိပ်မက်ဆန်ဆန်ဖွဲ့စည်းထားသော အမေရိကန်ကျေးလက်တေးသံ သဲ့သဲ့ဖွင့်သည့်ဆိုင်ကလေးထဲမှ အထွက်တွင် ကိုကြီးသည် သူမ၏ လက်ဖဝါးကိုတင်းတင်းကလေး ဆုပ်ကိုင်ထားခဲ့ပါသည်။

ကိုကြီးဟာလည်း သူမကို သိပ်ချစ်လို့ ပိုင်ဆိုင်ခွင့်ရခဲ့ရင် သူ့ဘဝဟာ အရာရာပြည့်စုံသွားပြီတဲ့။ ကိုကရောဟင်။ ကိုကလဲ သူမကို သိပ်ချစ်ခဲ့သူပဲ။

ဟင့်အင်း… မတွေးပါရစေနဲ့ကွယ်။ ကို့နံဘေးမှ သူမ,မပါရှိနေခြင်းဟာ ကို့ဘဝမှာ ဘယ်အရာတွေ ဘယ်လောက်ပဲ ပြည့်စုံလာပါစေ တစ်စုံတစ်ခုတော့ လစ်ဟာနေခဲ့လိမ့်မယ်ဆိုတာ သံသယဖြစ်ဖွယ် မရှိပြီ။ ကိုသည်လည်း ချစ်သူကို ပိုင်ဆိုင်ခွင့်ရသော ယောကျ်ားတစ်ယောက်၏ ဘဝလောက် ပြီးပြည့်စုံတာ မရှိဟု ကြွေးကြော်ခဲ့သူတည်း။

ကိုရယ်… သိင်တို့ ဝေးကြစို့ရဲ့။ ပြန်မဆုံဆည်းနိုင်သရွေ့အထိ အဝေးဆုံးကို လွင့်ကြစို့ရဲ့။

❀ ❀ ❀ ❀





ဆိုင်ထဲမှ ထွက်လာသော စုံတွဲတစ်တွဲအား ဘာရယ်မဟုတ် ကြည့်လိုက်မိသော ကိုယ့်မျက်လုံးတွေကိုပင် ထိုးဖေါက်ပစ်ချင်ခဲ့သည်။ နိုးရာသစ်ပင်အကွယ်တစ်ခုမှာ ဝင်ကွယ်ဖို့(သူမ,မမြင်အောင်)ဆိုတာ အမှန်တကယ်တော့ လိုမည်မထင်။ ဘာဖြစ်လို့လဲဆိုရင် မျက်သွာနှစ်ခုစလုံး အောက်စိုက်လျက် သစ်ရွက်တစ်ရွက်လွင့်သလို ခပ်လွင့်လွင့်ခြေလှမ်းများဖြင့် ကျောက်ဆစ်ရုပ်သဏ္ဍာန် ကောင်မလေး၏ အမူအရာတွေက တစ်လောကလုံးနှင့် လုံးဝ အဆက်ပြတ်နေပြီဆိုတာ မေးကြည့်ရာပင်မလို။

သူမ၏လက်ကို တယုတယ ကိုင်ခွင့်ရသော လူ၏ မျက်နှာကို မကြည့်ချင်ပါ။ သို့သော် ထိုသူ၏ မျက်နှာမှာတော့ ကောင်မလေးအပေါ် မြတ်နိုးမှုတွေ ဖိတ်လျှံလို့။

ရှည်မျော၍ ခန့်ညားတယ်ဝါသော ကားကြီး ထွက်သွားသောအခါ ရာဇသည် သူ့ဘဝတစ်ခုလုံးကို ဒဏ်ရာဒဏ်ချက်တွေ အပြည့်ပေးခဲ့သော စုန်းမလေးတစ်ယောက်ကို လှမ်းဆွတ်ကျန်ရစ်ခဲ့တယ်ဆိုရင် မယုံမရှိကြနဲ့… ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## ၂

နောက်ဆုံး တစ်နေ့တွေ့ခဲ့သည့်နောက်တွင် ကိုသည် သူမအား တကယ်ပင် နာကြည်းသွားခဲ့ပုံရသည်။ ထိုနေ့ နောက်ပိုင်းမှာ ဖုန်းဆက်၍ ဆက်သွယ်ခြင်းကိုသော်မျှ... ကို မပြုလုပ်ခဲ့။ ကိုသည် သူမအား သူ့ကို တကယ်မချစ်ပဲ စိတ်အလို လိုက်မှု တစ်ခုကြောင့်သာ အပျော်တွဲခဲ့သည်ဟု ထင်သွားခဲ့ပြီလား မသိ။

အို... ကို ဒီလိုထင်သွားတော့ရော ဘာဖြစ်သေးသလဲလို့... ကိုယ့်ကိုကိုယ်မေးကြည့်မိလျှင်တော့ အဖြေထွက်ဖို့က ခဲယဉ်းနေခဲ့ဆဲ။

သူမဟာ အင်မတန်မှ အတ္တကြီးသူပဲ ဆိုကြပါစို့။ ချစ်သူ တစ်ယောက်ကို လက်တွဲဖို့ သတ္တိမရှိသော်ငြား ထိုချစ်သူထံ မှ အမုန်းကိုတော့ နည်းနည်းလေးမှ မရချင်။ အဲ့ဒါဟာ





လုံးဝ မတရားတဲ့ စိတ်ဆန္ဒတစ်ခုဖြစ်ချင်လဲ ဖြစ်တော့။ ခက်တာက ကို၏ အမုန်းကိုတော့ မရချင်နေသည့် စိတ်ကို ပြုပြင်၍မရ။

သို့သော် ကိုသည် နောက်ဆုံးတစ်နေ့တုန်းက သူ့ ရှေ့မှာပင် သူ့ကို လက်မတွဲချင်ပါဘူး၊ လက်မတွဲရဲပါဘူးဟု အတိအလင်း ဝန်ခံခဲ့သော သူမကို ခွဲခွာသည့်အချိန်ထိပင် မုန်းတယ်ဆိုသည့် စကားကို မပြောခဲ့ခြင်းအတွက် တဖန်... ။

"ကိုယ်အချစ်မြတ်နိုးဆုံး မိန်းမတစ်ယောက်ရဲ့... "

ဟူသော ကိုက ဝန်ခံခဲ့သည့်အတွက် အချိန်တွေ ဘယ်လောက်ကြာသွားသည့်တိုင် နားအိမ်ထဲတွင် ပဲ့တင်ထပ် လျက် ပြန်လည်ကြားယောင်ကာ တသသ ကြေကွဲလွမ်းဆွတ်နေဦးတော့မည်ပင်။

"မျက်နှာကို ရှင်ရှင်ပျပျထားစမ်း... သိင်း အဲ့ဒီလောက် လွမ်းဆွတ်နေရလောက်အောင် အဲ့ဒီသူငယ်ဟာ သိင့်ကို တကယ် မေတ္တာစစ်နဲ့ ချစ်ခဲ့တယ်ဆိုတာရော... သိင် အတတ်ပြောနိုင်သလား၊ သူ့အဆင့်အတန်းနဲ့ သိင် ရပ်တည်ရတဲ့ အဆင့်အတန်းဟာ ကွာခြားပါဘိသနဲ့... သူချစ်တယ်ဆိုတာဟာ သိင်္ဂီတော်ဆိုတဲ့ မိန်းမတစ်ယောက် ကို ချစ်တာထက်... အဲ့ဒီ သိင်္ဂီတော်ရဲ့ Back ground ကို ချစ်တာက ပိုလိမ့်မယ်လို့တော့... မေမေထင်တယ်... ဒီတစ္



www.burmeseclassic.com

www.burmeseclassic.com



ဟာ သိင်တို့ အိမ်ထောင်ရေးကို အနှောင့်အယှက် မဖြစ်စေချင်ဘူး… ဒီတော့ သိင်ဟာ ကိုယ်ရပ်တည်ရမဲ့ ဘဝကို အလှပဆုံးဖြစ်အောင် တည်ဆောက်ဖို့ အဆင်သင့်ဖြစ်စမ်းပါ… ”

မေမေက သူမ၏ တိတ်ဆိတ်ငြိမ်သက်မှုအတွက် အားမလို၊ အားမရဖြစ်ကာ ဒီနေ့မနက်ခင်းတုန်းကတော့ ဤသို့ သူ၏ အယူအဆတွေကို ပြောပြရင်း နှစ်သိမ့်ရန် ကြိုးစားခဲ့သည်။ မေမေ့ကို ပါးစပ်မှ ထုတ်ပြောမတုံ့ပြန်ခဲ့သော်လည်း သိင်္ဂီတော်၏ ရင်ထဲမှ တိုးတိတ်မြည်တမ်းစွာ တုံ့ပြန်ခဲ့သည်မှာ သူ သိင့်ကို တကယ်ချစ်ခဲ့တာပါ မေမေ… ဟူ၍တည်း။

သိင် လိုချင်ခဲ့တဲ့ အချစ်တွေကို သူပဲ ပေးနိုင်ခဲ့တာ၊ သူ့ဆီကသာ ရခဲ့တာ အသေအချာပဲဟု အလိုလို စိတ်ထဲမှာ သိနေပြန်ခဲ့လျှင် ကို့ကို သိပ်ပြီး ရက်စက်လွန်းရာမများ ကျသွားသလားဟု နောင်တရချင်၏။ ကိုဟာ တကယ်ဖြူစင်ခဲ့ပါတယ်။ သူမကသာ ကိုယ့်ရဲ့ အဖြူထည် စိတ်ဓါတ်ကို ရောင်ဆိုးပစ်ခဲ့တာ။

ကို့ဘဝကို တမင်မွှေနှောက်ပစ်ခဲ့တာ။ “မင်းအချစ်က ငါ့ကိုပြုစား… စုန်းမ”ဟု ကို… မကြာခဏ ဆိုညည်းခဲ့သော တေးသွားအတိုင်းပင် သူမ၏ အချစ်ကြောင့် ကိုသည် ဘယ်လောက်ထိအောင်များ ထိခိုက်ကြေကွဲရပြီလဲ။ နာကျင်နေရပြီလဲ။ သူမပေးခဲ့သော စိတ်ဒဏ်ရာ ဒဏ်ချက်တွေနဲ့ ကို ဘယ်လိုများ ရပ်တည်





တော့မလဲ။ ကိုဟာ အပြုစားခံလိုက်ရသူပမာ ဘဝတစ်ခုလုံး သေသွားခဲ့လျှင် အို… သူမကိုယ်သူမ တွေးမိတိုင်း ဘယ်တော့မှ ခွင့်မလွှတ်ချင်တော့ပြီ။

သေချာတာကတော့ သူမဟာ ယောကျ်ားတစ်ယောက်ကို ချစ်တိုင်းလဲ လက်ထပ်ဖို့ သတ္တိမရှိခဲ့ပြီ။ အဆင့်အတန်းမတူခြင်းတည်းဟူသော ခွဲခြားမှုဖြင့် ချစ်ခဲ့မိပါရက် လက်ထပ်ဖို့ မသင့်တော်သော ယောကျ်ားကိုလည်း သတ္တိရှိစွာ စွန့်လွှတ်ရဲခဲ့ပြီ။

သိင်္ဂီတော်သည် သူမ၏ ဝမ်းနည်းကြေကွဲရမှုများကို တိတ်တဆိတ်နာကျင်စွာ မြိုချပစ်ခဲ့ပြီးခဲ့ပြီတည်း။

ကိုနှင့် ခွဲရပြီးသည့်နေ့မှစ၍ သိင်္ဂီတော်သည် သမာရိုးကျဆန်သော ဘဝတစ်ခုထဲသို့ ပြန်လည်ရောက်ရှိသွားခဲ့တော့မည်ဟု… တိုယ့်ဘဝကိုယ် အပြီးသတ်ချုပ်နှောင်လိုက်ပါသည်။ သို့သော် ကံကြမ္မာက တစ်ခါတစ်ရံတော့ ရက်စက်လွန်းပြီး တစ်ခါတစ်ရံတော့ မျှော်လင့်ထင်မှတ်မထားတာတွေကို ဖန်တီးနိုင်လွန်းတော့သည်။

[illegible] နောက်မှာ မေမေ၏ ထင်မြင်ယူဆမှု [illegible] တိတ်ဆိတ်[illegible] တုံ့ပြန်ခဲ့ပြီး မကြာမီ ကိုကြီး ရောက်လာ[illegible]

[illegible]

www.burmeseclassic.com



"ဂီ… မျက်နှာလေးတောင် ချောင်နေတယ်… အိပ်မပျော်ဘူးလား… "

ဟု ရောက်ရောက်ချင်း မေးခဲ့သည်အထိပင် ကိုယ်ဘယ်လောက် ညိုးလျှနေခဲ့သလဲမသိ။

"ကိုကြီး နားလည်ပါတယ်… မနက်ဖြန်တော့ အိပ်ရေးမဝရင် မျက်နှာကလေးချောင်နေဦးမယ်… တော်ကြာ ဂီမလှပဲနေမယ်ကွာ… အိပ်ရေးပျက်တာများရင် ခေါင်းတွေလဲ ကိုက်နေဦးမယ်… ဒီတော့ ဒီနေ့ညတော့ အိပ်ပျော်အောင် အိပ်ဆေးသောက်ပြီးအိပ်… ဟုတ်ပြီလား… မနက်ဖြန် ကိုယ်တို့ လက်ထပ်ကြရတော့မှာ ဂီကလေးရဲ့၊ ကိုကြီးရင်တွေ အရမ်းခုန်နေတယ်… သိပ်လဲ ပျော်နေတယ် ဂီ။ တစ်ခုတော့ ပြောမယ် ဂီကလေး… ဂီဟာ ဒီနေ့အထိပဲ ဂီ့ဘဝကိုပိုင်တယ်… ဂီ့စိတ်တွေကိုလဲ ပိုင်တယ်… နောက်နေ့ကစပြီး ကိုကြီးဟာ ဂီ့ကို ပိုင်ရပြီမို့… ဂီ့စိတ်ထဲမှာ ရှိနေသမျှတွေကို ဂီ အသုံးချနေတာ ဒီနေ့နောက်ဆုံးဖြစ်စေချင်တယ်… နောက်တစ်နေ့ကစပြီး… "

"အို… စိတ်ချပါ… ကိုကြီး… ဂီ နားလည်ပါတယ်… မနက်ဖြန်ကစပြီး ဂီ့ဘဝဟာ ကိုကြီးဘဝအဖြစ် ထပ်တူထပ်မျှ ဖြစ်စေရမှာပါ… ဂီပါဝင်ခဲ့ဖူးတဲ့ အဖြစ်အပျက်တစ်ခုကို ပြန်မတမ်းတတော့မှာလဲ အသေအချာပါ… အဲ့ဒါ ဂီ

စေတနာစာပေ



ရဲရဲဝံ့ဝံ့ကတိပေးရဲပါတယ်… တဆိတ်… ကိုကြီးရယ်… ကျေးဇူးပြုပြီး ဂီ့ကို အရင်အကြောင်းတွေ အစမဖော်မိအောင် ကိုကြီးကိုယ်တိုင်က စ,မပြောပါနဲ့လား အဲ့ဒါဆိုရင် ဂီတို့နှစ်ယောက်ရဲ့ ဘဝဟာ သိပ်ကို အေးချမ်းဖြောင့်ဖြူးသွားခဲ့မှာ… "

ထိုအခါ ကိုကြီးသည် နူးညံ့ညင်သာစွာ ပြုံး၍ ခေါင်းညိတ်ပြခဲ့သေး၏။ ပြီးတော့…

"ဆောရီးနော်… ဂီ… ကိုကြီးရဲ့ စကားတွေဟာ ဘယ်လိုမှ ရည်ရွယ်လို့ ပြောတာ မဟုတ်ပါဘူး… ဂီ့ စိတ်ကိုပျော်စေချင်တဲ့ ဆန္ဒတစ်ခုနဲ့ပါ… ကိုယ်က ဘာမဟုတ်တဲ့ကိစ္စလေးအတွက် သဘောထားသေးသိမ်ပြီး အမြဲခနဲ့တတ်တဲ့ ယောကျ်ားမျိုး မဟုတ်ဘူးဆိုတာ… ယုံ… "

ဒီနေ့မနက်မှာ ကိုကြီးရောက်လာပြီးနောက် ကိုကြီးပြန်သွားသည့်အခါ သူမ,လုပ်မိသည့် အလုပ်မှာ အိပ်ခန်းထဲပြေးဝင်ကာ အခန်းတံခါးပိတ်ပြီးနောက် ကို လက်ဆောင်ပေးခဲ့သည့် အမှတ်တရပစ္စည်းကလေးများကို စုဆောင်းသိမ်းဆည်းဖို့ပင် ဖြစ်၏။ ကန္တကမာဖြင့် ပြုလုပ်ထားသော လေးထောင့်စပ်စပ်သေတ္တာအသေးကလေးတစ်ခုထဲတွင် ကို၏ အမှတ်တရကလေးများ(ကိုပေးသမျှ နှင်းဆီပွင့်ခြောက်တွေလဲပါသည်)ကို တစ်ခုခြင်း ကောက်ထည့်လိုက် သေသေချာချာကြည့်ပြီး၍ ထည့်လိုက်

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com



တိုင်း ဝမ်းနည်းစွာ ငိုချင်စိတ်ဖြင့် အကုန်လုံးစုံအောင် တစ်ခုမှ မကျန်အောင် ထည့်လိုက်ပါသည်။

ပြီးတော့ ငိုလဲငိုမိသည်။ ဘာကြောင့် ငိုရသလဲဆိုသည့် အချက်ကိုလဲ သိနေခဲ့ပြီး။ သေတ္တာကလေးမပိတ်ခင်မှာ ကိုပေးခဲ့သော စာအုပ်သေးသေးလေးထဲက တစ်အုပ်ကိုယူကာ စာသားတစ်ချို့ကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် ပြန်ဖတ်လိုက်မိသေးသည်။

သိင်ကလေးရဲ့...

ကိုယ်က လေးလံသော သတ္တုဂီတကို သယ်ပိုးတော့မှာကွ (အဆိုတော်လုပ်မှာကိုပြောတာ) အဲ့ဒီအချိန်မှာ သိင်က ကိုယ့်ဘေးမှာ ရှိရမယ်နော်.. အရာရာကို အခက်အခဲတွေကို ရင်ဆိုင်နိုင်ဖို့ သိင်က ကိုယ့်ကို အင်အားတွေပေး... ။

အမြဲတမ်းအတွက်ပေါ့..

သိင်ကလေးက ကိုယ့်အတွက် ဓောင်းကင်သစ်ကို ဖန်ဆင်းပေးခဲ့တယ်လို့ ကိုယ်က တင်စားမယ်..

ကိုယ့်ဘဝဟာ.. သိင်ဆိုတဲ့ ကောင်းကင်သစ်ရဲ့ အုပ်မိုးမှုအောက်မှာ ဘဝအသစ်တစ်ခုနဲ့ ပြောင်းလဲ ရပ်တည်တော့မှာကွ။





ဟော့.. ယုံရဲ့လား.. သိင်ကလေး

ကိုယ်.. မရေးတတ် ရေးတတ်နဲ့ အမှတ်တရ လျှောက်ချရေးထားတဲ့ စာသားတွေကို ဖတ်ပြီး သိင်ရယ်နေပြီလား...

ဒီစာအုပ်လေးနဲ့အတူ ရေးထားတဲ့ "ကို၏ရေးသားခန်းခံမှု အကြောင်းအရာများ" လို့ သိင်က ခေါင်းစဉ်တပ်ထားတဲ့ စာအုပ်မျိုး သိင့်ဆီမှာ ဘယ်နှစ်အုပ်မြောက်ရှိပြီလဲ.. တော်တော်များပြီ ထင်ပါရဲ့နော်.. ကိုယ်မမှတ်မိရင် စိတ်မဆိုးနဲ့ ကိုယ်က စိတ်ထဲမှာဖြစ်နေတာတွေ.. ဒီစာအုပ်သေးသေးလေးတွေထဲ ချချရေးပြီး သိင့်ကိုခဏခဏ ပေးတာများပြီမို့ မမှတ်မိတာပါ.. တစ်ခုပဲ ကိုယ်မှတ်မိတာရှိတယ်.. အဲဒါက... သိင့်ကို ကိုယ်သိပ်ချစ်တယ် ဆိုတဲ့ အကြောင်းအရာပဲ-

'ကို'

ဟူ၍ လက်သုံးလုံးစာ အရွယ်ပတ်လည်ရှိသော Silver Pins Products မှ ထုတ်သည့် စာအုပ်သေးသေးကလေးမှ ပြည့်ချရေးထားခဲ့သော ကို၏ လက်ရေးစောင်းစောင်းကလေးတွေကို တစ်လုံးချင်းပြန်ဖတ်မိလျှင် သိဂီတော်သည် ဘယ်လို မြို့သိပ်ထိန်းချုပ်၍ မရတော့အောင်ပင် သည်းသည်းထန်ထန် ငိုရှိုက်တော့၏။

အုပ် (၃၈) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ကို့ရဲ့ အကျင့်တွေ အပြုအမူတွေ အို… တစ်ခုမှ မေ့လို့မရတာ ခက်၏။ ကိုဟာ ဘယ်တော့မှ စာရွက်ရယ်လို့ တိတိကျကျ ထားပြီးမရေးပဲ ဒီလို Silver Pins Products က ထုတ်တဲ့ စာအုပ်သေးသေးကလေး တွေထဲမှာ သူရေးချင်တာတွေ ရေးပြီး အမြဲပေးတတ်သူ။

"ရည်းစားစာ မဟုတ်ဘူး… ရည်းစားစာအုပ်လို့ ကို့အလှည့် ကျမှပဲ ပြောင်းခေါ် ရမလို ဖြစ်နေပြီ…"

… ဟုတောင် ကိုယ် တင်စားမိခဲ့သေးရဲ့ကွယ်… ကို့ကို မေ့ချင်သည်။ သို့သော် မေ့မရတာ ခက်သားပင်။ တော် တော်ကြာကြာ ငိုပြီးသည့်အခါ ခေါင်းတစ်ခုလုံးအုံ့ခဲကာ တစစ်စစ် ကိုက်လာသည်အထိပင် မျက်လုံးများ ကျိန်းစပ်ကာ တစ်ကိုယ်လုံး နုံးချိသွားခဲ့ပြီ။ ကို့ရဲ့ အမှတ်တရ ပစ္စည်းတွေကတော့ ကနုကမာ သေတ္တာထဲမှာ သော့ခတ်သိမ်းထားခဲ့ပြီးပြီ။ ထိုအချိန်မှာ သူမ၏ အခန်းတွင်းမှ ဖုန်းသံကမြည်လာခဲ့သည်။ အိမ်ရှိဖုန်းလိုင်းတစ်လိုင်း ထဲကို တစ်လုံးစီထပ်ဆင့်ခွဲထားသည်ဖြစ်ရာ မေမေ့ဖုန်းအထင်နှင့် မကိုင်ပဲ နေလိုက်သေး၏။

"မမသိင်… ဖုန်းလာတယ်… ကျွန်မအောက်ထပ်က ဖုန်းကို ကိုင်နားထောင်တော့… မမသိင်အတွက် ဖုန်းဖြစ်နေလို့ လာပြောတာပါ…"

သို့သော် သိပ်မကြာခင်မှာ အခန်းတံခါးကို





လာခေါက်၍ ထဖွင့်လိုက်တော့ အိမ်ကကောင်မလေးတစ်ယောက် က ဤသို့ သတင်းပို့လေသည်။

"ကိုကြီး အောင်စစ်မင်းဆီကလား…"

"မဟုတ်ဘူး… အစ်မကြီးတစ်ယောက်အသံပဲ… မမသိင် ဘူငယ်ချင်းတဲ့… မမသိင်အခန်းထဲက ဖုန်းပဲကိုင်လိုက် မယ် မဟုတ်လား…"

"အေး… ကိုင်လိုက်မယ်… အောက်ကဖုန်းကို ပြန်တင်ထား လိုက်…"

ဘယ်သူပါလိမ့်။ ကျောင်းတုန်းက သူငယ်ချင်းတွေ ထဲက… ဟင့်အင်း… မဖြစ်နိုင်။ ကျောင်းတုန်းက သူငယ်ချင်းတွေ ဟာ ကျောင်းပြီးသွားတဲ့အထိ အမြဲမပြတ် ဆက်သွယ်ပတ်သက် နေရလောက်အောင် တရင်းတနှီး မရှိခဲ့တာအမှန်ပင်။ အဲဒါလဲ သိဂီတော်၏ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းမှုလဲပါသည်။ ကျောင်းသက်က ခဏလေးနဲ့ ကုန်သွားခဲ့တာလဲပါသည်။ ပြီးတော့… အဆင့်အတန်း ခွဲခြားချင်သည့် စိတ်တွေကြောင့်လဲ အပေါင်းအသင်း မိတ်ဆွေနည်းခဲ့သည်ပဲ ဆိုပါစို့။

ဖုန်းခွက်ကို ကောက်ကိုင်လိုက်စဉ်မှာပဲ အံ့ဩကာ အလန့်တကြားဖြစ်စေသော ဖြစ်ရပ်တစ်ခုကို စတင်ရင်ဆိုင်ရတော့ တာ ဖြစ်လေသည်။

**အုပ် (၂၀) မြောက် ပုံနှိပ်မှု အထိမ်းအမှတ်**

www.burmeseclassic.com

www.burmeseclassic.com



"သိဂီတော်လား..."

ဟု မိန်းမအသံတစ်သံက စတင်မေးတာခံရ၏။

"ဟုတ်ကဲ့... ကျွန်မသိဂီတော်ပါ... ဘယ်သူဆက်တာပါလဲ..."

"ဟုတ်ပြီ... အခုဖုန်းကိုင်တာ သိဂီတော်ဆိုရင်... တို့ဘာမှ ဆက်ပြောစရာမလိုတော့ဘူး... ဒီမှာ မင်းကိုဖုန်းပြောချင်တဲ့လူက ခေါ်ခိုင်းလို့ခေါ်ပေးတာပါ... အိုကေ... သူနဲ့ ဆက်ပြောတော့ ဟုတ်ပြီလား..."

ထိုမိန်းမ၏အသံ ပျောက်ကွယ်သွားပြီးသည့်နောက်မှာ ဖုန်းခွက်ထဲမှ တဆင့်ထပ်မံကြားရသော...

"သိင်..."

ဟု တိုးလျှသော တမ်းတမ်းတတခေါ်သံတစ်သံသည် အကြီးအကျယ်တုန်လှုပ်သွားစေမတတ် ဖြစ်ခဲ့တယ်ဆိုရင် ယုံပါ့မလားပင် မသိ။ မမေ့ဘူး ဟုတ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းကျော်ကလေးကမှ ကြားခွင့်မရတော့တဲ့ အသံတစ်ခုကို ခုထိမမေ့လို့မရသေးပါကွယ်။ ဘယ်လောက် ဆန်းကြယ်တဲ့ စွဲလမ်းမှုလဲလို့...

"သိင်... နားထောင်နေရဲ့လား..."

❧ ဝေဝတနာစာပေ ❧



ကို၏ တောင်းပန်းတိုးလျှိုသော မေးသံကို မဖြေပဲ တင်းခံဖို့ ကိုယ့်မှာ ဘယ်လိုခံနိုင်ရည် အင်အားမျိုးတွေမှ ရှိမနေခဲ့သေး။

"ဟုတ်ကဲ့..."

ဟု... ရှိုက်သံမပါအောင် ကြိုးစားဖြေရလျှင် ကိုယ့်မျက်ဝန်းမှာ မျက်ရည်တွေထပ်မံ စိုစွတ်နေပါပကောလို့ သတိထားလိုက်မိသည့် အခါ ရည်ညွှန်းဆိုမှ စူးကန်နာကျင်ဆို့နစ်ရပြန်ပြီကွယ်...

"သိင်... မနက်ဖြန်လက်ထပ် ရတော့မယ်နော် သိင် ပျော်နေလားဟင် အဲဒါကိုယ်သိချင်လို့ သိင့်ကိုဖုန်းဆက်မေးတာပါ... ယောကျ်ားအသံနဲ့ဆက်ရင် သိင့်မေမေက ခေါ်ပေးမှာမဟုတ်ဘူး ထင်လို့ လက်ဘက်ရည်ဆိုင်က အစ်မကိုအကူအညီ တောင်းပြီးခေါ်ခိုင်းရတယ်။ သိင်ကရော... ကိုယ့်ကိုစကားပြောချင်ရဲ့လား... ကိုယ့်အသံကိုကြားချင်ရဲ့လား..."

ဟင့်အင်း... ကိုရယ်... ။သိင့်ကိုအဲ့ဒီလောက်ထိ မနှိပ်စက်ပါနဲ့လား။ ကိုကိုစကားတွေ ပြန်ပြောလိုက်ချင်ပါတယ်။ သို့သော်... ရင်ထဲမှာပဲ ပြောဖို့သင့်တဲ့ စကားတွေမို့... ကျိတ်မှိတ်မြိုသိတ်ရပါမည် ကိုကိုသိင်ကရင်ထဲက အမှန်တရားကို ထုတ်ဖော်၍မဖြစ်ခဲ့သူပါ... ကို... ။ဘယ်လောက်နာကျင်စရာ ကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သလဲ။

"သိင်ကိုကိုယ့်မင်္ဂလာ လက်ဖွဲ့အဖြစ် သိင်ကြိုက်တဲ့ နှင်းဆီတွေလာပေးချင်တယ်.. နှင်းဆီတွေက အဖူးတွေချည်းပဲ မနက်ဖြန့်မနက်ဆိုရင် သေသေချာချာပွင့်ပြီ.. ရေထဲမှာထောင်ထားလိုက်ရုံပဲ သိင်လက်ခံပါနော်.. ကိုယ်လာပေးပါရစေ.., ပန်းပေးတယ်ဆိုတာ အန္ဓးမေးတာတဲ့ သိင်ရဲ့... ကိုယ်ကသိင်ဖန်ဆင်း ပေးခဲ့သမျှအဖြစ် အပျက်တွေကိုမနာကြည်းပဲ ကျေကျေနပ်နပ် အန္ဓးပေးပါတယ်ဆိုတဲ့... အယူအဆနဲ့.. ပန်းတွေနဲ့လက်ဖွဲ့တာပါ.., သိင်ခြံဝမှာ ရစ်စောင့်နေနော်.. ကိုယ်ခုလာပေးမယ်"

"မလာနဲ့... ကို.. မလာနဲ့"

ကို၏စကားသံအဆုံးတွင် သူမသည် အလန့်တကြားပင်... ခေါင်းတွေခါရမ်း မိသည်အထိ.. တားမြစ်လိုက်မိပါသည်။ အဲ့ဒီလိုလာပေးလို့ ဘယ်ဖြစ်မလဲ.. မေမေတွေ့သွားမယ်၊ အွားတွေ့သွားမယ် ကိုကြီးအိမ်က လူတွေတစ်ယောက်ပြီး တစ်ယောက်ဟိုအိမ် ဒီအိမ်ကူးချည်သန်းချည်မို့.. သူတို့အိမ်ကလူတွေတွေ့ရင်... အို.. ဘုရားရေ.. ကိုကြီးတစ်ယောက်သာ သိထားသောဤအဖြစ်အပျက်ကို.. ကိုကြီး၏အသိုင်းအဝန်းမှာ မသိစေချင်ပါ။ သိင်္ဂီတော်က အဲ့ဒီအထိပင် အတ္တကြီးချင်ဆဲ။

"လာလို့ဘယ်ဖြစ်မလဲ.. ကို၊ မနက်ဖြန်မှာ ယောက်ျားကာ





ယောက်နဲ့လက်ထပ်တော့မဲ့ မိန်းမဟာ... ဒီနေ့မှာသူ့အတွက်... ပန်းတွေလာပေးတဲ့လူဆီက ပန်းကိုကိုယ်တိုင်ထွက်ယူတယ်ဆိုရင်... ဘယ်သင့်တော်မလဲ။ အိမ်မှာတစ်ဘက်မိသားစုကလူတွေလဲ.. ဝင်ထွက်နေကြတော့.. သိင့်ကိုပန်းလာပို့တဲ့လူဟာ ဘာအဓိပ္ပါယ်နဲ့ ပန်းလာပို့သလဲဆိုတာသူတို့တွေးကြည့်မိရင်... နောက်ပြီး... နောက်ပြီး... မှန်တာဝန်ခံရရင် ကိုကိုသိင်မြင်ရရင်... သာမာန်ကာလျှံတာ.., နဲ့ပန်းပို့တဲ့လူတစ်ယောက်ဆီက ပန်းကိုယူတဲ့ပုံစံမျိုးထားနိုင်မယ်မထင်ဘူး.. ကိုတလဲသိင့်ကို ဟန်ဆောင်ဆက်ဆံနိုင်မယ် မထင်ဘူး.. ပြီးတော့ မေမေလဲရှိသေးတယ်.. မေမေက ကိုကိုသိနေတာကို မမေ့နဲ့။ သိင်ပန်းထွက်ယူရင်တော့ မေမေတားမှာမဟုတ်ပေမဲ့... သိင်ယူလာမဲ့ ပန်းတွေကိုမေမေ... ဘာလုပ်ပစ်မယ်ဆိုတာ သိင်တွေးတောင်မတွေးကြည့်ချင်ဘူး... ကို"

"ကိုယ်က သိင်လက်ထဲကို ကိုယ်တိုင်ပန်းတွေ ထည့်လိုက်ရမှကျေနပ်မယ်.. သိင်ကိုယ်တိုင်ပဲ ကိုယ့်လက်ထဲက ပန်းတွေယူလိုက်တာမျိုးဖြစ်ချင်တယ်.. တစ်ခြားလူနဲ့ပဲ ပို့မခိုင်းချင်ဘူး.. သိင့်အိမ်က ကောင်မလေးတွေ ထွက်ယူခိုင်းတာလဲမဖြစ်ချင်ဘူး.. သိင်၊ တစ်နည်းပြောရရင်... သိင်ကိုကိုယ်ဒီနေ့နောက်ဆုံးအနေနဲ့ သေသေချာချာကြည့်ချင် သေးတာလဲပါတယ်.. သိင်ကဒီနေ့ပဲ ကိုယ့်ဘဝကိုယ်ပိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာလေ.. နောက်တစ်နေ့ဆို.. အောင်စစ်မင်းဆိုတဲ့ လူက ပိုင်တဲ့ သိင်္ဂီတော်ဖြစ်မှာမို့... ကိုယ့်အနေနဲ့ ဒီနေ့ပဲသိင့်ကို နောက်ဆုံးတစ်ခါလောက် မြင်ခွင့်ရချင်တာပါ... ကိုယ်နဲ့သိင့်ဘဝက အဝေးကြီးပါ.. တစ်ယောက်တစ်လမ်း စီလဲဖြစ်တာမို့ ကိုယ်တို့က ဘယ်တော့မှ ပြန်ဆုံရမှာ မဟုတ်ပါဘူး... နောက်ပြီး.. အင်း... စိတ်ကူးယဉ်တယ်ပဲ ပြောရမလား သိင့်ရဲ့မျက်လုံးအကြည့်ကလေးကို ကိုယ်က သိပ်စွဲလန်းတပ်မက်ခဲ့ရတာမို့ အကြည့်ကလေးကိုလဲ ဒီနေ့ နောက်ဆုံးရချင်သေးတယ်.. ဘယ်လိုလဲ.. သိင်"

ကိုသည် စကားပြောနေရင်း အဆုံးမှာခပ်သဲ့သဲ့ရယ် လိုက်သောလည်း ရယ်သံမှာ မပီပြင်လှချေ။ ကို၏ တောင်ပန်းတိုး လျှိုးမှုက သူမကိုတော်တော်ပဲ ထိခိုက်စေပါသည်။ နှလုံးသားသည် ကို့စကားသံတစ်ခုကို ကြားရတိုင်း ဆွဲယူဆုပ်ညှစ်ခံရသည့်ပမာ မွန်းကြပ်နာကျင်ရတော့သည်။ သိင်္ဂီတော်သည် အဲ့ဒီမှာ အမှားတစ်ခုကိုစတင်ကျူးလွန်မိတော့၏။

"သိင့်ကိုမမုန်းဘူးလား... ကို။ တကယ်တော့သိင်က အချစ်ကို တန်ဖိုးမထားတဲ့ မိန်းမ... အဆင့်အတန်းခွဲခြား တတ်တဲ့မိန်းမ တစ်ယောက်ပါ... ကိုမုန်းလိုက်တာအ ကောင်းဆုံးပဲ"

အို... ဘာတွေလျှောက် ပြောမိတာပါလိမ့်... ။





ဟင့်အင့်... ရင်မှာရှိတာတွေ... ဘယ်လောက်ထိမြိုသိပ် နိုင်တော့မလဲ။ ဒီတစ်ခုတော့ပြောခွင့်ပြုကွယ်... ။

"မမုန်းပါဘူး... သိင်။ သိင့်ကိုချစ်ခဲ့တာမုန်းဖို့မှ မဟုတ်တာ လေးဖြူရဲ့မျှော်လင့်ခြင်း လေးထဲက သီချင်းစာသားလိုပေါ့ သူမချစ်ခိုင်းလဲမုန်း လို့မဖြစ်... အချစ်ကအမုန်းမဟုတ်ပဲ နော်လို့ပဲဆိုရင်ပိုမှန်လိမ့်မယ်.. ကဲပါ.. သိင်.. ကိုယ့်ကိုသိင် အခွင့်အရေးတစ်ခုတော့ နောက်ဆုံးပေးဖို့ သင့်တယ်.. ကိုယ့်လက်ထဲက နှင်းဆီပန်း တွေသိင့်လက်ထဲ ကိုယ်တိုင် ကိုယ်ကျ ထည့်ပေးချင်တဲ့ဆန္ဒကိုတော့.. တဆိတ်ကျေးဇူး ပြုပြီး... လိုက်လျှောပေးပါကွာ... ကိုယ်... သိင်ရဲ့ဘဝ သစ်ကို နှောင့်ယှက်တာလဲ မဟုတ်ဘူးဆိုတာ ယုံ... ရာဇနဲ့သိင်္ဂီတော်ဆိုတဲ့ ဘဝတစ်ခု ရှိခဲ့ဖူးတာကို ဒီနှင်းဆီတွေနဲ့ နောက်ဆုံးနှုတ်ဆက်တာပါ..

ကိုရယ်.. မမုန်းဘူးတဲ့လား။ ရာဇာနဲ့သိင်္ဂီတော်ဆို တဲ့ဘဝကလေးတစ်ခုကို နှုတ်ဆက်ချင်တာတဲ့လား... ။အို... သိင် ဘယ်လိုများ ဖြေသိမ့်ရပါတော့မလဲ။ ကို့ဆန္ဒကိုလဲ သိပ်ဖြည့်ဆည်း ပေးချင်မိပြီ။ ကို့ကိုလဲဒီနေ့နောက်ဆုံး တွေ့ခွင့်ရချင်တာလဲ.. ကိုနဲ့ တိုက်ဆိုင်စွာ တူညီနေသော စိတ်ဆန္ဒတစ်ခုပင်။

"သိင့်အိမ်ကိုတော့ ကိုလာပေးလို့မရဘူး... ကို။ ဒီတော့.. သိင်ပဲလာယူပါ့မယ်။ အဲဒါဆို.. အားလုံးလဲသိင့်ကိုအမြင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလိမ့်မယ်... သိင်ကဒီလိုပဲ နှင်းဆီတွေသွားဝယ် နေကျဆိုတော့ ဒီနေ့ထွက်ဝယ်တယ်ပဲ ပြောလိုက်ရင်ရ တယ်။ ကိုကသိင့်ကိုနှင်းဆီတွေ ကိုယ်တိုင်ကိုယ်ကျလဲ ပေးရအောင်၊ သိင်လဲ အဲဒီပန်းတွေကို မေမေသံသယ မဖြစ်စေပဲ အိမ်မှာထိုးလို့ရအောင် သိင့်ကိုယ်တိုင်တခြား တစ်နေရာမှာလာယူတော့မယ်... သိင်ဘယ်နားလာရင် ကိုနဲ့တွေ့မလဲ"

ကိုသည်တစ်ချက်ငြိမ်တွေ တိတ်ဆိတ်သွားခဲ့ပြီး နောက်မှ

"သိင်နဲ့ကိုယ်တို့ ရန်ဖြစ်ခဲ့ဖူးတဲ့ နှင်းဆီခြံကလေးကို သိင်လာ ခဲ့ပါ... လာရတာလဲလွယ်တယ်"

... ဟုတွေးတွေးဆဆပြောလေသည်။ ကို့အသံမှာ ခုနကလောက်... သွက်လက်မနေတော့... ။ တစ်ခုခုကို စဉ်းစား နေဟန်ဖြင့် ခပ်လေးလေးဖြစ်သွားတာတော့ အဆန်းသားပင်။

"ကောင်းပြီ... သိင်ခုပဲလာယူပါ့မယ်"

"ကျေးဇူးတင်ပါတယ်... သိင်... ကျေးဇူးပဲအချစ်ရယ်"

... တဲ့လား... ဖုန်းချလိုက်သံသဲ့သဲ့အဆုံးမှာတောင် ကို၏ နှုတ်ဆက်သံက... ပဲ့တင်မြည်ဟီးလို့တည်း။ ကိုရယ်... အမှတ်သညာကြီးလှချည်လား။ သိင်နဲ့ကိုယ်... ရန်ဖြစ်ရတဲ့

စေတနာစာပေ



နှင်းဆီခြံရဲ့ နံနက်ခင်းကို ခုထိကိုမမေ့သေးဘူး ဆိုရင်ခက် ပြီ။ ကိုဟာသူ့ရဲ့ဒဏ်ရာတွေကို ဘယ်လိုများကုစားနိုင်မလဲ။

သိင်္ဂီတော်သည် ကိုယ့်ကိုယ့်ကိုတောင် မယုံကြည် နိုင်တော့အောင် အံ့ဩသောစိတ်ဆန္ဒမှာ သူမ၏စိတ်များသည် ကို့အလိုဆန္ဒတစ်ခု ကလေးကိုမျှ နောက်ဆုံးတစ်ခါ ဖြည့်ဆည်း လိုခြင်းဖြင့်... ကို့အက်ကိုယိမ်းယိုင် ငြိတွယ်နေခြင်းပင်ဖြစ်၏။

မောင်းနေကျ 90 Model Super Saloon ကလေးကိုထုတ်ယူ၍... တော်ဝင်မြို့ကြီး၏ မြင်ပသို့ မောင်းထွက်ပြီး ကို ချိန်းရာနှင်းဆီခြံကိုလာခဲ့ခြင်းမှာ... သူမ၏အမှားကို ကျူးလွန်မိခဲ့စေခြင်းဖြစ်ကြောင်း... သူမအဲ့ဒီအချိန်တုန်းက သိခွင့် မရခဲ့ချေ။

မေမေသံသယမဖြစ်စေချင်၍ ပန်းကိုမြန်မြန်သွား ယူပြီးအိမ်မြန်မြန် ပြန်ရောက်ချင်သည်လည်းတစ်ကြောင်း... မနက် ဖြန်မှာ... တစ်ခြားယောကျ်ားတစ်ယောက်နှင့် လက်ထပ်ရတော့ မည့်မိန်းမတစ်ယောက် အနေနှင့်... ဒီနေ့မှာချစ်သူပေါင်းဆီကို လာတွေ့ပြီး ကိုချစ်သူကပေးမည့် ပန်းတွေကို ကိုယ်တိုင်ကိုယ်ကျ လာယူခြင်းဟာ... ကိုယ့်ကိုကိုယ်လိပ်ပြာ သန့်ချင်စရာရောကောင်း ရဲ့လား ဟု စိတ်တွေဝေခွဲမရဖြစ်လာသည်လည်း တစ်ကြောင်း... တဖန် သူမ,ဟာ အမှန်အမှားကို ဘာဖြစ်လို့များ ခုထိဆုံးဖြတ်မရ သေးတာပါလိမ့်ဟု ကိုယ့်ကိုယ်ကို စိတ်ကွက်နာကြည်းမိသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ကြောင်း။ ဘာလို့များ စိတ်အလိုလိုက်ကာ ကို့ဆီလာတွေ့မိသလဲ။ ကို့ကို သူမအပေါ် တစ်သက်လုံး မုန်းတီးနာကြည်းသွားစေဖို့ ဘာလို့များ စကားလုံး ရင့်ရင့်သီးသီးတွေနှင့် မပြောဘဲ။ ကိုက သူမအပေါ် မမုန်းခဲ့ပါဘူးဟူသော စကားတစ်ခွန်းမှာ အလွယ်ကကူ နစ်မွန်းသွားမိသလဲ၊ ကို့ဆီက ပန်းလက်ဆောင်ကို ဘာကြေ    ယူချင်မိသလဲ။

နောက်ဆုံးတောင်းဆိုသော ကို့ ဆန္ဒကို ပစ်ပစ်ခါခါ ငြင်းဆိုလျက် မာကြောပြတ်တောက်ရန် သူမမှာ ဘာကြောင့် ခွန်အားတွေ ရှိမနေခဲ့ပါသလဲ။ ဘယ်လောက်တောင် ဝဋ်ဒုက္ခကြီး လိုက်တဲ့ မိန်းမတစ်ယောက်ပါလိမ့်။

ချစ်တဲ့သူကို မည်မျှပင် ချစ်သောလည်း လက်မတွဲရဲသော သူမဟာ ချစ်သူက ပေးသော ပန်းတွေကိုတော့ အမြတ်တနိုး ပိုင်ဆိုင်ခွင့်ရလိုခြင်းဟာ.. အို... ဟင့်အင်း... ဘာမှ မတွေးချင်တော့ပြီကွယ်။ နောက်ဆုံးတစ်ကြိမ်ကလေးတော့ စိတ်အလိုဆန္ဒရဲ့ စေစားမှုကို ခံမင်ပါရစေဦးလား။

သိင်္ဂီတော်သည် စိတ်နှင့် ခန္ဓာတို့ ဒွန်တွဲမနေခဲ့ပဲ စိတ်တွေက တစ်ပိုင်းတစ်စစီ ပျံ့လွင့်နေခဲ့သည်မို့ ကားသည် ဘေးက သစ်ပင်တွေ တရိပ်ရိပ် ကျန်ခဲ့သည်အထိ ရှိသမျှ ကားတွေကို ဘယ်နှစ်စီးမှန်းမသိ ဖြတ်ကျော်ပစ်ခဲ့သည်အထိ၊ မီးဝါမြင်တာတောင် ဖြတ်မောင်းသည်မှာလဲ ခဏခဏဖြစ်သည်အထိ အရှိန်





မြင့်မှန်းမသိ မြင့်နေခဲ့သည်မှာ သူမ တစ်ခါကလေးသော်မှ မမောင်းကြည့်ခဲ့ဖူးသော မိုင်နှုန်းအထိပင်တည်း။

ထိုအခိုက်အတန့်တွင် လမ်းချိုးတစ်ခုအတွင်းမှ လွင့်စဉ်ထွက်လာသော ဘောလုံးတစ်လုံးနောက်သို့ ကမူးရှူးထိုး ပြေးလိုက်လာသည့် ကလေးတစ်ယောက်အား သူမ၏ ကားရှေ့မှာ ဘွားကနဲမြင်လိုက်ရသည်အခါ ရင်ဘတ်တစ်ခုလုံး အသံကျယ်ကြီးမြည်ဟီးသွားသည်အထိပင် ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ ဘရိတ်ကို အချိန်မှီ ဆောင့်နင်းလိုက်သော်လည်း ကလေးနှင့် သူမ၏ ကားအကွာအဝေးမှာ အလွန်နီးကပ်နေပြီဖြစ်၍ မလွတ်နိုင်မှန်း ချက်ချင်းသတိထားမိလျှင် သူမသည် မျက်လုံးတွေ ပြာဝေမှောင်မိုက်သွားခဲ့ပြီတည်း။

မျက်လုံးကို စုံမှိတ်ကာ စတီယာရင်ကို လမ်းဘေးတစ်နေရာသို့ ဆတ်ကနဲ ဆွဲလှည့်ပစ်လိုက်မိတော့သည့် အချိန်တွင် ခေါင်းထဲတွင် ဘာမှရှိမနေခဲ့တော့။ လမ်းဘေးမှာ သစ်ပင်ကြီးတွေ အစီအရီရှိနေခဲ့ပါလားဆိုတာကိုလဲ မေ့လျော့လို့။

ကားသည် ကျွီကနဲ အသံကျယ်ကြီးမြည်အောင် ကားတာယာနှင့် ကတ္တရာလမ်းထိတွေ့သည့် အသံကျယ်ကျယ်ကို ဖြစ်စေလျက် လမ်းဘေးသို့ တဟုန်ထိုး ဆင်းချသွားသည့်အခါ သူမမျက်စိရှေ့တွင် နောက်ဆုံးမြင်ခဲ့သည်မှာ သူမ၏ကား ဦးတည်ရာတွင် လုံးပတ်ပင်စည်ကြီးမားလွန်းလှသည့် သစ်ပင်ကြီးတစ်ပင်

www.burmeseclassic.com



ရှိနေခဲ့ခြင်းတည်း။

အဲ့ဒီနောက်မှာ သူမသည် ဘာမှ မမြင်တော့ မသိတော့၊ မကြားရတော့။ ဟိုးခပ်ဝေးဝေးတစ်နေရာကို လွင့်ကန်ရောက်သွားခဲ့လေပြီး အဲ့ဒီနေရာမှာ ဘာမှမရှိ ပကတိအေးချမ်းငြိမ်သက်လို့။

ပြီးတော့ ချစ်သူကို တမ်းတရခြင်းတွေလဲမရှိ.. နှမ်းလျကြေကွဲရခြင်းများလည်းမရှိ.. အာဃာတများလည်းမရှိ အတ္တကြီးရခြင်းများလည်းမရှိ.. အဆင့်အတန်းခွဲခြားခြင်းတည်းဟူသော မာနတံတိုင်းများလည်းမရှိ လွမ်းဆွတ်ငိုကြွေးရခြင်းများလည်းမရှိ.. အိုး.. တကယ့်ကို ပကတိဗလာသက်သက်တည်း။ ဘယ်လောက်ပျော်မွေ့ဖွယ်ကောင်းတဲ့ ငြိမ်းချမ်းတိတ်ဆိတ်တဲ့ နေရာကလေးလဲလို့။

✿ ✿ ✿ ✿

စေတနာစာပေ



ရာဇသည် ဆူးအသင့်ချွေပြီးသား ပန်းရောင်နှင်းဆီဖူးကလေးတွေချည်း သတ်သတ်ရွေးချယ်၍ စည်းနှောင်ကာ အဆင်သင့် ပြင်ဆင်ထားခဲ့သော နှင်းဆီပန်းစည်းအား လက်ထဲမှာ ကိုင်ရင်း နှင်းဆီခြံရှေ့ အုတ်ခုံမှာ ထိုင်၍ ကားဝင်လာနိုင်ရာလမ်းမဆီ၊ လည်တဆန့်ဆန့်ဖြစ်နေခဲ့သည်မှာ ဘယ်လောက်တောင်ကြာပြီလဲမသိ။

"ဒီအချိန်လောက်ဆိုရင်.. သိင် ရောက်ဖို့သင့်ပြီ.. ကိုယ့်ဆီလာမတွေ့ချင်လောက်အောင် သိင်တင်းမာနိုင်ပြီလား ကိုယ့်ဆီက ပန်းလက်ဆောင်ကလေး လာယူတာလောက်တောင်... သိင်က ကိုယ့်ကို ခွင့်မပြုချင်ဘူးလား.. သိင် ရယ် ရက်စက်နိုင်လွန်းတယ်.. "

ဟူ၍ နာရီကြည့်လိုက်၊ မကြာခဏ တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်ဖြင့်။ နာရီလက်တံတွေက တဖြည်းဖြည်း ရွေ့၍ အချိန်တွေ ကုန်သွားတိုင်း နေရောင်ခြည်၏ အလင်းရောင် တစ်စ တစ်စ ငုပ်လျှိုးသွားခြင်းကို ကောင်းကင်ထက် မော့ကြည့်၍ တွေ့ရတိုင်း။

ရင်ထဲမှာ တစစ်စစ်နာကျင်ပဲ့ကြွေရတော့သည်။ ကိုယ့်ကို မင်းတကယ်ချစ်ခဲ့ပါတယ်.. သိင်၊ အဲ့ဒါကို ကိုယ် ဘယ်လိုမှ သံသယဖြစ်စရာလဲ မရှိပြီ။ သိင့်ကို ကိုယ်ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သိင်ဟာ နှလုံးသားရဲ့ ဆန္ဒထက် ဦးနှောက်ရဲ့ ဆန္ဒကို သိပ်ဦးစားပေးလွန်းသူမှန်း ကိုယ်သိသိကြီးနဲ့ အပြစ်မယူခဲ့ပါဘူး သိင်။ မုန်းတီးနာကြည်းလို့လဲမရ။ မေ့လို့လဲမရ။ ဘယ်လောက်တောင် မင်းကိုယ့်ကို ပြုစားခဲ့နိုင်သလဲဆိုတာ မင်းမသိခဲ့ဘူး... ကိုယ့်ရဲ့ သိင်ကလေးရေ။

"သားရဲ့ ကောင်မလေး မလာတော့ဘူးထင်တယ် သား တော်တော်တောင် မှောင်လာပြီ... ဒီအချိန်ကြီးမှဆိုရင် အင်း.. သား သဘောပါပဲ.. ဆက်စောင့်ချင်လဲ စောင့်ပေါ့ လေးလေးတို့က သားသိပ်ကြာကြာဆက်ထိုင်နေရင် အအေးပတ်မှာစိုးလို့ လာသတိပေးတာ... "

ပြည်စိုး၏ ဦးလေးက မနေနိုင်တော့၍ ထင်။ သူ့ကို လာ၍ ဖျောင်းဖျလေသည်။

ကြည့်စမ်း... သူ ဒီမှာ ထိုင်စောင့်နေတာ တော်တော်တောင်ကြာနေပြီထင်ပါရဲ့။ ဘေးက ပတ်ဝန်းကျင်မှာ အမှောင်ထုကတောင် ကြီးစိုးစပြုလာခဲ့လေပြီ။

"ကျွန်တော်... သူ့အိမ်ကို ပန်းတွေ သွားပေးလိုက်ရင် ကောင်းမလား လေးလေး။ ကျွန်တော်... သူ့ကို ခဏဖြစ်ဖြစ် ကြည့်ခွင့်ရရုံကလေးပဲ မျှော်လင့်တာပါ... သူ့ဘဝမှာ အနှောင့်အယှက်ဖြစ်အောင် တမင်ဖန်တီးတာ မဟုတ်ပါဘူးဆိုတာလဲ သူယုံစေချင်သေးတယ်... "

ဧေတနာစာပေ





"စိတ်အလိုကိုလိုက်တာ မင်းအတွက် ဘာမှမဖြစ်ပေမဲ့... ငါ့ တစ်ဘက်မိန်းကလေးကို ငဲ့ညှာဖို့သင့်တယ်.. လူလေးႎ ငဲ့ကိုက် မင်း စဉ်းစားပေါ့ကွာ... ကိုယ်ချစ်ရတဲ့ မိန်းကႏ တစ်ယောက်ရဲ့ဘဝဟာ ကိုယ့်ပယောဂကြောင့် စိတ် သာတွေဖြစ်သွားရတာမျိုး တစ်သက်လုံး ပိုင်ခ်စစ ကွဲအက်ရင် ဘယ်ကောင်းမလဲ.. သူ့ကိုချစ်ရာမရောက်ဲ့ည့်ခွင့်ဟူသောမှာပေါ့.. ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒထက် ဦးနှောက်ိဆိုင်ချင်သော်ချက်ကို ဦးစားပေးသင့်တယ်လို့ အကြံပေးချင်ပွန်းလေစွ။

ဆန္ဒထက် ဦးနှောက်ရဲ့ ဆုံးဖြတ်ချက်ကိုလည်အထီး သင့်သတဲ့။ သိင်လဲ.. သိင်ဟာလဲ သူ့ကို လာတွေ့ချင်ဂ်င် သူက င်တောင် သူမရဲ့ ဦးနှောက်က ဆုံးဖြတ်ချက်ကြောင့် လာမတွေ့ရှိဖို့ ဖို့များ ဆုံးဖြတ်ခဲ့ပြီလား... ဟုတ်မှာပါ။ သိင်က ဆန္ဒရဲ့ းရာကို မြိုသိပ်နိုင်တတ်လွန်းသူကလေးပဲ။

"သိင်,မလာတော့တာ သေချာသွားပြီ လေးလေး။ နေတောင်ဝင်သွားပြီ။ ကျွန်တော် သူ့ကို မစောင့်တော့ပါဘူး... သူ ဘာကို ဆုံးဖြတ်မလဲဆိုတာ ကျွန်တော် တွေးလို့ရပါတယ်... "

ရာဇသည် လေးတွဲစွာပင် ထိုင်ရာမှ ထလိုက်ပြီး နောက် လက်ထဲမှ နှင်းဆီပန်းစည်းကို ပြည်စိုး၏ ဦးလေးထံ ပေးလိုက်ကာ...

ဧေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းတွေ သူလာမယူတော့တဲ့အတွက် ကျွန်တော့်ဆန္ဒကို သိပ်ဦးအတွက် အပိုပစ္စည်းဖြစ်သွားပြီ... ဒီတော့ အကျိုးရှိအောင်မယူခဲ့ပါဘူး သိင်ုးနလေးပဲ ဒီပန်းတွေ ယူထားလိုက်ပါတော့။ မနက်ကျဘယ်လောက်တောင်ုန်းလာဝယ်တဲ့ လူတွေကို ရောင်းလိုက်ဖို့ ကျွန်တော်မသိခဲ့ဘူး... ကိုယ့်ရဲ့ ြရစေ... "

"သားရဲ့ ကောင်တ်မလဲ... မင်းပဲ လေးလေးဆီက ဝယ်ထားတာတော်တော်ဝေ... မင်းပိုင်တဲ့ ပန်းတွေပဲ မင်းယူသွားပေါ့... "

အင်း... သား ်စေတော့... လေးလေးရာ။ ဒီပန်းဝယ်တာ သိင့်လေးလေး႒က်ဝယ်တာ။ သူမှ လာမယူတော့တာမို့ ကျွန်တော်အအေးဖာယ်သူ့သွားပေးရမလဲ... လေးလေးပဲ ပြန်ယူလိုက်ပါ...

အလဟာသဖြစ်ရမဲ့ အတူတူ လေးလေးတို့ အသုံးကျအောင် ပြန်ပေးခဲ့တာက အကျိုးရှိမယ်ဗျ... ကဲ... လေးလေးကျွန်တော်ပြန်ပြီ... ကျွန်တော်လိုချင်သမျှ ပန်းတွေကိုခူးယူခွင့်ပေးတဲ့အတွက် လေးလေးကို ကျေးဇူးတင်ပါတယ်... "

"ရပါတယ်ကွာ... လေးလေးက မင်းနဲ့ မင်းကောင်မလေးရဲ့ အဖြစ်အပျက်အတွက် တကယ်စိတ်မကောင်း ဖြစ်မိတယ်... "

ရာဇသည် နှင်းဆီခြံကလေးအား နောက်ဆုံးတစ်ချက်လှည့်ကြည့်ပြီးနောက် မှောင်ရိပ်သန်းနေပြီဖြစ်သော

**အုပ် (၂၀) မြောက် ၂၀၁၅ အထိမ်းအမှတ်**



ကောင်းကင်ကြီးအောက်တွင် တစ်ယောက်တည်း ခေါင်းငိုက်စိုက်လျက် အိမ်ပြန်လာခဲ့တော့သည်။

အသည်းနှလုံးသည် အပိုင်းပိုင်းအစစ ကွဲအက်ကြေမွသွားခဲ့လေပြီ။ ချစ်သူအား မြတ်နိုးစွာ ငေးကြည့်ခွင့်ဟူသော အခွင့်အရေးတစ်ခုကို နောက်ဆုံးတစ်ကြိမ်မျှ ပိုင်ဆိုင်ချင်သော်ငြား ချစ်သူကလေးက မပေးခဲ့ဘူးတဲ့။ မြတ်သားလွန်းလေစွ။

ထိုအချိန်မှစ၍ ရာဇ၏ ဘဝသည် ပြန်လည်အထီးကျန်၍ တိတ်ဆိတ်ခြောက်သွေ့သွားခဲ့လေပြီ။ သူ့ဘဝတွင် သူကချစ်နိုင်သော ချစ်သူနှင့် သူ့ကို ပြန်ချစ်နိုင်မည့် ချစ်သူများရှိဖို့မလိုအပ်တော့ပြီမို့ သူသည် သံယောဇဉ် အနှောင်အဖွဲ့မှကင်းနိုင်သမျှ ကင်းအောင်နေပြီး တစ်ယောက်တည်း ဘဝကိုဖြတ်သန်းခဲ့ပြီတည်း။

✿❀✿❀✿❀✿

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ကဏ္ဍ (၄)

www.burmeseclassic.com

www.burmeseclassic.com

# ၁

"မေမေရယ်.. သိင်သေသွားတာကမှ ကောင်းဦးမယ်... သိင် ဒီလိုဘဝကြီးနဲ့ အသက်ဆက်ရှင်တော့ရော ဘာအဓိပ္ပါယ်များရှိတော့တာမှတ်လို့.. သိင်ဘဝက ဘာလို့များ ကံဆိုးခဲ့ရတာလဲ... မေမေရယ်။ သိင်ဖြင့် သေပြီလို့တောင် ကိုယ့်ကိုယ်ကို အဆုံးစွန်ထင်လိုက်တာ... အဲ့ဒီတုန်းကပေါ့... သိင့်ကားနဲ့ သစ်ပင်ကြီးဝင်တိုက်လိုက်တုန်းက... "

"သိင်ကလေးရယ်.. မေမေတို့မှာ ဒီသမီးလေးတစ်ယောက်ထဲပဲရှိတာပါ.. အသက်ရှင်နေတာကို တော်တော်ကျေနပ်လှပြီ... သိင်ကလေး မျက်စိအောက်မှာ ဒီလိုရှိနေလို့



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ ဘွားအေကြီး အစော့်ကို ထူထူထောင်ထောင်ဖြစ်လာတာကွယ့်... နောက်မို့ သူ့ခမျာ အိပ်ရာထဲ ဖုန်းဖုန်းလဲနေတာ သိင်ကလေးနဲ့ အပြိုင်ပဲ။ သိင်... သတိရတယ်၊ အသက်ရှင်တယ်လို့ပြောမှ ပြန်နလန်ထူတော့တယ်... ဒီတော့ သိင့် စိတ်ထဲစွဲမှတ်ထားရမှာက... သိင်ဒီလို အသက်ရှင်နေပေးတာဟာ... မေမေ့ကို အထူးသဖြင့် ဘွားအေကို စိတ်ချမ်းသာအောင် ဖန်ဆင်းပေးလိုက်တာလို့ပဲမှတ်... ဟုတ်ပြီလား။ သိင်သာ သေသွားခဲ့ရင် မေမေဖြင့် ဒီဘဝကြီးထဲမှာ နေခဲ့ရမှာ တော်တော် အမိပ္ပါယ်မဲ့သွားမှာပဲ သမီး။ မေမေ့ဘဝမှာ ဘာမှမရှိချင်ရင်နေ... သမီး သိင်ကလေးရှိဖို့က အရေးအကြီးဆုံး... ”

မေမေက သိင်၏ ခေါင်းကလေးကို ရင်ဘတ်ထဲ ထည့်ထားလိုက်လျှင် သိင်သည် မေမေရင်ခွင်ထဲတွင် မျက်နှာ အပ်ရင်း အကြာကြီးငိုမိပါသည်။

မမျှော်လင့်သော ကံကြမ္မာ၏ ဖန်တီးမှုများ ဖြစ်ပျက်ခဲ့ပြီးနောက်မှာ သိင်္ဂီတော်သည် တစ်သက်လုံး ပြန်မရနိုင်တော့သော ခြေထောက်များ လှုပ်ရှားနိုင်ခြင်းတည်းဟူသည့် အခွင့်အရေး

စေတနာစာပေ



တစ်ခုကို လက်လွှတ်ဆုံးရှုံးရသူဖြစ်ခဲ့တော့သည်။

“ဘာပဲဖြစ်ဖြစ်... ဂီ့ကို ကိုကြီးချစ်မြတ်နိုးတာတာ ဒီလို ကိုယ်အင်္ဂါချွတ်ယွင်းသွားလို့ဆိုတာကလေးနဲ့တော့ အလွယ်တကူဖျက်ဆီးလို့ မရနိုင်ပါဘူး... ဂီ။ ဂီနဲ့ ကိုကြီး လက်ထပ်မယ်.. အရင်တစ်လတုန်းက ကျင်းပဖို့ရှိခဲ့ပြီးသား ဖြစ်တဲ့ ဂီနဲ့ ကိုကြီးရဲ့ လက်ထပ်ပွဲကို အခု ဂီ နေကောင်း လာပြီပဲ... ပြန်ကျင်းပဖို့ စီစဉ်မယ်ကွာ ဘာဖြစ်သလဲ.. ကိုကြီး ဂီ့ကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ စောင့် ရှောက်သွားနိုင်ပါတယ်ဆိုတာ ယုံ... ဂီ့ကို အမြဲတမ်း မပြောင်းလဲတဲ့ မေတ္တာတွေနဲ့ ချစ်နေမှာပါ... ”

ဘယ်လောက်နက်နဲသိမ်မွေ့လိုက်တဲ့ ယောကျ်ား တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာစစ်တစ်ခုလဲ။ သိင်္ဂီတော်သည် ကိုကြီး၏ မေတ္တာကို လေးစားမိပါသည်။ သို့သော် သူမ ဘဝက တစ်ယောက်တည်းနေရတာက အကောင်းဆုံးဟု ဆုံးဖြတ် ပြီးခဲ့ပြီတည်း။

“ဂီ့ ခြေထောက်တွေက လုံးဝသေသွားပြီ ကိုကြီးရဲ့... ဟာ သာမာန်လူတွေလို လှုပ်ရှားသွားလာနိုင်တော့

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး… အမြဲတမ်း Wheel chair ကြီးနဲ့ နေရတော့မှာ။ ပြီးတော့ သူများအကူအညီ၊ သူများရဲ့ ချီပွေ့သယ်မှုနဲ့မှ ဂီက တစ်နေရာက တစ်နေရာ ပြောင်းလို့ရမှာ… ကိုကြီးသိသားပဲ။ ဘာပဲဖြစ်ဖြစ်… ဇနီးမယားရှိပြီးသား ယောကျ်ားတစ်ယောက်ဟာ သူ့ဇနီးနဲ့ လက်တွဲပြီး အတူတွဲသွားချင်တဲ့ ဆန္ဒတော့ရှိမှာ အမှန်ပါပဲ ကိုကြီး။ ပြီးတော့ မိသားစုဆိုတဲ့ ဘဝတစ်ခုနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တဲ့ ဆန္ဒဟာလဲ ဘယ်သူ့မှာမဆို ရှိလာမှာပဲ။ ဂီက ကိုကြီးအတွက် အဲ့ဒီဆန္ဒတွေကို မဖြည့်ဆည်းပေးနိုင်တော့မဲ့ မိန်းမတစ်ယောက်ပါ… ဂီ့ကို ခွင့်လွှတ်ပါ ကိုကြီး။ ဂီ ကိုကြီးကို လက်မထပ်နိုင်တော့ပါဘူး… ကိုကြီးရဲ့ မေတ္တာကို စော်ကားတာလဲ မဟုတ်ဘူး။ မယုံကြည်တာလဲ မဟုတ်ပါဘူး။ ကိုကြီးကို အမြဲတမ်း ယုံကြည်ပါတယ်… ဂီ့ကို တကယ်ပဲ မပြောင်းလဲမဲ့ မေတ္တာမျိုးတွေနဲ့ ချစ်နိုင်လိမ့်မယ်လို့လဲ ဂီ သိပါတယ်။ ဒါပေမဲ့ ဂီက အခုအခြေအနေမှာ တစ်ယောက်တည်းပဲ နေချင်တော့တယ်… ဟုတ်တယ်… ဂီတစ်ယောက်တည်းပဲ နေပါရစေ… ဂီ့ကို နားလည်ပေးပါ ကိုကြီးရယ်… ”





“ဂီ… ညီမလေး… မင်းရဲ့ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား… မင်းကို ကိုကြီး ငယ်ငယ်ထဲက ချစ်ခဲ့တာကွ… ဘယ်လို အခြေအနေမျိုးမှာ ဖြစ်ပါစေ လက်လွှတ်ဆုံးရှုံး မခံချင်ဘူး… ”

“ဟင့်အင်း… ကိုကြီးရယ်… ဂီ့ကို တကယ်ချစ်တယ်ဆိုရင် တစ်ယောက်တည်းနေချင်တဲ့ ဂီ့ဆန္ဒကို လိုက်လျောပေးပါ… အားလုံးအတွက် အကောင်းဆုံးဖြစ်သွားအောင် ဒီလိုဆုံးဖြတ်တာလို့ မထင်ပါနဲ့… ဂီ့အတွက် ဂီ့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်တာပါ… ”

ကိုကြီးသည် သူမအား ကြိမ်ဖန်များစွာပင် လက်ထပ်ခွင့်ကို အမြဲမပြတ်တောင်းခဲ့ပါသည်။ သို့သော် သီဂီတော်သည် သူမ၏ ဆုံးဖြတ်ချက်ကို အချိန်တွေ ဘယ်လောက်ပင် ကြာခဲ့ပါစေ မပြောင်းလဲပစ်ခဲ့ပါ။ ဟုတ်သည် မည်သည့်အခါမှ မည်သည့် အကြောင်းကြောင့် ဖြစ်စေပေါ့။ ဒီဆုံးဖြတ်ချက်ကို ပြောင်းလဲလိမ့်မည် မဟုတ်တော့။

“ကိုကြီးရယ်… အချိန်တွေလဲ ကြာလှပါပြီ… ကိုကြီး အဘွားနဲ့ မိဘက စီမံလက်ထပ်ပေးမဲ့ ကိုကြီးကိုယ်ပိုင်

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



လဲ နှစ်သက်မဲ့ မိန်းမတစ်ယောက်ကိုပဲ... ရွေးချယ်လိုက်ပါတော့လို့ ဂီ တိုက်တွန်းချင်တယ်... ”

“ဂီရယ်... ညီမလေးရယ်။ မင်းလို မိန်းကလေးတစ်ယောက်ရဲ့ ဘဝဟာ ဘာလို့ ဒီလိုအဖြစ်အပျက်နဲ့ အဆုံးသတ်ခဲ့ရတာလဲ... တကယ်ဆိုရင်... ဂီဟာ ကိုကြီးနဲ့ လက်မတွဲဖြစ်ခဲ့ရင်တောင် ကိုယ်ချစ်တဲ့သူနဲ့ လက်တွဲခဲ့ရလိမ့်မယ်ဆိုရင် ကိုကြီး ဒီလောက် ယူကျုံးမရဖြစ်မှာ မဟုတ်ဘူး... ”

“ဂီ... ဘယ်ယောကျ်ားတစ်ယောက်ကိုမှ လက်တွဲတော့မှာ မဟုတ်ပါဘူး... ဂီဟာ တစ်ယောက်ထဲပဲ နေသင့်တဲ့ မိန်းမတစ်ယောက်ပါ... ”

ကိုကြီးသည် သူ၏ဆန္ဒကို တစ်နှစ်ကျော်ကြာသည်အထိ တောင်းခံခဲ့သည့်တိုင် သီဂီတော်သည် ငြင်းဆန်မြဲ ငြင်းဆန်ခဲ့ပါသည်။ ကိုကြီး၏ ဘွားအေအပါအဝင် မိဘဆွေမျိုး အသိုင်းအဝန်းတို့က ကိုကြီးအား ဘယ်လောက်ပဲ ဝိုင်းဝန်းတားမြစ်ကြပါစေ၊ မကြည်ဖြူကြပါစေ၊ ကန့်ကွက်ကြပါစေ၊ ကိုကြီးသည် ကြီးစွာပင် သူ၏ဆွေမျိုး အသိုင်းအဝန်းကို ဆန့်ကျင်လျက် သူမဘက်က ရပ်တည်ခဲ့သူတည်း။ ဘယ်လောက် အံ့သြစရာ





ကောင်းတဲ့ ချစ်ခြင်းမေတ္တာတစ်ခုလဲ။ ပြီးတော့ ဘယ်လောက်လေးစားချင်စရာကောင်းတဲ့ စိတ်ဓါတ်ပိုင်ရှင်လဲ။

သို့သော် သီဂီတော်သည် ဤဘဝတွင် ဘယ်ယောကျ်ားတစ်ယောက်ကိုမှ လက်မထပ်သင့်သော မိန်းမ ဖြစ်လေသည်။ သူမ၏ ဘဝသည် တစ်ယောက်တည်းနေသင့်သောသူ ဖြစ်ဖို့ ကံကြမ္မာက ဖန်တီးပေးခဲ့လေပြီ။

နှစ်နှစ်ခန့်ကြာပြီးသောအခါ ကိုသတင်းကို သိခွင့်ရပါသည်။ အိမ်ထဲက အိမ်ပြင် သိပ်ထွက်လေ့မရှိသော သူမအတွက် အဖော်များဖြစ်သော မဂ္ဂဇင်း၊ စာအုပ်နှင့် တီဗွီ၊ ဗွီဒီယိုများသာ ဖြစ်ရာ ကို၏ သတင်းကို သိခွင့်ရသည်မှာ မဂ္ဂဇင်းများနှင့် တီဗွီကြော်ငြာမှတဆင့် ဖြစ်၏။

ကို၏ ပထမဆုံး စီးရီးထွက်တော့မည့်သတင်းကို မဂ္ဂဇင်းကြော်ငြာတွေမှတဆင့် သိမြင်ရပြီးနောက်မှ တီဗွီကြော်ငြာဘွင် ကို၏ စီးရီးကြော်ငြာကို တွေ့ခွင့်ရသည့်နေ့တုန်းကတော့ သူမသည် တသိမ့်သိမ့် ကြည်နူးပီတိဖြစ်ကာ ရင်တွေခုန်ရသည်အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



သိင် စိုးရိမ်ခဲ့သလို ကို၏ ဘဝက မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေ အနာဂတ်တွေ ခြေလှမ်းအသစ်တွေ ပျက်စီးလေလွင့်သွားရတဲ့ ဘဝမျိုး ဖြစ်မလာခဲ့ဘူးကွယ်။ ကိုက မခံချင်စိတ်တွေနဲ့ ကိုယ့်ဘဝကိုယ် အမြင့်ဆုံးဖြစ်အောင် ကြိုးစားနေခဲ့ပြီ ထင်ပါရဲ့။

တစ်ချိန်တုန်းက သူ့ကို ဂုဏ်မရှိခြင်း၊ ပညာမတတ်ခြင်း၊ ငွေကြေးကြွယ်ဝချမ်းသာမှု မရှိခြင်းဆိုတဲ့ တံတိုင်းတွေနဲ့ ပိတ်ဆို့ကာရံထားခဲ့ပြီး လှဲ့စားခဲ့တဲ့ မိန်းမတစ်ယောက်ကို အခုတော့ မ ့ လက်မထောင်ပြနိုင်ပြီ။ သူ့ရဲ့ အချစ်ကို သရော်မော်ကား တ ခဲ့တဲ့ မိန်းမတစ်ယောက်ကို ကိုဟာ ဘယ်တော့မှ မေ့မှာတော့ ဟုတ်။

သူ့ကို နောက်ဆုံးတွေ့ခွင့်တောင်းတဲ့ အချိန်အထိ "လာခဲ့ပါမယ်"လို့ ကတိပေးပြီး လှဲ့စားခဲ့တဲ့ မိန်းမတစ်ယောက်ကို သိပ်နာကြည်းသွားပြီ ထင်ပါရဲ့။

နှင်းဆီပန်းကလေးတစ်စည်းနဲ့ စောင့်နေမဲ့ ချစ်သူကောင်လေးတစ်ယောက်ဆီကို လာတဲ့ ကောင်မလေးဟာ လမ်းခုလတ်မှာ ဘာတွေဖြစ်ခဲ့သလဲ။ ဘာလို့ သူ့ဆီရောက်မလာခဲ့





သလဲဆိုတာတွေကို သိခဲ့မယ် မထင်ဘူးကွယ်။

အို... ကို မသိလက်စနဲ့ မသိပါစေနဲ့။ သိင်ဟာ ကိုထင်မှတ်ထားသလို ဂုဏ်မနေတွေနဲ့ တင့်တယ်တဲ့ အသိုင်းအဝန်းထဲမှာ ပျော်နေပြီလို့ပဲ... ကို ယူဆနေတာပဲ ကောင်းပါသည်။

တစ်နေ့ကတော့ ကိုကြီးရောက်လာခဲ့သေး၏။ ကိုကြီးသည် သူ့လက်ထဲမှ တစ်စုံတစ်ခုကို လှမ်းပေး၍ ယူကြည့်လိုက်သည့်အခါ...

"ရာဇရဲ့ ပထမဆုံး စီးရီးလေ... ဒီနေ့ထွက်တယ်။ ဂီ... နားထောင်ချင်လိမ့်မယ်လို့ ကိုကြီးထင်ခဲ့လို့ ဝယ်လာပေးတာပါ... ကဲ သွားမယ်... ညီမလေး..."

ကိုကြီးသည် ခွင့်လွှတ်စွာ ပြုံးပြရင်း သူမ၏ ငယ်သိပ်ကို တစ်ချက်ဖိကိုင်၍ နှုတ်ဆက်ကာ ပြန်သွားခဲ့သည်အထိပင် သိဂီတော်သည် နေရာမှ မရွေ့မိပဲ အကြာကြီး တိတ်ဆိတ်စွာ ကို့ရဲ့ သီချင်းခွေကလေးအား လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မျက်ရည်တွေ ဝဲနေခဲ့မိသည်။

"ကျေးဇူးတင်ပါတယ်... ကိုကြီး..."

အုပ် (၃၀) မြောက် ([illegible]) အထိမ်းအမှတ်

F - 19 (A)

www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုကြီး၏ ကားနောက်မြီးကို လိုက်ငေးရင်း နှုတ်မှ တိုးတိုးဖွဖွ ပြောလိုက်မိသည်။ ကိုကြီးက မကြားနိုင်တော့ပေမယ့် သူမအား ယခုထိတိုင် နားလည်ခွင့်လွှတ်လျက် အလိုက်သိလွန်းလှသော ဤယောကျ်ားတစ်ယောက်၏ မြတ်နိုးယုယမှုကို ရင်ထဲမှာ တသိမ့်သိမ့် ခံစားမိပြီး အမှန်တကယ်ပင် ကျေးဇူးတင်မိသောကြောင့် ရေရွတ်လိုက်မိတာပင်။

ထို့နောက်တွင်တော့ သိင်္ဂီတော်၏ ဘဝသည် တစ်ယောက်တည်း အထီးကျန်စွာ ဆက်လက်ဖြတ်သန်းရတော့သည်။ Wheel chair ပေါ်တွင်ထိုင်လျက် တစ်သက်လုံးပင် မေမေ၏ မေတ္တာရိပ်မှာ ခိုလှုံရင်း နေခွင့်ရသောအခါ ဘဝဟာ မည်မျှပင် အထီးကျန်စေကာမူ သူမ၏ အတ္တတွေ၊ မာနတွေ၊ တစ်ယူသန်စိတ်တွေ ရှိမနေတော့ပြီမို့ အရာရာဟာ ငြိမ်းချမ်းပြည့်စုံသွားသကဲ့သို့ပင် ထင်ရချေတော့သည်။

✿❀✿❀✿❀✿







နောက်ထပ်တစ်နှစ်ခန့် ထပ်မံကြာမြင့်ပြီးသည့်အခါ ကိုကြီးသူ့ သူ့မိဘ အကြီးအကဲများ၏ ဆန္ဒအတိုင်းပင် သူနှင့် သက်တူရွယ်တူ အဆင့်အတန်းတူသော ဆေးပညာဘွဲ့လွန်တက်ခါစ ဆရာဝန်မလေးတစ်ယောက်နှင့် လက်ထပ်သွားပါသည်။

သိင်္ဂီတော်သည် မှန်ကန်သော ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချသွားနိုင်သော ကိုကြီးအား ဂုဏ်ယူပီတိဖြစ်စွာပင် လက်ဖွဲ့လှလှကလေးတစ်ခုကိုတောင် ကိုကြီးနှင့် မမဒေါက်တာတို့ လက်ထပ်ပြီးသည့် နောက်တစ်နေ့မှာ သူတို့အိမ်သို့ ကိုယ်တိုင်သွား၍ ပေးခဲ့မိပါသည်။

Wheel chair ကို ကားပေါ်မှ အရင်ချပြီး ကားထဲမှ သူမကို ပွေ့ချီ၍ Wheel chair ပေါ်တင်လိုက်သော အဖေါ်ကောင်မလေး၏ လက်များထဲတွင် စွေ့ကနဲပါလာသည့် သူမအား အံ့ဒီမမသည် ဂရုဏာသက်စွာ ငေးကြည့်နေခဲ့၏။

"သိင်ကကိုကြီးရဲ့ ညီမအရင်းတစ်ယောက်လိုခင်တဲ့ မိတ်ဆွေတစ်ယောက်ပါ.. ကိုကြီးနဲ့ မမတို့ရဲ့ မင်္ဂလာပွဲကို သိင်ကိုယ်တိုင် မလာနိုင်လို့.. ဒီနေ့မှ အိမ်တိုင်ယာရောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့လာပို့ချင်တာနဲ့ လာခဲ့တာပါ… မမ… ”

“ အို… ညီမလေးရယ် ဒုက္ခရှာလို့… လူရင်းတွေပဲ… လူကြုံနဲ့ ပို့လဲ မမ,က ခွင့်လွှတ်ပါတယ်… ”

သိင်္ဂီတော်သည် ကိုကြီး၏ ဇနီးသည် မမရဲ့ နွေးထွေးသော လက်ဖဝါးကလေးများဖြင့် ဆုပ်ကိုင်ခံရသည့်အခါ ရင်ထဲမှာ အတိုင်းအဆမရှိစွာ ထိုမမအား ခင်မင်ရင်းနှီးသွားခဲ့ပါသည်။

“ညီမလေးက ကားအက်ဆီးဒင့်တစ်ခုကြောင့် လွန်ခဲ့တဲ့ သုံးနှစ်ကမှ ဒီလိုဖြစ်သွားတာလေ… ”

ကိုကြီးက ပြောပြသောအခါ မမသည် ခွင့်လွှတ်နားလည်သော အပြုံးတစ်ခုကို ဆင်မြန်းရင်း…

“ကိုအောင်… အကုန်ပြောပြထားလို့ ကျွန်မ အားလုံးသိထားပြီးသားလေ… ကိုအောင်ရဲ့။ ကျွန်မ သိင်္ဂီတော်ကို သိပါတယ်… ပြီးတော့ ချစ်လဲချစ်တယ်… မမတို့ဆီ အချိန်မရွေး လာလည်နိုင်တယ်သိလား ညီမလေး… တို့တွေ အားလုံး မောင်နှမတွေပဲပေါ့… နော်… ”

သို့ဖြင့် သိင်္ဂီတော်သည် အဲ့ဒီတစ်နေ့သော ကိုကြီး





နှင့် မမ၏ အိမ်ကို သွားခဲ့ပါသည်။ ကိုယ်က အလိုက်သိတတ်ရမည် ကိုယ့်ကြောင့် သူတစ်ပါး အိမ်ထောင်ရေး ထိခိုက်ရတာမျိုး မဖြစ်စေချင်။ ကိုယ့်ဘဝဟာ သံယောဇဉ် အနှောင်အဖွဲ့တွေမှ ကင်းနိုင်လေလေ၊ လူတွေအားလုံးရဲ့ ဝေးရာမှာ နေလေလေ၊ တစ်ယောက်တည်း နေရလေလေ အကောင်းဆုံးဖြစ်လိမ့်မည်။

ထို့နောက်တွင် သိင်္ဂီတော်သည် တစ်စ တစ်စ အောင်မြင်လာပြီဖြစ်သော နာမည်ကြီး အဆိုတော်ကြီး တစ်ယောက်ဘဝသို့ ရောက်လာပြီဖြစ်သော ကို၏ သတင်းများကို တိတ်တဆိတ် နားစွင့်ရင်းဖြင့် သူမ၏ ဘဝသက်တမ်းတို့ကို နေသားတကျ ဖြတ်သန်းနိုင်ခဲ့လေပြီ။

လောကကြီးထဲမှာ ကို့ဘဝက ထင်ပေါ်လာခဲ့ချိန်မှာ သိင်္ဂီတော်ဆိုသည့် မိန်းမတစ်ယောက်၏ ဘဝက စုပ်စ မြုပ်စဖြင့် တိမ်မြုပ်သွားခဲ့ပြီတည်း။

*

✿❀✿❀✿❀✿



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရဲ့ကောင်းကင်သစ်

www.burmeseclassic.com

www.burmeseclassic.com

.."ငါနားမလည်နိုင်တာက မင်းမှာ ဒီလောက်အောင်မြင်မှုတွေ ပြည့်စုံကြွယ်ဝမှုတွေ၊ လူအများက အားကျမော်ကြည့်နိုင်တဲ့ ဘဝအနေအထားတွေ ပိုင်ဆိုင်နေတာတောင် မင်းဘာလို့ တစ်ယောက်တည်း အထီးကျန်ဆန်ဆန် နေနေသလဲဆိုတဲ့ အချက်ပဲ ဒီလောက်နှစ်တွေ ကြာတာတောင် သီဂီတော်ဆိုတဲ့ မိန်းမတစ်ယောက်ကို.. ကိုယ့်ကို သစ်စိမ်းချိုးချိုးသွားမှန်းသိရက်.. မနာကြည်းနိုင်ရင်လဲထားတော့ မေ့မရနိုင်တာကိုတော့ ငါတော်တော်... ကြည့်မရဖြစ်နေပြီ... ရာဇ။ ဟိုကဖြင့် သူ့ဘဝနဲ့သူ မင်းကို မေ့နေတာဖြင့် ကြာလှပြီ... မင်းက လွှန်လွန်းတယ်... "

ပြည်စိုးသည် ရာဇ၏ နံဘေးမှာ အော်တို အသီးသီးနှင့် ဝန်းရံနေကြသော ကောင်မလေးတစ်သိုက် ထွက်သွားပြီ

အုပ် (၂၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ ဤသို့ အပြစ်တင် စကားဖြင့် စတင်တော့သည်။

"မဟုတ်ဘူး... ပြည်စိုး။ သိင်က... သူ့ဘဝနဲ့သူ ရှိနေပေမဲ့ သူလဲ ငါ့ကို မမေ့ဘူးကွ... အဲ့ဒါ... ငါ သိတယ်... "

"မဖြစ်နိုင်တာ... သူ့ နံဘေးမှာ အောင်စစ်မင်းဆိုတဲ့ သူနဲ့ အဆင့်အတန်းတူ လူတစ်ယောက်ရှိနေမှပဲ... သူ ခံမင်တဲ့ ဘဝထဲမှာ သူ နေနေရမှတော့ မင်းကို ဘယ်လိုလုပ် မမေ့ သွားနိုင်စရာ ရှိမလဲ... "

ရာဇသည် ခပ်သဲ့သဲ့ တစ်ချက်ရယ်လိုက်၏။ ပြည်စိုး မသိသေးသော အကြောင်းအရာတစ်ရပ်ကို ပြောပြလိုက်မိပါသည်။

"သိင်က အောင်စစ်မင်းနဲ့ လက်မထပ်ဖြစ်ခဲ့ဘူးကွ... အခု ထိ သိင်က တစ်ယောက်တည်းပဲ... "

"ဟာ... ဒါဆို... မင်းတို့... "

"စိတ်မလောနဲ့လေကွာ... ငါ ဒီအကြောင်းသိတာ ဟိုတစ် လကမှ သိရတာ... ငါနဲ့ အောင်စစ်မင်းတို့ ဧည့်ခံပွဲတစ်ခု မှာ တွေ့ကြတယ်။ သူ့ကို ငါမြင်ပေမဲ့ သူက ငါ့ကို တွေ့ပြီး လာနှုတ်ဆက်တာပဲ... သူ့ကိုယ်သူ အောင်စစ်မင်းလို့ ပြောပြီး မိတ်ဆက်ပေမယ့် ငါက သိင်နဲ့ သူနဲ့တွဲပြီးသွားတာ တစ်ခါတွေ့လိုက်လို့ ချက်ချင်းမှတ်မိသွားခဲ့တယ်... သူ့ဖနီး





ဆိုပြီး ငါနဲ့ မိတ်ဆက်ပေးတဲ့ အမျိုးသမီးက... သိင်မဟုတ်ဘဲ တစ်ခြားအမျိုးသမီးတစ်ယောက်ဖြစ်နေခဲ့လို့ ငါ အံ့သြ သွားတာကို သူတို့နှစ်ယောက်စလုံး သိကြတယ်ကွ... သူတို့နဲ့ငါ အဲ့ဒီဧည့်ခံပွဲအပြီးမှာ အေးအေးဆေးဆေး စကားပြောဖြစ်ကြမှ... အကြောင်းစုံကို သိခွင့်ရခဲ့တယ်... ပြည်စိုးရာ။ သိင်ဟာ ငါ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ ငါချိန်းတဲ့ဆီကို သူ့စိတ်တွေ ထွေပြားရှုပ်ထွေးနေခဲ့ရက်နဲ့ ကိုယ်တိုင်ကားမောင်းပြီးလာခဲ့တဲ့ နေ့မှာပေါ့... သိင် ငါ့ဆီရောက်မလာတာ ဘာကြောင့်လဲဆိုတာ ငါသိခဲ့ ရတယ်... သိင် ကားအက်ဆီးဒင့်ဖြစ်ခဲ့တယ်... ဟုတ်တယ် ငါ့ကြောင့်... ငါမိုက်မြစ်ကြောင့် သိင် ဒုက္ခရောက်ခဲ့ရ တယ်ဗျို... "

"သိဂီတော်... သေသွားတာလား... "

"လူသေသွားတာထက်... သူ့ဘဝသေသွားတယ်လို့ပဲ ပြောရင် ပိုမှန်လိမ့်မယ်... ပြည်စိုးရာ... သိင်ရဲ့ ခြေထောက် တွေဟာ လုံးဝ လှုပ်ရှားလို့ မရအောင် အကြောသေသွား ခဲ့ပြီတဲ့၊ တစ်သက်လုံးတဲ့... တစ်သက်လုံး Wheel chair ပေါ်မှာပဲ ဘဝကို ကုန်ဆုံးရတော့မှာတဲ့... ငါကြားခါတော့ ကိုယ့်ကိုယ်ကို ဘယ်လိုနည်းနဲ့မှ ခွင့်မလွှတ်နိုင်အောင် နာကြည်းမိတယ်... ပြီးတော့ သိင့်ဘဝကို သနားစိတ်နဲ့ သူတို့ရှေ့မှာပဲ မျက်ရည်ကျမိတယ်... သိင် ဒီလိုဖြစ်ခဲ့ရတာ

www.burmeseclassic.com



ငါ့ကြောင့်ကွ… ငါ ကိုယ့်ကိုကိုယ် ဘယ်တော့မှ ခွင့်မလွှတ်ဘူး…”

“မင်း… သူ့ကို သွားမတွေ့ဘူးလား… ”

“ဘယ်နေလိမ့်မလဲ… သူ့ဆီဖုန်းလဲ ခဏခဏဆက်တယ်… သူ့အိမ်ကိုလဲ ခဏခဏသွားတယ်… ဒါပေမယ့် လုံးဝ အဆက်အသွယ်မရဘူးကွ… ဖုန်းလဲ ဘယ်တော့မှ မကိုင်တော့ဘူး… သူ့နာမည်နဲ့ ဖုန်းလာရင် ‘မရှိပါဘူး’ ဆိုတဲ့ တုံ့ပြန်မှုပဲရတယ်… သူ့အိမ်ကို သွားတော့… ခြံစောင့်က အဝင်မခံဘူး… ဒါပေမဲ့ တစ်နေ့တော့ အောင်စစ်မင်းဆီက တစ်ဆင့် သိင်က ငါ့ကို စာတစ်စောင်ပေးခဲ့တယ်ကွ… အဲ့ဒီစာတစ်စောင်နဲ့တင် ငါက သိင့်ကို တွေ့ပြီး သူ့ကို ငါ လက်ထပ်ပါရစေဆိုတဲ့ စကားကို ဘယ်တော့မှ မပြောတော့ဖို့၊ သူ့ဘဝကို တစ်သက်လုံး စောင့်ရှောက်ပါရစေ ဆိုတဲ့ စကားကို ဘယ်တော့မှ မတောင်းဆိုတော့ဖို့ ဆုံးဖြတ်လိုက်တာပဲ… ရော့… ဒီမှာ အောင်စစ်မင်း ငါ့ကို လာပေးသွားတဲ့ သိင့်ရဲ့စာ… မင်း ဖတ်ကြည့်… သိင်ဟာ ဘယ်လောက်မာကြောခက်ထန်နေခဲ့သေးသလဲဆိုတာ မင်း သိလိမ့်မယ်… ပြီးတော့ သိင် ငါ့ကို တစ်သက်လုံး ဘယ်တော့မှ မမေ့ဘူးဆိုတာလဲ မင်းသိသွားလိမ့်မယ်…”

ရာဇ လှမ်းပေးသော နှင်းဆီပွင့်တွေ နောက်ခံပါ

စေတနာစာပေ



သည့် စာအိတ်ပြာတစ်ခုအတွင်းမှ စာရွက်ပြာတစ်စောင့်အား ပြည်စိုးက ယူဖတ်လိုက်ပါသည်။

ကို

ဖုန်းတွေ ခဏခဏဆက်တာ သိင်ကိုလာတွေ့ဖို့ ကို… သိင့်ရဲ့ အိမ်ရှေ့ ခဏခဏရောက်တာ သိင် သိတယ်… ။

အဲ့ဒီလို လုပ်နေတာတွေ ဆက်မလုပ်တော့ဖို့ သိင် ပြောပါရစေ။

သိင်ဟာ… ကိုယ့်ဘာသာတစ်ယောက်တည်းပဲ နေဖို့ ဆုံးဖြတ်ပြီးသားမို့… သိင့်ကို ဆက်ပြီး မနှောင့်ယှက်ပါနဲ့တော့… ကို။

သိင်… ဘယ်ယောက်ျားကိုမှ လက်မထပ်တော့ဘူး ဟုတ်တယ်… သိင့်ဘဝဟာ အနှောင်အဖွဲ့ကင်း လေလေ အေးချမ်းလေလေပဲ… သိင် ဒီဘဝကိုပဲ နှစ်သက်နေပါပြီ။ နောက်ပြီး တစ်ခုတော့ ကို မှတ်ထားအောင် သိင်ပြောပါဦးမယ်…

သိင်ဟာ မိဘမျိုးရိုးစဉ်ဆက်က အစဉ်မပြတ်ချမ်းသာကြွယ်ဝလာခဲ့သူမို့ သူဌေးမျိုးရိုးစစ်စစ်ဆိုတဲ့ အဆင့်အတန်းကို အခုထိ အရှိုးစွဲအောင် တပ်မက်မိနေသေးဆဲပဲ။

ကို ဘယ်လောက်ပဲ ချမ်းသာကြွယ်ဝပြီး အောင်မြင်

အုပ် (၂၀) မြောက် [illegible] အဆုံးအမှတ်

www.burmeseclassic.com

www.burmeseclassic.com



မှုတွေရနေပါစေ.. ကိုဟာ မျိုးရိုးစဉ်ဆက်ချမ်းသာလာတဲ့ အသိုင်းအဝန်းက ဆင်းသက်လာတဲ့ လူတစ်ယောက်မဟုတ်လို့ သိင်တို့နဲ့ ဘယ်လိုမှ အဆင့်အတန်း မတူနိုင်ပါဘူး။ သိင်က.. ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ ယောကျာ်းတစ်ယောက်နဲ့ လက်တွဲဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့တာမို့... သိင်ကို့ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး... ကိုအဲ့ဒီလောက်ပြောပြရင် သိင့်ရဲ့ သဘောထားအမှန်ကို ခန့်မှန်းနိုင်လောက်ပြီ ထင်ပါရဲ့... ။
တစ်ခုတော့ရှိတယ်။
သိင့်ကို ခုထိ, ကိုမမေ့သေးတဲ့အတွက် ကို့ကိုကျေးဇူးတင်ပါတယ်။ ကို့ကိုလဲ သိင် ခုထိ မမေ့သေးပါဘူးဆိုရင် ကို ယုံကြည်လိမ့်မယ် ထင်ပါရဲ့။

ပြည်စိုးသည် အပြာရောင် စာရွက်ကလေးကို ပြန်ခေါက်၍ နှင်းဆီပွင့် ပုံများပါသော စာအိတ်ပြာထဲ ပြန်ထည့်ကာ ရာဇထံ လှမ်းပေးလိုက်ပါသည်။ ရာဇက ခပ်တိုးတိုး ပြောပြခဲ့ပါသည်။

"သိင်ဟာ.. ငါ့ကို သိပ်ချစ်ခဲ့လို့ ငါ့ရဲ့ နောက်ဆုံးတွေ့ချင်တဲ့ ဆန္ဒကို လိုက်လျောပေးခဲ့မိလို့.. ဒီလိုဖြစ်ရတာပဲလို့ ငါယူဆတယ်... တကယ်တော့ သိင့်ဘဝဟာ ငါ့သာ ဝင်မမွှေခဲ့ရင်... ဒီလိုဖြစ်ခဲ့မှာ မဟုတ်ဘူးဆိုတဲ့ အစွဲအလန်း

❀ စေတနာစာပေ ❀



ရှိနေသေးသမျှ ပြီးတော့.. သိင်ကလည်း ငါ့ကို မမုန်းပဲ တစ်သက်လုံး မမေ့ဘူးဆိုတာ သိနေသေးသမျှ သိင်... အသက်ရှင်နေထိုင်နေသေးသမျှ.. သိင့် အပေါ် ငါ့သစ္စာ ရှိရမယ်။ ပြီးတော့ ငါလဲ သိင့်ကို ဘယ်တော့မှ မုန်းလဲ မမုန်းခဲ့ဘူး။ မေ့လဲ မမေ့ခဲ့ဘူး.. ငါ့ဘဝဟာလည်း တစ်သက်လုံး အစကတည်းက တစ်ယောက်တည်းနေဖို့ ဆုံးဖြတ်ပြီးသားမို့.. ငါ အမြဲတမ်းပဲ.. တစ်ယောက်တည်း နေတော့မယ်။ နောက်ပြီး သိင်ဟာ ငါ့ဘဝရဲ့ ကောင်းကင် အသစ်ကလေးလို့ ငါက ယူဆထားတယ်.. အဲ့ဒီ ကောင်း ကင်ချစ်ကလေးဟာ... ငါ့ဘဝထဲမှာ မပျောက်မပျက် သေးပဲ လွှမ်းမိုးထားနေသေးဆဲပဲမို့.. ငါ့ဘဝတစ်ခုလုံးကို သိင် တစ်ယောက်တည်းသာ ပိုင်ဆိုင်ခွင့်ပေးတော့မယ် ငါ့ဘဝ ကို ဘယ်မိန်းမမှ မပိုင်ဆိုင်စေရတော့ဘူး...

ဘာလိုသေးလဲ.. သိင်ရယ်။ သိင်ကလည်း ကိုယ့်ကို တစ်ယောက်တည်းကိုပဲ ချစ်နေသေးတယ် ခုထိလဲ မမေ့သေးဘူး ကိုယ်ကလဲ သိင့်တစ်ယောက်တည်းကိုပဲ ချစ်နေဆဲ ခုထိမမေ့သေး ဘူးဆိုမှတော့ ကိုယ်တို့နှစ်ယောက်ကြားမှာ ဘာလိုသေးလဲ သိင်၊

ကိုယ်တို့ တစ်ယောက်နဲ့တစ်ယောက် ဆုံဆည်းခွင့် မရတာလဲ အရေးမကြီးပါဘူး။

အရေးကြီးတာက သိင်ဟာ ကိုယ့်ရဲ့ ကောင်းကင်

အုပ် (၃၀) မြောက် [illegible] အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



သစ်ကလေးအဖြစ် အမြဲတမ်း ကိုယ့်ဘဝကို လွှမ်းမိုးထားနိုင်ဖို့ပဲ လိုပါတယ်။ အဲ့ဒီ ဆန္ဒတစ်ခုကိုပဲ ကိုယ့်ကို ဖြည့်ဆည်းပေးတော့… သိင်။

ဘယ်လောက်အချိန်ကာလတွေ ကြာညောင်းသွားပါစေ… ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် မမေ့နိုင်ခြင်းတည်းဟူသော ချစ်ခြင်းမေတ္တာတစ်ခုအောက်မှာ ကိုယ်တို့ရဲ့ ဘဝတွေကို မြှုပ်နှံလိုက်ကြစို့။

BURMESE CLASSIC .com



မှုန်မိုး (ဆေးတက္ကသိုလ်)

10:25 P.M

23rd Aug, Friday,

1996

စေတနာစာပေ

www.burmeseclassic.com